www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ချစ်တာတစ်ခုပဲသိတယ်


စာမူခွင့်ပြုချက်အမှတ် - ၅၁၀၁၁၉၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၄၉၀၂၀၈

၂၀၀၈ ခုနှစ်၊ မေလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com







# လမင်းမိုမို

## ချစ်တာတစ်ခုပဲ သိတယ်

စီစဉ်သူ
မောင်ကျော်လှိုင်

(စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







## ၁

ကားရဲ့တစ်ဖက်တံခါးမှ စောလုံ ဆင်းလိုက်လျှင် မေမေက စောလုံဘက် ပတ်လျှောက်လာကာ စောလုံ ပခုံးလေးကို ဖက်လိုက်ရင်း-ကားရပ်ထားရာနှင့် တည့်တည့်က ခြံကလေးကို လက်ညှိုးညွှန်လိုက်ပါသည်။

"ဒီခြံလေ"

စောလုံက နဖူးပေါ် ဝဲကျတဲ့ ဆံပင်လေးတွေကို ခေါင်းတစ်ချက်ဆတ်ကာ မျက်လုံးရှေ့ ကွယ်နေရာမှ ဖယ်လိုက်သည်။ လက်ညှိုး လက်မနှင့် အောက်နှုတ်ခမ်းလေးကို ညှစ်ကာ ခြံလေးကို ငေးကြည့်လိုက်ပါသည်။

"ဘယ့်နှယ်လဲ သမီး"

"မဆိုးပါဘူး မေမေ"

ခပ်မြန်မြန်ပဲ ဖြေလိုက်ပါသည်။ မေမေ သဘောကျလို့သာ စောလုံကို ခေါ်ပြတာပဲ။ စောလုံက မကြိုက်ဘူး ဘာဘူးဆိုရင် မေမေ စိတ်ရှုပ်နေရုံ သက်သက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကြိုက်လား"

"ကြိုက်ပါတယ် ဖေဖေရဲ့ ... နော ... မမပု"

စောလုံက ကားနောက်ခန်းထဲက မဆင်းဘဲ အတွင်းကနေသာ ခြံလေးကို စေ့စေ့စပ်စပ် ကြည့်နေတဲ့ မမပုကို လှည့်အဖော်စပ်လိုက်ပါသည်။

"ညည်းမမပုကို မေးမနေနဲ့၊ ညည်းမမပုက ညည်းကြိုက်ရင် ကြိုက်တယ်၊ ညည်းမကြိုက်ရင် မကြိုက်ဘူး၊ သမီး သံယောင်ပဲလိုက်မယ့်ဟာ"

ဖေဖေက ဝင်ပြောလိုက်ရင်း ...

"ကဲ ... ဒါဖြင့် အိမ်ရှင်တွေနဲ့ တွေ့ရအောင် ... လာ"

"လာမယ် ဖေဖေ၊ ဖေဖေ ဝင်နှင့်"

ဖေဖေက ခြံထဲကို ကားမဝင်တော့ဘဲ ခြံတံခါးကို တွန်းကာ ရှေ့ကဝင်သွားပါသည်။ စောလုံက ရှေ့ခန်းက ကားမှန်တွေတင် သော့ပိတ်ရင်း ...

"မမပု ... လာ"

"ဟာ ... ငါမလိုက်တော့ဘူး"

"လာပါဆိုမှ၊ အိမ်ပေါ်မတက်ရင် ခြံထဲလေးပဲနေပေါ့။ ဟိုကြည့် ဒီကြည့် ကြည့်ရအောင်ကို မမပုကလဲ"

ဒီတော့ မမပုက ဆင်းလာသည်။ မမပုဟာ နာမည်နှင့်လိုက်အောင် ပုပုကလေး။ စောလုံရဲ့ ပခုံးစွန်းကို ထိရုံမှီရုံလေးရှိသည်။ သူ့ကို မေမေ စတင်မွေးစားတုန်းက သူ့မှာ ခေါ်ရခက်တဲ့





ကယားနာမည်ရှိသည်။ ဒါပေမဲ့ ဖြူဖွေးပုလုံးနေတဲ့ သူ့ကို မေမေက "ပုပု"ဟု ခေါ်ချင်တာနှင့်ပဲ မွေးထားတဲ့သမီး "စောလုံ"နှင့် နာမည်ချင်းညီအောင် "ပုလုံ"လို့ ပေးလိုက်တာဖြစ်သည်။

မမပု အိမ်ရောက်လာတော့ အသက်ကိုးနှစ်။ စောလုံက အခါလည်နီးပါးမို့ အသက်ရှစ်နှစ် ကွာပါသည်။ မမပုဟာ မိဘမဲ့။ မေမေ့အစ်မကြီးက ကယားပြည်နယ်က အထက်ကျောင်းတစ်ခုမှာ ကျောင်းအုပ်ဆရာမကြီးဖြစ်ကာ သူနှင့်နီးစပ်ရာ ချို့တဲ့ဆင်းရဲတဲ့ ကလေးများကို ပညာဆက်သင်ခွင့်ရအောင် ရန်ကုန်ပို့ပို့ပေးလေ့ရှိသည်။

ထိုကလေးတို့ဟာ ထိုအိမ်မှာ ဝိုင်းလုပ်ဝိုင်းစားသဘောအိမ်မှုဝေယျာဝစ္စ ကူညီလုပ်ကိုင်ပေးရကာ အိမ်ရှင်က ဘွဲ့ရသည်အထိ (သို့မဟုတ်) ကာယကံရှင် ပညာလိုလားတဲ့အထိ စာသင်ပေးမည်လို့ စာချုပ် ချုပ်ထားရပါသည်။ ကြီးကြီးက မေမေ့ထံ မိဘမဲ့ မမပုကို ပို့ချင်ကြောင်း အကြောင်းကြားခဲ့တာမို့ မေမေက အောက်ယူမွေးစားလိုက်တာပင်။

မမပုအဖေက တောထဲမှာ ပိုးထိ၊ အမေက ငှက်ဖျားနှင့် ရှေ့ဆက်နောက်ဆင့် ဆုံးကြတဲ့အခါ မမပုတို့ မောင်နှမနှစ်ယောက် ကျန်ရစ်သည်။ ကြီးကြီးက ကမ်းလှမ်းတော့ မေမေက ...

"ချောက သမီးလေး မွေးထားတော့ မိန်းကလေးပဲ မွေးစားမယ်၊ သူ့အောက်က ကောင်လေးတော့ မမဘာသာတခြားပဲကြည့်ပို့လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မမပု မောင်လေး ငါးနှစ်သားက တခြားအိမ်တစ်အိမ်ကို ရောက်သွားပါသည်။ သူတို့မောင်နှမဟာ သူ့ဘယ်မှာ ကိုယ်ဘယ်မှာ သိကြပြီး အိမ်ကိုယ်စီက တယ်လီဖုန်းလည်းရှိ ဆက်သွယ်ခွင့်လည်း ပြုပေမယ့် တစ်ယောက်ကို တစ်ယောက် ဆက်ဆက်သွယ်သွယ် မပြုကြ။ တစ်နှစ်မှာ တစ်ကြိမ်သာ ဆုံတွေ့ကြသည်။ မမပုက သွားတဲ့အခါသွား၊ သူ့မောင်က လာတဲ့အခါလာ။

မမပုမောင် နာမည်က သူတို့တိုင်းရင်းသားနာမည် အတိုင်းမပြောင်း။ ခပ်ဝဲဝဲတဲ ရှိတာကလွဲရင် မြန်မာသံ "အာဖြိ" ဆိုတာနှင့် နီးစပ်ရာ စောလုံကတော့ "ကိုအာဖြိ"လို့ပဲ မှတ်ထားလိုက်တာပင်။ ကိုအာဖြိလည်း အရပ်ခပ်ပြတ်ပြတ်ပင်။ ယောကျ်ားလေးမို့ မမပုလောက် မပုပေမယ့် ယောကျ်ားလေးထဲမှာတော့ ပုတယ် ပြောရမှာ။

မမပုကို ဖေဖေ မေမေတို့က ချစ်ကြသလို ကိုအာဖြိလည်းပဲ ကံကောင်းပါသည်။ ကိုအာဖြိဟာ သူ့မွေးစားအဖေ တာဝန်ကျရာ တိုင်းပြည်ကို မကြာမကြာ လိုက်ရသည်။ မွေးစားအမေတစ်လှည့်၊ ကိုအာဖြိတစ်ဖုံ့၊ တစ်ခါတစ်ရံ နှစ်ယောက်လုံး လိုက်ကြသည်လို့ သိရသည်။ သူတို့သားအကြီးဖြစ်သူကတော့ ဒီမှာ သူ့အလုပ်နှင့်သူမို့ အဖေနောက်ကို မလိုက်ပါ။

"အိမ်လေးက သေးသေးလေး"





စောလုံနှင့် မမပု လက်ချင်းတွဲကာ ခြံထဲဝင်လာရင်း မမပုက အရင်ညည်းတွားလိုက်တာဖြစ်သည်။

"အရင်အိမ်လောက်ပါပဲ မမပုရဲ့၊ အရင်ဟာက နှစ်ထပ်တိုက်၊ ခုဟာက တစ်ထပ်တိုက်မို့ ဧရိယာတော့ ကျဉ်းသွားမှာပေါ့"

"အဲဒါကိုပဲ ပြောနေတာပဲ စောလုံလေးရဲ့"

စစ်ရောင်တီရှပ်ကျပ်ကျပ်၊ ကာကီရောင် ဒူးလောက်ဘောင်းဘီစကပ္ပွနှင့် စောလုံက ဘောင်းဘီအားအိတ်နှိုက်ကာ ဟိုဒီကြည့် သက်ပြင်းချရင်း ...

"စောလုံတို့လည်း လူမှသိပ်မရှိဘဲနဲ့"

"ဟိုတစ်ယောက် ပိုလာဦးမယ့်ဟာ"

မမပုက အသံတုန်လာသည်။

လွန်ခဲ့တဲ့ ခုနစ်နှစ်။ စောလုံ အသက်ဆယ့်နှစ်နှစ်။ မမပု အသက်နှစ်ဆယ် အရွယ်က ကွယ်လွန်သွားခဲ့တဲ့ မေမေ့ ကို မမပုက စောလုံထက် မသာတောင် အလွန်ချစ်တဲ့သူဖြစ်ရာ ဘားစပ်တိုင်း မျက်ရည်လည်လာမြဲ။ ဖေဖေ မေမေတို့ကို မမပုက "အဖေ ... အမေ"ဟု ခေါ်ပါသည်။

မေမေနှင့် မမပုက အမြဲအတူနေရသူဖြစ်၍ မမပုက အမေ့ကိုချစ်လှသည်။ မမပု ရန်ကုန်ရောက်တော့ ကိုးနှစ်။ နှစ်တန်း။ သို့သော် လူကောင်ပုညှက်၍ အတန်းထဲ ကြီးလွင့်မနေ။ ဆယ်နှစ် ... သုံးတန်း။ ဆယ်တစ်နှစ်လည်း သုံးတန်း။ သုံးတန်း စာမေးပွဲကို ကျသည်အထိ မမပုရဲ့ စာကျက်နိုင်စွမ်း ညာတ်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကနည်းသည်။ သို့သော် စာသင်ဖို့သာ ဉာဏ်တုံးတာ။ မမပုဟာ အထုံအနံ့တော့ မဟုတ်။ ဆယ့်ငါးနှစ်အရွယ်မှာ မေမေ အိမ်ကို ဘာမှငဲ့မကြည့်ရအောင် အလုံးစုံ သူ့ခြေသူ့လက် စီမံခန့်ခွဲ ကုန်းရုန်းကာ ရှိသမျှအလုပ် ကျုံးလုပ်နိုင်ပြီ။

လေတန်းနှစ်နှစ်ဆက်ကျပြီး အသက်ဆယ့်လေးဆယ့်ငါးမှာ ကျောင်းမနေပါရစေနဲ့တော့လို့ ငိုယိုတောင်းဆိုတဲ့ မမပုဟာ ပညာရေးဘက် ပါရမီမပါ။ ကိုအာဗြဲကမှ အဝေးသင်နဲ့ဘွဲ့ရသည်။ မမပုဟာ အိမ်မှုကိစ္စလုပ်၊ မေမေ့ကို သနပ်ခါးကအစ သွေးပေး ပြုစုယုယခဲ့သူဖြစ်သည်။

မေမေ သားအိမ်ကင်ဆာဖြစ်ရာကတစ်ဆင့် ရောဂါကျွမ်းပြီဆိုတာ သိရတော့ အများဆုံး ပြုစုခဲ့တာ မမပု။ စောလုံကမှ အချိန်တန် ကျောင်းသွားရသည်မို့ မမပုလောက် မပြုစုခဲ့ရ။ မမပုလိုလည်း မကျွမ်းကျင်ပါ။ မမပုကတော့ လူနာပြုစုတာကိုလည်း သူ့ကို ဘယ်သူကမှ သင်မပေးရပါဘဲ အောက်သက်ကျေလှသည်။ စေတနာကလည်း ပါတာကိုး။

ဒါကြောင့်ပဲ ထင်သည်။ စောလုံကလည်း မမပုကို ချစ်သည်။

စောလုံကို မမပု ချိုပိုးခဲ့ ထမင်းခွံ့ခဲ့ အီးကုန်းခဲ့ရတာ။ ခေါင်းကြောမာတဲ့ ဂျစ်တူးမ စောလုံကို ငယ်ငယ်က မေမေက ကြိမ်လုံးနှင့် ခပ်စပ်စပ်လေးချလျှင် မမပုက အပေါ်က ကားယားခွ ကာကွယ်ပေးထားတတ်တာ။ ခပ်ဆိုးဆိုး ဂျစ်ကန်ကန်





စောလုံကို မမပုက အမြဲသည်းခံခွင့်လွှတ်ရုံမက ရှေ့က ကာကွယ်တာဝန်ယူ ခေါင်းခံသေးသည်။

ဤသို့ ဒီမိသားစုအပေါ် သံယောဇဉ်ကြီးမားလှတဲ့ မမပုဟာ အခု ဖေဖေ နောက်အိမ်ထောင်ပြုတော့မည် ဆိုတော့လည်း စောလုံထက် ပိုခံစားနာကျင်နေပါသည်။ မိထွေးဖြစ်တော့မယ့် အန်တီချစ်ကို မမပုက လုံးဝမကြည်ဖြူပါ။

"အန်တီချစ် လာလည်းပဲ မမပုကလည်း ဖေဖေ့အခန်းထဲပဲ နေမယ်ဥစ္စာ၊ အခန်းပိုမှ မလိုတာ၊ အိပ်ခန်း သုံးခန်းတဲ့ မမပုရဲ့၊ စောလုံနဲ့ မမပုက တစ်ခန်းတည်း နေမှာလေ၊ ဖေဖေတို့က တစ်ခန်းပေါ့၊ နောက်တစ်ခန်းက စောလုံရဲ့ ကွန်ပျူတာတို့ မပုရဲ့ အပ်ချုပ်စက်တို့ ထားမယ်၊ ပြီးရောပေါ့"

မမပု ဝမ်းနည်းနေတာ စောလုံ သိသည်။ အဓိက,က အန်တီချစ်ကို မလိုလားတာက ပိုမှန်းလည်း စောလုံ နားလည်သည်။ မမပုဟာ မေမေ့နေရာမှာ တခြားမိန်းမတစ်ယောက်ကို အစားမထိုးနိုင်ဘဲ ရှိနေတာ။

"ခြံကလည်း ဟိုခြံထက်ကျယ်တယ် မမပုရဲ့၊ မြေပို့ပိုကျန်တယ် တွေ့လား၊ အခုနေတဲ့အိမ်က ရပ်ကွက်က သူဌေးရပ်ကွက်ဖြစ်တာတော့ ဟုတ်ပေမယ့် မြေကွက်က ခပ်သေးသေးထဲမှာ နှစ်ထပ်တိုက်က မပြည့်တပြည့် ဖြစ်နေပြီလေ၊ ဒါကတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... ငါတို့အိမ်က အိမ်နဲ့ခြံ မပြည့်ပါဘူး၊ မြေပိုပါတယ်"

"ဒါက ပိုပြီးတော့ ပိုတယ်လေ"

"ဟိုဟာက ဝင်ဒါမီယာလေ"

"အဲ့ဟက်ဟက် ... မမပုလေးကလည်း မျက်နှာကိုပုပ်လို့၊ မမပု မျက်နှာပုပ်နေရင် ဖေဖေ ဘယ်စိတ်ကောင်းမလဲ၊ စိတ်မကောင်းရာကနေ သိပ်မကြာခင် စိတ်ကတိုလာရော၊ နားငြီးရရော ဖြစ်ဦးမယ်၊ ကဲ ... လာ အိမ်ထဲဝင်ထိုင်မယ်"

"အဖေကလည်း ဒီအရွယ်ရောက်မှ ရည်းစားက ထားနေရသေးတယ်"

စောလုံက ရယ်ချင်စိတ်ပဲပေါက်ကာ ...

"မမပုကလည်း ရည်းစားဖြစ်တာဖြင့် နှစ်နှစ်နီးပါးရှိနေပြီ"

"ငါမသိခဲ့လို့ပေါ့၊ နင်ဟာလေ သိရက်သားနဲ့ သမီးလုပ်နေပြီး ကိုယ့်အဖေ ရည်းစားထားတာ ကဖျက်ယဖျက် လုပ်မယ်မကြံဘူး၊ အေးရာအေးကြောင်းပဲ၊ သူ့အာရုံနဲ့ သူပဲ၊ ငါက ဟိုတလောလေးကမှ သိရတာ"

"အာ ... မမပုကလည်း၊ ချစ်နေကြပြီ ဆိုမှတော့ ဘာ ကဖျက်ယဖျက်လုပ်လို့ ရဦးမှာလဲ၊ သူများချစ်ခြင်း ခွဲဖို့ ဝါသနာမပါဘူး"

ပြောရင်းက စောလုံက မျက်ခုံးလေး မြှင့်ရင်း ...





"မမပုကို ဟိုဘက်ခြံက မာလီနဲ့ သဘောမတူဘဲ ချစ်ခြင်းခွဲတာကတော့ မတူဘူးနော်၊ မာလီကများ ရာရာစစ မတန်မရာ လာကြိုက်လို့ စောလုံက ပွဲကြမ်းရတာ၊ မမပုကိုကျ ဖျက်တယ်၊ ဖေဖေ့ကျ မဖျက်ဘူး ထင်နေဦးမယ်"

မမပုက ပါးတွေနီမြန်း ဒေါကန်ကာ ...

"ငါ ဘာပြောလို့လဲ၊ ငါက အဲလိုပြောတာ မဟုတ်ဘူး၊ ဒီမာလီလည်း ငါမှမကြိုက်တာ"

စောလုံက မမပု ဒေါကန်တာကို တဟာစ်ဟာစ် သဘောကျနေပါသည်။

"ကဲ ... ကဲ ... နင် အိမ်ပေါ်သွားကြည့်ဦး စောလုံ၊ မကြိုက်စရာ အပြစ်တွေ့ရင် ငါ့ကိုပြန်ပြောဦး၊ မမြို့ထားနဲ့ သိလား၊ ငါတော့ မလိုက်တော့ပါဘူး၊ လူတွေများနေရင် မကောင်းပါဘူး"

"ပြီးရော ... ဒါဆို နေခဲ့လေ"

စောလုံက ဖိနပ်ချွတ်တဲ့နေရာမှာ သူ့ရဲ့ကွင်းထိုးကြိုးသိုင်းဖိနပ်လေးကို ချွတ်လိုက်ပါသည်။ အိမ်ရှင် အဘွားကြီးက ဖော်ဖော်ရွေရွေ လှမ်းခေါ်သည်။ ပါကေးခင်းထားတဲ့ ဒီတစ်ထပ်ဆိုက်လေးဟာ အကောင်းကြီးလည်း မဟုတ်လည်းပဲ ညံ့တော့ ညံ့ပါ။ ဒီလောက်ပဲ ရမှာပေါ့။ ရှင်းရှင်းပြောရရင် ဝိတ်လျှော့တာ တာ။ ငွေပိုထွက်လာအောင် လုပ်တာမဲဟာ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအရင်က သဘော်လိုက်ခဲ့တဲ့ ဖေဖေဟာ မေမေဆုံးတော့ သဘော်မလိုက်ဖြစ်တော့ပါ။ မမပုနှင့် ဓာလုံ နှစ်ယောက်တည်းမှ ထားမဖြစ်တာ။ ဒီတော့ သဘော်သားဘဝကို စွန့်လွှတ်လိုက်ကာ လက်ထဲရှိတဲ့ ပိုက်ဆံနဲ့ အဲဒီတုန်းက ခေတ်စားတဲ့ Tour ကုမ္ပဏီကိုပဲ သူငယ်ချင်းတွေနှင့် စပ်တူထောင်တော့မလိုလို။ Export, Import ပဲ လုပ်တော့မလိုလို။

ဟိုလိုလို ဒီလိုလိုနှင့် နောက်တော့လည်း ဘာကုမ္ပဏီမှ မထောင်ဖြစ်ဘဲ ပိုက်ဆံအချို့သာ ပွန်းပဲ့ပါးလုပ်လာ။ နောက်ဆုံး ငွေရင်းမနိုင်လှတော့တဲ့အတွက် ဖေဖေ့သူငယ်ချင်းရင်းချာ လူပျိုကြီး အန်ကယ်လှနှင့်စပ်တူ ငွေရင်းငွေနီး မဝင်တဲ့ အကျိုးဆောင်လုပ်ငန်းတစ်ခု ထောင်လိုက်ပါသည်။ အန်ကယ်လှပိုင်တဲ့ အောက်ဆုံးထပ် မြေညီခန်းတစ်ခုမှာပဲ လုပ်ငန်းရုံးဖွင့်ကာ နတ်မြင်းပျံအကျိုးဆောင်လုပ်ငန်းဟု ဆိုင်းဘုတ်တင်သည်။

မဆိုးပါ။ အလုပ် လုပ်ရပါသည်။ တဖြည်းဖြည်း ဝန်ထမ်းဦးရေ ဆယ်ယောက်လောက်တောင် ထားလာရသည်။ အိမ်၊ ကား၊ မြေ၊ လုပ်ငန်းတွေ ရောင်းဝယ်ငှားပေးသည်။ ငွေပိုသူနှင့် ငွေလိုသူကို ကြားကတော့ဆက်ပေးကာ ငွေချေးပေးပြီး ကြားကနေ အကျိုးဆောင်ခ တစ်ကျပ်နှုန်း ယူသည်။ ဒါမျိုးတွေက လူတွေရဲ့ ယုံကြည်ကိုးစား စိတ်ချမှုကိုရလေ အောင်မြင်လေ။

ဖေဖေရော အန်ကယ်လှရောဟာ သစ္စာရှိကတိတည်သော ဖြောင့်မတ်သူတွေ ဖြစ်ကြတဲ့အတွက် ယုံကြည်အပ်နှံသူတွေ





များပြားလာကာ လုပ်ငန်းအောင်မြင်လာတာပင်။ ဒီတော့ ဝင်ငွေလည်း ကောင်းပါသည်။ သို့သော် လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတော့ ဖေဖေတို့လုပ်ငန်း ပြိုကွဲသွားသည်။ အကြောင်းရင်းကတော့ ဖေဖေနှင့် အန်ကယ်လှ မတည့်တော့လို့။ ဘာဖြစ်လို့ ငယ်သူငယ်ချင်းရင်းချာတွေ မတည့်တော့တာလဲဆိုတော့ ... အဟား ... ရယ်တောင် ရယ်ရပါရဲ့။

အန်ကယ်လှ ကြိုက်လှတာ တစ်ပိုင်းသေတဲ့ အပျိုကြီး အန့်တီချစ်က ဖေဖေနှင့် ကြိုက်သွားခဲ့လို့ပင်။ ဒါတော့ ဖေဖေ့ကို အန့်တီချစ်ကို အပြစ်ဆိုလို့လည်းမရ။ လူ့ပဲ ကိုယ်ကြိုက်ချင်တဲ့သူ ချစ်ချင်တဲ့သူကို ကြိုက်မှာချစ်မှာပေါ့။ အန့်တီချစ်က ထိပ်တွေပြောင်ပြီး ရှိသလောက်ဆံပင်ကလည်း အဖြူတစ်ဝက်ရောနေကာ ဆေးလိပ်သောက်လွန်း၍ ပိန်ချုံးပါးခွက်နေတဲ့ အန်ကယ်လှထက် ပြည့်ပြည့်ဖြိုးဖြိုး တောင့်တောင့်တင်းတင်း ဖြူဖြူသန့်သန့်နှင့် အရွယ်တင်လှတဲ့ မုဆိုးဖိုဖေဖေ့ကိုပဲ မေတ္တာသက်ဝင်တာ ဘာတတ်နိုင်မှာနည်း။

အန်ကယ်လှနှင့် ဖေဖေ လမ်းခွဲတော့ ဘယ်သူမှ ဒီလုပ်ငန်းကို နာမည်ပြန်သုံးခွင့် မရှိလို့ သဘောတူသည်။ အန်ကယ်လှက အရင်ကတည်းက သူ့တိုက်ခန်းပဲမို့ အခြားအမည်သစ် ဆိုင်းဘုတ်တစ်ခု ပြောင်းတင်လိုက်တာကလွဲပြီး အခြေမပျက်။ လူရင်းမိတ်ဆောင်းတွေကလည်း ဒီကိုပဲလာ၊ ဒီဖုန်းပဲဆက်ကြတဲ့အခါ လုပ်ငန်းအမည်ပြောင်းသွားတာကလွဲပြီး ဘာမှမထူးခြားတော့ အန်ကယ်လှ အခြေမပျက်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ အလုပ်မရှိသလို ဖြစ်သွားပါသည်။ ဒီကြားထဲမှာ ဖုန်းတစ်လုံးနဲ့ပဲ ကိုယ့်လူရင်းတွေလောက်ကို ဝယ်ပေး ရောင်းပေး ဗွားပေးရတာလေး ကြိုကြား ကြိုကြားရှိပေမယ့် အလုပ်မဖြစ်လှ။ ဒီတော့ ဖေဖေ့အကြံအစည်မှာ အိမ်ဟောင်းကို ရောင်း၊ သင့်ရုံတစ်အိမ်ဝယ်၊ ငွေပိုတစ်ထောင်လောက်ထွက်၊ ကားသုံးစီးလောက်ဝယ် ငှားစားမည်ရယ်လို့ပင်။

ပင်ပင်ပန်းပန်းလည်း မလုပ်ရ။ ကားပျက်ရင်ပြင်တာလောက်ပဲ အလုပ်ရှိကာ သက်သက်သာသာ ဝင်ငွေရနေမယ့် အလုပ်ဖြစ်သည်။ စောလုံကတော့ ဖေဖေ့ကို ဘာမှဝေဖန်စရာ ကန့်ကွက်စရာမရှိပါ။ ဖေဖေ့အသက် သုံးဆယ့်သုံးနှစ်ကျမှ စောလုံကိုမွေးတာမို့ အခု ဖေဖေ့အသက်က ငါးဆယ့်နှစ်နှစ်တောင်ရှိပြီ။ ခုမှတော့ သဘော်တွေ ဘာတွေလည်း ပြန်မလိုက်စေလိုပါ။ တခြားစီးပွားရေး ကြီးကြီးမားမားကြီးတွေ ကုမ္ပဏီကြီးတွေလည်း ဖေဖေ အတွေ့အကြုံမရှိ၍ လုပ်တတ်မှာ မဟုတ်ပါ။

စောလုံသည် ဂျစ်ကန်ကန်နှင့် ကိုယ်ထင်ရာမြင်ရာ လုပ်တတ်သော်လည်း ရောင့်ရဲတတ်သူ ဖြစ်ပါသည်။ ကုပ်ပိုးလောက်မှာ စတာက်ပ်ဖြတ်ထားတဲ့ ဆံပင်လေးနဲ့ မိန်းမ,မဆန်လှတဲ့ စောလုံဟာ ယောက်ျားလျာတော့လည်း မဟုတ်ပါ။ ဟိုးတလောက ဖေဖေ အလုပ်အကိုင် မကောင်းတော့ စောလုံ ဖေဖေ့ထံက မုန့်ဖိုး သိပ်မတောင်းချင်တာမို့ အထည်ဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ်ပါသေးသည်။





မမပုကတော့ စောလုံ အလုပ်လုပ်ရတယ် ဆိုပြီး ပုံကြီးချဲ့ကာ ဝမ်းနည်းနေသေးသည်။ စောလုံကတော့ အလုပ်မှန်မှန်ဆင်းကာ ပျော်လို့။ နောက်တော့ အထည်ဆိုင်ရှင်ရဲ့ မောင်ဖြစ်သူက စောလုံကို ချစ်တယ် ကြိုက်တယ် ဖြစ်လေရာ စောလုံက ပြန်မကြိုက်နိုင်လေတော့ ဆိုင်ရှင်အစ်မက သူကများ ငါ့မောင်ကို ဘယ့်နှယ်ဘယ့်ညာနှင့် အမြင်မကြည်တော့တဲ့အတွက် အလုပ်ထွက်လိုက်ရပါသည်။

အလုပ်ထွက်လိုက်ရတဲ့အတွက် ထူးပြီးစိတ်မကောင်းစရာ မရှိပေမယ့် အကျိုးဆက်အဖြစ် စိတ်မကောင်းစရာကတော့ ရှိခဲ့ပါသည်။

ဟိုအစ်ကိုကြီး။

နာမည်မသိတော့ သူ့ကို စောလုံက ဟိုအစ်ကိုကြီးလို့ ကိုယ့်ဘာသာ တိတ်တခိုး ခေါ်ပါသည်။ ဆိုင်တန်းလေးတွေ တစ်လျှောက်ကြီး သွယ်တန်းနေတဲ့ ဈေးနေရာလေးမှာ ဟိုအစ်ကိုကြီးရဲ့ဆိုင်က စတေးရှင်နရီဆိုင်ဖြစ်သည်။ သူ့စတေးရှင်နရီပစ္စည်းတွေမှာ တန်ဖိုးကြီး တန်ဖိုးနည်း၊ ခေတ်ပေါ်ဖဲန်စီ စုံလင်လှသည်။ ပိုက်ဆံကလေး နည်းနည်းသုံးနိုင်တဲ့ အချိန်တွေမျိုးမှာ စောလုံသည် ကိုယ့်အထည်ဆိုင်က အလုပ်ဆင်းလျှင် နောက်ကျ ဆိုင်ပိတ်တဲ့ ဟိုအစ်ကိုကြီးရဲ့ စတေးရှင်နရီဆိုင်ကိုဝင်ကာ စိတ်ကြိုက်ပြ လျှောက်ငေးကြည့်ပြီး ဘောလ်ပင်လှလှလေး တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ Memo စာအုပ် အလှအပလေးဖြစ်စေ၊ ကီးချိန်းကလေး အဆန်းတကြယ်ဖြစ်စေ ဝယ်တတ်သည်။

အဲဒီ ဟိုအစ်ကိုကြီးကို တိတ်တခိုး တစ်ဖက်သတ် စွဲလမ်းစိတ်ဝင်စားမိလို့ပဲ ဖေဖေ့ အချစ်ရေးကိုပါ စောလုံ နားလည်မှုပေးထားနိုင်ခဲ့သလားတော့ မသိပ့ါ။ ခုတော့ အဲဒီဆိုင်တန်းက လေးနှင့်နီးတဲ့ ဝင်ဒါမီယာထဲက အိမ်ကနေ ရွှေ့ပြောင်းကြရတော့မည်။ စောလုံသည် ဧည့်ခန်းမှာ ဝင်ထိုင်ရင်း မလှမ်းမကမ်းမှာ ထိုင်နေတဲ့ ဆံပင်ရှည်ကြီးနှင့် အစ်မကြီးကို ကလေးလို လှမ်းပြုံးပြလိုက်ပါသည်။

✦♥✦





## ၂

လှတစ်ယောက် တွန်းဖွင့်ဝင်လာတဲ့အတွက် ဆိုင်ထဲမှာ တပ်ဆင်ထားတဲ့ ခေါင်းလောင်းလေးက သာသာယာယာမြည်သွားရာ မင်းဝင့်ထည်က ဆိုင်ရဲ့ကောင်တာစားပွဲမှာ ရှိနေရာက လှမ်းကြည့်လိုက်ပါသည်။

အောက်နှုတ်ခမ်းလေးကို လက်ညှိုးလက်မနှင့်ညှစ်ကာ ဟိုငေးဒီငေး လုပ်နေရင်းက ကောင်တာဘက် ဖျတ်ခနဲ့ကြည့်လိုက်သော ကောင်မလေးကို တွေ့လိုက်ရပါသည်။ ဟိုးအရင်က နေ့တိုင်းမဟုတ်ရင်တောင် တစ်ရက်ခြားလောက် ညနေစောင်းဘက်တွေ အမြဲရောက်လာနေကျဖြစ်တဲ့ ကောင်မလေး။

စောလုံ။

ခုတော့ တစ်ပတ်မှတစ်ခါ။ ဆယ်ရက်မှတစ်ခါ။ တဲ့အခါလည်း ဘာမှသိပ်မဝယ်တော့။ ငါးဆယ် တန်ရာတန်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတစ်ခုလောက် ကောက်ယူငွေရှင်းဖို့ ဆိုင်ထဲမှာ နာရီဝက်လောက် ပတ်နေတတ်သည်။

မင်းဝင့်ထည်ရဲ့ ဆိုင်ခန်းက ကျယ်သည်။ စင်လေးတွေ ကောင်တာလေးတွေကို ချစ်စရာ ဖဲန်စီဒီဇိုင်းနှင့် ခင်းကျင်းထားပြီး စတောရှင်နရီပစ္စည်းစုံ မရမရှိစေရအောင် တင်ထားရာ ဒီလိုနေရာမျိုး ဖွင့်ထားတာတောင် လူစည်ကားလှပါသည်။ တစ်ခုရှိတာက ဘယ်ဘက် ညာဘက် နှစ်ဖက်နဲ့ မလှမ်းမကမ်း (ခပ်လှမ်းလှမ်းဆိုလည်း ရ)မှာ အထက်တန်းကျောင်းကြီး နှစ်ကျောင်းက ရှိနေတဲ့အတွက်လည်း ပါသည်။

ကျောင်းသွားရင်း ကျောင်းပြန်ရင်း လမ်းလျှောက်သော်လည်းကောင်း၊ ကားရပ်၍သော်လည်းကောင်း လိုတဲ့ပစ္စည်းဝင်ဝယ်တတ်ကြတဲ့အပြင် ကလေးမပါတဲ့ ကျောင်းကြိုမိဘတွေချည်းပဲလည်း ဘာလိုအပ်မလဲ ဝင်ကြည့် ဝင်ဝယ်တတ်ကြသည်။ ဒီရပ်ကွက်လိုမျိုးကနေ ဒီလောက်ပစ္စည်းစုံစုံရဖို့ အနည်းဆုံး လှည်းတန်းဈေးလောက်တော့ သွားရမှာ။

သူ့ဆိုင်ကို ရပ်ကွက်က လူတွေလည်း အားပေးကြပါသည်။ အဲဒါတွေအပြင် လှည်းတန်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် တော်ရုံတန်ရုံ ဘယ်ကိုသွားလို့မှ မရနိုင်တဲ့ ဖဲန်စီပစ္စည်းပစ္စယအသစ်အဆန်းလေးတွေ သူ့ဆိုင်မှာ ရသမို့ အဝေးကြီးက ဒီကိုပဲ တကူးတက လာဝယ်ရတာလည်း ရှိပါသည်။





ဥပမာ ရေးလိုက်တိုင်း အထဲက မှိုးရောင်စုံလင်းလာတဲ့ ခဲသားဘောလ်ပင် ကြည်ကြည်ကလေးမျိုး သူ့ပဲဈေးကြီးပေးမှာကာ တင်ထားတာမို့ သူ့ဆီကလွဲရင် ဘယ်မှာမှမရ။ ဒီတော့ သူ့ဆိုင်ကို လူကြိုက်များသည်။ ဒီနားက ဆိုင်တန်းရှည်တစ်လျှောက်လုံးဟာလည်း သူ့ဆိုင်လာတဲ့သူ ကိုယ့်ဆိုင်ဝင်၊ ကိုယ့်ဆိုင်လာတဲ့သူ သူ့ဆိုင်ဝင်နှင့်မို့ အပြန်အလှန် အကျိုးပြုကာ လူစည်ကားလှပါသည်။

အခုကိုပဲ ဆိုင်ထဲမှာ ကြည့်ရှုဝယ်ခြမ်းနေတဲ့ တစ်ပိုင်နက် ကပ်စ်တမ်မာဦးရေဟာ နှစ်ဆယ်ထက်မနည်း။ ဒီတော့ ခင်းဝင့်ထည်အဖို့ အားလုံးကိုတော့ တန်းတူသိကျွမ်းမှတ်မိမနေနိုင်တော့ပေ။

စောလုံကိုတော့ ...။

စောလုံသည် စင်ပေါ် နံရံပေါ်က ပစ္စည်းတွေမျိုးစုံကို ကြည့်လိုက်၊ ကောင်တာက ဟိုအစ်ကိုကြီးကို ခိုးကြည့်လိုက်နှင့် အေးအေးဆေးဆေး အချိန်ယူပြီး ဆိုင်ထဲမှာ ဖြည်းဖြည်းချင်း ပတ်နေသည်။

ခြေသလုံးပတ်လည်မှာ အနားပတ်နှင့် ပြန်စည်းထားသော ကာကီရောင်ဖျော့ဖျော့ ဘောင်းဘီပွလေး၊ အတွင်းက စပို့အနက်ကျပ်လေးခံလျက် အပေါ်က ထပ်ဝတ်ထားတဲ့ နောက်လှန်ခေါင်းဆောင်းပါ ဂျာကင်အဖြူလေးက လက်ဖျား ခါးအနားတို့အနက်ကွပ်နှင့်။ ဗလာစာအုပ်အရွယ် ခပ်ပြားပြား အိတ်ပန်းနှ

www.burmeseclassic.com



[illegible] ကြီးရှည်ရှည်နှင့် စောလုံ ပခုံးပေါ် စလွယ်သိုင်း သွားကြသား။

နားနှစ်ဖက်မှာ ငွေရောင်နားကွင်းဝိုင်းလေးတွေနှင့် ခပ်ဖွာဖွာ စတက်ပ်ဆံပင်တို့ကလည်း နုနယ်တဲ့ စောလုံ မျက်နှာ ဆန်းဆန်းလှလှလေးကို လိုက်ဖက်တင့်တယ်အောင် ပံ့ပိုးထားပါ သည်။ ဆေးလုံးဝဆိုးမထားတဲ့ အောက်နှုတ်ခမ်းလေးကို လက်ညှိုး လက်မလေးနှင့်ညှစ်ရင်း နောက်လက်တစ်ဖက်က ဂျာကင်အိတ် နှိုက်ရင်း ဆိုင်ထဲဝဲလှည့်ပတ်လျှောက်နေတဲ့ စောလုံ တစ်ယောက် ကောင်တာကိုလည်း ဖျတ်ခနဲ ခိုးကြည့်တတ်သေးတာ မြင်ကာရိပ်မိ နေတဲ့ ဝန်ထမ်းမိန်းကလေးတစ်ယောက်က ...

"ဘာယူမှာလဲ အစ်မ"

ခပ်တည်တည်လေး မေးလိုက်ပါသည်။ လွန်ခဲ့တဲ့ ဆယ်ရက်နှစ်ပတ်လောက်က နောက်ဆုံးတစ်ခေါက် လာတုန်းက နာရီဝက်လောက်ပတ်ပြီး ငါးဆယ်တန် အရုပ်ပုံဟဲင်ဒီပလာစတာ လေးပဲ ဝယ်သွားတဲ့ စောလုံကို အမြင်က ကတ်ချင်ချင်ရယ်။ သူတို့ဘော့စ်ကိုပဲ လာလာရှိတ်နေလား၊ ဝယ်တော့မလိုနှင့် ပစ္စည်း ပဲ အတိုအလျှို လုပ်ချင်တာလား။

ပစ္စည်းအတိုအလျှို လုပ်တဲ့သူတွေဟာလည်း ဘယ် တော့မှ စုတ်စုတ်နုတ်နုတ် မလာပါ။ မထင်ရက်ရှုလောက်အောင် ခပ်သားသားနားနား လာကြတာ။ တစ်ခါတစ်ရံ စိတ်ထဲမသင်္ကာ စွာ၊ ယူလိုက်ပြီ အိတ်ထဲထည့်လိုက်ပြီ ထင်ပေမယ့် စွပ်တောင်





မစွပ်စွဲရဲ။ သူတို့အဟန့်က ကိုယ်ထက်သာရာ မပြောရဲအောင် ရှိရသည်။

ခုလည်း စောလုံက ဘာမှမပြောတာမို့ ...

"အစ်မ ... ဘာလိုချင်လို့လဲ၊ ဘာရှာတာလဲ"

စောလုံက ခေါင်းကိုငဲ့ကာ ကောင်မလေးကို ခပ်အေး အေး ကြည့်လိုက်သည်။ လူကို ဒီလိုလာမေးတာ မကြိုက်ပါဘူး။

"ဘာလုပ်ဖို့ မေးတာလဲ"

ကောင်မလေးက အောင့်သက်သက်နှင့် ...

"အော် ... အစ်မ ဘာရှာတာလဲလို့ပါ"

"ရှယ်တုံ့ပဲ၊ အစ်မ မခေါ်ပါနဲ့၊ ရှိသေစရာလည်း မလိုဘူး၊ ဘာမှမရှာဘဲ ဒီလိုပဲကြည့်လို့ မရဘူးလား"

ဘယ်ဆိုင်သွားသွား ဘာဝယ်ဝယ် ကိုယ့်အနားက လှုတကောက်ကောက် ကပ်လိုက်ကာ "ဘာလိုချင်လို့ပါလဲ"မေး တာမျိုး၊ အရောင်းကောင်တာတွေက ကောင်မလေးတွေ သူတို့ ကုန်ပစ္စည်းကို အတင်းကြီး စမ်းသုံးဖို့ဆွယ်တာမျိုးတွေကို စောလုံ အတော်စိတ်ပျက်ပါသည်။

ကိုယ်က သူတို့ပစ္စည်းကို သုံးဖို့ ဝယ်ဖို့ စိတ်ကူးမရှိ သော်လည်း သူတို့က မရပ်မနား ပစ္စည်းအကြောင်း ရှင်းပြနေ၍ ယဉ်ကျေးမှုအလို့ငှာ ရပ်နားထောင်ပေးနေရသည်မှာ အတော်အချိန် ပုပ်ပါသည်။ ပြောတုန်း တန်းလန်းကြီး ကိုယ်ကထွက်သွားဖို့ကျ တော့ ဘယ်လောက်ရိုင်းရာကျမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ မယူသေးပါဘူးနော်"လို့ နောက်ဆုံးမှာ ပြောရတာပါပဲ။ ဒါတောင် "စမ်းသုံးကြည့်ပါ ညီမရဲ့၊ ခုချိန်မှာပဲ ဈေးချိုရှင်း ရှိတာလေ၊ နောက်လကျရင် ဈေးက ဘယ်လောက်တက်သွားပြီနော်"လို့ တချို့က ခြိမ်းခြောက်သေးသည်။ ဈေးပဲတက်တက် ပစ္စည်းပဲပြုတ်ပြုတ် ဘာအလှကုန်မှ မသုံးတဲ့ စောလှံမှာ ငေးငိုင်ကြီးနှင့် အချိန်စေ့အောင် နားထောင်ပေးရတာကို စိတ်ညစ်သည်။

တချို့ ရုပ်ပါမားကက်ကြီးတွေမှာလည်းပဲ တာဝန်ကျဝန်ထမ်းတွေဟာ လျှောက်ကြည့်နေတဲ့လူနောက် တကောက်ကောက် လိုက်ကြည့်နေတတ်သည်။ သူတို့ကတော့ ကူညီမလို့နေမှာပေါ့။

ကိုယ်ကတော့ အနှောင့်အယှက်ကြီးလှသည်။ များသောအားဖြင့် အဲဒီလို ကပ်ပါကာ တောင်မေး မြောက်မေး လုပ်နေလျှင် စောလှံ မဝယ်ဖြစ်တော့။

မေးရမှာက ဝယ်သူလေ။ သူတို့က ဖြေရမှာ။ သူတို့က ဘာမှမေးစရာ အကြောင်းမရှိပါ။ ကိုယ့်အာရုံနှင့်ကိုယ် အိမ်မှာ ဘာလိုလဲ အသေးလေးဝယ်မလား၊ မကြာခင်ကုန်မယ့်ဟာတူ အကြီးဝယ်သွားမလား၊ ပါတဲ့ပိုက်ဆံနှင့် ပိုလိုအပ်နေတာ ဝယ်ရမှာဖြစ်ရာ တွက်ချက်စိတ်ကူးကြည့်နေတုန်း ဘာလိုချင်လဲ၊ ဘာရှာလဲ ဆိုတာတွေ မေးလာလျှင် အာရုံနှောက်လှပါသည်။





ခုဟာကတော့ စောလှံ ဘာမှစဉ်းစားမနေ။ ဘာဝယ်ချင်ဆိုတာ ခေါင်းထဲရှိပြီးသား။ ဟိုအစ်ကိုကြီးရှိလို့ ကြာကြာပတ်နေတာ။ တမင်ပတ်နေသူကို ဘာရှာလဲဆိုတော့ နင်တာပေါ့။

"မဟုတ်ပါဘူး၊ အစ်မက ဆိုင်ထဲမှာ ပတ်နေတော့ လိုချင်တာ ရှာမတွေ့ဘူးလားလို့ပေါ့"

ဝန်ထမ်းမလေးကလည်း လျှော့မပေး။ မျက်နှာကြည့်ရုံနှင့် အစွာမှန်း သိသာသည်။ သို့သော် စောလှံက နားအေးပါးအေး စကားနည်းရန်စဲသမား မဟုတ်။ စောလှံဟာ ကိုယ်လုပ်ချင်တာ လုပ်တဲ့သူ။ အစွတ်။

"ဆိုင်ထဲမှာ ပတ်လို့မရဘူးလား"

ကောင်မလေး ရှုံ့မဲ့လာသည်။

"ဒီနားကပဲရပ်ပြီး တစ်ဆိုင်လုံးကို ကြည့်ရမှာလား"

"ပတ်ချင်လည်း ပတ်ပေါ့၊ နာရီဝက်ပတ်ပြီး ပလာစတာ တစ်ခုတည်း ဝယ်သွားတာမျိုးတော့ မလုပ်နဲ့ပေါ့"

"သြော် ... ဒီလိုလား၊ နင် မှတ်ထားတယ်ပေါ့၊ နင့်စကားအတိုင်းပဲနော်၊ နာရီဝက်ပတ်ပြီး ပလာစတာတစ်ခု မဝယ်ဘူး၊ တစ်နာရီပတ်မယ်၊ ပြီးရင် ဘာမှမဝယ်ဘဲပြန်မယ်"

ကောင်မလေးမျက်နှာ ရှုပုပ်နေကာ ဆေးကဝယ်သူတွေကလည်း ကောင်မလေးကိုကြည့်လိုက် စောလှံကိုကြည့်လိုက်။ အရေးထဲ ပဲလှော်ကြား ဆားညှပ်ခံချင်တဲ့ လူတစ်ဦးက ကြားဝင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ထဲဝင်ကြည့်ပြီး လိုတာတွေ့ရင်ဝယ်၊ မလိုချင်လည်း မဝယ်ဘူးပေါ့ဗျာ"

စောလုံဘက်က ဝင်ပြောပေးသွားသေးသဖြင့် ကောင်မလေး မျက်နှာက ပိုပြီးစူပုပ်ကောက်ချိတ် ခက်ထန်နေပါသည်။

"မဟုတ်ပါဘူးရှင်၊ သူကတော့ အမြဲဒီတိုင်းပဲမို့ ပြောနေတာပါ၊ တကယ် မလိုလို့မဝယ်ရင် မဝယ်နဲ့ပေါ့၊ သူက အမြဲပဲ"

"အဲဒီတော့ ဘာလဲ၊ ကျွန်မက ဒီဆိုင်ကို လာခွင့်မရှိဘူးပေါ့၊ မလာစေချင်ဘူးပေါ့"

"မသိရင် ခက်မယ်"

ကောင်မလေးက မကြားတကြား ဆောင်းပြောသည်။

"အဟင်းဟင်း၊ ဒါဖြင့် သိရင်ပြောပါဦး"

"မပြောချင်လို့ပေါ့"

နောက်ထပ် ကောင်မလေးတစ်ယောက် အနားရောက်လာကာ ...

"မဝေ ... ဆရာခေါ်နေတယ်၊ သွားလိုက်"

အရင်ကောင်မလေးက စူပုပ်တဲ့ မျက်နှာနှင့်ပင် ကောင်တာဘက် လျှောက်သွားပါသည်။ စောလုံက လက်ဝါးလေး နှစ်ဖက်ဖြန့်ရင်း ...

"ဆက်ကြည့်ရမှာလား၊ ပြန်ရမှာလား"

"ဆက်ကြည့်ပါ၊ လိုတာရှိရင် ပြောနော်"





မင်းဝင့်ထည်က အနားရောက်လာတဲ့ ဝေဝေ့ကို ...

"ဝေဝေ ... ရန်မဖြစ်ရဘူးလေ၊ ကပ်စိတမ်မာကို ကောင်းကောင်း ဆက်ဆံရမယ်လေ၊ မင်း ဘာပဲသိသိ၊ မင်းဘာပဲ ကသိကအောက်ဖြစ်ဖြစ် စိတ်ရှည်ရှည် ထားရမယ် မဟုတ်လား၊ ကဲ ... ဟိုဘက်သွားလိုက်"

မင်းဝင့်ထည်က ဝန်ထမ်းကို ခပ်တည်တည်လေး ပြောလိုက်ရသော်လည်း စိတ်ထဲမှာ ရယ်ချင်နေကာ ကောင်တာ အမြင့်မှ ဆင်းလာခဲ့ပြီး စောလုံ အနား လျှောက်လာခဲ့ပါသည်။ စောလုံက အနားကိုလာနေတဲ့ မင်းဝင့်ထည်ကို လှမ်းပြီးငေးကြည့်နေသည်။ သူ ဘာလာပြောမလို့လဲ မသိဘူးလို့လည်း ရင်တုန်ကြောက်ထိတ်လာပါသည်။

"ညီမ ဆက်ကြည့်ပါ၊ စိတ်တိုင်းကျကြည့်ပြီး လိုတာတွေ့မှ ဝယ်ပါ"

ပြုံးလိုက်တဲ့ မင်းဝင့်ထည်ရဲ့ ဖြူဖွေးသွယ်တန်းညီညာနေတဲ့ သွားကလေးတွေကို ကယောင်ကတမ်း ငေးစိုက်သွားမိပြီးမှ ...

"ဟို ... ရွဲ့တာတော့ မဟုတ်ပါဘူးနော်"

"မရွဲ့ပါဘူး၊ ဆိုင်ကို လာတဲ့ဝယ်သူကို ရွဲ့စရာအကြောင်း မရှိပါဘူး ခင်ဗျာ၊ ခုနက ဖြစ်ရတာကိုလည်း တောင်းပန်ပါတယ်၊ တခြားလည်း လိုတာရှိရင် ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



စောလုံသည် ဟိုအစ်ကိုကြီးနှင့် ဒီလောက်နီးနီးကပ်ကပ် စကားရပ်ပြောနေရ၍ ရှက်သွေးမွှန်ထူလာကာ ပဉ္စာဝါပါ အသားပါပါ စကားတွေလည်း ဘာမှထပ်ပြောဖို့ မစဉ်းစားနိုင်။ ခေါင်းကြီးငုံ့တုံ့တုံ့ ကမူးရှူးထိုးနှင့်ပင် ...

"ဟို ... ပုံးတွေမှာကပ်တဲ့ တိပ်ပ်အညိုဝိုင်းကြီးတွေ ဆယ်ခု ပေးပါ"

"သူတို့က တစ်ခုကို အကွင်းအကြီးကြီးတွေနော်၊ အများကြီးသုံးလို့ရတယ် ညီမ"

"အများကြီး သုံးရမှာမို့ပါ၊ အိပ်ပြောင်းမှာမို့လို့ ကတ်ထူ ပစ္စည်းပုံးတွေမှာ ပစ္စည်းထည့်ပြီး အလုံပိတ်ကပ်ပြီးမှ သယ်မှာမို့ပါ"

ရိုက်လဲမစစ်ရပါဘဲ အိမ်ပြောင်းမှာရော ဘာရော ပြောမိပြောရာတွေ လျှောက်ပြောမိပြီးနောက် ဟိုအစ်ကိုကြီးကိုယ်တိုင် စင်ပေါ်က သွားယူပေးတဲ့ တိပ်ပ်အညိုကွင်းတွေရယ်၊ တွန်းထုတ်ရတဲ့ လေးလက်မ ဓားပါးလေးတစ်ချောင်းရယ်၊ ပုံးပေါ်မှာ ဘာပါတယ်ရေးရန် Perhanent pen အနီရောင်ရယ် ဝယ်ယူလိုက်ပါသည်။

✦♥✦





"မမပု ... မမပု ... ဒါအရင်လာသယ်"

စောလုံသည် ကြေးလက်လေးသစ်ရပ်နှင့် ဧည့်ခန်းအလယ်မှာ ဖင်ချထိုင်နေကာ ဘေးမှာဖော့ ဆိုင်းဝိုင်းကြီးလို ပုံးတွေ ပလုံးတွေ ဇလုံတွေ သေတ္တာတွေ စုံနစီစီအောင် ချာလပတ်ဝိုင်းနေသည်။

ဒီနေ့ အိမ်ပြောင်းလာတာဖြစ်၍ ဖေဖေ့အသိမိတ်ဆွေထဲက တပည့်တပန်းအချို့ လိုက်ကူညီပြောင်းပေးပါသည်။ လေးပင်တာတွေကို သူတို့ရော ငှားထားတဲ့ကူလီအလုပ်သမားရော ဝိုင်းသယ်ကြပေမယ့် မပြောင်းခင် ပစ္စည်းတွေကို စထည့်တာကတွက်ရင် တစ်ပတ်ရှိပြီ ပင်ပန်းနေတာ။

ပန်းကန်တွေ ဖန်ခွက်တွေလို ကွဲရှနိုင်တာတွေကို သတင်းစာစက္ကူဟောင်းတွေနှင့် တစ်ခုချင်း ပတ်ထုပ်ပြီး ထင်းရှူးသေတ္တာတွေ စက္ကူကတ်ပုံးတွေထဲ ထည့်တာကအစ။ မိသားစုရယ်လို့ သုံးဦးတည်းနေတဲ့အိမ်က ထွက်လာလိုက်တဲ့ အိမ်ထောင်ပစ္စည်းတွေ။ ဖေဖေက တော်ရုံပစ္စည်းလွှင့်ပစ်၊ ပေးပစ်ဟု ဆိုသဖြင့် လွှင့်ပစ်ခဲ့တာ ပေးပစ်လိုက်တာတွေလည်း မနည်း။

ကဲ ... ခုတော့။ လာကူတဲ့လူတွေကို မနက်ကတော့ အုန်းပေါက်ဝယ်ကျွေးကာ ခုညနေတော့ ဖေဖေကိုယ်တိုင် ဖိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျေးလည်းကျေး တိုက်လည်းတိုက်ဖို့ ထွက်သွားကြပြီဖြစ်ရာ အိမ်မှာ စောလုံရယ် မမပုရယ်ပဲ ရှိသည်။ ပစ္စည်းကြီးကြီးတွေ နေရာတကျချပြီး ဖြစ်ပေမယ့် ပစ္စည်းငယ်တွေ ကတ်ပုံးတွေမဖြေရသေး။

အလေးအပင် မဟုတ်တဲ့ တိုတိုထွာထွာ ရှင်းလင်းသိမ်းဆည်း ကိစ္စတွေက အများကြီးကျန်သေးတာ။ မမပုက မီးဖိုချောင်ထဲမှာ မီးဖိုပစ္စည်းတွေပါတဲ့ ထင်းရှူးသေတ္တာကြီးနှင့် ပစ္စည်းတွေ နေရာချနေသည်။

"ဘာလဲ ... စောလုံ"

"သုံးလက်စပုလင်းကွေ၊ ဆီပုလင်း၊ ဆီခွက်၊ ရေတ်သီးမှုန့်၊ မန်ကျည်းသီးတွေပါတဲ့ပုံး၊ ဒီမှာ ဖောက်ကြည့်လိုက်လို့"

"ထားထားဦးလေ စောလုံ၊ ရေချိုးပြီး နားချင်နားလိုက်တော့၊ ငါ တဖြည်းဖြည်းနဲ့ ရှင်းမယ်"

"အာ ... မမပု တစ်ယောက်တည်းနဲ့ ဘယ်တော့ပြီးမလဲ"

"နှစ်ရက် သုံးရက်ပေါ့ဟယ်၊ အရေးကြီးတာ အရင်ဖောက်ပြီး နေရာချမှာပေါ့၊ သွား ... ရေချိုးစမ်း ညီမလေး၊ တော်ကြာ ဟိုမိန်းမကြီး လာမယ်လို့ အဖေပြောတယ်ကော"

"အန်တီချစ်လား"

"အော"

"ဟုတ်သားပဲ၊ အခု ငါးနာရီလေးဆယ်ဆိုတော့ ခဏနေရောက်တော့မယ်"





"အဲဒါကြောင့် နင့်ရေချိုးတော့လို့ဆို၊ နင့်အဝတ်လောက်ပဲ ထုတ်သွား၊ တော်ကြာ သူက မွေးလို့ကြိုင်လို့ နင်က ကြေးမဲသလူးလို့ ဖြစ်နေဦးမယ်"

"ဒါဖြင့် ပုံးတွေ တစ်နေရာမှာ စုပုံကပ်ထားဦးမယ်၊ ပြီးရင် တံမြက်စည်းတစ်ထပ်လှည်းပြီး ရေချိုးတော့မယ်"

"အော"

မမပုရဲ့ သဘောတူသံဟာ ဘယ်တော့မှ "အေး" မဟုတ်။ "အော"။ ချစ်စရာလေး။ ချစ်တဲ့အကြောင်း စဉ်းစားလိုက်လျှင် ဟိုအစ်ကိုကြီးကို မြင်ယောင်လာပြန်သည်။ ဟိုအစ်ကိုကြီးကို ချစ်တဲ့ဘဝမှာ သူ့ဆိုင်က ဝယ်လာတဲ့ တိပ်တွေကို စက္ကူသတ်ပုံးတွေကနေ ခွာပြီးရင် လွှင့်ပစ်ရမှာတောင် နမြောမိပါတယ်ဆ၊ ဟာဟာ ...။

ဟိုတစ်နေ့က စောလုံ သူ့ဆိုင်ထဲ ရစ်နေတော့ သူကိုယ်တိုင် တိပ်ဝိုင်းကြီးတွေ လိုက်ယူပေး၊ အိတ်နဲ့ထည့်ပေး။ ပြွားရေးသမား ပီသပါပေရဲ့။ ပိုက်ဆံရှင်းတော့ အစွန်းထွက်နေတဲ့ ငါးဆယ်ကို လျှော့ပေးလိုက်သေးသည်။

စောလုံလည်း ...

"တစ်ရှူးထုပ် မယူဘူးနော်" ... လို့ ...

ဟိုကောင်မလေး ကြားအောင် အော်ပစ်သေးတာ။ တ်တယ်။ ငါးဆယ်ဖိုး ဟန်ဒီပလာစတာ ဝယ်ပါတယ်ဆို တဲ့ ရာတန်ထဲက ပိုတဲ့ငါးဆယ်ကို မအမ်းဘဲ တစ်ရှူး ပေး



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ သူကပြောတော့သာ ပလာစတာတစ်ခုတည်းကို နာရီဝက်ပတ်ပြီး ဝယ်တယ်တဲ့၊ တစ်ရှူးပါ ဝယ်လိုက်ရတာကျ ထည့်မပြောဘူး။

ဘာရမလဲ။ စောလုံက နှာထိပ်များကို လက်ညှိုးနှင့် တစ်ချက်ပွတ်ဆွဲရင်း တစ်ရှူးထုပ် မယူဘူးနော် ဆိုတော့ ထိုအစ်ကိုကြီးက ကျိတ်ရယ်ပြီး ငါးဆယ်လျှော့ပေးလိုက်ပါသည်။

"မမပု"

ရေချိုးခန်းထဲကို မျက်နှာသုတ်ပဝါ ခြုံပတ်ပြီး ဝင်သွားတဲ့ စောလုံက ရေချိုးခန်းထဲကနေ အော်သည်။

"မမပု"

"… … …"

"မမပုရေး"

"ဝေး"

"ဟောဒီမှာ xxx xxx xxx "

စောလုံ ပြောတာတွေ မမပု ကြားမယ်မဟုတ်မှန်း သိသိနှင့် စောလုံက ကိုယ့်ဟာကိုယ် ပတွတ်ပတွတ် ပြောနေသည်။ ဒီအိမ်မှာ လောလောဆယ် ဒီနှစ်ယောက်တည်းရှိတာ။ မမပုကိုပဲ လှမ်းပြောရမှာပေါ့။ သူ မကြားလည်းနေ။ အပြင်ကျ နောက်တစ်ခေါက် ထပ်ပြောရုံပင်။

"ဒုံး … ဒုံး …"

"ဒုံး … ဒုံး …"





အပြင်က ရေချိုးခန်းတံခါး ထုသံကြောင့် စောလုံက တံခါးကို ဟာစိလေး ပြန်ဖွင့်လိုက်သည်။

"ဘာလဲ … မမပု"

"ဟဲ့ … ဘာလဲက ငါမေးရမှာ မဟုတ်ဘူးလား"

"ဘာလို့လဲ"

"နင်ပဲ အော်ခေါ်နေပြီး၊ ဘာများဖြစ်လဲလို့ ပြေးလာရတာ၊ ရင်ကို ထိတ်သွားတာပဲ၊ ပြောစမ်း … ဘာဖြစ်လို့လဲ"

"သြော် … ဟောဒီလက်ကိုင်ရေပန်းက ပျက်နေတယ်လို့ပြောနေတာ၊ တွေ့လား၊ ဘယ်လိုလုပ်လုပ် ရေကထွက်မလာဘူး"

"ဟယ် … အဲဒါကို ဒီလောက်အလန့်တကြား အော်ခေါ်ပြောရသလား၊ ငါက ဘာလုပ်တတ်မှာမို့လဲ"

"ပြောပြတာလေ၊ မမပုပဲ ရှိလို့ဟာကို"

"မြန်မြန်လုပ်၊ ငါ ဟိုမိန်းမကြီးကို ချည့်ခဲ့နေရဦးမယ်"

စောလုံက တဟီဟီရယ်ကာ ရေချိုးခန်းတံခါး ပြန်ပိတ်ပြီး ကြွေပြားကန်ငယ်လေးထဲက ရေတွေကိုပဲ ခပ်ကာ ခပ်ကာ ချိုးလိုက်သည်။ ပါးစပ်ကလည်း သီချင်းတညည်းညည်း။ စောလုံကတော့ ဖေဖေမိန်းမယူတော့မှာအတွက် တကယ်ပဲ စိတ်မညစ်ပါ။ အန်တီချစ်ကိုလည်း ချစ်တယ်လည်းမဟုတ်။ မုန်းတယ်လည်း မဟုတ်။ မိတ်ဆွေလိုပဲပေါ့။ ကောင်းရင်လည်း ကောင်းတဲ့အလျှောက် ကြည်ဖြူစွာ ဆက်ဆံကာ ဆိုးရင်လည်း ရစ်ချင်တဲ့အခါ ပြန်ရစ်လိုက်မှာပေါ့။

www.burmeseclassic.com



ဖြစ်လာတဲ့ အခြေအနေအပေါ် ကြည့်ရှုဆက်ဆံရုံပဲ။ ဖေဖေ သူကြိုက်လို့ သူယူတာ ယူပါစေ။ တကယ်ဆိုတော့ အန်တီချစ်ကိုယူတာ ဖေဖေ့ဘက်က နာစရာ ဘာရှိလို့လဲ။ အန်တီချစ်က အပျိုကြီး၊ ဖေဖေက မုဆိုးဖိုလေ။ ပြီးတော့ အန်တီချစ်က စိန်ရွှေရတနာပွဲစားလည်း လုပ်သေးသည်။ ဆိုင်မရှိဘဲ သူ့ဟာသူ အထည်တွေခတ်ပြီး ရင်းနှီးတဲ့ အသိုင်းအဝိုင်းထဲ ပြန်ရောင်းတာ။

ကိုယ့်ကား ကိုယ်မောင်းပြီး အိမ်ပိုင်ရာပိုင်နဲ့ပဲ။ ဖေဖေ့အိမ်ပေါ် တက်လာနေမှာ ဖြစ်ပေမယ့် သူ့မှာ အိမ်မရှိရာမရှိ ခြေမဲ့လက်မဲ့ မဟုတ်။ ဆရာလုပ်ချင်တဲ့အသွင် ရှိသော်လည်း လုပ်ပေါ့ သူ လူကြီးပဲဟာ။ ကိုယ့်ဘက်ကလည်း [illegible]နိုင်တာ ခံ၊ လက်မခံနိုင်တာ ငြင်းရုံပဲ။

မနေ့ကတော့ ပစ္စည်းတွေ ထုပ်ပိုးရင်း ဖေဖေ့ကို စောလုံက မေးပါသည်။

"ဖေဖေ"

"အင်း"

"အန်တီချစ်နဲ့ ယူပြီးရင် ဖေဖေက စောလုံကို မီးဖိုစရိတ် အပ်ဦးမှာလား"

"ဟင် ! ... အင်း ... စဉ်းတောင် မစဉ်းစားမိသေးဘူး၊ သူ့ပဲပေးရလိမ့်မယ် ထင်တယ်၊ သမီးကို ဆက်ပေးလို့ ဘယ်ကောင်းမလဲ၊ ကောင်းလား"



ဖေဖေတာ အဲလို ဖေဖေ ဖြစ်သည်။ သူကိုယ်တိုင်လည်း ဖဝေဖဝါ။

"ဖေဖေ အဆင်ပြေသလိုလုပ်ပေါ့၊ ဒါဖြင့် မုန့်ဖိုးကကျတော့ သူ့ဆီက တောင်းရမလား၊ ဖေဖေ့ဆီက တောင်းရမှာလား"

"ဖေဖေ ပေးမှာပေါ့"

"မမပု မုန့်ဖိုးရော"

"အင်း ... ဖေဖေပဲ ပေးပါ့မယ်"

"ဖေဖေက သူ့ကို တစ်လ ဘယ်လောက်၊ အဲလိုအပ်မှာ မျိုးပေါ့"

"အင်း ... အဲဒီသဘောပေါ့"

"အခုကြည့်ရတာ ဖေဖေက သူ့ကိုကျွေးမှာလား၊ သူက ဖေဖေ့ကို ကျွေးမှာလားဟင်"

"ဟား ဟား ဟား ... ငါ့သမီးရယ်။ ရယ်တောင် ရယ်ရတယ်၊ ဖေဖေက သူ့ကိုကျွေးမှာပါ သမီးရဲ့၊ အိမ်ပြောင်းပြီးတာနဲ့ ဖေဖေတို့မှာ ငွေပိုပြီလေ သမီးကလည်း၊ မင်္ဂလာဆွမ်းကျွေးပိုက်ဆံ ကုန်စရာရှိတာကလွဲရင် တခြားကုန်စရာ မရှိဘူး၊ ကျန်တဲ့ငွေထဲက ကားသုံးစီးလောက် ဝယ်မယ်၊ ကားငှားမယ်လေ၊ ငွေပိုသေးရင် ဘဏ်မှာထားမယ်၊ ကားငှားခက ရမှာမနည်းပါဘူး သမီးရဲ့"

"ကားသုံးစီးငှားရင် အများကြီးပေါ့"

www.burmeseclassic.com



"ဒါပေါ့"

"အဲဒါ အကုန်လုံးကို လတိုင်း အန်တီချစ်ကို ပေးရမှာလား"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ သမီးရဲ့၊ မီးဖိုစရိတ် စားစရိတ် အိမ်စရိတ် လုံလုံလောက်လောက်လေး အပ်ရင် ရပြီပေါ့"

"ဒါဆိုပြီးရော"

"သမီးကို မုန့်ဖိုးတင်မကဘူး၊ တခြားသုံးစရာရှိလည်းသုံးနိုင်အောင် တစ်လကို တစ်သိန်း တစ်သိန်း ထုံ့ထည့်ပေးမယ်၊ အကောင့်ဖွင့်ပေးထားမယ်၊ သမီးဝယ်ချင်တာရှိဝယ်၊ ကြည့်သုံးပေါ့ သမီးရယ်"

"မမပုကိုရော"

"ညည်းမမပုကို အကောင့်လုပ်ပေးလည်း အလကားပဲလေ၊ သူမှ မသုံးတတ်ဘဲဟာ၊ ဘဏ်သွားရမှာ ကြောက်နေမှာနဲ့ သမီးပဲ သွားပေးနေရမှာ မထူးဘူး၊ လက်ထဲကို မုန့်ဖိုးပဲဖိုးပဲ ထည့်ပေးမယ်၊ မေမေ့တုန်းကလိုပဲ နည်းနည်းကြာရင် တစ်ခါ ရွှေလေး လုပ်ပေးပေါ့၊ လုပ်သာ လုပ်ပေးရတာ ညည်းမမပုက ဝတ်တာလည်း မဟုတ်ဘူး"

"အဖေကလည်း ဒါတွေ မဝတ်ချင်ပါဘူး၊ ရှုပ်ကရှုပ်နဲ့"

"အေး ... မဝတ်နဲ့၊ နင့်မှာ အရပ်ကလည်းပု၊ ရွှေကလည်း မပါဆိုရင် ဘယ်ယောကျ်ားမှ နင့်လိုချင်မှာ မဟုတ်ဘူး"





အသက်နှစ်ဆယ့်ခုနစ်နှစ် ရှိနေပြီဖြစ်တဲ့ မမပုဟာ သူ့ကို အဲသလိုစ,လျှင် စိတ်အတိုဆုံးပင်။ မျက်နှာတစ်ခုလုံး နီမြန်းစူပုပ်ကာ ...

"မယူလေ ကောင်းလေပေါ့၊ ပိုတောင်ကောင်းသေး"

ဖေဖေနှင့် ငွေရေးကြေးရေးကိစ္စ ဆွေးနွေးထားပြီးပြီမို့ စောလုံက ကိုယ့်ဟာနှင့်ကိုယ် ... ကိုယ့်အစီအစဉ်ကိုလည်း ရေးဆွဲထားပြီ။

ဖေဖေ ဘဏ်ထဲကို လွှဲပို့မယ့်ငွေတွေက သူ့ဟာနဲ့သူ နေပါစေ။ စောလုံကတော့ မုန့်ဖိုးနှင့် အသေးသုံးအတွက် အလုပ်တစ်ခု ပြန်ရှာဝင်လုပ်မည်။ ဟိုအစ်ကိုကြီးရဲ့ဆိုင်နဲ့ နီးနီးဆိုရင်တော့ ပိုကောင်းတာပေါ့။

သိပ်မနီးလည်းပဲ အလုပ်တော့ ပြန်ရှာလုပ်မှ။ တစ် ... ဝင်ငွေရှိသည်။ နှစ် ... အပျင်းပြေမည်။ သုံး ... အလုပ်ဆင်းချိန် ဟိုအစ်ကိုကြီးဆိုင် သွားနိုင်မည်။ လေး ... အိမ်မှာ အချိန်ပြည့်နေရတော့ မိထွေးနှင့် တော်ရုံပြဿနာ ဖြစ်စရာမရှိ။

"စောလုံ ... စောလုံ"

"ဒုံး ... ဒုံး ..."

"ဘာလဲ မမပု"

"ထွက်တော့"

"အင်း ... အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် ခပ်ဆောင့်ဆောင့် အော်ရုံနှင့်ပဲ အန်တီချစ် ဆော်ပြီထင်တယ်လို့ စောလုံ တွက်မိသွားပါသည်။ နို့မို့တော့ မေမေ့ တံခါးကို လာထုမှာကို မဟုတ်။

ထင်တဲ့အတိုင်း မျက်နှာသုတ်ပဝါ ပတ်ခြုံ၍ စောလုံ ထွက်လာတဲ့အခါ မမပုက အခန်းထဲမှာ စိတ်ရှုပ်တဲ့ရုပ်နှင့်။ စောလုံ ထုတ်ထားတဲ့ စပန့်ဂါဝန်ရှည်ကို ခေါင်းကစွပ်ချရုံ အသင့် ပြန့်ကိုင်ထားကာ ...

"ရော့ ... ရော့ ... မြန်မြန်ဝတ်ပြီးထွက်"

"ဆံပင်တွေ ရေသုတ်ရဦးမှာ"

"လာဟယ်၊ ငါသုတ်ပေးမယ်"

"မမပုကလည်း တစ်သက်လုံး စကားမပြောလို့ ရတာကျ နေတာပဲ၊ တစ်လနေရင် သူ ဒီအိမ်ရောက်လာတော့မယ့်ဟာ ပြောစရာရှိ ပြောပေါ့"

"နင်ပဲ သွားပြောစမ်းပါ စောလုံရယ်၊ ပင်ပင်ပန်းပန်း ဘာ ခိုင်းခိုင်း ဆန့်အိတ်ထမ်းရထမ်းရ၊ ထမ်းလိုက်ချင်သေးတယ် ကိုယ်စိတ်မပါတဲ့သူနဲ့တော့ စကားမပြောချင်ပေါင်"

မမပုက စောလုံကို ဆံပင်လာကူသုတ်၊ ဒရိုင်ယာ ဆွဲမှုတ်၊ ဂါဝန်ကို ခေါင်းပေါ်ကနေ ကွင်းလုံးစွပ်ချကာ ကမန်း ကတန်း လူရုပ်ဖော်ပြီး အခန်းပြင် တွန်းလွှတ်လိုက်ပါသည်။

"မမပု ကော်ဖီယူခဲ့ဦး"





"အော"

စောလုံက ခပ်ထိုင်းထိုင်း ဆံပင်တွေကို လက်ချောင်း တွေသွင်းဖွရင်း ဧည့်ခန်းဆီ ထွက်လာခဲ့ပါသည်။ ဒေါ်ခင်မေချစ် သည် သူတစ်ယောက်တည်းအားနှင့် ဆက်တီတစ်ခုကိုတွန်းကာ ရွှေ့နေရင်း စောလုံကို မော့ကြည့်ကာ ...

"စောလုံရေ ... ဒီနှစ်ယောက်ထိုင် ဆိုဖာက ဒီမှာပြတင်းပေါက်ကို ကျောပေးပြီး ထားရအောင်လေ၊ ဒါမှ ကိုအောင် စာဖတ်ရင် သတင်းစာဖတ်ရင် နောက်က အလင်းရောင် တိုက်ရိုက်ရပြီး စာဖတ်လို့ ကောင်းတာပေါ့"

မမပု အမြင်ကတ်ရင်လည်း ကတ်ချင်စရာ။ အန်တီ ချစ်က တစ်ခါ တစ်ခါ နေရာတကာ ဝင်ဖွက်ကာ ပါတတ်သည်။ အရင်းအချာ တရင်းတနှီးပဲ သဘောထားသလားတော့ မသိ။ သူ ပေါ်လည်း ရသားနှင့် ဝင်ပါတတ်တာ။ ဆရာလုပ်တဲ့သဘော လည်း ရှိသည်။ စောလုံကတော့ ပင်ကိုဉာဉ်အတိုင်း "သူလုပ်ရင် တိုယ်သက်သာတယ်"လို့ ဒီလိုပဲ သဘောထားလိုက်တာမို့ သိပ်စိတ် ထဲမရှိ။ တစ်အိမ်လုံးကို သူ့လက်သူ့ခြေ စီမံခန့်ခွဲလာသော မမပု ကတော့ အန်တီချစ် ဝင်ညြစာပေးတယ်ရယ်လို့ မနှစ်မသက်ရှိ တော့သည်။

"ကိုအောင်တို့ ဘယ်အချိန်သွားလဲ စောလုံ"

"ငါးနာရီလေးဆယ်လောက် အန်တီချစ်"



www.burmeseclassic.com

www.burmeseclassic.com



"စောစောပြန်ဖို့တော့ အန်တီချစ် ဖုန်းဆက်လိုက်သေးတယ်"

"ဟုတ်"

"မနက်ကတည်းက လာချင်တာ၊ အလုပ်ကိစ္စတွေ မပြတ်တာနဲ့"

"ပုံးတချို့ ဖောက်ဖို့နဲ့ နေရာချဖို့တွေပဲ ရှိတော့တယ် အန်တီချစ်၊ ဗီရိုထဲတော့ မနက်မှပဲ အဝတ်တွေထည့်တော့မယ်၊ စောလုံတော့ အိပ်တောင်အိပ်ချင်နေပြီ၊ ရေချိုးလိုက်တော့ လူအေးသွားပြီး မိုင်ိုက်လာတယ်"

"ထမင်းစားပြီးသေးလို့လား"

"ဟင့်အင်း"

"တစ်ခုခုစားပြီးမှ အိပ်လေ"

"ဟုတ်"

"ပုပုကော"

"သူလည်း နောက်ဖေးမီးဖိုထဲ တကုပ်ကုပ်နဲ့"

"မြန်းမြန်းပဲ လုပ်ကြပေါ့၊ နှစ်ရက် သုံးရက် ရှင်းယူပေါ့၊ အချိန်တိုထဲ ပြီးအောင်လုပ်နေရင် ပင်ပန်းလို့ သေရချည်ရဲ့၊ ကြားလား ပုပုရေ၊ နားပြီးလုပ်"

ကော်ဖီဗန်းနှင့် ဝင်လာတဲ့ မမပုကို အန်တီချစ်က လှမ်းပြောလိုက်ရာ ...





"ကျွန်မ လုပ်နေကျတွေပါ"

"တစ်သက်လုံး လုပ်ရမှာ၊ အလုအယက် လုပ်မနေနဲ့ပေါ့"

"အဟား ... ဟုတ်တယ် ... ဟုတ်တယ်၊ မမပုက သူများလုပ်သွားမှာစိုးလို့ လုလုပ်နေသလိုမျိုး လုပ်တာ"

"အောင်မာ ... နင်ပင်ပန်းမှာစိုးလို့ နားခိုင်းတာလေ၊ လုလုပ်တာ မဟုတ်ပါဘူး၊ ငါလုပ်နိုင်တာပဲဟာ"

မီးဖိုထဲ လှည့်ဝင်သွားတဲ့ မမပုကို အန်တီချစ်က ပြုံးကာ လိုက်ကြည့်နေရင်း ...

"သူတစ်ယောက်ရှိတာ တော်တော်အားကိုးရတာ၊ သိပ်အလုပ် လုပ်နိုင်တာပဲနော်၊ အနေတာလည်း ခံတယ်၊ အိမ်မှာရှိတဲ့ ကောင်မလေးတော့ အန်တီ ဒီကိုပြောင်းရင် ပြန်လွှတ်လိုက်တော့မှာပေါ့၊ အချင်းချင်း မတည့်မှာ အခန့်မသင့်မှာ စိုးရတယ်လေ၊ ဒါနဲ့ ပုပုက ဘယ်မှာအိပ်မလဲ"

"စောလုံ အခန်းမှာ အန်တီချစ်"

"သြော် ... အေး ... ပြီးတာပဲ၊ ပိုတဲ့အခန်းက စာဖတ်ခန်းလေး ဘာလေး လုပ်လို့ရတာပေါ့"

"ကွန်ပျူတာတို့ အပ်ချုပ်စက်တို့ ထားရမယ် အန်တီချစ်"

"အင်းပေါ့၊ ကဲ ... သမီး ထမင်းစားရင်စား၊ အန်တီ ဖေဖေလာတဲ့ထိ စောင့်ပေးမယ်၊ စောစောတည်းက လာမလို့ ဆီဝင်ထည့်နေရတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အန်တီချစ်က ညည့်ခန်းကွေ့မှ ဘုရားစင်ပေါ်မှာ နေရာချ ပြုပြင်နေပါသည်။

✦♥✦





## ၃

စောလုံသည် လမ်းလျှောက်လာရင်းက လမ်းဘေးသလက်မောင်းပေါ်က ဂျုံရုပ်သည်ကိုတွေ့လျှင် မြူးထူးသွားပါသည်။ ဒါကြောင့် မေမေကကော မမပုကကော စောလုံကို ပြောတာ။ ဟိုမရောက် ဒီမရောက် အရူးအပေါ ထင်ရာလုပ် ... လို့လေ။

စောလုံငယ်ငယ်ကလေး မူကြိုတက်ကတည်းက ဒီလို ဂျုံရုပ်သည်တွေဆီက ဂျုံရုပ်တွေကို အလွန်သဘောကျကာ မေမေ ပစ်နေ့တစ်မျိုး ဝယ်ပေးခဲ့ရတာ။ နေ့စဉ်ရက်ဆက် ဝယ်ထားတဲ့ ဂျုံရုပ်တွေကို စုတင်ဘေးက ပြတင်းပေါက် ပေါင်တန်းပေါ်မှာ တန်းစီ၍ထားသည်။ နှစ်ရက် သုံးရက်နေရင် ဂျုံရုပ်တွေက ခြောက်သယ် အက်ကွဲပြီ။

မလှမပ ညစ်တီးညစ်ပတ်နဲ့ ပုရွက်ဆိတ်က လာသေးပြီ့ ဒူးနစ်ရုပ် ရှစ်ရုပ် များလာရင် မမပုက ယူရှင်းပြီး အမှိုက်ပုံးထဲ ထည့်ပစ်ရင် စောလုံ အာခေါင်ဖြဲပြီး ငိုလေရော့တဲ့။ ကျောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်လည်း စောလုံတို့ကျောင်းရဲ့ မျက်စောင်းထိုး ပလက်ဖောင်းမှာ ဒီဂျုံရုပ်သည်က ရှိခဲ့ပြန်ရော။

ရှစ်တန်း ကိုးတန်းရောက်တော့ မေမေလည်းဆူ သူငယ်ချင်းတွေကလည်း ဟားတဲ့အတွက် ဂျုံရုပ်ဝယ်ဖို့ ရှက်လာခဲ့တာ။ ကျောင်းရှေ့တွေမှာ မဝယ်ဖြစ်တော့ပေမယ့် တခြားနေရာတွေမှာ ဂျုံရုပ်သည်တွေ့ရင် ကိုယ့်ကိုလူသိတဲ့ ပတ်ဝန်းကျင်မဟုတ်ပါက ဂျုံရုပ်ဝယ်ပစ်လိုက်တတ်ဆဲ။

ကဲ ... အခုကြည့်စမ်း။

လူလစ်တယ် ... လူလစ်တယ်။ စောလုံက စလွယ်သိုင်းထားတဲ့ အိတ်ပြားလေးကို ကျောဘက်ပို့ရင်း ဘေးဘီအကဲခတ်သည်။ စောလုံက အရင်က အလုပ်လုပ်ခဲ့သော ဆိုင်ခန်းစုဆီလာတာ။ အထည်ဆိုင်မှာလုပ်ဆဲ သူငယ်ချင်း သန္တာက ဒီနားက Snack ဆိုင်တစ်ဆိုင်မှာ အလုပ်ခေါ်တယ်ဆိုလို့ လျှောက်ရင်ကောင်းမလား လာကြည့်တာပင်။

ဆိုင်ဆီတော့ မရောက်ရသေး။ ဘတ်စ်စီးလာပြီး ဒီနားနဲ့ အနီးဆုံးဂိတ်မှာဆင်းကာ အဝေးကြီး လျှောက်လာရတာ။ ပြီးရင် ဟိုအစ်ကိုကြီးဆိုင်လည်း ဝင်ပတ်ဦးမလို့ပေါ့လေ။ ပိုက်ဆံပါတဲ့အတွက် ဘာမဆို ဝယ်လို့ရသည်။

ဖေဖေနဲ့ အန်တီချစ်က ဒီနေ့ ကားဝယ်ဖို့ ငွေချေဖို့ အတူချိန်းထားကြတော့ မနက်က အန်တီချစ် ရောက်လာသည်။ ဖေဖေ့ကိုတော့ ဒီနေ့ အရင်ဆိုင်က သူငယ်ချင်းဆီ သွားလည်မည်





လို့ ပြောပြီးသား။ စောလုံ ရေချိုး အဝတ်လဲ ထွက်လာတာမြင်တော့ ...

"စောလုံ ... ဘယ်လဲ"

အန်တီချစ်က လှမ်းမေးသည်။

"သူငယ်ချင်း တစ်ယောက်ဆီ"

"ဘယ်ကလဲ"

ဟင် ...။ ဘယ်ကပဲ ဖြစ်ဖြစ်ပေါ့။ သူ့အပူလား။ သို့သော် ဖေဖေ့မျက်နှာအလို့ငှာ မိထွေးနှင့် ရန်မဖြစ်ဘူးလို့ ကြိုးပြီးသား စောလုံက မိခင်နေရာက မေးတာပဲလေလို့ ခပ်အေးအေးတွေးရင်း ...

"အရင် စောလုံ လုပ်တဲ့ဆိုင်က"

"သြော် ... အန်တီတို့နဲ့ လိုက်ခဲ့လေ၊ ဝင်ချပေးသွားမှာပေါ့"

"ဟင့်အင်း၊ စောလုံ မစောင့်တော့ဘူး၊ ဘတ်စ်နဲ့ပဲ သွားလိုက်မယ်"

"ကားတွေက ကျပ်တဲ့ဟာ၊ အပြန်လည်း အန်တီတို့ ကိစ္စပြီးတဲ့အချိန်နဲ့ တိုက်ကြုံလို့ ရတယ်လေ"

"မကြုံနဲ့ အန်တီချစ်၊ စောလုံ သွားနေလာနေကျပါ"

အန်တီချစ်က ဖေဖေ့ကို တစ်ချက်ကြည့်ရင်း ...

"သမီး သွားတာ လာတာတွေ ကိုအောင်က မကြိုမပို့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ...၊ ဒီသမီးကို ကြိုပို့ရရင် ကိုယ့်ကိစ္စကို လုပ်ရမှာမဟုတ်ဘူး၊ ဒီကဟို ... ဟိုကဒီ၊ သူသွားနေကျပဲ ချစ်ချစ်ရဲ့၊ လွှတ်လိုက်၊ သူက ဘတ်စ်ကားလိုင်းတွေလည်း ကျွမ်းသလား မမေးနဲ့"

ဖေဖေက အန်တီချစ်ကို "ချစ်ချစ်"လို့ တစ်ခွန်းခေါ်ရင် နာမည်ကိုခေါ်တာ ဖြစ်လင့်ကစား ဆောလုံက ခွိခနဲတစ်ချက် ရယ်ချင်၍ မမပုက ဟွန့်ခနဲ နှုတ်ခမ်းတစ်ချက် ရွဲ့သည်။

"အခုသွားပြီး ဘယ်အချိန် ပြန်ရောက်မလဲ ဆောလုံ"

အင်း ...။

ဒါမျိုးတွေ ရှေ့လျှောက်လာတော့မည်။ မေမေက တော့ ဆောလုံ ခုလို တစ်ယောက်တည်း မသွားမလာတတ်တဲ့ အချိန်အရွယ်က ကွယ်လွန်သွားခဲ့တာမို့ မေမေ့ထံက ဒီအသံတွေ မကြားခဲ့ရ။ အပြင်ကို ဖေဖေ မေမေ ဒါမှမဟုတ်ရင် ဈေးကို မမပုနဲ့ စသဖြင့် အနည်းဆုံး မမပုပါမှ လမ်းထွက်ရတာပဲ။

အခုက ဆယ့်ကိုးနှစ်လေ အန်တီချစ်ရဲ့။ ကိုယ့်ဟာ ကိုယ်မှမသွားမလာရင် ဘယ်သူကကိုယ်သွားချင်လေရာ တကောက်ကောက် တတန်းတန်း အဖော်လိုက်နိုင်မှာလဲ။

"သိသေးဘူး အန်တီချစ်"

"ဟင် ... မသိသေးဘူးလို့ပဲ သမီးရယ်။ အခု ကိုးနာရီမို့လား၊ ပုံရောက် ... ကိုးနာရီခွဲထား"





အန်တီချစ်က လက်ပတ်နာရီကို ကြည့်နေသည်။ ဆောလုံက မျက်ဆန်ကိုထောင့်ကပ် မိုးပေါ်စိုက်ကြည့်တဲ့ပုံလုပ်တော့ ဖေဖေက လှမ်းကြည့်ကာ တဟားဟားရယ်ရင်း ...

"ကဲ ... ကဲ ... ညနေမဆောင်းနဲ့၊ အိမ်မှာ မမပုတစ်ယောက်တည်း မဟုတ်လား သမီး၊ အရင်လည်း နေနေကျလို့မပြောနဲ့၊ အခုက ပတ်ဝန်းကျင်သစ်၊ မွန်းလွဲပိုင်းပြန်ခဲ့၊ ဟုတ်လား"

"ယက်ပ်"

"သူ့ကို ကိုယ်က ယောက်ျားလေးလိုပဲ မွေးမြူခဲ့တာ ချစ်ချစ်ရဲ့။ သူ့အမေ မရှိတော့ ကိုယ်လည်း တစ်သက်လုံး တကောက်ကောက်လိုက် ဂရုမစိုက်နိုင်တဲ့တူတူ ပိုးမွေးသလို မမွေးတော့ဘူး၊ သံကွန်ခြာလည်း မအုပ်တော့ဘူး၊ ဦးနှောက်နဲ့ စဉ်းစားဆုံးဖြတ်ဖို့ပဲ သင်ထားတော့တယ်၊ ဆောလုံက အင်ဒီပဲန်းဒဲန့်ထ် ဖြစ်တယ်။ သူ့အတွက် ချစ်ချစ် သိပ်မပူနဲ့"

"အင်းလေ ... စိတ်မချတာတော့ မဟုတ်ဘူး၊ သိတယ်မို့လား၊ သမီးမိန်းကလေး ဖြစ်တော့ အရိပ်အကဲ ကြည့်ရမယ် မဟုတ်လား၊ နော် သမီး ... မွန်းလွဲပြန်၊ အန်တီတို့လည်း နေ့လယ်နှစ်နာရီလောက်ဆို ရောက်ပြီထင်တယ်၊ ညနေကျ အန်တီတို့အားလုံး အပြင်ထွက် ညစာစားရအောင်"

"ဟုတ်"

"ရော့ ... သမီး၊ အန်တီ့ဆီက မုန့်ဖိုးယူသွား"



www.burmeseclassic.com

www.burmeseclassic.com



စောလုံက အံ့သြသွားပြီးမှ ယူချင်လှလို့ မဟုတ်သော်လည်း ပေးရတဲ့လူ လက်ရှက်မသွားအောင် ကသိကအောက်မဖြစ်ရအောင် လှမ်းယူလိုက်ပါသည်။ အန်တီချစ်ပေးလိုက်တာ မုန့်ဖိုးက နှစ်သောင်းတောင်။ ဝယ်ချင်တာဝယ်ဖို့ လုံလောက်သည်။

တကယ်တော့ သန္တာလည်း ဆိုင်ကထွက်လို့ရတာ မဟုတ်၍ ဘာမှ သိပ်ပြောဆိုချိန်ကြာဖို့ မရှိ။ ဒါပေမဲ့ ဟိုနားလေး သွားလိုက် ဟိုဆိုင်လေး ဝင်ကြည့်လိုက်၊ ဒီဆိုင်လေး စပ်စုလိုက်နှင့် အရည်မရ အဖတ်မရ ဟိုဟိုဒီဒီ သွားရတာကို စောလုံက နှစ်သက်သည်။ စိတ်အေးလက်အေး Leisurely ပေါ့။

အထည်ဆိုင်ဆီ လျှောက်လာတဲ့ လမ်းခုလတ်မှာ ခုတော့ ဂျူရုပ်သည် တွေ့နေပြီ။ သားအမိဖြစ်မည့် အမေနှင့် ကလေးရပ်ကာ အရုပ်သည်က စပိုင်ဒါမဲင်း လုပ်ပေးနေသည်။ ဒီလူကြီးလက်ရာ သိပ်မဆိုးဘူး။

စောလုံတို့ ငယ်ငယ်က ဂျူရုပ်သည်တွေဟာ လက်ရာပိုကောင်းကြသည်။ ခုနောက်ပိုင်းလူတွေလုပ်တဲ့ ဂျူရုပ်တွေဟာ ဟိုးအရင်က အသည်တွေရဲ့ လက်ရာလို မကြော့ရှင်းတော့။ ပုတိုကြီးတွေများသည်။ တကယ်လက်ရာကောင်းရင် အရုပ်ဟာ ခုပဲ ထပျံတော့မယ့်ငှက်လို ကြွရွအသက်ဝင်ပြီး ခုန်ထ,တော့မလားထင်ရတတ်သည်။

"ဦးလေးကြီး"

"ဗျာ"





အရုပ်သည်က မော့ကြည့်ပြီးမှ စောလုံ အရွယ်ကြီးကိုမြင်တော့ နည်းနည်းရှုံ့သွားသည်။ ဘေးမှာ ကလေးလည်းမပါ။

"တစ်ရုပ်ဘယ်လောက်လဲ"

"နှစ်ရာ ... သုံးရာ ... လေးရာ ... ငါးရာ အမျိုးမျိုးပေါ့ သမီးရယ်။ လုပ်တဲ့အရုပ်ပေါ် မူတည်တာပေါ့"

"ခုလုပ်နေတဲ့ စပိုင်ဒါမင်းက ဘယ်လောက်လဲ"

"သူက လက်ဝင်တယ်၊ ငါးရာတန်"

"ပြီးရင် သမီးကို တစ်ရုပ်ပေးနော်"

"အင်း ... ဒါပြီးရင် ဦးလေးက ဟိုဘက်က ကျောင်းဆင်းအမီ ပြေးရတော့မယ် သမီးရဲ့"

"ဟာ ... ဦးလေးကလည်း ကျောင်းဆင်းဖို့က အဝေးကြီးလိုသေးတာ၊ ခုမှ ကိုးနာရီခွဲ၊ အဲဒီကျောင်းက ဆယ့်တစ်ခွဲမှ စဆင်းမှာ"

"ဒါပေမဲ့ ဦးလေး ထမင်းစားရဦးမယ်"

"အာ ... တစ်ရုပ်တည်းလုပ်ဖို့ဟာ ဦးလေးကလည်း"

"ကဲ ... ကဲ ... ဘာရုပ်လဲ"

"ဘာဘီရုပ် လုပ်ပေး"

"ဘာဘီရုပ် !! "

"ရတယ် မဟုတ်လား"

"အေးပါ ... အေးပါ"

စောလုံက ဆောင့်ကြောင့်လေး ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါးရာတန်"

ဆောက သားအမိကို ပြုံးပြလိုက်သေးသည်။ ကလေးလေးက သူရမယ့် စပိုင်ဒါမဲင်းရုပ်ကို ပါးစပ်လေး အဟောင်းသားလေးနဲ့ တမက်တမော ငေးနေသည်။

"ရော ... သားလေး၊ သားလေးဟာ ပြီးပြီ"

ကလေးငယ်က အရုပ်ကို ဂရုတစိုက် တယုတယ လှမ်းယူသည်။ အမေက ငါးရာတန်လှမ်းပေးရင်း ...

"ခိုင်ပါတယ်နော် ဦးလေး၊ တုတ်ကနေ ကျွတ်ကျမှာစိုးလို့"

"အိုး ... ခိုင်လိုက်တာမှ"

သားအမိ ထွက်သွားတော့မှ စောလုံက ...

"ဦးလေး ... ဆံပင်က ရွှေရောင်အရှည်ဖားလျား၊ ဂါဝန်ကို ခရမ်းရောင် လုပ်ပေးနော်"

"အာ ... ခရမ်းရောင် ဂါဝန်လုပ်ရင်လောက်အောင် ခရမ်းရောင်က သိပ်မများဘူး ကလေးမရဲ့"

"ဒီမှာလေ လောက်ပါတယ်"

"လောက်ပေမယ့် ချန်ရဦးမှာ၊ ခရမ်းရောင်က နည်းတော့ နောက်သုံးဖို့ ရှိလာရင် သုံးစရာကျန်အောင် နည်းနည်းပဲ သုံးပေးလို့ရမယ်"

"ဦးလေးကလည်း ငါးရာတန်ဝယ်ရဲ့သားနဲ့ သိပ်ကပ်စေးနည်းတယ်"





"မဟုတ်ပါဘူး သမီးရယ်၊ အနီ အဝါ အပြာ အစိမ်းတွေဆိုရင် ကြိုက်သလောက် သုံးလို့ရတယ်၊ အများကြီးပါတယ်"

"ဦးလေးကလည်း ဂါဝန်ကို ခရမ်းရောင်ပဲ လိုချင်တာကို"

ခပ်နီးနီး ပလက်ဖောင်းစပ်မှာ ရပ်ထားတဲ့ ကားက ...ခါးဖွင့်သံ ချပ်ခနဲကြား၍ စောလုံက ဦးလေးကြီးကို ငြင်းနေတဲ့ ...ပ်ပုပ် မျက်နှာနှင့်ပဲ လှမ်းကြည့်လိုက်သည်။ ခုနကတည်းက ...ားကို မြင်ပေမယ့် ဂရုကိုမစိုက်မိတာ။

ဟောတော် ... သေပါပြီ။

ကားထဲက ဆင်းလာတာ ဟိုအစ်ကိုကြီး။ အား ... ...ပြီ ... သေပြီ ... သေပြီ။ စောလုံက အသံပြုကြီးနှင့် ပြော...တာ။ ကားကလည်း မှန်တွေဖွင့်ထားတာ။ ဟိုအစ်ကိုကြီးက ...ယာရင်နောက်ပဲ ထိုင်နေတာ။ သေချာကြည့်ရင် မြင်မိမှာ။ ...ကိုထိုးနေတဲ့ အလင်းရောင်ကွက်တွေ သစ်ရွက်ရိပ်တွေကြောင့် ...ွင်းထဲကို မသဲကွဲတော့ သေချာကြည့်မနေမိတော့ဘူးပေါ့။

ဟိုအစ်ကိုကြီးက ဒီနား ဘာလို့ကားရပ်ပြီး ဘာလုပ်...တာလဲ။

မင်းဝင့်ထည်သည် ဟိုဘက်ပလက်ဖောင်း ကဖေး...ရှေ့မှာ သူငယ်ချင်း မိုးလွင်ရဲ့ ကားရပ်လိုက်ပြီမို့ ဆင်းရတော့...သာ ဆင်းလိုက်ရတာ။ ကောင်မလေး ရှက်သွားတော့မှာပဲ ...တာ အတပ်သိပါသည်။ မတတ်နိုင်ဘူး။ သူကလည်း အလှ...ချင်နေကာ နှုတ်ခမ်းကြီးကို ဆွဲစေ့ပြီး တည်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆိုင်မှာ မိုးလွင်နဲ့ ချိန်းလိုက်ပြီး ကိုယ်က စောရောက်နေလို့ ဆိုင်ထဲမဝင်နင့်ဘဲ ပလက်ဖောင်းမှာ ကားရပ်စောင့်နေတာ။ တိုက်တိုက်ဆိုင်ဆိုင် စောလုံ တစ်ယောက်က ဒီနားက အရပ်သည်ဆီ ရောက်လာသည်။ ဟိုးရှေ့က စောလုံလျှောက်လာနေကတည်းက လှမ်းမြင်တာ။ အပေါ်က ထပ်စွပ်တဲ့ အနက်လက်ရှည်အင်္ကျီကို ခေါင်းဆောင်း နောက်လှန်ချပြီး ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်နှိုက်လို့။ တီရှပ်ဖြူကျပ်၊ ခြေသလုံးလောက် ဘောင်းဘီဖြူပွနဲ့။

လိမ္မော်ရောင် ကွင်းထိုးထိပ်ပိတ်ဖိနပ် ဆန်းဆန်းလေးနှင့် စလွယ်သိုင်းကြိုးရှည်အိတ်ကလည်း လိမ္မော်ရောင်လေးနှင့်၊ ဒီကောဇ်မလေးရဲ့ ဝတ်စားဆင်ယင်ပုံလေးတွေဟာ ဆယ်ကျော်သက် ဟန်ပန်လေးအပြည့်နှင့် ပေါ့ပါးလွတ်လပ်နေမြဲ။ သူ့ဆံပင်မထူမပါးလေးဟာ ပန်းထောက်ရုံ စတက်ပ်လေးမို့ လမ်းလျှောက်ရင် အမျှင်လေးတွေ လွင့်ဝဲခုန်ပေါက်နေသည်။

လမ်းလျှောက်လာပုံလေးကို ကြည့်ကောင်းကောင်းနှင့် ကားထဲက လှမ်းကြည့်နေတာ။ မထင်မှတ်ဘဲ သူကလေးက အရပ်သည်ရှေ့ ထိုင်ချလိုက်ရာ။ မေးနေပြောနေတဲ့ စကားသံတွေ အတိုင်းသား ကြားနေရတာမို့ ကားထဲမှာ တစ်ယောက်တည်း အရူးလို ပြုံးနေမိသေးသည်။

"ကဲ ... ဘယ်လိုလဲ သမီး၊ ဂါဝန်ဘာရောင်ပြောင်းမလဲ"





"ဟို ... ဟို ... ဟိုဒင်း ..."

စောလုံက ထစ်အအနှင့် ဟိုအစ်ကိုကြီးဘက် ငဲ့ကြည့်ကြည့်သည်။ ဟိုအစ်ကိုကြီး မျက်နှာက အရမ်းကို ရယ်ချင်နေတာကို အောင့်ထားရတဲ့ရုပ်နဲ့။ ဟိုဘက် ပလက်ဖောင်းဆီ ကားထမ်းကူးသွားပြီ။

"ခရမ်းရယ် ပန်းရောင်ရယ် စပ်လုပ်ပေါ့ သမီးရယ်"

"လုပ်ဗျာ ... လုပ် ... လုပ်၊ ဦးလေးကြီးက တကယ်ပဲ"

ဦးလေးကြီးကို ငြင်းနေရတာနဲ့ ဟိုကကြားသွားပြီလို့ စိတ်ထဲကပဲ နောက်ဆက်တွဲ ဆက်ပြောနေမိပါသည်။ ဩော် ... ဟိုအစ်ကိုကြီးက ကော်ဖီဆိုင်ကို လာတာ။ ဟိုဘက်ကမ်းက လူတစ်ယောက်နဲ့ ဆိုင်ထဲအတူဝင်ပြီ။ ဆိုင်လေးကလည်း ကန်းလေးပေါ် မှန်ခန်းနဲ့မို့ ဟိုအစ်ကိုကြီးက စောလုံကို လှမ်းမြင်နိုင်သေးသည်။ လှမ်းကြည့်နေမှာပဲ။

လူကို ရယ်သွားသေးတယ်။ ဟွန်း ...။ စောလုံသည် ပြုံးလေးနှင့် ရှက်လည်းရှက် ကြည်လည်းကြည်နူး ဖြစ်နေကာ ဘာကိုတောင် သိပ်စိတ်မဝင်စားလှတော့။

"ရော့ ... ဘာသိ"

"ဟွန့် ... ဦးလေး ဘာဘိကလည်း ကုပ်တိုကြီး"

"လည်ပင်းက သိပ်ရှည်လို့ မရဘူး သမီးရဲ့၊ ညွတ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝကလည်း ဝသေးတယ်၊ ဂါဝန်ကလည်း ဆိုင်ကပိတ်
အကျန်တွေ စပ်ချုပ်ထားသလိုပဲ၊ အရောင်ကိုစုံလို့၊ ဘာဘ
ဆိုတာ သွယ်သွယ်လေး၊ သူ့ကျမှ တင်ပါးကြီးကားလို့"

အရုပ်သည်ကြီးမှာ ခေါင်းတကုပ်ကုပ်နှင့် စိတ်ည
နေပုံရသည်။ တကယ်လည်း ဘာဘီဆိုတာ သေချာမသိ။ ဘို
ရုပ်ပဲပေါ့။ စောလုံက ဦးလေးကြီးကို ငါးရာတန်လှမ်းပေးလိုက်
ပြီး ထ,ရပ်ကာ ကော်ဖီဆိုင်ဘက် တစ်ချက် ဝဲခနဲခိုးကြည့်ပါသည်
လမ်းမဘက်ကို လှည့်ထိုင်နေကြတဲ့ ဟိုအစ်ကိုကြီးတို့နှစ်ယော
ကို လှမ်းတွေ့ရသည်။ စောလုံ စိတ်ထဲ သူ့အကြောင်းပြော
သူ့ကို ကြည့်နေကြသလားပင် ထင်မိပါသည်။

လက်မှာ ဘာဘီရုပ် ဂျူရုပ်ကိုကိုင်ပြီး ဆိုင်တန်းဘ
လျှောက်လာခဲ့သည်။ ခဏနေရင် ဟိုအစ်ကိုကြီးလည်း သူ့ဆိုင်
ပြန်လာမှာပဲ။ တစ်ခုခု ဝင်ဝယ်လိုက်ဦးမယ်။ ဟိုကောင်မလေ
မရိုးမရွဖြစ်အောင် နာရီဝက်လောက်လည်း ပတ်နေလိုက်ဦးမည
စောလုံက အရင်က သူ အလုပ်လုပ်ခဲ့တဲ့ "ကန္တာရဝတီအထည်ဆိုင်"
ကို ရောက်လာပါသည်။

နာမည်ကိုက ကန္တာရဝတီ ဆိုတော့ ကန္တာရ
ရောက်ရသလိုပဲ ထိုဆိုင်မှာ လုပ်ရတာ ပူပြင်းခြောက်သွေ့
သည်။ ဖောက်သည်များသော်လည်း ဆိုင်ရှင်က သဘောမှမကော
တဲ့ဟာ။ ဆိုင်ရှင်အစ်မက လူရှေ့ကျရင် နှုတ်ခမ်းလေးစေ့ မျ
လုံးလေးမှေးအောင်ပြုံးနေပြီး လူရှင်းရင်တော့ ဆိုင်ကဝန်ထမ်းတွေ





ကို တစ်ယောက်တစ်မျိုး မရိုးရအောင် ကြိမ်းမောင်းအော်ဟစ်တတ်
သည်။

အရမ်းကြောက်တတ်ပြီး အော်လိုက်ရင် ပျာသွား
တတ်တဲ့ ဝင်းဝင်း ဆိုတဲ့ ကောင်မလေးကိုဆိုရင် ခေါင်းတောင်
ခေါက်ဖူးသည်။ ဘာမှပြန်မပြောရဲမှန်းသိလို့လေ။ စောလုံလို အိုး
ရွဲ့ စလောင်းရွဲ့ကိုကျတော့ ဘယ်လုပ်ရဲပါ့မလဲ။ ဝင်းဝင်း ကျိတ်
မျက်ရည်ကျနေကတည်းက ထိုဆိုင်ကို ဖီလင်မလာတော့တာ။
လက်ဆစ်ကြီးနှင့် ခေါက်ခနဲနေအောင် ခေါက်ချတာ မနာဘဲနေ
မလား။ ပူထူသွားမှာ။

သိပ်ဖီလင်မလာတော့သော်လည်း ငါ့ကိုလုပ်တာမှ
မဟုတ်ပဲလေလို့ ဖြေတွေးနေလိုက်ရပါသည်။ လစာနှစ်သောင်း
လည်း နည်းလား။ စောလုံ မုန့်ဖိုးသုံးတာထက် ပိုသေးသည်။
နောက်တော့မှ ဆိုင်ရှင်ရဲ့မောင်က စောလုံကိုလိုက်မှ။ သူ့မောင်
ဆိုင်ကိုရောက်လာတတ်တာ စိပ်လာလျှင် ဆိုင်ရှင်အစ်မက ရိပ်မိ
ကာ သိပ်မကြည်။ စုပုပ်နေသည်။ သူ့မောင်ကို သူ မဟောက်ရဲတိုင်း
ဆိုင်ဝန်ထမ်းတွေကို ဖိအော်သည်။

သူ့မောင်က ဆိုင်ကိုလာရာက အပြန်လိုက်လာ
ကားလိုက်ပြော။ အားလုံးသိကြ။ ဆိုင်ရှင်အစ်မက သဘောမတူ
ပေမယ့် သဘောမတူဘူး ပြောရမှာကို သဘောထားမကြီးသလို
အဆင့်အတန်းခွဲရာ ကျမှာစိုးသလို ပြောမထွက်ဘဲရှိဆဲ စောလုံက
သူ့မောင်ကို မချစ်နိုင်ဘူး ငြင်းလိုက်တော့ ဆတ်ဆတ်ခါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲကို စောလုံနောက်က မလိုက်ဖို့ ပြောပေးပါ မသူဇာ၊ ကိုရဲကို စောလုံ မကြိုက်ဘူး"

စောလုံကလည်း အဲလို။ မသူဇာမှာ စောလုံပြောပုံကို ဒေါသတွေထွက် အခံရတွေခက်။ သူကများ ငါ့မောင်ကို ငြင်းစရာလားဖြစ်ကာ စောလုံ စကားကို "အေး ... အေး"လို့လက်ခံလိုက်နာရမှာလည်းအောက်၊ "ကြိုက်ရမယ်"ပြောဖို့လည်းမဖြစ်။ မတွေးနိုင် မအန်နိုင်နှင့် စောလုံကို အပြစ်တွေရှာလွှန်းလာတာမို့ စောလုံ စိတ်ရှုပ်ပြီး အလုပ်ထွက်ပစ်လိုက်တာ။

ထိုဆိုင်ထဲ စောလုံက မှန်တံခါးတွန်းဖွင့်ပြီး ဝင်လာခဲ့ပါသည်။

"မသူဇာ"

ဆိုင်ရှင်အစ်မက လှည့်ကြည့်သည်။ စောလုံကိုမြင်တော့ နှုတ်မဆက်လို့လည်း မဖြစ်၍ မချိုမချဉ် ပြုံးနှင့်။ စောလုံကတော့ ကလေးလိုပြုံးကာ ...

"နေကောင်းလား မသူဇာ"

"အင်း ... ကောင်းပါတယ်၊ နင်ရော ဘာလုပ်နေလဲ"

"ခုထိတော့ ဘာမှမလုပ်သေးပါဘူး၊ ဒါပေမဲ့ အလုပ်တစ်ခုခုတော့ ပြန်လျှောက်ဦးမယ်၊ မသူဇာ ဝလာတယ်နော်၊ စောလုံနဲ့ မတွေ့တဲ့ကြားမှာ လက်မောင်းကြီးတွေ ကြီးလာတယ်"





မသူဇာ မျက်နှာမဲ့ရှုံ့သွားကာ လုပ်ဖော်ကိုင်ဖက်သောင်းတို့ ကပျာကယာ မျက်နှာဖွက်၍ ကျိတ်ရယ်ကြပါသည်။ အစ်ပေါင်တက်ရင် တစ်ပတ်လောက် အစာဖြတ်တတ်တဲ့ မသူဇာဟာ နဂိုမိဇက ဝကိုဝမယ့် အဆီအောင်းတဲ့ ကိုယ်လုံးမျိုးဖြစ်ရာတကယ်ပဲ ဝနေလို့ဝတယ်ပြောတာပါ။

တမင် မခံမရပ်နိုင်အောင် ပြောတာမဟုတ်ပါ။

"နေပစေ၊ ဝမှလှတာ၊ လှလို့ဝလို့ဆိုတဲ့ စကားပဲရှိတယ်လေ၊ လှလို့ ပိန်လို့ ဆိုတဲ့ စကားမရှိဘူး"

ရိုးနေပြီ။

အဲဒါမျိုးက ဝရတာကိုလည်း သေလုအောင်စိတ်ညစ်၊ သူများပိန်တာကိုလည်း မနာလိုတဲ့ စိတ်ဓာတ်မရှင်းတဲ့လူမှုရဲ့ လက်သုံးစကား။ ရိုးရိုးပြောတာ မဟုတ်။ အောင့်သက်သက် မခံချိမခံသာကလေး ဘက်ကန်ပြောရတာ။ စောလုံက ကျိတ်ပြုံးနေလိုက်ပါသည်။

"နင်ရော ... နင့်ကျ ပိန်သွားသလိုပါလား၊ မိထွေးကနှိပ်စက်နေပြီထင်တယ်"

"မိထွေးက နှိပ်စက်နေတာလေ၊ ညနေကျရင်လည်း ဒင်နာလိုက်စားရမယ်တဲ့၊ မစားချင်ပါဘူးဆိုတာ၊ ခုလည်းအပြင်သွားမယ်ဆိုရင် သူ့ကားနဲ့လိုက်ပို့မယ်ဆိုလို့ စောလုံမှာကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် သွားပါရစေဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညနေ့ပြောခဲ့ရတယ်၊ ဒါတောင် မုန့်ဖိုးနှစ်သောင်း အတင်း ပေးလိုက်တာကျတော့ ငြင်းမရတော့ဘူး၊ ယူလိုက်ရရော ...

ကဲ ... ဘာဝယ်ရင် ကောင်းမလဲ၊ ဘာအသစ်ရောက် လဲ မသူဇာ"

ဟဲ ... ဟဲ ... ဟဲ ...။ ကိုယ်က ဝန်ထမ်းမှ မဟုတ် တော့တာ။ သူက အထည်ရောင်းပြီး ကိုယ်ဝယ်မဲ့သူဆိုတော့ ကိုယ်က အပေါ်က။

မသူဇာက နှုတ်ခမ်းမဲ့ရင်း ...

"ဟွန်း ... လေကတော့ မိုးပေါ်ကပဲ၊ သူကြည့်ချင်တာ ပြ လိုက်ကြပော့၊ သူနဲ့ ပြိုင်စကားပြောရင် မိုးသာချုပ်သွားမယ် ကိစ္စပြတ်မှာ မဟုတ်ဘူး၊ မမစောလုံရေ ... နှင်းဘော်ဒါတွေ နဲ့ ပြောချည်ပါ၊ ငါ ဒီမှာစာရင်းနှိပ်နေတာတွေလည်း မှား ကုန်ပါပြီ"

စောလုံက ရယ်ကျဲကျဲနှင့် အခန်းထောင့်က အထည် ပုံဆီ ဒိုင်ဗင်ပစ်သလို ခုန်ဝင်မှီလှဲလိုက်ပါသည်။ သန္တာက အနား ကို ရောက်လာကာ ...

"ဟဲ့ ... စောလုံ၊ အဲဒီ Snack ဆိုင်က ဒီနေ့တောင် လူတွေ တွေ့နေပြီ၊ လူကိုယ်တိုင် လာလျှောက်ရတာဟဲ့၊ ငါတောင် ခုလေးတင်ပဲ နှင့်ဆီဖုန်းဆက်ဖို့ မသူဇာကို ခွင့်တောင်းတော့ မလို့"





"ဟယ် ... တော်သေးတာပေါ့၊ ငါလာလိုက်မိလို့၊ နှင်ဖုန်း ဆက်နေလည်း အလကားပဲ၊ ငါတို့ အိမ်ပြောင်းလိုက်တာ တစ်ပတ်ကျော်ပြီ၊ ဖုန်းနံပါတ်ပြောင်းသွားပြီ၊ ရော့ ... အိမ် ဖုန်းအသစ် မှတ်ထားဦး၊ နှင်ပြောတော့ ဆိုင်ကဖွင့်ဖို့လိုသေး တယ်ဆို"

"အေးလေ ... ဒါကြောင့် ငါက လျှောက်ဖို့ရက်တောင် သွားမစုံစမ်းမိသေးတာ၊ ဒီမနက်မှ အဲဒီရှေ့က ဖြတ်လာရင်း လူတွေတွေ့လို့ အာချောင်ပြီး မေးလိုက်မိတာ၊ အဲဒါကြောင့် သိရတာ၊ ငါက ဖုန်းဆက်ခေါ်မယ် ကြံနေတာ၊ ဆက်လည်း လူသစ်နဲ့တိုးနေမှာပေါ့ ဟုတ်လား၊ တော်သေးတာပေါ့၊ နှင်ရောက်လာတာ"

စောလုံက မျက်ခုံးလေးတစ်ဖက် မြှင့်တင်ကာ နှုတ်ခမ်းကိုရွဲ့ရင်း ...

"မဖြစ်သေးပါဘူး၊ ဆက်သွယ်ရေးလေး လွယ်ကူအောင် ဟဲန်းဒ်ဖုန်းတစ်လုံးတော့ ဝယ်ကိုင်ဦးမှပါပဲ ... ဟင်း ..."

စောလုံရဲ့ ဟန်ပိုပိုကို သန္တာတို့လူစုက မျက်စောင်း ဒိုင်းထိုးကြရင်း ...

"နှင်ကတော့ အမြဲပေါ့ပါး စိတ်ချမ်းသာနေတာပဲ"

"ငါက နေတတ်တာကိုးဟဲ့"

"အဖေမိန်းမယူမှာလည်း ပျော်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဖေမိန်းမယူတာ ဘာဖြစ်လို့လဲ၊ ဘာစိတ်ညစ်စရာရှိလဲ"

"မိထွေးနဲ့ နေရတော့မှာလေ"

"လူတွေဟာ အဲဒါခက်တာပေါ့၊ မိထွေးနဲ့ နေရတော့လည်း ဘာဖြစ်လဲ၊ မိထွေးလည်း လူပဲ၊ ဘီလူးသရဲမှ မဟုတ်ဘဲ၊ လူတွေက တကယ်ဖြစ်နေတဲ့ အခြေအနေအမှန်တရားထက်ကို ပတ်ဝန်းကျင်မှတ်ချက်တို့ နိမိတ်ပုံတို့ ရှေးရိုးစွဲအယူအဆ အစဉ်အလာတို့ကို ပိုပြီးဂရုစိုက်နေတာ"

"အောင်မယ် ... နင်ပဲ ဟိုးတလောကပြောတော့ နင့်အဖေယူမယ့် မိထွေးလောင်းက သိပ်ဆရာမကြီး လုပ်တယ်ဆို"

"ဟုယ်တယ်လေ၊ လုပ်တယ်၊ အဲဒါ မိထွေးမို့ လုပ်တာ မဟုတ်ဘူး၊ သူ့အကျင့်စရိုက် သူ့ဗီဇပဲ၊ ငါ့ကိုမှရွေးလုပ်တာလည်း မဟုတ်ဘူး၊ အာယ်သူ့ကိုမဆို ဒီလိုပဲ၊ အဲလိုသဘောပေါက်ရမှာပေါ့၊ တမင်တကာ ဆိုးသွမ်းသဘောပုပ်တဲ့ မိထွေးတွေ ရှိပါလိမ့်မယ်၊ သူတို့တွေဟာ အခြေခံကိုက သဘောပုပ်လို့ နိမ့်ကျလို့ပေါ့ဟ ...

နင်သိထားဖို့က မိထွေးဆိုတာ ကောင်းကင်က သူတော်စင် နတ်သမီးလေး မဟုတ်ဘူး၊ သူ့မှာ တခြားလူတွေအားလုံးလိုပဲ သူ့ဆိုးကွက် သူရှိလိမ့်မယ်၊ ဒါပေမဲ့ သူ့ကောင်းကွက်လည်း ရှိလိမ့်မယ်လေ၊ အခြေခံပုပ်စပ်နိမ့်ကျမနေရင် ပြီးတာပါပဲ"





နှယ်နီက နှုတ်ခမ်းလေးရွဲ့ မေးငေါ့ကာ ...

"သူ့မိထွေးက သူ့ကို မုန့်ဖိုးနှစ်သောင်း ပေးလိုက်တော့လေသံက ဒီလိုပဲ ဖြစ်ရမှာပေါ့ဟယ်၊ ခုနပြောကာ နင်တို့မကြားဘူးလား"

စောလုံက သဘောတကျရယ်ရင်း ...

"ပေးလို့အကောင်းပြောတာ မဟုတ်ပါဘူးဟယ်၊ ဒါပေမဲ့ပေးတော့လည်း မပေးတာနဲ့စာရင် ပိုမကောင်းဘူးလား၊ အသိအမှတ်တော့ ပြုရမှာပေါ့"

"နင် တကယ်ပိုက်စတွေ ဝယ်မလို့လား"

"မဝယ်ပါဘူး၊ မသူဇာကို တမင်ပြောတာ၊ ငါနင်တို့နဲ့ စကားတော့ ပြောချင်သေးတယ်ဟယ်၊ ဒါပေမယ့် သန္တာပြောတော့ ဒီနေ့ပဲ လူတွေ့စစ်ဆေးခံရမယ်ဆိုတော့ သွားရတော့မယ်ထင်တယ်"

"ကိုယ်ရေးရာဇဝင်ရော ပါရဲ့လား"

"ပါတယ်၊ ငါ့စီဗီကတော့ ရိုက်ပြီးသားရှိတာ အမြဲပါတယ်"

"အင်တာဗျူးသွားမယ့် လူကသည်း လက်ထဲမှာ ဂျုံရုပ်နဲ့"

"အေး ... ဒုက္ခပဲ၊ ဪ ... အိတ်ထဲ ခဏလေးထည့်ထားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း သွားလေ၊ နင် အဲဒီဆိုင်မှာ အလုပ်ဝင်လုပ်မှ ငါတို့ အဲဒီမှာ အလကား လာစားဦးမယ်"

"ဘယ်လို ! ပြန်ပြောလိုက်ပါဦး ဝင်းဝင်းရေ၊ သိပ်နားမရှင်းလို့"

စောလုံက ပြောင်ချော်ချော်လေး ပြန်ပြောရင်း ထိုင်ရာက ထလိုက်ပါသည်။ အဲဒီစနက်ခ်ဆိုင်လေးဟာ ဟိုးတုန်းကတည်းက စောလုံတို့တစ်တွေ တစ်လတစ်ကြိမ်လောက်တော့ သွားစားဖြစ်တဲ့ ဆိုင်ပါ။ ဘာဂါ၊ ဟော့ဒေါ့၊ ဆဲင်းဒဝစ်ချ်တွေ အရသာကောင်းပါသည်။ ကော်ဖီနဲ့ အအေးရော၊ ကြက်ကြော်၊ ဖစ်ရှ်အင်ချစ်ပ်စ် အသီးအရွက်ဆဲလဒ် စသဖြင့်ရော စုံစုံလေးရကာ စားလို့ကောင်းတဲ့အပြင် ဈေးနှုန်းလည်း သိပ်မကြီးမြင့်လှတာမို့ လူစည်ကားတဲ့ ဆိုင်လေးပင်။

နေအလုပ်ခေါ်တာ ဘာပါလိမ့်။ ကက်ရှလား၊ ဘာလဲပင် စောလုံ သေချာမသိ။ သန္တာ လှမ်းပြောတော့ ဒီနားတစ်ဝိုက်က ဆိုင်လေးမို့ စောလုံက အလုပ်ဝင်ချင်စိတ်ပေါက်တာ။

"မမသူဇာ ... စောလုံ ပြန်ပြီ"

"ပြန် ... ပြန်၊ ဘယ်ဝင်ဦးမလို့လဲ"

"Snacks ဆိုင်လေးမှာ အလုပ်သွားလျှောက်မလို့"

"ဘာလို့ လျှောက်မှာလဲ၊ နင်ကလည်း ကောင်းကောင်းကန်းကန်း၊ ကုမ္ပဏီလေး ရုံးလေးတော့ မစဉ်းစားဘူး"



မသူဇာကတော့ အချိန်မရွေး သူ့မောင် ဝင်ထွက်ဖြတ်သန်းသွားလာနေတဲ့ ဒီနားတစ်ဝိုက် စောလုံ အလုပ်ဝင်နေမှာကို ကြောက်ပုံပင်။

"နင်တို့တွေဟာ ရည်မှန်းချက်ကို မရှိဘူး"

"ရှိပါတယ် မသူဇာရဲ့"

"ဘာလဲ – ယောက်ျားကောင်းကောင်း ရှာယူဖို့လား"

"ဟား – ဟား"

စောလုံက ခေါင်းမော့ရယ်လိုက်ရင်း ...

"ဒါပေါ့၊ ဆိုင်ရှင်သားတို့ ဘာတို့ရရင် တစ်နေ့ ဒီဆိုင်ကိုယ့်အပိုင်ပေါ့ မသူဇာရဲ့ ... အဟား"

မသူဇာ မျက်နှာကြီး မည်းပုပ်ညစ်ထေးသွားဆဲ ...က တစ်ဆိုင်လုံးကို လက်ပြရင်း ဆိုင်ထဲက ထွက်လာခဲ့ပါ... ဟုတ်တယ်။ သူ ဘာလို့ အရင်ရန်စသေးလဲ။ သူသာ ...ျားကောင်းကောင်း ရှာယူဖို့ အမြဲကြံနေတာ။ ကိုယ့်ဟာ ...ည်း ရှာနိုင်ဖွေနိုင် ကြွယ်ဝပြည့်စုံသားနဲ့ ဒီထက်ကို ...ကြီး ထပ်ပွားချင်သေးကာ သူဌေးယောက်ျားမျိုးရဖို့ အမြဲ ...တွက်ချက်နေရတာ။

Snacks ဆိုင်သို့ စောလုံ ရောက်လျှင် လူအတော် ...တွေ့ဆုံမေးမြန်းလို့ပြီးပြီ။ စောလုံလည်း စာရင်းပေးကာ ...ဲ့တဲ့ နှစ်ယောက် သုံးယောက်လောက်ကို စောင့်ရင်းနှင့်

www.burmeseclassic.com



မှ ဆေးခြင်းရုံးစမ်းရသည်။ ဘာတွေခန့်မှာလဲ၊ ဘယ်နှယောက်ခန့်မှာလဲ ဆိုတာတွေ။

"ဒီက မန်နေဂျာရယ်၊ ငွေကိုင်အင်ချာ့ချ်ရယ်၊ မုန့်ပြင်တဲ့သူတစ်ယောက်လောက်ရယ်က လွဲရင် လူဟောင်းအားလုံး အသစ်ဖွင့်တဲ့ဆိုင်ခွဲပို့မှာမို့ ဒီမှာ အသစ်တွေခန့်မှာ၊ အမျိုးစုံပါတယ်၊ ကက်ရှာရော၊ စားပွဲထိုးရော၊ ပွဲပြင်တဲ့သူရော ကိုယ်လုပ်ချင်တာ ပြောပေါ့"

ဤသို့ဖြင့် စောလုံ ဝင်အလှည့် ရောက်သည်။

အင်တာဗျူးကဘာမှ သိပ်ထူးထူးထွေထွေ မမေးပါ။ စီဗီကိုကြည့်၊ အရပ်အမောင်း ရုပ်ရည်နည်းနည်းပါးပါးကြည့်ပြီးတော့ အားရက် နားရက် ဘယ်လိုယူချင်လဲမေး။ တချို့လူငယ်တွေက သင်တန်းတွေ ကျူရှင်တွေနှင့် အချိန်တိုက်တတ်သေးလို့ ဖြစ်သည်။

စောလုံကတော့ လောလောဆယ် ဘာသင်တန်းမှ တက်မနေတော့ အဝေးသင် စာမေးပွဲနီးမှ အနီးကပ်သင်ဖို့ ခွင့်လိုချင်ကြောင်း၊ ဒီကြားထဲ နားရက်က ဘယ်လိုယူယူရကြောင်း အလုပ်ကိုလည်း ဘယ်နေရာဖြစ်ဖြစ် ဝင်မှာဖြစ်ကြောင်း ဖြေလိုက်ပါသည်။ တကယ်က တစ်သက်လုံးလုပ်မည့် အလုပ်မျိုးမှလည်း မဟုတ်တာ။ သင့်တင့်တဲ့ မုန့်ဖိုးလောက်ရရင် စောလုံက လုပ်ရန် ရည်ရွယ်ထားတာ။





ဒီဆိုင်က ဟိုအစ်ကိုကြီးဆိုင်နဲ့ဆို အတော်ကို နီးကပ်သော့ စောလုံက ကိုယ့်ဟာနှင့်ကိုယ် သဘောတွေကျ စိတ်တွေရွှင်သာနေသည်။

ခန့်လျှင် အကြောင်းကြားမည် ဆိုတဲ့ စကားကို ဆက်ခံကာ စောလုံက ဟိုအစ်ကိုကြီးဆိုင်ကို ဝင်လိုက်ပါသေးသည်။ ဟိုအစ်ကိုကြီးက မရှိ။ ဒီတော့ ဟိုကောင်မလေး အသည်းအားရုံ ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ် ဆိုင်ထဲပတ်ငေးပြီး ဘာမှမဝယ်ဘဲ ပြန်ထွက်လာခဲ့သည်။

ပြီးတော့ စောလုံ အိမ်ကိုသာ တန်းတန်းမတ်မတ် ပြန်ခဲ့ပါသည်။ အပြင်မှာ နေလည်းပူနေပြီ။

"စောလုံရေ … ဟိုစာမျိုး လာပြန်ပြီဟေ့"

မမပုက ဆီးကြိုသတင်းပေးသည်။ လက်ထဲကို စာအိတ်ဖြူလေးတစ်လုံး ထည့်သည်။

"ဝေမာခင်၊ အမှတ်(--)၊ …… လမ်း၊ ……မြို့နယ်၊ ရန်ကုန်မြို့"ဆိုတဲ့ လိပ်စာလေးပဲ စာအိတ်ပေါ်ပါသည်။ ပေးပို့သူ ကိုလည်း ပြန်ပို့ရရဲ့။ ဝေမာခင် ဆိုတာ အရင်အိမ်ရှင် အန်တီကြီးရဲ့သမီး ဆံပင်ရှည်အစ်မကြီး နာမည်မှန်း စောလုံ သိသည်။ သူတို့ ဘယ်ကိုပြောင်းသွားမှန်းလည်း စောလုံတို့ မသိကြ။ ဒီတော့ ဘာမှလုပ်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်စောင်နှင့် သုံးရက်ခြားပြီး နောက်တစ်စောင် ရောက်လာတာဖြစ်သည်။ စောလုံက စာအိတ်ကို စားပွဲပေါ်ပစ်တင်ပြီး အိတ်ထဲက ဘာဘီရုပ်ကို ပြတင်းပေါက်ပေါင်ပေါ် ထုတ်တင်လိုက်တော့ မမပုက မျက်စောင်းရှယ်ပါသည်။





၄

စောလုံက အငွေ့ထောင်းထောင်းထနေတဲ့ ရေနွေးအိုးအရုပ်ရဲ့ နှုတ်သီးရှေ့အ၀မှာ စာအိတ်ကလေးကို အလိုက်သင့်ထိုးပေးနေရင် စာအိတ်ကိုပိတ်ကပ်ထားတဲ့ ကော်တွေနူးပျော့လာအောင် ကြိုးစားပန်းစား လုပ်နေပါသည်။

စာတွေ ဆက်တိုက်ရောက်လာခဲ့တာ ငါးစောင်ရှိနေပြီ။ စာအိတ်ပေါ်လည်း ပေးပို့သူလိပ်စာမပါ။ မဝေမာခင်သည် ဘယ်ပြောင်းသွားမှန်းမသိ။ အိမ်အရောင်းအဝယ်လုပ်စဉ်ကသည်က သူတို့မိသားစုက အိမ်ရောင်းပြီးရင် နိုင်ငံခြားသွားကြမယ် ဆိုတာကိုတော့ ကြားသိထားရတာမို့လည်း ဘယ်ကိုချောင်းရှာ့မလဲကို လိပ်စာအတိအကျ မမေးဖြစ်တော့ပါ။

လောလောဆယ် အန်တီကြီးရဲ့ညီမထံ ခဏနေမယ်လို့ အိမ်ရှေ့ဒီနေရပ်က မြို့ထဲက နံပါတ်နဲ့ လမ်းတစ်လမ်းဖြစ်တာဟိုဒီသွား ကြားရတဲ့ စကားထဲ မှတ်မိလိုက်သည်။ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ပို့ပေးလို့မရတဲ့တူတူ၊ ရက်ခြားဆက်တိုက် ရောက်လာတဲ့ စာတွေကို စောလုံက စိတ်ဝင်စားစွာ ဖတ်ကြည့်ချင်လာသည်။

"စောလုံ"

"အော"

စောလုံက မမပု လေသံ ကူးစက်၍ ထူးတတ်သည်။

"နင် ဘာတွေ ခက်ခက်ခဲခဲ လုပ်နေလဲ"

"စာအိတ်ဖွင့်တာလေ"

"နင် ဒါ စာခိုးဖတ်နေတာမှ မဟုတ်တာ၊ ပို့လို့လည်းမရ၊ ဘာမှ အသုံးမကျတဲ့စာတွေကို အားအားယားယား ဖတ်ကြည့်ဖို့ပဲ မဟုတ်လား"

"အောင်မယ် ... မအားတဲ့ကြားက ဖတ်ရမှာ"

"မအားတဲ့ကြားကဖတ်ဖတ်၊ စာအိတ်ကို ဗြိခနဲဆို ဆွဲဖောက်ဖတ်လိုက်ရင် ပြီးတဲ့ကိစ္စကို မသိမသာခိုးဖတ်ပြီး ပြီးရင် ပြန်ပိတ်ထားမှာ ကျနေတာပဲ၊ လုပ်နေလိုက်တာ လက်ဝင်ခြေဝင်"

"လက်ဝင်တယ်ပဲ ကြားဖူးတယ်၊ ခြေကဘာလို့ ဝင်ရမှာလဲ"

"ကြာတယ်၊ ရေနွေးက ဆူနေတာ ကြာပြီ၊ ငါ ဓာတ်ဘူးထဲ ဖြည့်တော့မယ်"

"ဘယ်လို ဖြစ်နေလဲ မမပုကလဲ၊ ရေနွေးကို ဓာတ်ဘူးထဲ တစ်သက်လုံး မဖြည့်ဖူးတာ ကျနေတာပဲ၊ သိပ်ဖြည့်ချင်နေတယ်၊ ရေနွေးပဲ ခန်းသွားလည်း နမြောစရာလား"





"ဟယ် ...၊ နင့်စကားက မိန်းမ မပီသလိုက်တာရော၊ ရေနွေးလည်း နမြောရတာပဲပေါ့၊ ရေနွေးဆိုတာ ရေကိုကျိုရတာ၊ ဒီရေကို ငါတို့ မော်တာနဲ့ အိမ်ပေါ်တင်ထားရတာ၊ ကျိုတော့လည်း လျှပ်စစ်နဲ့ အခုကျိုနေတာ၊ ရေထဲမှာရော ကျိုနေတဲ့ထဲမှာရော စရိတ်တွေ ရှိတယ်"

"အား ... အဲဒီ မမပုကတစ်မျိုး"

"ဗြိဆို ဆွဲမဆုတ်ချင်ရင် ကတ်ကြေးလေးနဲ့ အသာညှပ်လည်း ရတယ်"

"အင်းပါ ... သိတယ်၊ ဒါပေမဲ့ စုံထောက်ဇာတ်လမ်းတွေဘာတွေထဲမှာ စာအိတ်ကို ကိုယ့်ဟာမဟုတ်ဘဲ တမင်ဖောက်ဖတ်တော့မယ်ဆိုရင် ဒီလိုပဲ လုပ်လေ့ရှိလို့ လုပ်ကြည့်နေတာပါ၊ လက်တွေ့စမ်းသပ်ပြီး စူးစမ်းလေ့လာနေတာ"

"လေ့လာတော့ နင် ဘာတွေ့ပြီလဲ"

စိတ်တိုနေတဲ့ မမပု စကားကို စောလုံက ရယ်မော

"တွေ့ရှိချက်လား ! တွေ့ရှိချက်က ရုပ်ရှင်ထဲမှာကြည့်ရင် စာအိတ်က ရေနွေးငွေ့ဟပ်ပြီးရင် မျက်လှည့်ပြသလို အကောင်းပကတိလေး ကွာသွားတယ်၊ အရင်က ကော်နဲ့ ကပ်မထားတဲ့ အတိုင်းပဲ၊ အခုကျတော့ ရေနွေးငွေ့ဟပ်နဲ့ စက္ကူက ရေစိုတဲ့အတိုင်း၊ စိုပြီးမှုထလာတာ၊ အနားတွေ



www.burmeseclassic.com

www.burmeseclassic.com



တွန့်လိပ်ကုန်ပြီ၊ ကြွာတော့ ကြွာတယ်၊ မသပ်ရပ်ဘူး၊ သပ်ရပ်အောင် ဖြန့်ပိတ်ဖို့ မလိုလို့ပေါ့ လိုရင်ခက်ပြီပေါ့"

"တစ်အိတ်စမ်းပြီးရင် မပြီးဘူးလား"

"တဖြည်းဖြည်း ကျွမ်းကျင် လက်တက်လာပြီး ကောင်းကောင်း သပ်သပ်ရပ်ရပ် ကြွာလာမလားလို့"

မမပုက မီးဖိုထဲ ရှုပ်နေတဲ့ စောလုံကို မျက်စောင်းတစွယ်စွယ် ရှိုလို့မဆုံး။ သူ့ဟောပလိတ်ကို မီတာတက်မှာစိုးလို့ ပိတ် ချင်နေလှပြီ။

"စောလုံ ရေနွေးအိုး ချပြီးရင် ငါးပိရည်အိုး ခဏတင်နွေးဦးမယ်၊ နင် ပြီးဦးမှာလား၊ အဖေ ထမင်းပြန်စားတော့မယ်၊ ငါးပိရည်ဖျော်ရဦးမယ်"

"ကဲ ... ကဲ ... လုပ် ... လုပ်ရှင်၊ ကျိုတော်မူ၊ နွေးတော်မူ၊ ပွစိဗျစ်တောက် အမျိုးကြီး"

တီရှပ်ပွကြီးနှင့် ဘောင်းဘီတိုဝတ်ကာ စာအိတ်တွေကောက်ယူပြီး ကလေးလို ခုန်ပေါက်ထွက်ပြေးသွားသည့် စောလုံကို မမပုက ချစ်စနိုး မျက်စောင်းကြီးနှင့်သာ ကျန်ရစ်ပါသည်။

စောလုံက ဧည့်ခန်းမှာ ထိုင်ချပြီး အနားတွေ စိုတွန့်ကာ ကော်ကြွာနေတဲ့ စာအိတ်တွေထဲက စာတစ်စောင်ချင်း ထုတ်သည်။ စာတွေရောက်ကတည်းက စောလုံက ခဲတံနှင့် အမှတ်စဉ် ၁,၂၃ တပ်ထားသည်။





ထည့်တဲ့သူရဲ့ စာပို့ဌာနက ဗဟန်း။ သုံးရက်တစ်ောင် လေးရက်တစ်စောင် လာနေရအောင် ဘာတွေ အရေးကြီးလဲ သိချင်လှ၍ စောလုံက ဖြန့်ဖတ်လိုက်ပါသည်။

"ဝေမာ ...

အရမ်းလွမ်းနေတယ် ဝေမာရယ်။

မတွေ့ရတဲ့ ရက်တွေဟာ ကိုယ့်အတွက် ငရဲတွေပါပဲ။

ဝေမာတို့ မိသားစုရဲ့ အစီအစဉ်အတိုင်း ရေခြားမြေခြားကို လိုက်ပါသွားဖို့ စိတ်ကူးကို မပြင်တော့ဘူးလား အချစ်ရယ်။

အကြိမ်ကြိမ် အထပ်ထပ် အခါခါ ပြောပြီးသားစကားကိုပဲ ကိုယ် ထပ်ပြောပါရစေ။

ဝေမာ့ကို ကိုယ် မခွဲနိုင်ဘူး။ ဝေမာနဲ့ မဝေးချင်ဘူး။

ကိုယ် တောင်းပန်ပါတယ်။ နေရစ်ခဲ့ပါ ဝေမာရယ်။

(ကိုယ်)"

စောလုံက နှုတ်ခမ်းလေးမဲ့ကာ ပခုံးတစ်ချက် တွန့်ပါသည်။ သူ့စာကြီးကလည်း ချွဲနွဲ့လိုက်တာ အူယားချင် ဒီလောက်တောင် ဖြစ်နေစရာလား။ စောလုံက ထိုစာကို ည့်ပြီး ဒုတိယစာကို အိတ်ထဲက ထုတ်၍ဖြန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆဲ ...

ကိုယ် ဖုန်းဆက်လိုက်သေးတယ်။

မရှိဘူး ... မရှိဘူး ... မရှိဘူး ...

ဒီအသံတွေကိုချည်းပဲ လက်ခံရတယ်။

အိမ်က ပေးမပြောတော့တာလား ...

ဝေမာ ကိုယ်တိုင်က ကိုယ့်ကို စကားမပြောချင်တော့တာလား။

တွေ့နေကျ နေရာလေးမှာ ...

ဒီစနေ တနင်္ဂနွေ နှစ်ရက်လုံး တစ်နေကုန် ကိုယ်ရှိနေမယ်။

သံယောဇဉ်တွေ မကုန်သေးဘူးဆိုရင် ...

လာခဲ့ပါ ဝေ။

(ကိုယ်)"

အင်း ... ခက်တာပဲ။ ဒီလူကြီးခမျာ ချစ်ဒုက္ခ အတော်ခံစားနေရတာ။ ဝေမာ ဆိုတဲ့ အစ်မကြီးကို စောလုံ ပြန် လည်မြင်ယောင်လာပါသည်။ ခုမှ အကြောင်းသိလို့လား မသိ၊ ထင် မြင်လာမိတာက သိပ်ရှင်ရှင်ပျပျ မရှိလှတာကိုပင်။ အိမ်အကျော် အဝယ်ကာလတွင်းမှာ အဲဒီအစ်မကြီးနှင့် နှစ်ကြိမ်ဆုံတွေ့ဖူးလို ပါသည်။





"ကော်ဖီသောက်ပါ"လို့ ကော်ဖီလာချတာကလွဲရင် ဘာစကားမှ မပြောဖြစ်လိုက်ခဲ့ကြပါ။ အဲဒီတုန်းကတော့ ဒီအစ်မကြီးက အေးတယ်လို့ ထင်မိပေမယ့် ခုမှပြန်စဉ်းစားတော့ မျက်နှာလေးနွမ်းနေတာများလား။ သူ့စိတ်ဆင်းရဲစရာနှင့်သူမို့ မရွှင်ပျ မလန်းဆန်းတာ ထင်ပါရဲ့။ အစ်မကြီးဟာ တင်ပါးနီးပါးရှည်တဲ့ ဆံပင်ဖြောင့်ဖြောင့်ထူထူ နက်နက်ကြီးတွေနှင့် ကိုယ်လုံးလှလှလေးကို ပိုင်ဆိုင်ပါသည်။

မျက်နှာလေးကလည်း ချစ်စရာ။ ချစ်ခင်စွဲလမ်းချင်စရာလေးပဲ။ ဒါကြောင့်လည်း "ကိုယ်" ဆိုတဲ့ ဟောဒီလူကြီး အရူးအမူး အလူးအလဲ ဖြစ်နေတာနေမှာ။ အားတော့နာပါတယ် အစ်မကြီးရယ်။ ဒါပေမဲ့ ဆက်ဖတ်ကြည့်ဦးမယ်။

"ဝေမာ ...

ကိုယ့်ကို စိတ်နာနေတာများလား။

ကိုယ့်အပေါ် မကျေနပ်တာ စိတ်ဆိုးတာများ ရှိခဲ့သလား။

ဒါကြောင့် ဒီလောက်တောင် ပြတ်တောက်စိမ်းကားနိုင်နေတာလား ဝေမာရယ်။

ပြန်စဉ်းစားကြည့်တော့လည်း ...

ဝေမာ သဘောမတူဘဲ မနှစ်သက်ဘဲ ကိုယ်ဘာမှ မလုပ်ခဲ့ဖူးပါဘူး။

ဒါပေမဲ့ ဖြစ်ပျက်ခဲ့သမျှ အခြေအနေတွေထဲမှာ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မသိလိုက်ရဘဲ ကိုယ့်အပေါ် စိတ်နာသွားခဲ့စရာများ
ရှိခဲ့ရင် ...
ပြောပြပါ ဝေမာ။
ဝေမာ ဖြစ်စေချင်သလို ဖြစ်ရပါစေ့မယ်။
ကိုယ်ဟာ အပျော်သဘောလောက်နဲ့ ဝေမာ့ဘဝလေးကို
ညှိုးနွမ်းစေမယ့်သူမျိုး မဟုတ်ပါဘူး။
ဝေမာ့ကို ကိုယ် လက်ထပ်ယူမှာပါ။
ကိုယ့်ကို မယုံဘူးလား ဝေမာရယ်။
(ကိုယ်)"

ဟင် ...။ ဘယ့်နှာကြီးတွေလဲ။ တစ်မျိုးကြီးပဲ။ သူ ရေးထားပုံကြီးက သိပ်မဟန်ဘူး။ စောလုံက နှာခေါင်းလေးရှုံ့ရင်း စာကို အိတ်ထဲပြန်ထည့်လိုက်ပါသည်။ လက်ထပ်ယူမှာပါတဲ့။ အပျော်သဘောနဲ့ ညှိုးနွမ်းစေမယ့်သူမျိုး ... အို ... တော်ပြီ။ မဖတ်ချင်တော့ဘူး။ အစကတည်းကမှ ညုတုတု ချွဲပျစ်ပျစ်ရေးထားတာကို ဖတ်ရတာ အသည်းယားနေတာ။

စောလုံက စာအိတ်တွေကို အခန်းထဲ ပြန်ယူလာကာ ဗီရိုထဲ ထည့်သိမ်းလိုက်သည်။ တော်ကြာ မတော်တဆ ဖေဖေတွေ့သွားရင် ရှက်စရာကြီး။ ဘာစာကြီးတွေမှန်း မသိဘူး။ စောလုံကိုလည်း ဒါတွေဖောက်ဖတ်ရမလားလို့ ဆူနေမှာစိုးရသည်။

"ဟဲ့ ... စောလုံ"





"ပလုတ်တုတ်တုတ်"

စောလုံက ရင်လေးဖိရင်း ...

"ဟာ ... မမပုကလည်း လန့်လိုက်တာ"

"ဖတ်ပြီးသွားပြီလား"

"ဆက်မဖတ်ချင်တော့ဘူး"

"ဘာဖြစ်လို့"

"သူတို့ဟာက ချစ်တာကြိုက်တာ လွမ်းတာဆွေးတာတွေနဲ့ ချွဲပျစ်နေတာ၊ ဖတ်ရတာ ရှက်လာပြီ မမပု ဖတ်ကြည့်ပါလား"

"အိုး ... တော်ပါပြီ၊ ဘာလို့ ဖတ်ရမှာလဲ၊ ဘာထူးခြားတာပါသေးလဲ"

"အဲဒီအစ်မကြီးက ဒီစာရေးတဲ့လူကြီးကို အတွေ့မခံဘဲ ရှောင်နေတဲ့သဘော ရှိတယ်၊ အဲဒီမှာ ဒီလူကြီးက အလူးအလဲ တွေ့ချင်ပြီး ဒီစာတွေ ရေးပို့နေတာ"

"တွေ့ချင် လာတွေ့လိုက်ပေါ့"

"အစ်မကြီးအိမ်က သဘောမတူတဲ့ သဘောရှိတယ်။ ဖုန်းဆက်တာလည်း ခေါ်မပေးဘူးတဲ့။ အစ်မကြီး ကိုယ်နှိုက်ကလည်း စိတ်နာနေလား ဘာလားလဲ မသိပါဘူး"

"ဒီလူက သူတို့အိမ်ပြောင်းသွားတာ မသိဘူးပေါ့"

"အင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ အိမ်ပြောင်းသွားကြတာ သိသွားပြီး မှားရောက် လာတဲ့စာတွေ ပြန်ပေးပါလို့ လာတောင်းရင် ဒုက္ခပဲ"

"အာ ... မမပုကလည်း၊ လာခြောက်မနေနဲ့၊ လာတောင်း ရင် စောလုံက ပြောလိုက်မယ်၊ အရင်လူက ဘယ်ရှိမှန်း မသိတော့ ဆုတ်ဆွဲလွှင့်ပစ် ပစ်လိုက်ပြီပေါ့၊ မရှိတော့ဘူး ပေါ့၊ ဒါပဲလေ"

"အစကတည်းက အဲလိုပဲ လွှင့်ပစ်လိုက်ရင် ပြီးတာကို"

"အို ... မမပုကလည်း စာတွေကို အိတ်ပိတ်ကြီးနဲ့တော့ လွှင့်မပစ်နိုင်ပေါင်၊ ဘာစာလဲ ဘာလဲတော့ လူပီပီသိချင် သေးတာပေါ့။ နောက်ထပ်စာတွေလာရင် စောလုံကိုပေးဦး နော်၊ လွှင့်မပစ်နဲ့၊ စောလုံက သန်ဘက်ခါကစပြီး အလုပ် သွားရတော့မှာ၊ စာလာတာ စောလုံ မသိပါဘူးဆိုပြီး လွှင့်ပစ်ဖို့တော့ မကြံနဲ့"

မမပုက မျက်စောင်းရွယ်သည်။

◆♥◆

"ပါဆယ်အော်ဒါရှိတယ်၊ ဆင်း၁၀စ်ချ် တစ်ဒါဇင်၊ အဲ လုပ်ပေးပါတဲ့"

ဖုန်းချလိုက်တဲ့ မခိုင် စကားအဆုံးမှာ မုန့်ပြင်တဲ့ ဦးပလာတူးက မုန့်တွေစပြင်ပြီ။ ပေါင်မုန့်ချပ်တွေချကာ ပုလင်း တွေ ဘူးခွက်တွေ အသားပန်းကန်တွေ တစ်ခုပြီးတစ်ခုဆွဲရင်း _





"အော်ဒါ ဘယ်ကလဲ၊ ဒီနားကလား အပြင်ကလား"

ဒီနားက အော်ဒါဆိုရင် အားလုံးဟာ ဖောက်သည် တွေမို့ စားနေကျမို့ ဘယ်သူက ဘယ်လိုမျိုး ကြိုက်တတ်တာကို ဦးပလာတူးက သိလိုက်တာ ကျွမ်းနေပြီ။ အပြင်က အဝေးကမှာ နေကျ မဟုတ်တဲ့ လူဆိုရင်တော့ သူတို့ဘာသာ တိတိကျကျမှာ တာလည်းရှိ၊ မဟုတ်ရင်တော့ ကောင်းနိုးရာရာ ရွေးလုပ်ပေးလိုက် သည်။

ဆင်း၁၀စ်ချ်က ပလတ်စတစ်ဘူးကြည်လေးနဲ့ ထည့် ပြီး တစ်ဘူးခြောက်ခု ဆန့်သည်။ တစ်ဒါဇင်ဆိုတော့ ပါဆယ်နှစ် ဘူး။

"Earth စတေရှင်နရီက"

"ဩော်"

ဦးပလာတူးက လုပ်ငန်းစတော့သည်။ စောလုံလည်း ကြည့်နေတာမို့ ဦးပလာတူးနား ရစ်သီပြီး ဟိုဟာဆွတတ ဒီဟာ ဆွတတ လိုတာယူပေး အမှိုက်ပစ်ပေး လုပ်နေရာက "Earth"ဆို တော့ ရုက်လုံးလေး ကျယ်သွားရသည်။ ဟိုအစ်ကိုကြီးဆိုင်လေ။

"ဦးပလာတူး၊ ဒီမှာ ဝက်ပေါင်ခြောက်ပြားဘူး ယူမလား"

ဟိုအစ်ကိုကြီးအတွက်ဆိုတော့ စောလုံက ကောင်း နိုးရာကို ကမ်းသည်။

"မယူဘူး"

"ကောင်းတယ်လေ၊ ငန်ငန်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်က အဲဒါမကြိုက်ဘူးဟ၊ တူနာငါးသေတ္တာနဲ့ကြိုက်တယ်၊ အသီးအရွက်နဲ့ မရောနီးစ်နဲ့ အဆိမ့်ကြိုက်တယ်၊ ချိစ်တစ်ဝက် ကြက်ဥတစ်ဝက် ကြိုက်တယ်၊ ဒီသုံးမျိုးပဲ တစ်မျိုးလေးခု ထည့်ပေးလိုက်မယ်၊ မှတ်ထား နင်လည်း၊ ဘယ်ဆိုင်က ဘာကြိုက်တာ ဘယ်ဖောက်သည်က ဘာ ကြိုက်တာ သိထားတော့ အဆင်ပြေတယ်"

တခြားဖောက်သည်တွေ ဘာကြိုက်တာကို မမှတ်မိ ရင်သာ ရှိရမည်။ ဟိုအစ်ကြီး ဘာကြိုက်တာကိုတော့ စောလုံ ဘယ်မေ့ပါတော့မလဲ။ တူနာငါးသေတ္တာ၊ အသီးအရွက်နဲ့ မရော နီးစ်၊ ချိစ်တစ်ဝက် ကြက်ဥတစ်ဝက်။ ဦးပလာတူး လုပ်နေတာကို စောလုံက မိမိရရ ပညာယူပြီး ကြည့်ရှုမှတ်သားနေပါသည်။ အိမ်ရောက်ရင် စောလုံ ပြန်လုပ်ကျွေးတဲ့ ဘာဂါ ဟော့ဒေါ့တို့ကို ဖေဖေတို့ မမပုတို့လည်း အကြိုက်ကျနေကြပါသည်။

ပေါင်မုန့်သုံးချပ်ထပ်ကို ထည့်စရာရှိတာ ထည့်ပြီး ရင် နည်းနည်း Press လုပ်၊ စက်ထဲမှာ နှစ်ခုဖြစ်အောင်ဖြတ်၊ ဒီဆိုင်က ထည့်ပေးတဲ့ ထောပတ်၊ ချိစ်၊ မရောနီးစ်၊ အသား၊ ယ ဘာတစ်ခုကိုမှ ရောသာမခိုပါ။ ချိစ်ဆိုရင်လည်း အပြားလိုက်ကို ထောင့်ဖြတ်အချပ်လိုက် ထည့်တာတစ်မျိုး၊ ချိစ်အရည်ဘူးနှင့် ဆမ်းတာတစ်မျိုး။

ဦးပလာတူးထံမှ ဟိုအစ်ကိုကြီးအကြိုက် ဆင်းဒဝစ် ပြင်ဆင်နည်းကို အသေးစိတ် လေ့လာရင်း ပလတ်စတစ်ဘူးထဲ





ပါ စောလုံ သေသေသပ်သပ် ထည့်ပေးနေပါသည်။ စောလုံဟာ ရှေ့မှာလိုရင် ရှေ့မှာကူ၊ နောက်မှာလိုရင် နောက်မှာကူ။ အလုပ် လုပ်ဖို့ မပျင်းဘဲ စူးစမ်းရတာ ဝါသနာပါသူမို့ နေရာတကာမှာ ပါနေပါသည်။

ရေခဲမုန့်ဆိုရင် စောလုံ ခပ်ထည့်ပေးပါက အလုံး ကြီးတယ် မကိုက်ဘူးလို့ မခိုင်က ညည်းညူကာ စောလုံကို မထည့်စေ။ ရေခဲမုန့်ကုပ်ကော်ခပ်တဲ့ Scoop ကို အင်မတန်ကိုင် ချင် ညှစ်ချင်တဲ့ စောလုံက အလစ်မှာ ဝင်ဝင်ပြင်ပေးတတ်သည်။ ဒါကြောင့် မခိုင်ရဲ့အငေါက်လည်း ခံရပါရဲ့။

"အော်ဒါ ရပြီ"

ဦးပလာတူးက အော်လျှင် ...

"Earth အတွက်လား"

"ဟုတ်တယ်"

"ကဲ ... ကဲ ... မောင်ဆန်နီလေးရေ၊ အော်ဒါသွားပို့ပေး လိုက်ပါဦးဟေ့"

မခိုင်က ကွန်ပျူတာထဲ ရိုက်ထည့်၊ ထွက်လာတဲ့ ဘောက်ချာစက္ကူပိုင်းကိုဖြတ်ပြီး မုန့်ဘူးတွေနှင့် အတူယူသွားဖို့ ဆောင့်ပြင်သည်။

"ဆန်နီ ဟိုဘက်ကျောင်းကမှာလို့ စက်ဘီးနဲ့ သွားပို့နေ တယ် အစ်မ"

"မရောက်သေးဘူးလေ၊ ခုနလေးတင် သွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"စောလုံ သွားပို့ပေးမယ်"

စောလုံက လက်ညှိုးလေးမြှောက်ထောင်ပြရင်း မခိုင်ကို လှမ်းပြောလိုက်ပါသည်။ မခိုင်ကလည်း ဝမ်းသာအားရပင် ...

"အေး ... သွား ... သွား၊ ရော့ ... ဘောက်ချာ၊ သုံးထောင်ကျတယ်"

စောလုံသည် ဝမ်းသာအားရနှင့် ခုန ဦးပလာတူးကို ကူညီနေတုန်း ဝတ်ထားတဲ့ ပလတ်စတစ်လက်အိတ်ကို ချွတ်ပစ်လိုက်ပြီး ဆိုင်တံဆိပ်ကြွပ်ကြွပ်အိတ်ထဲ ထည့်ထားတဲ့ဘူး နှစ်ဘူးရယ် ဘောက်ချာရယ်ယူကာ ဆိုင်ထဲက ဖျတ်လတ်ပျော်ရွှင်စွာ ထွက်လာသည်။

"ဟဲ့ ... Earth သိတယ်နော်"

"သိပ်သိ"

"ဒီနားပဲ သိမှာပေါ့ မခိုင်ရဲ့"

"အလုပ်ဝင်ကာစမို့လေ၊ ဆိုင်တွေစုံအောင် သိရဲ့လားလို့"

"သူက ဟိုးအရင်က ဟိုးဘက်ထိပ်က ကန္တာရဝတီဆိုင်မှာ လုပ်ဖူးတယ်တဲ့"

"သြော် ... ဒီတော့ သိတာပေါ့၊ ကျွမ်းတာပေါ့"

"ကောင်မလေးက ဖင်ပေါ့တယ်၊ သွက်တယ်၊ ငါ့လည်းလာကူနေတာပဲ"

"ဟုတ်တယ်၊ တခြားလူတွေ အတုခိုးကြဟေ့၊ ဒီတစ်သုတ်ခန့်တဲ့အထဲမှာ သူ့ကို မန်နေဂျာကတောင် ချီးမွမ်းတယ်





မျက်နှာကလည်း ကြည်ကြည်လင်လင် လုပ်ချင်ကိုင်ချင်စိတ်လည်းရှိ၊ လူကလည်း သွက်လက်ပေါ့ပါးနေတာ၊ အလုပ်များလည်း မငြူစူဘူး၊ သူလုပ်ရင်လည်း မညည်းဘူး၊ စပ်စုချင်တာလေး တစ်ခုပဲ"

မခိုင် စကားကို ဦးပလာတူးကြီးက "ဟုတ်ပါ့ ... ခပဲ"လို့ တဟားဟား ရယ်နေချိန်မှာ စောလုံသည် ပလက်င်းပေါ်တွင် သွက်သွက်ကလေး လျှောက်နေသည်။ ဆိုင်ရဲ့ ဆောင်းက စိမ်းပြာရောင် ဘလောက်စ်လက်တိုရယ်၊ စကတ်ာ်ကျော် အနက်ရောင်ရယ်။

ဘောင်းဘီရှည် ဘောင်းဘီစက ဝတ်ရင်ဝတ်၊ ဝတ်င့်ရင် ထဘီကလေးသာ ချပ်ချပ်ရပ်ရပ်ဝတ်တဲ့ စောလုံအတွက် ်မတိုမရှည်ဟာ ကိုးလိုးကန့်လန့်နှင့် တစ်မျိုးကြီး နေရခက် ည်။ ရှုံးထုတ်နေတဲ့ပုံမျိုး ထွက်နေတယ်လို့ ထင်မိသည်။ ဘာတတ်နိုင်မှာလဲ။ မကြိုက်ပေမဲ့ ဝတ်ရမှာပင်။

စောလုံက Earth ဆိုင်ရဲ့ မှန်တံခါးကို တွန်းဖွင့်ဝင် ်ချင် ခေါင်းလောင်းသံလေးနှင့်အတူ မျက်ဝန်းအကြည့်တွေ ်ရောက်လာသည်။ ဆိုင်ထဲက ဝန်ထမ်းမိန်းကလေးတွေ ာလုံကို အံ့အားတသင့် ကြည့်နေကြပါသည်။ သူတို့ ာ မြင်ဖူးနေတဲ့ ဖောက်သည်ဟာ ဘယ်လိုလုပ်ပြီး ဆိုင်ဝန်ထမ်း ဖြစ်သွားပါလိမ့်လို့ တွေးနေကြမှာပေါ့။

"နှံ့အော်ဒါမှာလို့ လာပို့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ"

ကောင်တာမှ မင်းဝင့်ထည်သည် စောလုံကိုမြင်လျှင် ညွတ်နူးစွာ ပြုံးမိလျက်သား။ သူတို့ချင်းကို မိတ်ဆက်ပေးတဲ့သူ လည်းမရှိ၊ သေချာလည်း မသိဘူးလို့ ဆိုနိုင်ပေမယ့် အတိုင်းအတာ တစ်ခုအထိတော့ သိနေကြပြီ။ စောလုံ Snacks ဆိုင်မှာ အလု ဝင်လုပ်နေတယ်ဆိုတာ သူ သိပြီးပါပြီ။ သူကတော့ Snack ဆိုင်ကို ဒီရက်ပိုင်း မရောက်ဖြစ်သေးသော်လည်း စောလုံကို ဆိုင် ရဲ့ဝန်ထမ်း ဝတ်စုံဖြင့် လမ်းပေါ်မှာ နှစ်ကြိမ် သုံးကြိမ် မြင်ပြီး ဆုံပြီးပြီ။

စောလုံက မင်းဝင့်ထည်ရှိရာ ကောင်တာဆီ လျှော လာနေပြီ။ သူ့နံဘေးမှာ ထိုင်နေတဲ့ သူငယ်ချင်း မိုးလွင်ကလည်း စောလုံကို လှမ်းအကဲခတ်နေပါသည်။

"ဆင်း၁၀စ်ချ် အော်ဒါရပါပြီ"

ဘာကိုမှ မရှက်မကြောက်တတ်သည့် စောလုံသည် ဟိုအစ်ကိုကြီးကို စကားလှမ်းပြောလိုက်ရာမှာတော့ အသံ လည်ချောင်းမှာ တစ်ချက် နှစ်ချက် ကပ်သွားလိုက်သေး အဟမ်း ... လို့ လည်ချောင်းရှင်းရသေးသည်။ စားပွဲပေါ် မုန့် ထုပ် လှမ်းတင်လိုက်တဲ့ လက်များကလည်း အနည်းငယ် ယင်နေလိုက်ပါသေးသည်။

ဪ ... ဘယ်လိုများ ဖြစ်ရတာလဲ။ ဟိုအစ်ကို ရိပ်မိသွားရင် ရှက်စရာ။ စောလုံသည် ဟိုအစ်ကိုကြီး မျက်နှာ





ရဲ့တင်းတင်း စေ့စေ့လည်း မကြည့်ရဲပြန်။ ဒီလို တစ်ကြိမ်တစ်ခါမှ ဘဝမှာ မဖြစ်ဖူးသေး။

"ဘယ်လောက်ကျလဲ ညီမ၊ ဘောက်ချာရော"

"ဘောက်ချာ အိတ်ထဲမှာပဲရှင့်"

ကျွတ် ...။ ရှင့်က ပါသွားလိုက်မိသေး။ စောလုံသည် ကိုယ့်ရဲ့ ကပေါက်တိ ကပေါက်ချာနိုင်မှု၊ အေးဆေးရင့်ကျက်မှု မရှိမှုတို့ကြောင့် ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်နေပါသည်။

"သုံးထောင့်ခြောက်ရာနော်"

"အော"

အသံဆန်းကြောင့် ဟိုအစ်ကိုကြီးက အံ့ဩနားဆန်းကြယ်သွားပုံရကာ ပြုံးတုံ့တုံ့ ဖြစ်သွားသည်။ စောလုံက ဖျတ်ခနဲ ကြည့်ပြီး နှုတ်ခမ်းအတွင်းသားကို အထဲကနေ သွားနှင့်ကိုက်နေသည်။

ဟိုအစ်ကိုကြီးရဲ့ရုပ်ဟာ အဲသလို ပြုံးတုံ့တုံ့လေးဖြစ်နေရင် သိပ်ချစ်ဖို့ကောင်းတာပင်။ ညှို့ငင်ဖမ်းစားတဲ့ သူ့မျက်ဝန်းများကြောင့် ဒူးတွေမခိုင် ယိုင်လဲရချည့်ရဲ့။

"မိုးလွင် ... စား၊ အဲဒီက ဆင်း၁၀စ်ချ် အရမ်းကောင်းတယ်ကွ"

"အေး ... ကောင်းမယ့်ပုံပဲ"

မိုးလွင်က ဘူးကြည်ကြည်ထဲ ထွင်းဖောက်မြင်နေရတဲ့ ဆင်း၁၀စ်ချ်တို့ကိုကြည့်ကာ ထောက်ခံလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်သောက် ဟိုကောင်ကြီးဆီသွားရင် ဝယ်သွားရအောင်၊ ဒီကောင်က မင်းလိုပဲ ဆင်းဒဝစ်ချိုကြိုက်တယ်လေ"

စောလုံသည် နောက်တစ်ယောက်ပြောတဲ့ စကားထဲမှာ ဟိုအစ်ကိုကြီးနာမည် ပါလာမလားလို့ စူးစမ်းနားစွင့်သော်လည်း ပါမလာ။ ဟိုအစ်ကိုကြီး အံဆွဲဖွင့်ကာ အထဲက ထောင်တန်တွေထဲကမှ သန့်ပြီးသစ်လွင်တာကို ရွေးယူနေရင်း ...

"အဲဒီဆိုင်မှာ အလုပ်ဝင်နေလား"

"ရှင်"

စောလုံက ကိုယ့်ကိုပြောတယ် မထင်လိုက်ဘဲ ရှိရာက ကိုယ်ကလွဲရင် သူ ပြောစရာ မရှိတာကို သတိထားမိခိုက်မှာ အလန့်တကြား "ရှင်"လိုက်မိသည်။

"ညီမ အဲဒီ Snacks ဆိုင်မှာ လုပ်နေလားလို့"

"ဟုတ် ...၊ သိပ်မကြာသေးပါဘူး"

"အရင်က ... ဟိုးဘက်က အထည်ဆိုင်မှာ လုပ်သေးတယ်မို့လား"

ဟင် ...။ သူသိပါလား။

စောလုံက တအံ့တသြလေးနှင့် သူ့ကိုလှမ်းကြည့်ပြီးမှ ...

"ဟုတ်"

မင်းဝင့်ထည်က ထောင်တန်သုံးရွက်၊ နှစ်ရာတန်သုံးရွက်ကို စောလုံကို ကမ်းပေးရင်း ...



"လာပို့ပေးတာ ကျေးဇူးပဲနော်"

"ရပါတယ်၊ အနီးက လှမ်းမှာရင် လိုက်ပို့နေကျပဲ"

စောလုံသည် ရေတွက်ဖို့မလိုတဲ့ ထောင်တန်နှင့် နှစ်ရာတန် စုစုပေါင်း ခြောက်ရွက်တည်းကို တရှုပ်ရှုပ် လုပ်နေမိပြီးမှ ကမန်ကတန်း ဘလောက်စ်အိတ်ထဲ ချိုးခေါက်ထည့်ကာ ...

"သွားတော့မယ်"

"ကောင်းပါပြီ"

လှည့်ထွက်သွားတဲ့ စောလုံ ရင်ထဲတွင် တဒိတ်ဒိတ် ...ခေါက်ခြင်းက ဒယိမ်းဒယိုင်။ ဆိုင်ပြင်ရောက်သည်နှင့် ရင် ...သေးဖိကာ ထားမိပြီး ဆိုင်ဆီ ပျော်မဆုံးစွာ အပြေးပြန်လေ...။ တစ်ချက် နှစ်ချက် လမ်းမှာ ခုန်ပေါက်မိသေးသည်။ ...ထဲ ကမူးရှူးထိုးကြီး ပြေးဝင်လာသော စောလုံကြောင့် ...နေချိန် ဆိုင်ထဲရှိသမျှ ဝန်ထမ်းတို့ လှည့်ကြည့်မိကြသည်။

"စောလုံ ဘာဖြစ်လို့လဲ"

"မောကြီးပန်းကြီးနဲ့ ဘာဖြစ်တာလဲ စောလုံ"

"ဩော် ... ဟို ... ဘာမှမဟုတ်ဘူး"

စောလုံက ပြုံးစိစိဖြေရင်း ...

"ရော့ ... မမခိုင်၊ သုံးထောင့်ခြောက်ရာ"

"ဖြည်းဖြည်းလာလည်း ရပါတယ်ဟယ်၊ နေပူကြီးထဲပြေးလာတယ်၊ ဆန်နီတောင် ခုထိကို ပြန်မရောက်သေးဘူး၊ ...ဘီးနဲ့ လွှတ်ပေလို့သာပဲ၊ စောလုံကျတော့လည်း မြန်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ ဖိနပ်မှာ စကိတ်တပ်ထားလားထင်ရတယ်၊ မောသွားပြီလား"

"ရပါတယ်၊ နောက်လည်း အမြဲပို့ပေးမယ်၊ ပို့ရတာပျော်စရာကြီး"

စောလုံ ကိုယ့်စိတ်ကူးယဉ်နှင့်ကိုယ် ပြုံးစိစိကလေးရှိနေချိန်တွင် မင်းဝင့်ထည်သည်လည်း ကိုယ့်ဆိုင်ထဲမှာ ကိုယ်ပြုံးနေမိသည်။

"မင်း ... ဘာတွေပြုံးနေတာလဲ"

"ဩော် ... ဟိုကောင်မလေး ပုံစံကိုပါ"

"ဘာပြုံးစရာ ရှိလို့လဲကွ"

"ဘာမှမဟုတ်ပါဘူး၊ မင်းက ခုမှ မြင်ဖူးတော့ ပြောမပြတတ်ဘူး။ သူ့အမူအရာတွေက ဘယ်လိုလေးတွေလဲ မသိဘူး ပြုံးချင်စရာ ကောင်းလို့ပါ"

"ဘာမှမဟုတ်ဘူး၊ အလကားနေရင်း မင်းကိုရှက်နေတယ် ဒီကောင်မလေး မရိုးဘူး"

မင်းဝင့်ထည်က အသံတစ်ချက်ထွက်ကာပင် ရယ် လိုက်မိသည်။ မိုးလွင် စကားကို ငြင်းဆန်မနေတော့ပါ။ သူ့ကို မြင်တိုင်း ရှက်ကိုးရှက်ကန်းတွေ ဖြစ်သွားတတ်တဲ့ စောလုံအမူ အရာကို သူလည်း ကောင်းကောင်းရိပ်မိ သိရှိနေတာပဲ။ စောလုံ ကို သူ သိနေတာကြာပါပြီ။ စောလုံကသာ ဘယ်တုန်းကစပြီး ဘယ်လိုပုံစံနှင့် သူ့ကို သိသလဲ သူ သိတာ။





"ကောင်းတယ်ကွ ဆင်းဒဝစ်ချိုက"

"ငါပြောသားပဲ၊ အရသာကိုရှိတာ"

"ဟိုကောင့်ဆီ သွားတဲ့နေ့ ယူသွားဦးမယ်"

ဟိုကောင်လို့ မိုးလွင် ရည်ညွှန်းနေသူမှာ မင်းဝင့် ဘည်တို့ရဲ့ သူငယ်ချင်း ဖြိုးမောင်မောင် ဖြစ်ပါသည်။

"ဒီတစ်ခါသွားရင် ငါလည်း လိုက်ခဲ့ဦးမယ်၊ ဆိုင်တစ်ဖက် နဲ့ မင်းလောက်ကို မရောက်နိုင်ဘူး ဖြစ်နေတယ်၊ ဆိုင်မှာ သေချာမှာခဲ့ပြီး တစ်ရက်တော့ လိုက်ဦးမယ်ကွာ"

"အေးလေကွာ၊ လိုက်ခဲ့စမ်းပါဦး"

✦ ♥ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၅

ဒီနေ့တော့ ဆိုင်ကို နေ့လယ်တစ်ချက်လေးပဲ ရောက်သေးသည်။ မနက်ကတည်းက မင်းဝင့်ထည်နှင့် မိုးလွင်တို့ သူငယ်ချင်း ဖြိုးမောင်မောင်ဆီ သွားကြတာ။ ဖြိုးမောင်မောင်ဆီက ပြန်လာပြီးတော့ ဆိုင်ကို ခဏပြေးရသည်။ တစ်ခါ ပြန်ထွက်လာပြီး ဖြိုးမောင်မောင် အကူညီတောင်းတဲ့ ခိုင်းတဲ့ ကိစ္စတွေလိုက်လုပ်ပေး။

အဲဒါတွေပြီးတော့ ဖြိုးမောင်မောင်ရဲ့ အမေထံဝင်သည်။ သူ့အမေထံမှပြန်တော့ ညနေငါးနာရီခွဲမို့ မိုးလွင်က နာရီကြည့်ပြီး ...

"ဟောကောင် ငါ လစ်တော့မယ် မင်းဝင့်၊ ငါ့အဘွားကြီးကို ဆေးခန်းပို့ရမယ်"

"ဟုတ်လား ... ခါဖြင့် မင်း အိမ် ပြန်ချပေးမယ်လေ"





"အေး ... တချို့ ဖြိုးမောင် ခိုင်းထားတာလေးတွေလည်း နောက်မှကြည့်လုပ်တာပေါ့ကွာ၊ အရေးကြီးတာလေးတွေက ပြတ်သလောက် ရှိပါပြီ"

"ဟုတ်ပါတယ်၊ ပြီးနေပြီပဲ၊ အခု မင်းကိုပြန်ပို့မယ်"

"အေး"

မိုးလွင်ကို အိမ်ပြန်ပို့ပေးပြီး နာရီကြည့်တော့ ခြောက်...ရှိ။

ဆိုင်ကိုတော့ တစ်နေကုန်ပစ်ထားပြီးသား အတူတူ ...ိုင်ပိတ်ခါနီးမှ ပြန်လို့လည်း မထူးတော့။ မင်းဝင့်ထည်က ဆုံး...တ်ချက်တစ်ခု ချလိုက်သည်။ သူတစ်နေရာကို ဝင်ဦးမည်။ ...တယ်တော့ အဲဒီအိမ်ကို သူ မသွားချင်ပါ။ မရောက်ခဲ့တာလည်း ...ာလှပါပြီ။ ဖြစ်နိုင်ရင်တော့ မသွားဘူးလို့ပဲ နေနေခဲ့တာပါပဲ။

သို့သော် အခုတော့ ခဏတော့ အခြေအနေ အရိပ်...ဲဝင်ကြည့်လိုက်ပါဦးမည်လို့ သူ စိတ်ကူးမိသည်။ မင်းဝင့်...ည် မောင်းလာတဲ့ ကားကလေးက သူ ရည်ရွယ်ရာလမ်းထဲ...ွေ့ဝင်လာခဲ့ပြီ။ အမှတ်တရလမ်းကလေး။ ဒီလမ်းကလေးပေါ်... သူ့ခြေရာတွေ များစွာထပ်ခဲ့ဖူးသည်။

ခြေရာတွေထပ်ဆို ကလေးဘဝတုန်းက ဒီလမ်းက...မှာ သူ နေခဲ့ဖူးတာကိုး။ အခုလက်ရှိ နေနေတဲ့အိမ်က ...င်မှပြောင်းရွှေ့သွားခဲ့တာ။ သူ့ကလေးဘဝရဲ့ အချိန်ကာလ...ာ်များများက ဒီလမ်းကလေးထဲမှာပါ။ တစ်လမ်းလုံးနိုလို



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ သိပါသည်။ ကားမောင်းလာရင်းကပဲ သူ တစ်အိမ်ပြီး တစ်အိမ်သို့ ကြည့်လာသည်။

ဒါက အန်တီသင်းသင်းတို့အိမ်။ အဲဒီအိမ်မှာအရင်က အယ်လ်ဆေးရှင်းခွေးကြီး နှစ်ကောင်ရှိတာ။ ကိုက်တာ မကိုက်တာ အပထား။ ခြံရှေ့လူဖြတ်ရင်ကို တဝုန်းဝုန်း ဟိန်းဟောင်ပြီး အပြိုင်းအရိုင်း ပြေးထွက်လာကြရာ သူတို့မှာ ဖနောင့်နဲ့တင်ပါး တစ်သားတည်းဆိုသလို ပြေးကြရသည်။ ခြံတံခါးအမြင့်ကို ဘယ်လိုမှ ခုန်မကျော်နိုင်တာ သိပါလျက် ကြောက်ကြောက်နှင့်လှည့်မကြည့်စတမ်း ပြေးကြတာပင်။

အန်တီသင်းသင်းရဲ့သားကြီး ကိုဇော်ထိုက်က အခုသင်္ဘောကက်ပတိန်တောင် ဖြစ်နေပြီ ကြားရသည်။ ဒီမှာနေမနေတော့ မသိတော့။

ငယ်ငယ်ကတော့ ချောမောတဲ့လူပျို ကိုဇော်ထိုက်ကိုစကောစကာ ဟိုမရောက် ဒီမရောက်အရွယ် မင်းဝင့်ထည်တို့ အားကျ အတုခိုးခဲ့ရတာတွေ။

ဒီအိမ်ကတော့ ဘဘကျော်ခေါင်အိမ်။ ဖေဖေနှင့် အလွန်ခင်သည်။ မေမေ့လက်ရာ ဟင်းလျာတို့ကို ဘဘကျော်ခေါင်က အင်မတန် နှစ်သက်သဘောကျသည်။ ဘဘမိန်းမ ကြီးကြီးအေးက ဟိုးအရင်က ကျောင်းအုပ်ဆရာမကြီး။ သူ့ကျောင်းသူမဟုတ်ပေမယ့် မင်းဝင့်ထည်တို့ ပုဆိုး မြေမှာဖုတ်တိုက်နေရင် ပြင်ဝတ်ခိုင်းတတ်သူ။





ဟိုဘက်က နောက်ဆုတ်ဆောက်ထားတဲ့ တိုက်ပုက အပျိုကြီးညီအစ်မတစ်စုရဲ့တိုက်။ ပစိပစပ်များများ ဇီဇာကြောင်ကြောင်။ လမ်းထဲမှာ တစ်ခုခု ကိစ္စရှိလို့ အလှူငွေကောက်ခံလျှင် "ကျွန်မတို့က မိန်းမချည်းနေတဲ့အိမ်မို့ပါ" ဟု ဆိုကာ သူများထက် လျှော့ထည့်ပါရစေလို့ တောင်းဆိုတတ်သည်။ မင်းဝင့်ထည်တို့ကတော့ မိန်းမလည်းလှူပဲ ယောကျ်ားလည်းလှူပဲ၊ ဘယ်သူဖြစ်ဖြစ် ဒီလမ်းထဲနေရင် ဒီလမ်းကိစ္စဝိစ္စ ပါဝင်ရမှာပဲမို့ ထိုအပျိုကြီးတစ်စုကို သိပ်ကြည့်မရ။

ပိုဆိုးတာက ထိုအပျိုကြီးတစ်စုကလည်း မင်းဝင့်ထည်နှင့် ဝေမာတို့ကို ကြည့်မရဘဲ အတင်းအဖျင်း ပြောတတ်ကြသည်။ ငယ်ငယ်ကတည်းက တတွဲတွဲ စ,ခင်လာခဲ့တာဖြစ်သော ဝေမာနှင့် မင်းဝင့်ထည်က အတူဆော့လား ဆော့ရဲ့။ အတူစက်ဘီးစီးလား စီးရဲ့။ ဒါထက်တော့ ပိုပြီး ပတ်ဝန်းကျင်ကို ဘာမှအနှောင့်အယှက် မပြုပါပဲ သူတို့နှစ်ယောက်ကို မေးငေါ့ကာ ဝေဖန်ကာ ထိုအပျိုကြီးတို့က မဲ့ကာရွဲ့ကာ ရှိတတ်သည်။

ဝေမာနှင့် ပိုတောင်မတည့်။ ဝေမာ့ကိုလည်း သူတို့ ယောကျ်ားလေးနဲ့ တွဲရပေါင်းရကောင်းလားလို့ ကဲ့ရဲ့တာ။ ဝေမာကလည်း ပြောလေ ကဲလေ။ ကိုယ့်ဟာကိုယ် စာအုပ်သွားငှားဖြစ်စေ ရိုးရိုးလမ်းလျှောက်လာကြရာက ထိုအပျိုကြီးတို့ရှေ့ လာနေတာကြုံရင် ဝေမာက မင်းဝင့်ထည် လက်မောင်းကို ချိတ်ဖက်တွယ်လိုက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေမာ ... ဝေမာ ...။

ဝေမာနှင့် မင်းဝင့်ထည်တို့က ခြံချင်းကပ်ပါ။ ဒါကြောင့်လည်း ဟိုးငယ်ငယ်ကတည်းက သံယောဇဉ်ကြီးကြီးနဲ့ ချစ်ခင်ရင်းနှီးခဲ့ကြတာ။ အရင်ကတော့ ဝေမာ့အမေ အဒေါ်တို့နှင့် မင်းဝင့်ထည်ရဲ့အမေလည်း အတော်ခင်မင်ပါသည်။ မင်းဝင့်ထည်ကိုလည်း သူတို့က "သား" "သား"နှင့်ပါပဲ။

ဒါပေမဲ့ ခုတော့ မင်းဝင့်ထည်ကို သူတို့ မကြည့်ချင် မခေါ်ချင် မုန်းနေကြပြီ။ ဒါကြောင့်လည်း ဒီအိမ်ဘက်ကို မရောက်ဖြစ်တော့။

ဒါပေမဲ့ မလာလို့လည်း မဖြစ်တော့ မရဲတရဲလာကြည့်ရသည်။ ဟိုးရှေ့ရက်တွေက ဖုန်းဆက်တော့လည်း ဖုန်းကိုချပစ်တာကြောင့် ထပ်မဆက်ဖြစ်ရတာလေ။

ဒါက မင်းဝင့်ထည်တို့ခြံ၊ ဒီဘက်က ဝေမာတို့ခြံ။ မင်းဝင့်ထည်သည် ခြံဝကိုကားခေါင်းမတည့်ဘဲ ခြံရှေ့မှာပဲ ကားကိုရပ်၍ ကားပေါ်ကဆင်းကာ အရိပ်အကဲ ကြည့်ပါသည်။ မှောင်ရီတရောတော့ ဖြစ်နေပြီ။ အိမ်ထဲမှာတောင် မီးထွန်းထားပြီ။ မင်းဝင့်ထည် လှမ်းမြင်ရသလောက်တော့ သူတို့ရဲ့ ဆူပါဆလွန်း အိတ်တီစစ် ကားဖြူလေး ခြံထဲမှာမရှိ။

ဒါဆိုရင်တော့ ဝေမာ့ အမေတို့ အဒေါ်တို့ မရှိဘူး ဖြစ်နိုင်သည်။ အိမ်ထဲက မီးရောင်လင်းနေသော ထမင်းစားခန်းနေရာမှာ လှုပ်ရှားနေတဲ့ မိန်းကလေးအရိပ်သဏ္ဌာန်ကတော့ ဝေမာ





မဟုတ်။ ပုတက်တက်လေးနှင့် ဝတ်ပုံစားပုံကြောင့် အိမ်ရဲ့အဖော်အလုပ်သမား ဖြစ်မယ်လို့ မှန်းဆမိသည်။

မထူးဘူးကွာ။

ယူ့အမေ ထွက်အောင်မှသာ ထွက်အောင်တော့။ မင်းဝင့်ထည်က ခြံတံခါးထိပ်က ခေါင်းလောင်းလေးကို ဆွဲလှုပ်လိုက်ပါသည်။

"ကလောင် ... ကလောင် ... ကလောင်"

"... ... ..."

"ကလောင် ... ကလောင် ... ကလောင်"

စောလုံက ဝတ္ထုတစ်အုပ်နှင့် ခုတင်ပေါ် ဗိုက်မှောက်ကျနေရာက ခြံတံခါးခေါင်းလောင်းသံကို နားစွင့်လိုက်ပါသည်။ ခေါင်းလောင်းတီးနေတယ် ဆိုကတည်းက ဖေဖေ ပြန်လာတာမဟုတ်။ ဧည့်သည်ပဲ။ ဒီမှာ ဆိုင်က မနိုင်ဆီကတစ်ဆင့် ငှားလာတဲ့ဝတ္ထုအုပ်ကလည်း အရမ်းကောင်းနေတာ။ ဧည့်သည်ကလည်း သိပ်[illegible]တာပဲ။

"မမပု ... မမပု"

"အော"

"ခေါင်းလောင်းတီးနေတယ်လေ"

"နင် သွားမလား၊ ငါ ထမင်းချူးနေလို့"

"အာ ... မမပုပဲ သွားလိုက်၊ စောလုံ မအားဘူး၊ ဝတ္ထုဖတ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အော ... အတော်အရေးတကြီး အလုပ်ရှုပ်နေတာပေါ့နော် ဟွန်း"

"သွား ... သွား၊ ဘယ်ကညှော်သည်လဲ မသိဘူး"

မမပုက ပွစိပွစိ ရေရွတ်ကာ အိမ်ရှေ့ဘက် လျှောက်ထွက်သွားပါသည်။ ထို့နောက်တော့ သော့ဖွင့်သံ၊ တံခါးစေ့သံ။

ပုလုံသည် မှောင်တရီမှာ ခြံတံခါးရှေ့ ရပ်နေသူသည် ယောက်ျားတစ်ယောက်ဆိုတာသိ၍ ခြေလှမ်းခပ်နှေးနှေး ဖြစ်သွားသည်။ ဘယ်သူပါလိမ့်။ သူ တလိမ့်လိမ့် လျှောက်လာတာကို စိတ်ရှည်လက်ရှည် စောင့်နေသူက အနားရောက်မှ ...

"ဝေမာခင် ရှိလား"

"ဘာ ! "

"ဝေမာခင်လေ"

"မရှိဘူးရှင့်"

"အပြင်သွားတာလား"

"မဟုတ်ဘူး၊ မဝေမာခင်တို့က အိမ်ပြောင်းသွားပြီ"

"ဟင်"

မင်းဝင့်ထည်က အံ့အားတကယ်သင့်သွားမိကာ

"အိမ်ပြောင်းသွားပြီ ! "

"အော"

"ဘယ်တုန်းကလဲ"

"တစ်လကျော်ပြီ၊ နှစ်လရှိတော့မယ်"





"ဘယ်ကိုပြောင်းသွားတာလဲ"

"ကျွန်မတို့ မသိဘူးရှင့်"

ပုလုံက ကိုယ့်ညှော်သည်မဟုတ်မှန်း သိလျှင် နောက်လှည့်ကာ ပြန်ဝင်ဖို့ချည်း ခြေလှမ်းပြင်နေပြီ။ မင်းဝင့်ထည်သည် အိမ်ပြောင်းသွားတယ်ဆိုတာထိ မျှော်လင့်မထား၍ ရင်ထဲဟိုက်သွားပါသည်။ ဘာကြောင့် အိမ်ပြောင်းသွားပါလိမ့်။

"ဒီမှာဗျ ... ခဏနေပါဦး"

"ဘာကိစ္စ ရှိသေးလို့လဲ"

"တကယ် အိမ်ပြောင်းသွားတာနော်"

"အော ... တကယ်ပါဆို၊ ဒီအိမ်ကို ဦးရန်အောင် ဝယ်လိုက်တယ်"

"ဦး ......!! "

"ဦးရန်အောင်"

မင်းဝင့်ထည်သည် ရှေ့က ပုပုမလေးရဲ့ မဝဲတဝဲ လျှာလိပ်သံလိုလို တစ်မျိုးသော လေယူလေသိမ်းကို ဂရုပြုမိလာကာ ပြန်ဝင်မယ်ချည်း ပြင်နေတဲ့ ကောင်မလေးကို သေချာစူးစိုက်ကြည့်သည်။ မှောင်ကမှောင်နေပြီဆိုတော့ သိပ်မသဲကွဲတာ။ လက်သော်တော့ ...။

"ဟိတ် ... ခဏနေပါဦးဗျ"

"ဘာမေးဦးမလို့လဲ၊ ကျွန်မ ဘာမှမသိတော့ဘူး၊ လျှာကြီးလည်း မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဒီတော့ ကိုယ့်ထက်တောင်ကြီးမှန်း မင်းဝင့်ထည် သိပြီးသား ဒီအပုလေးက လူကြီးမဟုတ် ကလေးလေး ပေါ့။

"ခင်ဗျား ... ဟိုဒင်း ... နာမည်က ဘာဆိုလဲ ! "

"အို ... မပြောနိုင်ဘူး၊ ကျွန်မနာမည် မပြောနိုင်ဘူး၊ ရှင်သွားတော့"

"မမေးပါဘူး ခင်ဗျားနာမည်ကို၊ သိပြီးသားပါ၊ ပါးစပ်ဖျားမှာ ထစ်နေတာ"

ပုလုံက ဒီလူ သူ့ကိုစ,နေသည် ထင်လာကာ မျက်စောင်းထိုးပြီး ကျောခိုင်းအထွက်"

"ဟိတ် ... ခင်ဗျား အာဗြဲအစ်မ မဟုတ်လား"

"ဟင်"

ပုလုံက ချာခနဲ ဒီဘက်ပြန်လှည့်လာပါသည်။ ဟုတ်တယ်လေ။ အာဗြဲဆိုတာကတော့ သူမရဲ့ကမ္ဘာပေါ်မှာ တစ်ဦးတည်းသော အရင်းဆုံး မောင်ငယ်လေး။

"ရှင် ... ဘယ်သူလဲ"

"ခင်ဗျား မမှတ်မိဘူးလား၊ ကျွန်တော် အာဗြဲတို့အိမ်ကလေ၊ မင်းဝင့်ထည်လေ"

"မင်းဝင့်ထည် ! ဩော် ... ရှင့်နာမည်ကိုတော့ ကျွန်မမသိပါဘူး၊ ဒါပေမဲ့ ရုပ်ကိုတော့ အခုမှ မှတ်မိပါပြီ၊ အာဗြဲရော ပါသေးလား"





ပုလုံက ရုပ်ထားတဲ့ကားဆီ ခြေဖျားထောက်၍ ကြည့်သည်။

"အာဗြဲက အခု မလေးရှားမှာလေ၊ ကျွန်တော့်အဖေနဲ့ နေတယ်"

"မလေးရှားမှာ ဆိုတာ သိပါတယ်၊ ပြန်မလာသေးဘူးလား"

"နောက်နှစ်လလောက်ဆို ပြန်ရောက်မယ်၊ မကြာခင် မေမေသွားတော့မှာပါ၊ စာလေး ဖုန်းလေး ဆက်သွယ်ချင်လား"

"ဟင့်အင်း၊ မဆက်တော့ပါဘူး၊ ဘာမှလဲ ပြောစရာအကြောင်း မရှိပါဘူး၊ နေပါစေ"

ပုလုံက မင်းဝင့်ထည်ကို တစ်စတစ်စ သေချာမှတ်မိသည်။ အာဗြဲ သူ့ထံ လာလည်လျှင် တစ်ခါတလေ ဒီလူ လိုက်ပို့ပေးဖူးသည်။ ခုနောက်ပိုင်း အာဗြဲထံ ပုလုံသွားရင်း ဒီလူ့ကို နှစ်ခါ သုံးခါ ဆုံဖူး တွေ့ဖူးသည်။ ဒါပေမဲ့ တစ်ခါမှ အာဗြဲအိမ်က လူတွေနှင့် ပုလုံ မရင်းနှီးတာပါ။ ယောက်ျားနှင့် မိန်းမပို့ပါ။

သူ့အမေနှင့် ပုလုံ စကားအနည်းအကျဉ်း ပြောဖူးသည်။

"ရှင့်ကို သိသွားပေမယ့် တံခါးတော့ ဖွင့်မပေးတော့ဘူးနော်၊ အဖေ မရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရပါတယ်၊ ရပါတယ်"

မင်းဝင့်ထည် မျက်လုံးများက အိမ်တွင်းဘက်ဆီ တဝဲဝဲ။ သူ့ကိုတွေ့နေမှတော့ ဒီအိမ်မှာ စောလုံ ရှိနေမှာလည်း သေချာပြီလေ။ မင်းဝင့်ထည် စောလုံကို သိခဲ့တာ ဒီနည်းနှင့်သိခဲ့တာပါ။ အရင် သူတို့နေတဲ့အိမ်ကို တစ်နှစ်တစ်ကြိမ် အာဗြဲကို နှစ်ခါ သုံးခါ လိုက်ပို့ဖူးသည်။ တချို့နှစ်တွေတော့ သူ မအားလို့ အာဗြဲ သူ့ဟာသူ သွားသည်။ တချို့နှစ်တွေတော့ အာဗြဲအစ်မ က လာသည်။

အာဗြဲအစ်မရဲ့ မွေးစားအမေ စောလုံအမေ ဆုံးသွားကတည်းက အာဗြဲကပဲ ဒီကိုလာတော့သည်။ အာဗြဲကို ပို့ပေးရင်း စောလုံကို ဖျတ်ခနဲ ဖျတ်ခနဲ တွေ့ဖူးခဲ့တာပါ။ စောလုံရဲ့ နာမည်တို့ ဘာတို့ကိုတော့ အာဗြဲကိုမေးပြီး ပြန်သိခဲ့ရသည်။

"အရင်က ဝင်ဒါမီယာထဲမှာနော်"

ပုလုံက အနည်းငယ် သိမ်ငယ်ရှက်ရွံ့သွားသလိုရှိရင်း ...

"ဟုတ်ကဲ့ ... ပြောင်းလာတာပါ"

"ဝေမာခင်တို့အိမ်ကို ဝယ်လိုက်တာပေါ့"

"ဟုတ်ပါတယ်ရှင့်"

"သူတို့ ဘယ်ပြောင်းသွားလဲ မသိဘူးနော်"

"တကယ် မသိတာပါရှင့်"





"ဝေမာနဲ့ ကျွန်တော်က သူငယ်ချင်းပါ၊ အရင်က ကျွန်တော်တို့က ဟိုဘက်ခြံမှာ နေတာလေ၊ သူတို့အိမ်က လူကြီးတွေနဲ့လည်း ခင်ပါတယ်၊ မရောက်တာတော့ ကြာသွားပြီ၊ အိမ်ရောင်းတာ ပြောင်းတာ လုံးဝမသိလိုက်ရဘူး"

"ဟုတ်ကဲ့"

"အိမ်မှာ တစ်ယောက်တည်းလား"

"ညီမလေး ရှိပါတယ်၊ အဖေက ခဏနေရင် ပြန်ရောက်မှာပါ၊ အဖေရှိရင်တော့ အိမ်ပေါ်တက်လို့ ရပါတယ်"

"ကိစ္စမရှိပါဘူး နေပါစေ၊ မတက်တော့ပါဘူး၊ ညီမလေးဆိုတာ စောလုံပေါ့"

ပုလုံက မင်းဝင့်ထည်ကို အံ့သြသလိုကြည့်သည်။

"နာမည်ကိုတော့ အာဗြဲပြောဖူးတယ်၊ လူကိုတော့ အပြင်မှာ သိပါတယ်"

"ဟင် ... စောလုံနဲ့ သိတယ် !! "

"သိတယ်ဆိုတာ ခင်မင်တာတော့ မဟုတ်ပါဘူး၊ ကျွန်တော်က စောလုံ အခုလုပ်တဲ့ဆိုင်နားမှာပဲ စာရေးကိရိယာဆိုင်ဖွင့်ထားတာ၊ အဲသလို သိတာပါ၊ သိရုံပါ"

"ဪ"

မင်းဝင့်ထည်က ခေါင်းတညိတ်ညိတ်ပြုရင်း ...

"မမျှော်လင့်ဘဲ ဒီအိမ်က လူဟောင်းကလည်းအသိ၊ လူသစ်ကလည်း အသိဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲက စောလုံသည် မမပု ပြန်တက်လာမယ့် တံခါးသံကို နားစွင့်ရင်း နားစွင့်ရင်း မကြားရဘဲ အချိန်ကြာလာတော့ ဘာပါလိမ့်လို့ ထင်လာပါသည်။ အပျင်းတစ်မနေတော့ဘဲ အိပ်ခန်းထဲက ထွက်လာကာ ဧည့်ခန်းပြတင်းပေါက်ဆီမှတစ်ဆင့် ခြံထဲ လှမ်းကြည့်လိုက်သည်။ မမပုက ယောကျာ်းတစ်ယောက်နှင့် စကားရပ်ပြောနေသည်။

မမပုအကြောင်း အသိဆုံးမို့ ယောကျာ်းလေးတစ် ယောက်နှင့် ဒီလောက် အကြာကြီးရပ် စကားပြောတာဟာ ထူး ဆန်းနေတာမို့ စောလုံက ခြံထဲကမီးတိုင်ကိုထွန်းတဲ့ မီးခလုတ်ကို သွားနှိပ်ဖွင့်လိုက်သည်။ ခြံထဲမှာ လင်းခနဲ မီးရောင်ဖြာသွားပါ သည်။ မီးရောင်ဟာ ခြံတံခါးဝဆီကို ဦးစားပေးထားတာမို့ ခြံ ကို အရှင်းသား မြင်နိုင်သည်။

"ဟင်"

စောလုံ အလွန်ပင် အံ့ဩသွားရသည်။

ဟိုအစ်ကိုကြီး။

ဟိုအစ်ကိုကြီးပါလား။ ဘာလာလုပ်ပါလိမ့်။ စော ဆီများ လာလား။ စောလုံဆီ လာရလောက်အောင်လည်း သူ စောလုံ မသိ။ အိမ်ကိုလည်း သိဖို့အကြောင်းမရှိ။ စောလုံသည် ရုတ်ခြည်းပင် ရင်တွေတောင် ခုန်လာကာ ရင်ကို လက်ဝါးလေးနှ ဖိထားလိုက်ရပါသည်။





"ဟော ... မီးလင်းလာပြီ၊ ဒါဆိုရင် စောလုံ ထွန်းတာပဲ၊ ကြာနေလို့ လှမ်းကြည့်တာ ဖြစ်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့။ ကျွန်တော်လည်း ပြန်လိုက်ပါဦး မယ်၊ အာဗြဲဆီ ဖုန်းဆက်ရင် ဘာပြောပေးရမလဲ"

"တော်ပါပြီ မပြောပါနဲ့တော့ ရပါတယ်၊ အထူးမှာစရာမရှိ ပါဘူး"

"ဒါဆို သွားပြီနော်"

မင်းဝင့်ထည် ကားပေါ်တက်ကာ ကားမောင်းထွက် သွားတော့လျှင် စောလုံသည် အိမ်ပေါ်မှာပဲ အောင့်အည်းစောင့်မနေ နိုင်ဘဲ ခြံထဲ ဖိနပ်မပါ ပြေးဆင်းလာကာ ...

"မမပု ... မမပု"

"အော"

"အောမနေနဲ့၊ ခုနလူ ဟိုအစ်ကိုကြီးက ဘာလာလုပ်တာ လဲ"

"နေပါဦး ပြောပါ့မယ်၊ ဘာလို့ ဒီလောက်ပြေးလာရတာ လဲ"

"သူ ... သူ ... သူ့ကို စောလုံ သိတယ် မမပုရဲ့"

"အော ... သူကလည်း နင့်ကို သိပါတယ်"

"စောလုံဆီ လာတာပေါ့ ဟုတ်လား၊ မမပုက ဘာဖြစ်လို့ ခေါ်မပေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘယ်လိုများ ဖြစ်နေတာလဲ၊ နင့်ဆီလာတာ မဟုတ်ပါဘူး"

"ဟင် ! "

"မဝေမာခင်ကို လာမေးတာ"

"ဟင်"

စောလုံသည် အံ့အားတသင့် တောင့်တောင့်ကြီးဖြ
လျက် မမပုကို ပြူးစိုက်ကြည့်နေမိသည်။ ဝေမာခင်ဆီ လာတာ

"ဝေမာခင်ဆီ ဘာဖြစ်လို့ လာတာလဲ"

"သူ့သူငယ်ချင်းတဲ့၊ ဘာလို့ လာလဲတော့ ငါလည်းမသိ
လေ"

"သူငယ်ချင်း ! "

"အော၊ သူက အရင်က ဟိုဘက်ခြံမှာ နေသွားတာတဲ့"

စောလုံ မျက်စိထဲ မဝေမာခင်ဆီ ရောက်လာတဲ့
စာအိတ်လေးများကို အလိုအလျောက် ဖျတ်ခနဲ မြင်ယောင်မိသည်။

"နေဦး မမပုကလည်း၊ ဝေမာခင်ဆီ လာတာဆိုရင်
စောလုံကို သူ သိတယ်ဆိုတာက ဘာလဲ၊ ဘယ်လိုဆက်
လဲ၊ ရှင်းရှင်း ပြောစမ်းပါ၊ တစ်ခွန်းမေး တစ်ခွန်းဖြေ
လုပ်မနေပါနဲ့"

"ဟဲ့ ... နင် ဘယ်လိုဖြစ်နေလဲ၊ ဒီလောက် ပျာကရာ
နေတာ"

"မမပုကလည်း အဲဒါ စောလုံ ကြိုက်နေတဲ့ အစ်ကိုကြီး"





"ဘာ"

မမပု မျက်နှာက ရှက်သလို နီမြန်းသွားသည်။ ရင်
ဆိုပိကာ ...

"အမလေး၊ အမလေး၊ အပြောအဆို ရဲလိုက်တာ၊ ဘယ်လို ဖြစ်တာလဲ စောလုံ၊ အဖေကြားရင် သတ်တော့မှာပဲ"

"ဖေဖေ ဘာမှမသတ်ဘူး၊ ဖေဖေက ခေတ်မီတယ်၊ မမပု ပဲ သတ်ချင်သတ်မှာ"

"အော ... ဟုတ်တယ် သတ်မှာ"

"ပြီးမှသတ်ပါ၊ သူဘာပြောလဲ ပြောပြစမ်းပါ အားလုံး"

"သူက နင်အလုပ်လုပ်တဲ့ ဆိုင်နားမှာ စာရေးကိရိယာဆိုင် ဖွင့်ထားတာတဲ့"

"ဟုတ်တယ်လေ"

"အဲဒီတော့ နင့်ကို သိတယ်တဲ့"

"နေပါဦး၊ မမပုကို စောလုံနဲ့ သိတယ်ပြောရအောင် စောလုံ ဒီမှာနေတာကော သူက ဘယ်လိုသိလဲ၊ သူက ဝေမာခင်ဆီ လာတာဆို"

"ငါ့ကိုတွေ့တော့ သူ သိသွားတာ"

"မမပုကိုလည်း သိတယ် ... !! "

"သူက အာဖြဲ မွေးစားအစ်ကိုဟဲ့"

"ဟင် ! "



www.burmeseclassic.com

www.burmeseclassic.com



"အေး ...၊ ငါကလည်း ချက်ချင်းမမှတ်မိဘူး၊ နောက်မှ မှတ်မိလာတာ၊ သူလည်း ငါ့ကိုမြင်တော့ ချက်ချင်းတော့ မသိဘဲ ဝေမာခင်ကို အရင်မေးတာ၊ အိမ်ပြောင်းသွားပြီ ပြောပြီး ငါကပြန်လှည့်ဝင်မယ်လုပ်မှ သူက ငါ့ကိုမှတ်မိပြီး အာဗြဲအစ်မ မဟုတ်လားမေးတာ၊ ဟုတ်မှန်းသိတော့ နင့်ကိုပါ သိရော"

"ဟင်"

"သူက အာဗြဲကို နှစ်ခါ သုံးခါ လိုက်လိုက်ပို့ဖူးတယ်၊ အဲဒီတုန်းက နင်က မမြင်ဖူးလိုက်ပေမယ့် သူက နင့်ကို မြင်ဖူးသွားမှာပေါ့"

"ဪ ... ဒီလိုလား"

"ဟုတ်တယ်၊ ငါ့ကို မြင်တာနဲ့ နင်လည်းရှိပြီဆိုတာ သူ သိတယ်၊ နင့်နာမည် စောလုံ ဆိုတာတောင် သိတယ်၊ အာဗြဲ ပြောတာတဲ့၊ အဲဒီ အာဗြဲကလည်း အာချောင်လိုက်တာ"

"ဘာဖြစ်လဲ၊ ပြောပါစေ မမပုကလည်း"

"စောလုံ"

"အဟဲဟဲဟဲ ..."

စောလုံက ရင်ဘတ်ကလေး ဖိထားရင်း မျက်ခုံးကို ကြုတ်ပြီး စဉ်းစားခန်း ဝင်နေပါသည်။ ဝတ္ထုစာအုပ်ကို စိတ်မဝင်စားတော့ဘူး၊ ပစ်ထားလိုက်ပြီ။





"မမပု"

"အော"

"သူနဲ့ ဝေမာခင်က ရည်းစားလား"

"သူငယ်ချင်းလို့ ပြောတာပါ"

"ဒါတော့ ဒီလိုပဲ ပြောမှာပဲလေ၊ မမပုနဲ့က ရင်းမှ သိပ်မရင်းနှီးတာ၊ ရည်းစားများ ဖြစ်နေမလားလို့"

"ဘယ်သိမလဲ၊ ဘာဖြစ်လို့လဲ"

"ဝေမာခင့်ဆီ ရောက်လာတဲ့ စာတွေလေ၊ ဒီစာတွေပိုင်ရှင်က သူများ ဖြစ်နေမလား"

မမပုကလည်း မျက်လုံးဝိုင်းပြီး အတွေးနက်သွားပုံရသည်။ သို့သော် ... ဘယ်လိုမှ ကိုယ်အတပ်မသိနိုင်တာကို ကြာကြာတော့ စိတ်ဝင်စားမနေ။ ထမင်းစားခန်းဘက် ပြန်လျှောက်သွားပါသည်။

"မမပု"

"ဘာလဲဟယ်"

"သူ့နာမည် ဘယ်သူတဲ့လဲ"

"မင်း ... ဘာဆိုလဲ မသိဘူး"

"ဪ ... မမပုကလည်း သေချာလည်း မှတ်မထားဘူး"

"နာမည်က ခက်တယ်၊ ငါမခေါ်တတ်ဘူး၊ မင်းတစ်လုံးပဲ လွယ်တယ်"

"ကျွတ် ... မမပုကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုစာတွေထဲက နာမည်က ဘာလဲ"

"ဟိုစာတွေထဲမှာ ဘာနာမည်မှ မပါဘူး၊ 'ကိုယ်'ဆိုတာပဲ ပါတာ"

"ဝေမာခင်ကို မေးပြီး ယောက်ျားတစ်ယောက် ရောက်လာတာနဲ့ပဲ ဝေမာခင့်ရည်းစား ဖြစ်ရရောလား စောလုံရယ်"

"သူငယ်ချင်းဆိုပြီး အိမ်ရောင်းမှာ အိမ်ပြောင်းမှာကို မသိဘူးလေ၊ သိသင့်တာပေါ့"

"ရည်းစားဆိုလည်း သိသင့်တာပဲလေ"

"ရည်းစားဆိုပေမယ့် စာတွေထဲမှာ ပါတယ်လေ၊ သူ့အိမ်က ဖုန်းတွေလည်း ခေါ်မပေးဘူး၊ သူ့အိမ်က မကြည်ဘူး။ သူနဲ့အဆက်အသွယ် မရတာကြာပြီ ဆိုတာတွေ ပါတာပဲဟာ"

"မသိတော့ဘူးဟယ်"

မမပုကတော့ ဒီကိစ္စကို ကြာကြာ စိတ်ဝင်စားမနေအား။ သူ့အလုပ်နဲ့သူ သူ့စိတ်ဝင်စားရာနဲ့သူ ရှုပ်နေသည်။ စောလုံသာလျှင် ဝတ္ထုစာအုပ်တောင် ပြန်မကိုင်နိုင်ဘဲ တစ်နေရာမှာ ငြိမ်ငြိမ်လေးထိုင်ပြီး စဉ်းစားနေမိပါသည်။ ဘာကြောင့်မှန်းတော့ ရေရေရာရာ ပြောမပြတတ်သော်လည်း ဘာမှသက်သေမပြနိုင်သော်လည်း စောလုံ စိတ်ထဲမှာ ဒီစာတွေဟာ ဟိုအစ်ကိုကြီးနဲ့ ပတ်သက်ရမယ်ဟု အလိုလိုကို ထင်နေမိပါသည်။





အဲသလို ထင်မိတော့ စိတ်ထဲမှာ နမြောသလိုလို ဝမ်းနည်းသလိုလို ဆို့နင်နင်ကြီး ဖြစ်လာသည်။ လှပတဲ့ မဝေမာခင်ရဲ့ ရုပ်သွင်ကိုလည်း ပြန်ပြီးမြင်ယောင်လာသည်။ စောလုံတို့လို ငချွတ်လေးတွေနဲ့ ဘာမှမဆိုင် ပြည့်ပြည့်ဝဝလေး ငေးကြည့်ချင်စရာ လှနေတဲ့ အလှ။

အင်း ...။ ရင်တွေမောလိုက်တာ ဟိုအစ်ကိုကြီးရယ်။ အသက်ရှူတွေတောင်မှပဲ ကျပ်လာပါပြီ။ ဒါပေမဲ့လည်းလေ ...၊ ငါကသာ တစ်ဖက်သတ် ချစ်ခင်မြတ်နိုးနေမိပေမယ့် သူ့မှာ ချစ်သူရှိနေနိုင်တာပဲ ဆိုတဲ့ အတွေးကိုတော့ လွန်ခဲ့တဲ့ လပေါင်းများစွာ ရှင့်ကို စတင်ရင်ခုန်မိစဉ်ကတည်းက ကြိုတော့ တွေးကြည့်ထားမိပါရဲ့။

ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ထားရင်းလေ။ ဒါပေမဲ့ တကယ်တော့ မဖြစ်စေချင်ဘူးပေါ့။

✦♥✦



www.burmeseclassic.com

www.burmeseclassic.com



## ၆

အိမ်တက်ဆွမ်းကျွေးမှာ သူ့လက် သူ့ခြေ ဆရာ
ကြီးကတော့ အန်တီချစ်ပင်။ ထောပတ်ထမင်းနှင့် ကြက်သားဟင်း
ဆိတ်သားဟင်းတို့ ကျွေးပါသည်။ သူဆရာကြီးလုပ်တော့ ကိုယ်
သက်သာတာမို့ စောလုံကတော့ ဘယ်လိုမှ မနေသော်လည်း
မမပုကတော့ မဲ့ကာရွဲ့ကာနေသည်။

လူကအများကြီးတော့ ဖိတ်တာမဟုတ်။ ဒီလမ်းထဲ
က အိမ်ပေါက်စေ့ရယ် မိတ်ဆွေသူငယ်ချင်း ဆွေမျိုးထဲကတော့
အလွန်ရင်းချာသူရယ်လောက်သာ ဖိတ်သည်။ အလွန်ရင်းချာတဲ့
သူတွေချည်းဆိုတော့ ဖေဖေနှင့် အန်တီချစ် ဇာတ်လမ်းကိုလည်း
သိကြသူတွေဖြစ်ရာ စကားပြောတော့လည်း ယှဉ်တွဲပြောဆိုဖြ
ကြတာမို့ လမ်းထဲက ခုမှ သိကျွမ်းရမယ့် လူသစ်တွေအဖို့တော့
ဖေဖေတို့ကို လင်မယားလို့တောင် ထင်နိုင်တာပင်။





"သမီးလေးက တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ ... တစ်ယောက်တည်းပါ"

"ချစ်စရာလေးနော်၊ ဘယ်အတန်းရောက်ပြီလဲ"

"ဒုတိယနှစ် ဖူးပါ၊ အဝေးသင် ယူထားတယ်လေ"

အဲဒီလို အမေးအဖြေမျိုး။

"ဦးရန်အောင်က ဘယ်ဌာနမှာလုပ်ပါလဲ"

"ဝန်ထမ်းတော့ မဟုတ်ပါဘူး၊ ဟိုးအရင်ကတော့ သင်္ဘော
အရာရှိပါ၊ နောက်တော့ သင်္ဘောမလိုက်ဖြစ်တော့ဘူး၊
အခုတော့ ကားတွေလည်း ထောင်ထားတယ်၊ ကားငှား
လုပ်ငန်း လုပ်တယ်ပေါ့၊ ကားဝယ်ရောင်းလည်း လုပ်ပါ
တယ်"

"ညီမကရော"

"ကျွန်မက စိန်ရွှေရတနာလုပ်ငန်းပေါ့၊ ဆိုင်တော့မဖွင့်ထား
ဘူး၊ ရင်းနှီးသူလောက်ကိုပဲ လုပ်ပေးပါတယ်၊ လိုရင်ပြော
ပါနော် မမ၊ စိန် ပုလဲ အနီ အပြာ အားလုံး ကိုင်ပါတယ်၊
သန့်သန့်လေးတွေပဲ ကိုယ်တိုင်ဒီဇိုင်းထွင် လုပ်တယ်"

ဤသို့သော အမေးအဖြေမျိုး။

ဤလိုစကားမျိုးတွေ ပြောနေတဲ့ အန်တီချစ်ကို
လုံးက ဒီအိမ်ရဲ့အိမ်ရှင်မ မထင်ရင် တခြား ဘာများထင်စရာ
သေးတုန်း။ သမီးရေ ... သမီးရေနှင့် စောလုံကိုလည်း နှ
မချ၊ ဟန်ဆောင် ပန်ဆောင်တော့လည်း မဟုတ်။ အန် ချစ်

www.burmeseclassic.com



ဟာ သဘောလည်း ကောင်းပါသည်။ ဖော်ရွေပျူငှာလည်း ချိုသာပါသည်။

“ညီမလည်း အိမ်ကို ဝင်ထွက်ပါ လာလည်ပါ၊ အစ်မတို့ လမ်းထဲမှာ တစ်အိမ်နဲ့တစ်အိမ် ခင်မင်ရင်းနှီးကြပါတယ်၊ အမျိုးတွေလိုပဲ နေကြပါတယ်၊ အစ်မတို့ဆိုရင် အစ်မတို့ တစ်သက်ပဲ နေလာတာ၊ အရမ်းအေးချမ်းတယ်”

သူတို့တစ်သက်ဆိုတော့ နှစ်ပေါင်းငါးဆယ်ကျော်၊ မနည်းဘူး၊ စောလုံက နားစွင့်ရင်း တွေးနေမိတာ ဖြစ်သည်။

“ဟုတ်ကဲ့၊ ဒီရပ်ကွက် ဒီလမ်းလေးကို ကြိုက်ကိုကြိုက်တာပါ၊ ဟိုးအရင်က ကျွန်မဆွေမျိုးသားချင်းထဲကလည်း ဒီလမ်းထဲ နေသွားဖူးတယ်၊ အဲဒီတုန်းကတည်းက လမ်းလေးက တိတ်တိတ်ဆိတ်ဆိတ်လေးလို့ သိပ်သဘောကျတာ။ ကျောက်ခင်းလမ်းလေးနဲ့၊ တစ်ဖက်တစ်ချက်မှာလည်း အရိပ်ရပင်တွေနဲ့ဆိုတော့ လမ်းလေးတစ်လျှောက် အရိပ်ကျပြီး အေးချမ်းနေပုံကို သိပ်ချစ်တာ၊ သိပ်ကဗျာဆန်တဲ့ လမ်းလေးနော် ...

အဲဒါ ကိုအောင် အိမ်ဝယ်မယ်ဆိုတော့ ဒီလမ်းထဲက ဒီအိမ်လေး ရောင်းဖို့ ကြားတယ်ဆိုပြီး တိုက်တွန်းရတာ”

သူတို့လမ်းကို အမွှမ်းတင်သည်ဖြစ်၍ ထိုစားပွဲထဲ အမျိုးသမီးကြီးတွေမှာ သဘောတွေကျနေကြပါသည်။ ထိုစဉ်စားနှ





မှာ နောက်ဖေးမီးဖိုက လူတစ်ယောက်က အန်တီချစ်ကို ခဏလာကြည့်ဖို့ တိုးတိုးတိတ်တိတ် လာခေါ်သွား၍ အန်တီချစ် ပါသွားပါသည်။ ကြည့်ရတာ ဟင်းပဲကုန်လေသလား အချိုပွဲပဲ ကုန်လေသလား၊ ထောပတ်ထမင်းတွေကတော့ မကုန်မှာ သေချာသည်။

ဒါကိုသိပ်စိတ်မဝင်စားနိုင်ဘဲ စောလုံသည် အန်တီချစ် သွားတဲ့ စားပွဲရဲ့နေရာလွတ်ကို ရှေ့တိုးဝင်ထိုင်လိုက်ကာ ...

“အန်တီတို့ စားပါနော်၊ ဘာလိုသေးလဲ မသိဘူးရှင့်”

“ပြည့်စုံပါတယ် သမီးရယ်၊ မလိုတော့ပါဘူး”

“အချိုပွဲနဲ့ အသီးတွေစားပါဦး”

“သမီးလေးကလည်း လိမ်လိမ်မာမာ ယဉ်ယဉ်ကျေးကျေးလေး ချစ်စရာလေး၊ အသက်က ဘယ်လောက်ရှိပြီလဲ”

“ဆယ့်ကိုးနှစ်ပါ”

“သမီးက အဖေတူနော်”

“ဟုတ်ကဲ့”

“အားရင် အိမ်ဘက်လာလည်လေ သမီး၊ အန်တီတို့အိမ်မှာ မိန်းမတွေချည်းပဲ၊ ယောကျ်ားသား မရှိဘူး၊ ညီအစ်မ အပျိုကြီးတွေပဲ နေကြတာ”

“ငယ်ငယ်တည်းက ဒီမှာပဲ နေတာပေါ့နော် အန်တီ”

“အေးကွယ် ... ဒီအငယ်ညီမ တစ်သက်ပဲ”

“တစ်လမ်းလုံးကို သိတာပေါ့နော်”

“သိတာပေါ့ သမီးရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အရင်က ဟိုဘက်ခြံမှာ နေသွားတဲ့သူတွေကိုရော သိလား အန်တီ"

"ဟိုဘက်လား"

"ဟုတ်ကဲ့"

"သြော် … ဦးမင်းစည်တို့ပဲ၊ သိတယ်လေ၊ အခုနေတာက ဦးကျော်လတ်၊ အရင်လူက ဦးမင်းစည်တို့၊ မဝင်နီတို့၊ သားလေးတစ်ယောက် ရှိတယ်၊ နောက် … ၀,လေးလား လားဟူလေးလား မွေးစားသားလေးလည်း ရှိသေးတယ်၊ သူတို့ကတော့ ပြောင်းသွားကြတာ ကြာပြီ၊ ဆယ်နှစ်နီးပါး ရှိပြီ၊ အခုနေတဲ့ ဦးကျော်လတ်တို့နေတာ ကိုးနှစ် ဆယ်နှစ် ရှိရောပေါ့နော် မကြီး"

"အေးပေါ့"

"သူတို့ မွေးစားထားတာ ကယားလေး အန်တီ"

"သြော် … ဟုတ်လား၊ သမီးနဲ့ သူတို့ သိကြလို့လား"

"ဟို … အိမ်က မမပုက အဲဒီကယားလေးနဲ့ မောင်နှမ အရင်းမို့ပါ၊ သူတို့မိသားစုတွေနဲ့တော့ မခင်ပါဘူး"

"သြော် …၊ ကယားလေးက ကလေးပေါက်စကပဲ ရောက် လာတာပဲလေ၊ သူတို့သားနဲ့ ရွယ်တူပဲ၊ နာမည်က နေပါဦး သူ့အိမ်က မင်းမင်းလို့ပဲ ခေါ်ကြတယ်၊ ကယားလေးနာမည် ကတော့ အာဖြဲ မဟုတ်လား"





အင်း … သူတို့ကလည်း ထူးခြားဆန်းကြယ်တဲ့ အာဖြဲ နာမည်ကိုပဲ မှတ်မိကြပြီး ဟိုအစ်ကိုကြီး နာမည်တော့ ရေရေရာရာ မသိကြ။

"ဟုတ်တယ်လေ မင်းမင်းလေ၊ ဒီအိမ်မှာ နေသွားတဲ့ ဝေမာနဲ့ တွဲကြတာဟာ"

ဓာလုံ နားရွက်လေးတွေ ကားထောင်သွားသလား ဆင်ရအောင် စွင့်ကာထားမိသည်။

"ဒီအိမ်က အမကြီးနဲ့ !!"

စကားထောက်ပေးလိုက်၍ …

"ငယ်သူငယ်ချင်းတွေပေါ့လေ၊ ကြီးတော့လည်း ရည်းစား လား ဘာလား ဖြစ်မှာပေါ့၊ တွဲလိုက်ကြတာဆိုတာ နှစ် ယောက်ပူးချည်ထားသလား ထင်ရတာပဲ"

"အမယ်လေး …၊ သူတို့က သူငယ်ချင်းတွေပါ ပြောတာ၊ ရည်းစားတွေပါ အစ်မကြီးရယ်၊ ပြောင်းသွားပြီးနောက် လည်း မင်းမင်းက ဒီပဲ လာနေတာပဲဟာ"

"ဟုတ်တယ်၊ အမြဲလာတာ တွေ့တာပဲ"

"သြော် …၊ ဒီအိမ်က အစ်မက ချောချောလေးနော်"

"ချောပေမယ့် သမီးတို့လိုကို လူကြီးသူမနဲ့ စကားမပြော တတ်ဘူး၊ မယဉ်ကျေးဘူး၊ လူကြီးကိုပေမယ့် ဘုမသိ ဘမသိ မှတ်တာ၊ ရှင်းရှင်းပြောရရင် ရိုင်းတယ်ပေါ့ကွယ်၊ အန်တီ တို့ကလည်း သူတို့နှစ်ယောက်ကို မျက်စိကို နောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ၊ ဒီတော့ တစ်ခါတလေ လူကြီးပီပီ ပြောမိဆိုမိ တာပေါ့၊ ဒီ ဝေမာခင်ဆိုတဲ့ မိန်းကလေးက သိပ်အပိုးမကျိုး ပါဘူး"

မဝေမာခင်လို ဆံပင်ရှည်ရှည် မိန်းမဆန်ဆန် နွဲ့နွဲ့ လေးကိုတောင် ဒီလိုပြောရင် စောလုံကို ဆိုရင်တော့ ဘယ်လိုများ ပြောမလဲပဲ။

ခုတော့ စ,တွေ့ဖူးကာစ။ ကိုယ့်အိမ်ထဲကိုယ် ပိပိရိရိ ထိုင်နေတုန်း မြင်ရတာမို့ ကဲ့ရဲ့စရာ မမြင်သေးတာဖြစ်မည်။

"မင်းမင်းနဲ့ တွဲလိုက်တာများတော့ တစ်ခါတလေ ညကြီး မိုးချုပ်မှ ပြန်လာကြတာ၊ မင်းမင်းက လမ်းထိပ်မှာ ချသွား တာ၊ အန်တီတို့က အဲဒီအချိန် လမ်းထိပ်ဆိုင်ကလေး မုန့်လေး ပဲလေး ထွက်ဝယ်ချိန်မို့ဆုံရတယ်"

တစ်ယောက်က ပါးစပ်နှား လက်ဝါးလေးကာလို့ ကာ ...

"မင်းမင်း တစ်ယောက်တည်းနဲ့ မဟုတ်ဘူးနော်"

နောက်တစ်ယောက်က မျက်လုံးပြူး မျက်ခုံး တက်ပြီး ...

"ဟုတ်လား"

"သြော် ...၊ ကျွန်မကိုယ်တိုင်တွေ့တာ၊ တခြားကောင်လေး တစ်ယောက်နဲ့လည်း ညကြီးမိုးချုပ်မှ အတူပြန်လာ တယ်"





"မလွယ်ဘူး ဒီကောင်မလေး၊ သူ့အဒေါ်ကလည်း သူ့တူမ အကြောင်း နည်းနည်းသတိပေးချင်ရင်တောင် ကြိုက်တာ မဟုတ်ဘူး၊ ဒီတော့ မပြောရဲဘူး၊ သူ့ဟာသူ ဘာဖြစ် ဖြစ်"

"အခု ပြောင်းသွားတော့ အေးရော"

"ဟုတ်ပါ့ ... မျက်စိနောက် သက်သာတာပေါ့"

တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက်မိမိ ညီညီ ပြောဆိုနေလိုက်ကြတာ စောလုံက သူတို့အမှုအရာတွေ ရယ်လည်းရယ်ချင်တဲ့ကြားက အကြောင်းအရာတွေကိုတော့ ဝင်စားမိပါသည်။ စောလုံက ဟိုအစ်ကိုကြီးကို စိတ်ဝင်စားတဲ့ မဟုတ်လား။ ဒီတော့ ဟိုအစ်ကိုကြီးနဲ့ ပတ်သက်ဆက်စပ်တဲ့ ကောင်းတိုင်းကိုလည်း စိတ်ဝင်စားတာပင်။

ကိုယ်က စိတ်ဝင်စားပြီး ကြားချင်သော်လည်း ဒီ တီကြီးတစ်သိုက်ဟာ ခုမှတွေ့တဲ့သူကို အရင်လူဟောင်းတို့ရဲ့ ကောင်းအဖျင်းများ လွယ်လင့်တကူ ပြောထွက်သူများပါလားဆို တော့ သတိပြုထားလိုက်ရပါသည်။

ဟိုအစ်ကိုကြီးဟာ မဝေမာခင်နဲ့ အရမ်းကိုတွဲကြသည် လား။ ငယ်သူငယ်ချင်း ကြီးလာတော့ ရည်းစား ဆိုပါလား။ _ အဲဒီလိုပဲ ထင်ထားမိတာပါပဲလေ။ အသက်အစိတ်အရွယ် ရှိတဲ့ စတိုင်ဖြောင့်ဖြောင့် စမတ်ကျကျ ယောကျ်ားပီပီသသ ယောကျ်ားတစ်ယောက်ကို ခုချိန်ထိ ချစ်သူရည်းစားမရှိဘဲ ဖွတ်

www.burmeseclassic.com



လပ်နေလိမ့်မယ်လို့တော့ ကိုယ်ဖြစ်စေချင်တိုင်း စိတ်ကူးယဉ်တွေ
လို့ မရဘူးဆိုတာ သိပါတယ်။

"အခု သူတို့က ဘယ်ပြောင်းသွားကြတာလဲ"

"အဲဒါ သမီးလည်း မသိပါဘူး အန်တီ"

"ရတ်တရက်ကြီး ပြောသံ ဆိုသံမကြားဘဲ ပြောင်းသွား
ကွယ်၊ အိမ်ရောင်းမယ်ဆိုတဲ့ သတင်းတောင် တစ်လမ်း
မသိကြဘူး၊ သူတို့ရောင်းတော့မယ် ဆိုတာသာ သိ
ကပ်လျက်ခြံတွေက တစ်ဆက်တည်းလိုချင်ကြမှာ၊ အ
ပွဲစားတွေပဲ လှမ်းအပ်ပြီး အချိန်တိုတိုနဲ့ အရောင်းအ
ဖြစ်သွားတာ နေလိမ့်မယ်၊ သမီးတို့ ပြောင်းလာမှပဲ အုံ
တသင့် သိကြရတာ"

အန်တီကြီးစကားကို နားစွင့်ရင်း စောလုံက အ
ပေါင်းစုံ နက်နေပါသည်။

✦♥✦

ဟိုအစ်ကိုကြီး အိမ်လာသွားတာက သောကြာနေ့
စနေဟာ စောလုံ အလုပ်ဆင်းရတဲ့ရက်ပဲ ဖြစ်သော်လည်း မနေ
သူလာသွားတယ်ဆိုတဲ့ ဖြစ်ရပ်ရဲ့ နောက်ဆက်တွဲမှာ ဟိုအစ်ကို
စိတ်ထဲ ဘယ်လိုအတွေးအကြံ ရှိမလဲ ဘာလဲ ညာလဲ မစဉ်းစား
သေး၍ စောလုံက ဟိုအစ်ကိုကြီးတို့ ဆိုင်ရှေ့က လမ်းဖြတ်လျှော





ာ ဆိုင်ကိုလာရတာကလွဲရင် အလုပ်ဆင်းချိန်မှာ သူ့ဆိုင်ကိုဝင်
ဖြစ်ပါ။

စောလုံတို့ဆိုင်က အလုပ်သမားတွေကို အဆိုင်းခွဲ
၍ စောလုံဟာ ရှစ်နာရီခွဲအရောက်လာပြီး ညနေခြောက်နာရီ
ရတာ လေးရက်၊ ရှစ်နာရီခွဲ အရောက်လာပြီး သုံးနာရီခွဲပြန်
ာက နှစ်ရက်။ အဲသလို အလှည့်ကျ။ စနေနေ့က သုံးနာရီခွဲ
ာရတော့ သူ့ဆိုင်ရှေ့ကပဲ ပြန်ဖြတ်လျှောက်ရာ သူ့ကားကို
ရပြန်။

ဘာတွေအလုပ်ရှုပ်နေပါလိမ့် ဟိုအစ်ကိုကြီး။

တနင်္ဂနွေနေ့ကတော့ စောလုံတို့ အိမ်တက်နေ့ဖြစ်
။ ဟိုအစ်ကိုကြီးနဲ့ မဝေမာ အကြောင်းတွေ အိမ်နီးနားချင်း
မှ တစွန်းတစ ကြားရပြီးတဲ့နောက် တနင်္လာနေ့မှာတော့
သည် ဟိုအစ်ကိုကြီးကို တွေ့ချင်စိတ် ပြင်းပြနေသည်။
ပြန်ရင်တော့ သူ့ဆိုင်ကို တစ်ချက်မွေလိုက်ပါဦးမည်။

ဤသို့ တွေးထားသော်လည်း စောလုံ စိတ်တွင်
လိုပင် ဒီနေ့ ဟိုအစ်ကိုကြီး မုန့်များလှမ်းမှာမလားလို့ ထင်
ည်။ သူလည်းပဲ မမျှော်လင့်ဘဲ စောလုံ အဲဒီအိမ်မှာနေမှန်း
ဲ့တညြ သိသွားထားတဲ့ဟာ။ စိတ်ထဲ မေးမြန်းပြောဆိုချင်
ွေ ရှိရင်လည်း ရှိမည်၊ မရှိရင်လည်း မရှိဘူးပေါ့။

သူ့ မဝေမာ အကြောင်းကို မမပုထံမှ ဘာမှမသိရ
ည် စောလုံဆိုကဆိုရင် သိများသိရစရာအကြောင်းရှိမလား



www.burmeseclassic.com

www.burmeseclassic.com



တွေးကို တွေးမိမှာပင်။ အခြေအနေက အသစ်တစ်ခုလို ဖြစ်လာတယ် မဟုတ်လား။ သောကြာနေ့က သူ သိလိုက်ပေမယ့် စနေ တနင်္ဂနွေမှာတော့ ဘာမှ မလှုပ်ရှားလာတာထားတော့။ တနင်္လာမှာတော့ ထူးခြားမလားလို့ အကြောင်းပြချက်မရှိ ထင်ကိုထင်နေတာ။ မုန့်အော်ဒါလှမ်းမှာတဲ့ ဖုန်းတွေလာလျှင် စောလုံ ခေါင်းလေးထောင်ပြီး စူးစမ်းနားစွင့်မိသည်။

ဟိုအစ်ကိုကြီး မဟုတ်တော့လည်း ကိုယ့်အလုပ်ကိုယ် ပြန်လုပ်ပေါ့။ ဘယ်နေရာမဆို စိတ်ပါလက်ပါ တက်တက်ကြွကြွ ရှိတဲ့ စောလုံက ဘာဂါဟော့ဒေါ့တွေ ဆင်းဒဝစ်ချ်လုပ်နည်းတွေကို ဦးပလာတူးကြီးထံမှ အတင်းလိုက်သင်နေပါသည်။ ဦးပလာတူးကြီးကလည်း သဘောကောင်းကောင်းနှင့် သင်ပေးပါသည်။

အလုပ် လုပ်စရာရှိ လုပ်လိုက်၊ မုန့်လာဝင်လုပ်လိုက်။

"ဦးပလာတူး ဒီပွဲ စောလုံ လုပ်ကြည့်မယ်နော်၊ စောလုံဘာသာ"

"အေးဟာ ... လုပ်ဟာ"

ပထမတစ်ကြိမ် နှစ်ကြိမ်တွေတုန်းက ဦးပလာတူးကြီးက စောလုံ လုပ်ထားတဲ့မုန့်ကို မြည်းကြည့်တတ်ကာ ယုံကြည်စိတ်ချသွားပါသည်။

"ဒီကောင်မလေး မဆိုးဘူး၊ လက်ရှိတယ်"

"အဟဲဟဲ ... လက်ကတော့ရှိတယ် နှစ်ဖက်တောင်"





စောလုံက လက်နှစ်ဖက်မြှောက်ကာ လှုပ်ပြရင်း ပြောင်တတ်သည်။ ဒီဆိုင်မှာ အသက်ဆယ့်ကိုးနှစ်ရှိတဲ့ စောလုံဟာ အငယ်ဆုံးလည်း ဖြစ်နေတဲ့အတွက် အားလုံးက ညီမလေးသဖွယ် ဆက်ဆံကြပါသည်။

"မုန့်အော်ဒါ ဦးပလာတူးရေ"

မုန့်ချရင်း လှမ်းအော်လိုက်တဲ့ မခိုင် အသံကြောင့် စောလုံက လည်ပင်းလေးရှည်ကာ နားစွင့်သည်။

"Earth က ဆင်းဒဝစ်ခြောက်ခု၊ ကော်ဖီအေးကို ခပ်ပြင်းပြင်းလေး ဖျော်ပေးပါတဲ့"

Earth က ဆိုကတည်းက စောလုံသည် ဦးပလာတူး [illegible]ပြီး ...

"ဦးပလာတူး ... စောလုံ လုပ်မယ်"

"ဟဲ့ ... နောက်မှလုပ်၊ Earth က သူ့အကြိုက် သူ့ပုံစံရှိတယ်"

"စောလုံ သိတယ်လေ၊ တူနာငါးသေတ္တာရယ်၊ ဗက်ဂျီစေဘယ်လ်နဲ့ မရောနီးစ်နဲ့ အဆိမ့်လေးရယ်၊ ချိစ်တစ်ဝက်၊ ကြက်ဥတစ်ဝက်ရယ်"

ဦးပလာတူးကြီးက ခေါင်းကိုစောင်းကာ စောလုံကို "အေးဟာမလေး"ဆိုတဲ့ရုပ်နှင့် ပြုံးမဲ့မဲ့ ကြည့်ပါသည်။ စောလုံက ...ုလေးနှင့် မျက်လုံးပိတ်အောင် ပြုံးစိစိလုပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

"လုပ်ပြီနော်"

"လုပ် ... လုပ်၊ မလွယ်ဘူး ဒီကောင်မလေး၊ အားလုံး သူ့သိ သူတတ်တာချည်းပဲ၊ ဟိုကောင်တွေ စောလုံကို ကြည့်ကျက်အထုနိုးကြယော့၊ မကြာခင် မင်းတို့အားလုံးကို ဒီကောင်မလေးက ရောင်းစားသွားမှာယော့"

မတိမ်းမယိမ်း အစ်ကိုအရွယ် လုပ်ဖော်ကိုင်ဖက်တို့သည် ရိုးသားရင်းနှီးစွာ ပေါင်းသင်းခင်မင်လို့ရပြီး ပဲမများတဲ့ စောလုံကို ညီမငယ်လို ချစ်ခင်ရင်းနှီးကြတာဖြစ်ရာ ဒီလိုအပြောမျိုး ကြားရလည်း ဘယ်လိုမှမနေ စပ်ဖြဲဖြဲတွေပဲ ဖြစ်ကြသည်။

"စောလုံကရောင်းဦးတော့ ဘယ်သူမှမဝယ်ဘူး ဦးပလာတူး"

"ဟော"

"ကိုထိန်ကို ဝယ်ရင် မကျွေးနိုင်မှာစိုးလို့တဲ့ မဝယ်ဘူး၊ ကိုဆန်နီ ရောက်လာရင် အကြမ်းပတမ်းနဲ့ အိမ်ပြိုမှာစိုးလို့ မဝယ်ချင်ဘူး၊ ကိုထွေးကိုတော့ ဆံပင်ညှပ်ပြီးမှ ဝယ်မယ်တဲ့"

စောလုံသည် လက်ကလည်းလုပ်၊ ပါးစပ်ကလည်း လှုပ်နေပြီ... အစားကြီးလှကာ စရည်းအိုးပမာဏ ဗိုက်နှင့် ကိုထိန်သည်လည်းကောင်း၊ လှုပ်လီလှုပ်လဲ့နှင့် ဖြည်းဆေးနွေးကွေးလှတဲ့ ကိုဆန်နီသည်လည်းကောင်း၊ ဆံပင်ဘုတ်သိုက်ကြီးနှင့် ကိုထွေးသည်လည်းကောင်း ...





"အောင်မာ ကောင်မလေးနော်၊ နာမယ်နော် ...

...း" စသဖြင့်လောက်နှင့်သာ ကျေအေးကြရလေသည်။ စောလုံက ...ချင်းဖြစ်တဲ့ မခိုင်တို့ အိအိတို့ မမနှင်းတို့ကိုဆိုရင် ဘယ်တော့ ...နေပ်ကွပ်။

"ပြီးပြီ"

"ကဲ ... ဆန်နီ"

"ဟင့်အင်း ... စောလုံပဲ ပို့မှာ"

"ဟော ... ဒီကောင်မလေး သူများလုပ်စရာ မကျန်အောင် သူချည်း သိမ်းကျုံးလုပ်ပြီး တစ်ဆိုင်လုံးကို အလုပ်ဖြုတ်ပစ်တော့မှာ ထင်တယ်"

ဦးပလာတူးကြီးက စောလုံရဲ့ မုန့်အော်ဒါဘူးကို ...ကြည့်သည်။

"အောင်မယ်"

စောလုံက ရှီးရှီးတန်းတန်း ဘူးအကြည်လေးထောင့် ...နှင့် မထည့်ဘဲ အဝိုင်းပုံ အကြီးစား ဘူးကြည်ထဲမှာ ...ခြောက်ခုကို ကြယ်ပုံသဏ္ဌာန်ဖော်ကာ စီထည့်ပြီး ...ရာတွေမှာ ခရမ်းချဉ်သီးနှင့် ဆလပ်ရွက်ကလေးတွေ ...လှအောင် ပုံဖော်ထည့်ကာ မရောနီးစ်လေးတွေကို ...ပေါ် မျက်စိနှင့် ပြုံးနေတဲ့ ပါးစပ်ပုံ အစက်ချထားတာ ...ဗိုင်းအလှဆင်ထားတာမို့ လှပဆန်းကြယ် စားချင့် ...နေပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"တော်တယ် ... တော်တယ် စောလုံ၊ နင် တကယ်တော်တယ်၊ အိုင်ဒီယာရှိတယ်၊ ငါ မြှောက်ပြောတာ မဟုတ်ဘူး၊ ဒီလိုလူမျိုးဟာ ကြီးပွားတိုးတက်မှာ"

စောလုံကတော့ ဟိုအစ်ကိုကြီးအတွက် ကြိုးစားအားထုတ်ထားတာမို့ ကိုယ့်အဖြစ်ကိုယ် ကျိတ်သိနေကာ ပြုံးစိစိရယ်ချင်နေသည်။

"သွားပို့တော့မယ်နော် ဦးပလာတူး"

"ဆန်နီ့ လွှတ်လိုက်မယ်လေ"

"စောလုံ သွားချင်လို့ပါ"

"ဦးပလာတူးရေ ဒီကောင်မလေးက အဲဒီဆိုင်က တိုလီမုတ္တာလီ ဖဲန်စီပစ္စည်းတွေ သိပ်ကြိုက်တာ၊ ဝယ်သလားလည်း မမေးနဲ့၊ မုန့်ပို့သလိုလိုနဲ့ သူငေးချင်သေးတာ"

မခိုင်က သူ့ပဲအကြောင်းသိသလိုလို။ အဟိ ... စောလုံကိုယ်တိုင်ကလည်း အဲသလိုပဲ ပြန်ပြောပြထားကာ ဟိုအစ်ကိုကြီးဆိုင်က စောလုံ ဝယ်ခြမ်းထားသမျှ အတိုအထွာတို့ကို မမခိုင်ကို ထုတ်ပြ ထုတ်ကြွားထားဖူးပါသည်။

"ဟဲ့ကောင်မလေး ... ကြာမနေနဲ့ အမြန်ပြန်လာ"

"ဟုတ်ကဲ့"

စောလုံက မုန့်ဘူးနှင့် အလုံပိတ် ကော်ဖီတစ်ခါသုံးဘူးထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ကို ဆွဲကာ ဟိုအစ်ကိုကြီးဆိုင်သို့





ပြေးပါတော့သည်။ စောလုံ ထွက်သွားတဲ့နောက်မှာ လူဟောင်းဖြစ်တဲ့ မခိုင်နှင့် ဦးပလာတူး ပြောဆို ကျန်ရစ်သည်။

"အဲဒီ ကိုမင်းဝင့်က အရင်ကဆို မကြာမကြာ လာသားနော်"

"အင်းနော် ...၊ အခုနောက်ပိုင်း သိပ်မလာဘူး၊ ဘာကြောင့်ပါလိမ့် မသိဘူး"

"ဒီဆိုင်ကို ကိုမင်းဝင့်နဲ့ နှစ်ကြိမ်လောက် ပါလာဖူးတဲ့ မိန်းကလေးကော ဦးပလာတူး မှတ်မိလား"

"အေး ... မှတ်မိတယ်လေ၊ ဆံပင်ကြီး ကောင်းကကောင်းနဲ့"

"တစ်နေ့က ခိုင့်မေမေကို အရိုးအကြောဆရာဝန်နဲ့ ဒူးနာတာ သွားပြတာလေ၊ သူ့ကိုတောင် တွေ့ခဲ့သေးတယ်"

"ဟုတ်လား"

"ခိုင်တို့တင် သူ့ကို မှတ်မိတာ မဟုတ်ဘူး၊ သူကလည်း ခိုင့်ကို မှတ်မိတယ် သိလား"

"ဟုတ်လား ... နှုတ်ဆက်သေးလား"

"ဟင့်အင်း ... နှုတ်ဆက်ဖို့ နေနေသာသာ ခိုင့်ကိုတွေ့တော့ မှတ်မိသလို အံ့သြသွားပြီး ချာခနဲ အဝေးကိုလှည့်ထွက်သွားရော"

"ဟင် ... ဟား ဟား၊ နင့်ကြည့်ရတာ ခင်မင်စရာ သိပ်မကောင်းလို့ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဦးပလာတူးကလည်း၊ ခိုင့်ကို ဘာလို့ မခင်မင်ချင်ရတာရှိလဲ၊ သူ့ကြည့်ရတာ အကြောင်းတစ်ခုခုရှိမယ်၊ သူ့ကို ခိုင် တွေ့လိုက်တာကို သူက သဘောမကျတဲ့ပုံ"

"ဘာကြောင့်လဲ"

"အကြောင်းတစ်ခုခု ရှိမယ်လို့ဆို"

"အင်းလေ ... ဘာအကြောင်းလဲ"

"ခိုင် ဘယ်သိပါ့မလဲ၊ သိရင် ပြောပြီပေါ့"

"ဪ ... နင့်ဟာကလည်း"

ထိုအချိန်မှာ စောလုံက ဟိုအစ်ကိုကြီးဆိုင်ထဲ ဝင်လာလေပြီ။

မင်းဝင့်ထည်သည် သူ မုန့်မှာလိုက်လျှင် စောလုံပဲ လာပို့လိမ့်မည်ဟု အလိုလို ထင်နေပါသည်။ ခုတော့ ထင်တဲ့အတိုင်း။ ဒီလို စိမ်းပြာဘလောက်စ်နှင့် စကပ်နက်လေးနှင့်ဆိုတော့ စောလုံက လှကြီးမလေးလိုလို။ သူရှိရာ ကောင်တာအမြင့်ဆီကပ်လာတဲ့ စောလုံကို ဆီးကြိုပြုံးပြလိုက်ပါသည်။

စောလုံက မျက်လွှာကလေး ချလိုက်ပြီးမှ ပြန်ပြုံးပြလိုက်သည်။

"ဆင်းဒဝစ်ချ်ခြောက်ခုနဲ့ ကော်ဖီအေးပါ"

"ဘယ်လောက်ကျလဲ စောလုံ"

အမယ် ...။





နာမည်ထည့်ခေါ်လိုက်၍ စောလုံက အငိုက်မိသွားရပြီးမှ ဣန္ဒြေဆည်လိုက်ပါသည်။ သူက ကိုအာဗြဲရဲ့ မွေးစားအစ်ကိုပဲလေ။ စောလုံကို သိတယ်လို့ မမပု ပြောပြီးသားပဲ။ ဒါပေမဲ့ ခုမှပဲ သူ့ထံက အမည်ခေါ်သံ ကြားဖူး၍ အလန့်တကြား အံ့အားတသင့် နားဝင်ချို ကြက်သီးထ,သွားတာ။

စောလုံက ကွန်ပျူတာဖြတ်ပိုင်းလေး လှမ်းပေးရင်း...

"ဆင်းဒဝစ်ချ်က နှစ်ထောင့်တစ်ရာ၊ ကော်ဖီဘူးက ပါဆယ်မို့ ရှစ်ရာပါ"

"ဆင်းဒဝစ်ချ်က ဈေးတက်သွားတာလား"

"ဟုတ် ... သုံးရာငါးဆယ် ဖြစ်သွားပါတယ်၊ ဟို ... ဒါပေမဲ့ အထဲကဟာတွေ ပိုထည့်ပေးထားပါတယ်"

မင်းဝင့်ထည်က ပြုံးရင်း ...

"ဦးပလာတူး လက်ရာပဲလား"

"ဟင့်အင်း"

"ဟုတ်လား၊ လူပြောင်းသွားပြီလား၊ ကိုယ်တောင် အဲဒီဆိုင် အေးအေးဆေးဆေး လာမထိုင်မိတာကြာပြီ၊ ဦးပလာတူး မရှိတော့ဘူးလား"

"ရှိပါတယ်"

"ဒါဖြင့် သူလုပ်တာပဲ မဟုတ်ဘူးလား"

"ဟင့်အင်း"

"ဘယ်သူ လုပ်နေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးပလာတူးပဲ လုပ်ပါတယ်၊ ဒါပေမဲ့ ဒီဥစ္စာကတော့ ..."

စောလုံက မျက်နှာကလေး နီမြန်းလာသည်။ ဟော တော်။ ဘာရှက်စရာရှိလဲ။ ဦးပလာတူး လုပ်တာလောက် မကောင်း ဘူးဆိုရင် ရှက်စရာကြီးပေါ့။ ဒါပေမဲ့တော့ ကိုယ်က ခုမှသင်ရတဲ့ သူ စမ်းလုပ်နေတဲ့သူပဲဟာ ဦးပလာတူးလောက် မတော်လည်း ဘာမှမဖြစ်ပါဘူး။ စောလုံ ရှက်နေရတာက စောလုံ လက်ရာကို စောလုံ ချစ်မြတ်နိုးတဲ့ အစ်ကိုကြီးက မြည်းစမ်း အရသာခံတော့ မှာမို့လေ။

"ဒီဥစ္စာက ဘာဖြစ်လဲ"

"ဟို ... စောလုံ လုပ်တာ"

"အော"

မင်းဝင့်ထည်က ကြွပ်ကြွပ်အိတ်ထဲက ခါတိုင်းလို လေးထောင့်ဘူး မဟုတ်တဲ့ ဘူးဝိုင်းကို ထုတ်ကြည့်လိုက်သည်။ အဆန်းအကြယ် အလှအပလေးတွေ ဆင်ယင်ထားတာ မြင်ရ၍ ပြုံးသွားပါသည်။ စောလုံက ရှက်ရှက်နှင့် ဟိုဒီလျှောက်ကြည့်က နေသည်။ မင်းဝင့်ထည်ကို မကြည့်။

"နှစ်ထောင့်ကိုးရာပေါ့"

"ဟုတ်"

"အကြွေအမ်းဖို့ တစ်ရာပါလား၊ ဘယ်ပါမလဲနော်"

"ပါတယ်ရှင့်"





သုံးထောင်ပဲပေးမှာ သေချာတာမို့ ရာတန်အပို ကြိုတင်ယူလာတဲ့ စောလုံရဲ့ ပါးနပ်ကွက်ကျော်မြင်မှုကို မင်းဝင့် ထည်က ချီးကျူးမိသည်။

"ဟိုအိမ်ကို ပြောင်းတာ မကြာသေးဘူးပေါ့"

"ဟုတ်ကဲ့"

"မဝယ်ခင်ကကော စောလုံ ရောက်ဖူးလား"

စောလုံက မင်းဝင့်ထည်ကို ခပ်ရှုးရှုးလေး အကဲခတ် ရင်း ...

"ဟုတ်ကဲ့"

"အိမ်ရှင်တွေကို တွေ့ဖူးတာပေါ့"

"ဟုတ်ကဲ့"

စောလုံက ရင်ထဲ တစ်မျိုးတစ်မည်လေး ဖြစ်ရင်းက ဝင် ...

"မဝေမာခင်ကိုလည်း မြင်ဖူးပါတယ်"

"သြော်"

"မဝေမာခင်နဲ့ အစ်ကိုကြီးနဲ့ အလွန်ရင်းနှီး ခင်မင်ကြောင်း တွေလည်း လမ်းထဲက အန်တီအပျိုကြီးတွေ ပြောပြလို့ သိပါတယ်"

မင်းဝင့်ထည်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"သူနဲ့က သိပ်ရင်းနှီးတာလေ"



www.burmeseclassic.com

www.burmeseclassic.com



စောလုံက ကြားသလိုလို မကြားသလိုလို လုပ် လိုက်ပါသည်။ စိတ်ထဲကတော့ ..."ဒါပဲလား၊ ရင်းနှီးရုံလေးလ ရည်းစားတွေ မဟုတ်ဘူးလား"လို့ ရန်ခပ်လိုလို တွေးနေမိသည

"စောလုံကို မေးကြည့်ရဦးမယ်"

ဘာလဲ ဆိုတဲ့ပုံနှင့် သူ့ကို ဖျတ်ခနဲ ပြန်ကြည့်လို သည်။

"စောလုံတို့ အဲဒီကိုပြောင်းပြီးနောက်မှာ အဲဒီအိမ်ကို အဲ ဝေမှာဆီကိုပဲပေါ့၊ စာတွေ ဘာတွေ မလာဘူးလား"

စောလုံ ရင်ထဲ ဝုန်းခနဲဆောင့်ခုန်သွားပြီး ဘယ် ပြောရင် ကောင်းမလဲ ကမန်းကတန်း စဉ်းစားလိုက်သည်။ တွေကလည်း ခုမှပေးလို့မရတော့။ အပေါက်အပြဲအရွဲတွေ ဖြစ် ပြီ။ မလာပါဘူးလို့ ညာပြောရင် တော်ကြာ စာတိုက်ကိုသ စုံစမ်း ကြည့်နေရင် ဒုက္ခ။ ဟိုက သူတို့ဝေပြီးပါပြီလို့ ပြောမှာ အမှန်အတိုင်း ပြောတာကပဲ ကောင်းပါတယ်။

"လာတယ်"

"ဟုတ်လား၊ စာတွေ ရောက်တယ်ပေါ့"

"ဟုတ်တယ်၊ လာတဲ့စာတွေက မဝေမာခင် နာမည်နဲ့ ပဲ၊ သုံးလေးငါးစောင်ရှိမလား မသိပါဘူး၊ စောလုံတို့လ မဝေမာခင် ပြောင်းသွားတဲ့ နေရာကို သိတာမဟုတ်ဘူ

"တကယ်မသိဘူးပေါ့"





"ဟင့်အင်း ...၊ သူ့အမေ ပြောဖူးတာတော့ နိုင်ငံခြားသွား ကြမယ်လို့ ပြောတယ်"

"ဘယ်လိုသွားမှာမျိုးလဲ၊ အပြီးလား"

"အပြီးဆိုတဲ့ သဘောမျိုးပဲပေါ့၊ ဒီကရွှေ့ပြီးရင် အိမ်ပြန် မဝယ်တော့ဘူးတဲ့၊ အမျိုးအိမ် ခဏဝင်ခိုနေပြီးရင် နိုင်ငံခြား သွားကြတော့မှာဆိုတော့ အိမ်ဝယ်ဖို့ မလိုဘူးတဲ့၊ အဲဒီသဘော မျိုးပြောတာ၊ အလည်သွားမှာဆိုရင် ဒီအိမ်တောင် ဘာလို့ ရောင်းနေစရာလိုမလဲ"

မင်းဝင့်ထည်က ခေါင်းတညိတ်ညိတ် လုပ်နေမိပါ သည်။

"ဟို ... ဒီအစ်ကိုကြီးက မဝေမာခင်နဲ့ သူငယ်ချင်းအရင်း ဆို၊ ဘာဖြစ်လို့ ဒါတွေမသိရတာလဲ"

"ဟိုအရင်ကတော့ သိပ်ရင်းနှီးကြပေမယ့် နောက်ပိုင်းမှာ သူ့အိမ်က လူကြီးတွေကပါ ကိုယ့်အပေါ် မကြည်လင်စရာ ဖြစ်ခဲ့တယ်၊ အပေါင်းအသင်း မလုပ်ခိုင်းတော့ဘူးပေါ့၊ ဒီတော့ သူတို့အိမ်လည်း မရောက်တော့ဘူး၊ အပြင်မှာပဲ တွေ့ကြတယ်၊ အိမ်ရောင်းတဲ့ကိစ္စကိုတော့ ဝေမာ ကိုယ်တိုင် က နှုတ်လုံထားတာ၊ လုံးဝမသိလိုက်ရတာ"

ရှင်က ဘာသွားလုပ်လဲမှ မသိဘဲ။ စောလုံသည် သူ့ကို မုန်းတုန်းတုန်းတောင် ရှိလာသည်။ စာတွေကို ပြန်ပြော ဆောင်ကာ သူ့ကို မျက်နှာမကြည့်ဖြစ်ဘဲ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တတွေရော ... ဒါဆို လေးငါးစောင်တောင် သိမ်းထားတာပေါ့"

"ဟင့်အင်း ... မသိမ်းထားဘူး"

စူပုပ်ပုပ် ဖြေမစ်လိုက်ပါသည်။

"မသိမ်းထားဘူးဆိုတော့ ဘယ်ရောက်သွားလို့လဲ"

စောလုံက ဟိုအစ်ကိုကြီးကို စူးစူးစိုက်စိုက်ကြီး အေးစက်စက် ကြည့်ပစ်လိုက်သည်။

"မီးသွေးမီးဖိုထဲမှာ မီးမွှေးပစ်တယ်"

မင်းဝင့်ထည် အံ့သြပြီး ငေးကြောင်ကြည့်နေမိဆဲ စောလုံက ကောင်တာပေါ်က ပိုက်ဆံကို ဆတ်ခနဲကောက်ကာ ဆတ်တောက်တောက် ထွက်သွားပါသည်။

✦♥✦





၇

မင်းဝင့်ထည်က ထမင်းစားခန်းထဲ ဝင်လာခဲ့လျှင် စားပွဲမှာ မေမေက ထိုင်ကာ ထမင်းကျွေး စားနေပြီး ဘေးက ဘော်ဖိုင့်ထည့်ပေးနေတဲ့ ဒေါ်ညိုကြီးကို တွေ့ရသည်။

"ဒေါ်ကြီးညို ကျွန်တော့်ကို ဘာလချောင်ကြော် တစ်ပုလင်းစာ ကြော်ပေးဦးနော်"

"အေး ... အေး ... မင်းမင်း ပြောထားတာ သတိရပါတယ်၊ ဘယ်နေ့ကြော်ရမလဲ မင်းမင်း"

"စနေနေ့ ကြော်လိုက်ပါ ဒေါ်ကြီးညို"

"အေး ... အေး ... ကြော်မယ့်အချိန် ကောက်ကြော်လိုက်ရုံပါပဲ"

"သား"

"မေမေ"

"ဖြိုးမောင်ဖို့လား"

"ဟုတ်ကဲ့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတနင်္ဂနွေ မင်္ဂလာဆောင်သွားဖို့ ရှိတယ်နော် သား"

"ဘယ်သူလဲ မေမေ"

"မင်းအန်တီချစ်"

"သြော် ... အန်တီချစ် ယူပြီလား"

အန်တီချစ် ဆိုတာက မေမေ့ညီမ တစ်ဝမ်းကွဲတော် ပါသည်။ မကြာခင် စွံတော့မည် အိမ်ထောင်ပြုတော့မည်ဆိုတဲ့ သတင်းကိုတော့ ကြားထားပြီးဖြစ်သည်။

"အေး ... မဟာသန္တိသုခမှာ ဆွမ်းကျွေးမယ် သား"

"တနင်္ဂနွေ ဆိုရင်တော့ သား မလိုက်တော့ဘူး မေမေ ဖြိုးမောင်ဆီ သွားဖို့ မိုးလွင်နဲ့လည်း ကြိုချိန်းပြီးသား ဖြစ် နေလို့ပါ"

"မင်းမပါလာရင် အန်တီချစ်က ပွစိပွစိ လုပ်မှာပဲ"

"နောက်မှ အိမ်သွားလိုက်ပါ့မယ် မေမေရယ်၊ မေမေလည်း အဖော်ရအောင် အန်တီစိုးတို့ လင်မယားနဲ့ဖြစ်ဖြစ် အဖော် စပ်လိုက်ပါလား"

"အဖော်စပ်လို့ ရပါတယ်၊ သားမပါလာရင် ပြောနေမှာစိုး လို့သာ"

"သား လာခဲ့ဦးမယ်လို့ ပြောခဲ့ပါ မေမေ"

အိမ်မှာ မင်းဝင့်ထည် မောင်းကာ သွားလာနေတဲ့ ကားအပြင် မေမေ သွားလာဖို့ ဒရိုင်ဘာ မနက်လာ ညနေပြန် မောင်းပေးသော ကားတစ်စီး သီးသန့်ရှိပါသည်။





"ဖြိုးမောင်ရော နေကောင်းရဲ့လား သား"

"နေကောင်းပါတယ် မေမေ၊ ဒီကောင် စိတ်ဓာတ်ကျနေတာ တစ်ခုပါပဲ"

"သူ့အခြေအနေကကော ဘယ်လိုလဲ"

"ဘာမှ ရေရေရာရာ မပြောနိုင်သေးဘူး မေမေ၊ အပြင်မှာ ကျန်နေတဲ့သူတွေကလည်း အမေနဲ့ အစ်မတွေဆိုတော့ ဘာမှ သိပ်ထိထိရောက်ရောက် မလုပ်တတ်။ မိုးလွင်က တော့ အများဆုံး ကူညီဆောင်ရွက်ပေးနေတာပဲ"

"အေးပေါ့လေ၊ သူကတော့ သူငယ်ချင်းလည်းဖြစ် ယောက်ဖ လောင်းလည်း ဖြစ်နေတာကိုး။ ဖြိုးမောင်ကိုက ဒီကောင် လေးတွေနဲ့ ဆက်ပေါင်းနေတာ မှားတာ"

"ငယ်သူငယ်ချင်းတွေ ဆိုတော့လည်းလေ၊ ဖြိုးမောင်က လည်း အပေါင်းအသင်း သိပ်မင်တာ မေမေရဲ့"

ဖြိုးမောင်မောင်ဟာ မင်းဝင့်ထည်တို့ မိုးလွင်တို့နဲ့ တက္ကသိုလ်ကျမှ တွေ့ကြတဲ့သူတွေဖြစ်ပြီး သူ့မှာ အထက်တန်း ကျောင်းကတည်းက ပေါင်းသင်းတဲ့ သူငယ်ချင်းအုပ်စုကလည်း ရှိသေးသည်။ ထိုအုပ်စုနှင့်လည်း အတွဲမပျက်၊ မင်းဝင့်ထည်တို့ နှင့်လည်း ဒီဘက်မှာ သတ်သတ်တွဲနေတဲ့ ဖြိုးမောင်ဟာ ဟိုဘက် အုပ်စုနှင့် အတွေ့များလျှင် မဟုတ်တာ တစ်ခုခုတော့ ဖြစ်ပြီမှတ်။

ဖြိုးမောင်ကိုကလည်း တောင်လေလာ တောင်ယိမ်း၊ မြောက်လေလာ မြောက်ယိမ်း ဆိုသလို စိတ်ဓာတ်မခိုင်မာတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လက်ရှိပေါင်းသင်းနေတဲ့ သူငယ်ချင်းတွေ လုပ်တာ အကုန်လိုက်လုပ်သည်။ ကိုယ့်မူနဲ့ကိုယ်မရှိ။ မင်းဝင့်ထည်တို့နှင့် တွဲနေ သွားလာနေလျှင် ခပ်အေးအေးရှိနေပြန်ကာ ဟိုအုပ်စုနှင့် တွဲနေလျှင် ဟိုအုပ်စုနှင့် အရက်ဆိုင်ရောက်၊ ပုန်းကုံးစွပ်၊ ကလပ် သွား၊ မဟုတ်တာလုပ် စသဖြင့် တောပေနေပြန်သည်။

ဟိုသူငယ်ချင်းအုပ်စုဟာ ဆယ်တန်းမအောင်တဲ့သူ က မအောင်၊ မိန်းမရှုပ်တဲ့သူကရှုပ်၊ ဆေးငြိတဲ့သူကငြိ၊ ရန်ဖြစ်တဲ့ သူကဖြစ်။ တစ်ခုခုဆိုရင်လည်း သဘောကောင်း သဘောလွယ်တဲ့ ငွေထွက်တဲ့ ဖြိုးမောင်ကို လာလာခေါ်ကြသည်။ အမေက ကား တစ်စီးစိတ်ကြိုက်သုံးခိုင်းထားကာ ပိုက်ဆံဆိုတာကတော့ တကျ လက်ညီ စီးပွားရေးလုပ်ကြတဲ့ အမေဆီကတစ်မျိုး၊ အစ်မအပျိုကြီး အပျိုလေးတွေဆီကတစ်မျိုး ဖောဖောသီသီရနေလေရာ ဖြိုးမောင် ဟိုကောင်တွေ လာလာဆွဲခေါ်တော့တာလည်း မဆန်းပါ။

ဖြိုးမောင်က အစစအရာရာ ဒိုင်ခံဒကာခံတာ။ ဒီ အုပ်စုနဲ့တွဲတာ သူ့အမေတွေကလည်း မကြိုက်။ မင်းဝင့်ထည်တို့ ကလည်း ဖြိုးမောင်ကို နားတော့ချတာပင်။ ကိုယ့်ဘက်တော့ ရ တာပင်။ ဖြိုးမောင်ကလည်း အားနာတတ်တတ်။ သို့သော် ဒီဖြိုး မောင်ဟာ စိတ်ထားလေး ကောင်းလှတဲ့အတွက် မင်းဝင့်ထည်နှင့် မိုးလွင်ကလည်း လက်တွဲမဖြုတ်နိုင်ဘဲ ဖြစ်နေတာ။

အခု အချုပ်အနှောင်ခံနေရတဲ့ကိစ္စက ရန်ဖြစ်မှု ရန်ဖြစ်ရင်းက တစ်ဖက်က တစ်ယောက်သေတော့ လူသေမှုဖြစ်





သွားသည်။ အမှုက ကြီးသွားသည်။ ရန်ပွဲတုန်းက ရှိနေသမျှလူ တွေအားလုံး ဖမ်းချုပ်ခံထားရကာ ဘယ်သူမှ အာမခံမရ။ သို့ပေမဲ့ တကယ် လက်ရဲဇက်ရဲလုပ်တဲ့အထဲ ဖြိုးမောင် မပါပါ။ ဖြိုးမောင် အဲသလောက် လက်မယဉ် ဇ,မရှိပါ။ ကြောက်လည်းကြောက်တတ် သူပါ။ သို့ပေမဲ့ အုပ်စုထဲ ပါနေကာ အခင်းဖြစ်နေရာမှာ ရှိနေ တော့ ကိုယ်လွတ်ရုန်းထွက်မရ။

အတူချုပ်နှောင်ထားခံရတဲ့ တချို့ကောင်တွေကတော့ ဝန်ခံပါသည်။ ဖြိုးမောင် မပါပါဘူးတဲ့။ ဖြိုးမောင်က ရုပ်ကြည့်သူ။ အလန့်တကြားနှင့် "ဟောကောင်တွေ ... ဟောကောင်တွေ" လောက် သာ အဝေးက အော်ဟစ်ဖျဉ်နေသူ။ တချို့တွေကတော့လည်း အားလုံးကို ဆွဲထည့်သည်။ "အကုန်ပါတာပဲ၊ အားလုံးဝိုင်းချကြ တာပဲ"လို့ ရောချလိုက်သည်။

ခုထိတော့ ဘယ်သူမှ အာမခံမရ။ တစ်ဖက်က သေဆုံးတဲ့ လူငယ်ကလည်း နယ်နယ်ရရထဲက ဟုတ်ပုံမရ။ အမှု ကို ဝိသုကာနဲ့ကို ပုံစံတကျ တည်ဆောက်နေသလား ထင်ရသည်။ ခင်းတင်းမာမာပင်။

"အပေါင်းအသင်း မှားတာကိုး"

"ဟုတ်တယ် မေမေ"

"ဖြိုးမောင်ကြောင့် မင်းတို့ မိုးလွင်တို့လည်း နာမည်ပျက် ရမလိုဖြစ်တာ နှစ်ကြိမ် သုံးကြိမ်လေ၊ လူတွေက ဒီပုပ်အဲ က ဒီပဲထင်ကြမှာ၊ သူက ဆေးလေးကျတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်၊ အရက်လေးကျတော့ တမြမြ၊ မိန်းမကျတော့လည်း နာမည်ပျက်ရုံလေး၊ ရန်လေးကလည်းဖြစ်၊ လိုင်းကိုစုံနေတာကိုး၊ လည်လွန်းတဲ့ဘီး ချေးသင့်တာလေ၊ တစ်ကွေ့မဟုတ် တစ်ကွေ့ ထိတော့မှာ မြင်ယောင်နေသား၊ ခုလိုဖြစ်တော့လည်း စိတ်မကောင်းဘူး”

မေမေက လူကြီးပီပီ အစတစ်ခုရလျှင် ရှည်ရှည်ဝေးဝေး ဆက်တွေးမိနေတော့ပုံရပြီး ...

“မေမေလည်း နောက်လထဲ သွားရမှာ၊ မင်းနဲ့ အာဗြဲ နှစ်ယောက်တည်းရှိတုန်း အေးအေးဆေးဆေး နေကြဦး”

“မေမေကလည်း သားနဲ့ အာဗြဲပဲ နှစ်ယောက်တည်းနေရတာများ အဆန်းလုပ်လို့၊ ဒီထက်ငယ်တုန်းကတောင်နေခဲ့သေးတာပဲ၊ တစ်ခါများ ချက်ပြုတ်မယ့်သူတောင် မရှိဘူးလေ၊ အာဗြဲချက်ပေးတာ၊ အခုက ဒေါ်ကြီးညိုလည်း ရှိတယ်”

“အာဗြဲကလည်း မေမေ ရှိရင် သိပ်အလည်လွန်ချင်တယ်”

“မေမေကလည်း အာဗြဲက ဘာမှမလုပ်ဘူး၊ ရုပ်ရှင်ပဲကြည့်တာ၊ သူကြည့်ချင်တဲ့ကား ရှိရင်တော့ မိုးချုပ်ချုပ် မိုးလင်းလင်း ဘယ်နှပွဲဆက်ဆက် ကြိုက်ရင် ဆက်ကြည့်နေရော၊ မေမေ့ဝမ်းမနာသားအကြောင်း မေမေ သိသားနဲ့၊ ကျန်တာ မဆိုးရှာပါဘူး”



“ဟုတ်ပါတယ်၊ အာဗြဲက မဆိုးရှာပါဘူး၊ သိပ်အားကိုးရပါတယ်”

“သူလည်း လိန်ပိန်နေလောက်ပြီ၊ ပြန်ချင်လှရောမယ်”

“ဘာဖြစ်လို့လဲ”

“ဩော် ... သူ့ကောင်မလေး ရှိလို့ပေါ့ မေမေကလည်း၊ ရည်းစားနဲ့ခွဲခွာပြီး လေးငါးခြောက်လ နိုင်ငံခြားသွားသွားနေရတာ သူလည်း လွမ်းမှာပေါ့”

မေမေက ရယ်မောနေပါသည်။

“အာဗြဲက ဟိုမှာလည်း အလုပ်မလုပ်ချင်ဘူးနော်”

“ရောက်တုန်း ခဏတဖြုတ် ယာယီအလုပ်လေးတွေ လုပ်တာပဲရှိတာ၊ အာဗြဲက ပတ်ဘလစ်ရှာလုပ်ချင်တာ မေမေရဲ့၊ သူ့ဝါသနာလည်း မဆိုးပါဘူး၊ ဒီတစ်ခါ ပြန်လာပြီးရင်တော့ စာအုပ်တိုက်လေး ဘာလေး ထောင်ပေးပြီး မိန်းမပေးစားလိုက်ပါတော့ မေမေရာ”

မေမေက မင်းဝင့်ထည်ကို မျက်စောင်းထိုးရင်း ...

“အင်း ... အချင်းချင်း သိတတ်တယ်နော် ... ဟင်း”

ခပ်ပြုံးပြုံးလုပ်နေတဲ့ မင်းဝင့်ထည်ကို မေမေက ... ခတ်ကာ ...

“မင်းကော ဘယ်လိုလဲ သား”

မင်းဝင့်ထည်က ပခုံးတစ်ချက်တွန့်၍ ထမင်းစားပွဲ ... ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘက်ကို အဲသလို မြားဦးလှည့်လိုက်တာနဲ့ ဒီလိုပဲ ရှောင်ရှောင်ထွက်သွားတယ်၊ ဘာမှကို ပွင့်ပွင့်လင်းလင်း မပြောဘူး"

✦♥✦

"ရှေ့မှာ ချောကလက်အိုက်စ်ကရင် တစ်ပွဲ၊ ဟော့ဒေါ့တစ် ရှိတယ်"

မခိုင်ရဲ့ အမှာကြောင့် ကိုထိန်က အိုက်စကရင်ခပ် ပါသည်။

"ကိုထွေးရေ ... စားပွဲလေးတွေ ရှင်းပါဦး၊ သန့်လိုက်ပါဦး"

စောလုံက ဦးပလာတူး အသားကြိတ်တာ နပ်တာ ကြည့်နေပါသည်။ ဒီဆိုင်မှာ ဘာဂါထဲထည့်တဲ့ အသားပြားတို့ ရယ်ဒီမိတ်တွေ မသုံးပါ။ ဦးပလာတူး ကိုယ်တိုင် အဆာပလာတွေ ရောပြီးကြိတ်ထားတဲ့ အသားပြားကိုသုံးတာ ဖြစ်သည်။ ဦးပလာတူ စပိုက်စ်တွေ အချိုးအဆနွှေ ရောစပ်တာကို စောလုံက စူးစမ်း လာနေတာဖြစ်သည်။

ဦးပလာတူးက ရုတ်တရက် လက်ပေကြီးနှင့် စော မျက်နှာကို သုတ်မလို့ ရွယ်လိုက်သောအခါ စောလုံဆီက အိ တွန့်ရှောင်မိပြီး ဦးပလာတူးကို မျက်စောင်းထိုးလိုက်ရင်း ...

"ဦးပလာတူးနော်၊ တကယ်သုတ်လိုက်တယ် ထင်လို့"





ဦးပလာတူးက ဟော့ဒေါ့ပွဲပြင်ရင်း ...

"သုတ်တော့မှာ၊ တကတည်း၊ ငါ့အသားတွေထဲ နင့်မျက်နှာကြီး ဝင်တော့မယ်၊ နည်းလေး ဘာလေးခိုးလည်း တော်ရုံ တန်ရုံခိုးပေါ့၊ ခုတော့ သူ မသိချင်တာ မသင်ချင်တာ မရှိဘူး"

"သင်ချင်တာပေါ့လို့"

"ဘာလဲ ... နင် ဆိုင်ဖွင့်မှာမို့လို့လား"

"အင်း ... ဟဲ ဟဲ၊ ဖွင့်သင့်ရင် ဖွင့်ရမှာပေါ့"

Ham Burger ဆိုရင် ဝက်ကိုဘယ်လိုကြိတ်၊ ဘယ်လို ယ်၊ Chicken Burger ဆိုရင် ကြက်ကို ဘယ်လိုကြိတ် ဘယ်လို ယ်၊ Mutton Brrger ဆိုရင် ဆိတ်ကို ဘယ်လိုကြိတ် ဘယ်လို ယ်၊ Seafood Burger ဆိုရင် ဘာတွေကိုရောကြိတ် ဘယ်လို ယ်။ တစ်ခုပြီးတစ်ခု လေ့လာသင်ယူနေတာ အတော်တတ်နေပြီ။ ခ်ကျ ပြန်လုပ်ကျွေးတတ်လှ၍ ဖေဖေရော မမပုရော အီလှပြီ။

ခုတော့ ပြီးခဲ့တဲ့ တနင်္ဂနွေကစပြီး အန်တီချစ် ခ်ရောက်လာပြီ။ စောလုံ လုပ်သမျှ မြည်းစမ်းဖို့ လူသစ်ရနေပြီ။ ရက် သုံးရက်ပဲ ရှိသေးတော့ အန်တီချစ်ကလည်း စောလုံလက် Breakfast တွေကို သဘောတွေကျကာ မညည်းမညူ စား သည်။

"ဟယ် ... စောလုံက လုပ်တတ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဘာဂါလည်းကောင်း၊ ဆင်းဒဝစ်ချ်လည်း အရသာရှိ၊ ဟော့ဒေါ့လည်း အပုံစား"

အန်တီချစ်ထံက ထိုအသံတွေ လွင့်ပျံနေသည်။ အခုထိက အိမ်မှာပြန်လုပ်ကျွေးဖို့ အသားပြားတွေကို ဆိုင်ကနေ ပိုက်ဆံပေး ဝယ်ဝယ်လာတာ။ ခုလိုအသားပြား လုပ်နည်းပါ တတ်သွားရင်တော့ အိမ်မှာတင် လုပ်လို့ရပြီ။

"စောလုံ မီးဖိုထဲမှာ သွားရှုပ်နေပြန်ပြီလား"

"စောလုံ ဂျူတီပြီးပြီ မခိုင်ရဲ့၊ တမင်မပြန်သေးဘဲ လေ့လာနေတာ"

"ဟင် ... ဟုတ်လား၊ လေးနာရီတောင် ထိုးတော့မှာ၊ ဂျူတီပြီးရင်လည်း ပြန်ပေါ့၊ ဒီမှာ အိအိလည်း ရောက်နေပြီ၊ နင်က ဟိုဝင်ဒီထွက်နဲ့ ခြေထောက်ရှုပ်တယ်"

မမခိုင်က တမင်စ,နေတာသာ ဖြစ်ပါသည်။ စောလုံကို လူတိုင်းက ကလေးလို သဘောထားကာ နောက်ပြောင်နေကျ။

"ရော့ ... ကိုထွေးရေ"

ကိုထွေးက မုန့်ပွဲကို အပြင်ခန်းရဲ့ အဆေါက်ကလေးထဲမှတစ်ဆင့် လှမ်းယူ၊ ဗန်းထဲထည့်၊ ကိုထိန့်ထံက အိုက်စ်ကရင်ဖန်ခွက်ယူထည့်။ မခိုင် လှမ်းပေးတဲ့ ကွန်ပျူတာထဲက ထွက်လာတဲ့ ဘောက်ချာရှည်လေးထည့်။ ပြီးတော့ ဗန်းကို မှာတဲ့စားပွဲဆီ သွားချလိုက်ပါသည်။ ချအပြီး ငွေရှင်းတာယူကာ လှည့်အထွက် ...





"ဒီမှာခင်ဗျာ"

"ဟုတ်ကဲ့"

"စောလုံရှိလား"

"စောလုံ ! "

"ဟုတ်ကဲ့"

"ဪ ... ရှိတယ်"

"ခဏလောက် ခေါ်ပေးလို့ ရမလား"

"ဪ ... ဟုတ်ကဲ့"

ကိုထွေးက ပြန်ဝင်လာပါသည်။ မီးဖိုတံခါးဟ၍ ခေါင်းပြူကာလာ ...

"စောလုံတဲ့၊ လာစားတဲ့ လူတစ်ယောက်က ခေါ်နေတယ်"

"ဘယ်သူလဲ ကိုထွေး"

စောလုံက ဖဝေဖဝါလေး မေးလိုက်ပါသည်။

"မသိဘူးဟ၊ ငါ မမေးမိဘူး"

"ဟာ ... ကိုထွေးကလည်း"

ရုတ်တရက် စောလုံသည် ဟိုအစ်ကိုကြီးများလားရယ် ... ဖျတ်ခနဲ တွေးမိလိုက်ကာ ရင်တွေ ဘာတွေ တုန်သွားရရင်း ...

"ဒီနားတစ်ဝိုက်ကလား"

"အေးဟ ... မြင်တော့ မြင်ဖူးသလိုပဲ ဒီလူကို"

ဦးပလာတူးက စောလုံကိုလှည့်၍ အကဲခတ်နေသည်။ စောလုံက နဖူးပေါ်က ဆံပင်လေးများ ဖျပ်,ဖျပ်နှင့် သပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သပ်ကာ ရှေ့ဘက်ကို ပြေးထွက်သွားပါတော့သည်။ မခိုင်ဆားက အဖြတ် မခိုင်က လှမ်း၍ ...

"ပြန်ပြီလား စောလုံ"

"ဟင့်အင်း ... ခဏနေမှ ပြန်မယ်"

စောလုံသည် ရှေ့ဘက်စားသောက်ခန်းမထဲလည်း ရောက်၊ စားပွဲတစ်ခုမှာထိုင်ရင်း သူ့ကို လှမ်းကြည့်နေတဲ့ ကိုဝဏ္ဏကိုလည်းတွေ့။ အီးခနဲ စိတ်ထဲကကျိတ်၍ စိတ်တိုကာ နောက်ဘက်က ကိုထွေးကို မျက်စောင်းလှည့်ထိုးလိုက်ပါသည်။

"စောလုံ"

ဝဏ္ဏက ထိုင်ရာမှ ထရပ်ကာ လှမ်းနှုတ်ဆက်နေတာမို့ စောလုံက ဟန်မပျက် ကပ်သွားလိုက်ရင်း ...

"ကိုဝဏ္ဏ တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ ဒီကိုပဲ တမင်လာတာ"

"ဘာလို့လဲ၊ ဒီဆိုင်က အစားအသောက် ကြိုက်လို့ထင်တယ်"

"စောလုံကလည်းကွာ၊ မနောက်ပါနဲ့၊ ဒီနေ့မှ သန္တာပြောပြလို့ စောလုံ ဒီမှာအလုပ်ဝင်နေမှန်း သိရတယ်၊ ကျွန်တော်ကလည်း ဆိုင်ကို သိပ်ရောက်တာမှ မဟုတ်တာ၊ စောလုံမရှိကတည်းက မရောက်သလောက်ပဲ၊ ဒီကြားထဲ ဟိုတလောက တစ်ခါလာပေမယ့် ကြည့်ရတာ မမလေး ဆူမှာစိုးလို့ထင်တယ်၊ ဘာမှမပြောကြဘူး၊ ဒီနေ့ရောက်မှ ကျွန်တော်



က အရင်မေးကြည့်တာ၊ စောလုံနဲ့ တွေ့ကြသေးလားဆိုတော့ သန္တာ ပြောပြလိုက်တာ"

သန္တာစုတ်။ ဒါပေမဲ့ သန္တာဟာ မကောင်းတဲ့စိတ်ဆောနဲ့ ပြောတာမှ မဟုတ်တာ။ သန္တာဟာ စောလုံကို ကိုဝဏ္ဏနဲ့ သဘောတူတာ။ ပြည့်ပြည့်စုံစုံ ယောကျ်ားတစ်ယောက်မို့ သူ့ဆိုရင်လည်း ဖမ်းဆုပ်ထားမည့် သဘောမျိုးနဲ့ထပ်တူ စောလုံကိုလည်း မငြင်းစေချင်တာ။ အဲဒါမျိုးတွေက သိပ်ခက်တာ။

"စောလုံ ဒီမှာရှိတယ်ဆိုပြီး မလာပါနဲ့၊ မသူဇာ သိရင်လူကို လာပြောနေဦးမယ်"

"မမလေးမှ မသိတာ"

"ဩော် ... အိမ်ကမသိအောင် လာနိုးတွေ့ခံရတာ ကောင်းနိုင်ပါ့မလား"

"ဒီသဘောလည်း မဟုတ်ပါဘူး စောလုံရယ်၊ ကျွန်တော်ကဖြင့် ပျောက်သွားတဲ့ စောလုံ ဒီဆိုင်မှာ အလုပ်လုပ်နေတယ်ဆိုတာ သိရတော့ ပျော်လိုက်ရတာ၊ စောလုံက အရမ်းစိမ်းကားတာပဲ"

"စိမ်းကားရမှာပဲလေ၊ ကိုယ့်အစ်မအကြောင်း ကိုယ်မသိဘူးလား၊ ကိုယ်လည်း ဘာမှမဟုတ်ဘဲနဲ့ အပြစ်လည်းမရှိဘဲနဲ့ လူတစ်ဖက်သားကို အပြောအဆို အနှိမ်ခံရတာမျိုး မကြိုက်ပါဘူး"

"ခဏထိုင်ပါဦး စောလုံ"

www.burmeseclassic.com



"ဟင့်အင်း … ကပ်စ်တမ်မာနဲ့ ထိုင်ခွင့်မရှိပါဘူး"

"စောလုံကလည်းကွာ"

"ကဲပါ … အစားကို အရသာခံပြီး စားစမ်းပါ ကိုဝဏ္ဏရဲ့ ဒီဆိုင်က မုန့်တွေက အရမ်းအရသာရှိတာ"

ဝဏ္ဏ မျက်နှာညိုကာ …

"လှောင်နေတာလား စောလုံ"

"မုန့်ကောင်းတယ်ပဲ ပြောရသေးတာ"

"စောလုံကို တွေ့ချင်လို့ မုန့်ကို မှာလိုက်တာ၊ မုန့်အစ… မဟုတ်ဘူး"

ဒုက္ခပဲ။ ကြိုသာတွေ့ရင် ဒီကလူတွေကို မရှိဘူ… ဒီမှာမလုပ်ဘူးလို့ဖြေဖို့ မှာထားလို့ရသည်။ ခုတော့ ကြိုမတွေ့လိုက်… ကိုဝဏ္ဏ တစ်ယောက်တော့ ဒီဆိုင်ကို တဒီးဒီးနဲ့ လမ်းပေါက်နေ… တော့မှာပဲ။

"ရှင်အခုလာတာ မသူဇာ သိရင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်ဘူး၊ သိသိ မသိသိ"

ဟုတ်တော့ ဟုတ်သည်။ ဟိုဆိုင်မှာ လုပ်ကတည်းက… သူ့အစ မကြိုက်မှန်း သိသိနှင့် အစ်မကို ဂရုမစိုက်ဘဲ စောလုံ… လိုက်တာ။ အစ်ကိုအကြီးဆုံးပြီးရင် အစ်မနှစ်ယောက်။ ပြီး… အောက်က အငယ်ဆုံး မောင်လေးမို့ မသူဇာတို့ကလည်း ပြော… စရာရှိ သူ့မောင်တော့ မပြော၊ သားလူကိုပဲပြောမည်ဆိုတဲ့အထဲက…

"စောလုံကို လာပြောလို့ကတော့ ပြန်ပြောပစ်မှာ"





"အရင်ကလည်း ပြန်ပြောပစ်တာပဲဟာ၊ ဘာဆန်းလို့လဲ"

"အခုက မသူဇာ အလုပ်သမားမှ မဟုတ်တာ၊ လာပြောခွင့် မရှိဘူး"

"အဲဒီတုန်းကတည်းက မမလေးက စောလုံကို ဘာပြောသေး လို့လဲ၊ စောလုံက ကျွန်တော့်ကို မကြိုက်ဘူး မလိုက်စေနဲ့ ဆုံးမထားပါနဲ့ သွားပြောလို့သာ ပြန်ပြောတာ၊ သေချာစဉ်း စားလိုက်ရင် စောလုံ ကျွန်တော့်ကိုကြိုက်လို့ ဆူတာမဟုတ် ဘူး၊ မကြိုက်လို့ ဆူတာ"

"အမယ်။ ပြောတတ်တယ်၊ ကောက်ချက်ကို လှည့်ပတ် ကောက်ကွေ့ပြီး ချတတ်တယ်"

ကိုဝဏ္ဏက ပြုံးတုံ့တုံ့ လုပ်နေသည်။ ကိုဝဏ္ဏက အကယ်တော့ သဘောကောင်းသည်။

"ဒီမှာ သူ့မောင်ကို မကြိုက်လို့ ဆူတယ်ပဲ ဖြစ်ရသေးတယ်၊ ဟင်း … စောလုံလို အလုပ်သမားကများ သူ့မောင်လို သူဌေးသားက လိုက်တာကို နာအုံထင်စရာလားလို့ မခံချင် ဖြစ်ပြီး ဆူတာလေ၊ ရှင်းရှင်းတွေးပါဦး၊ စိတ်ထဲကသဘော မတူပေမယ့် နင်နဲ့ငါ့မောင်နဲ့ တူသလား တန်သလားလောက် အထိ ပြောတာမျိုးကတော့ ဟိုးတုန်းက ရုပ်ရှင်ဝတ္ထုပြဇာတ် ကြီးမျိုးတွေ ဆန်သွားမှာစိုးလို့ ထုတ်မပြောဘဲ မြိုထား တာ"

"သဘောမတူဘူး မပြောရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... မပြီးပါဘူး၊ စောလုံက ပြန်ကြိုက်ရင် သဘော မတူတာကို သိအောင်လုပ်မှာပဲပေါ့၊ ပြန်မကြိုက်တော့လည်း ငြင်းရကောင်းလား နင်ကဘာမို့လဲဖြစ်တာ၊ ဘယ်ဘက်ကမှ အပြောမလွတ်နိုင်ဘူး၊ ဒီတော့ ကိုဝဏ္ဏ လက်လျှော့လိုက်တော့"

"ဘာလို့ လက်လျှော့ရမှာလဲ"

ကိုဝဏ္ဏက ရေခဲမုန့်ကိုသာ ခပ်နှေးနှေး ခပ်စားနေကာ ဟော့ဒေါ့က မထိရသေး။ စောလုံက စားပွဲခုံးမှာ လက်နောက်ပစ်ကာရပ်လျက် စကားပြောနေတာ။

"စောလုံရယ် ... မုန့်ဆိုင်မှာ လုပ်ရတယ်လို့ ကျွန်တော်တို့ သူငယ်ချင်းတွေ စုဖွင့်ထားတဲ့ Jeans ဆိုင်မှာ လာလုပ်ပါလား"

"အာ ... မလုပ်ပါဘူး၊ ကဲ ... ကဲ ... ရှင်ပြန်တော့"

"စားနေတယ်လေ၊ နင်စရာလား"

"ဒီဟော့ဒေါ့က စားလို့ ကုန်ဦးမှာလား၊ မြန်မြန်ပြန်လေ"

"ခုန ဟိုကောင်တာက အမျိုးသမီး လှမ်းပြောတာကြားလိုက်တယ်၊ စောလုံလည်း ပြန်တော့မလို့ မဟုတ်လား။ ဂျူတီချိန် ပြီးနေပြီ မဟုတ်လား"

အရေးထဲ သူက အကင်းပါးနေပြန်သည်။ စောလုံသည် လိမ်ညာပြီးတော့လည်း မပြန်သေးဘူး ဘာဘူးမပြောချင်။





ဘယ်လောက် နောက်ကျအထိဖြစ်ဖြစ် သူက အပြင်ကစောင့်နေယဉ်သူစား။ ကိုယ်နောက်ကျတာပဲ အဖတ်တင်မည်။

"ဟုတ်တယ် ပြန်တော့မှာ၊ ကဲ ... ခုပဲပြန်တော့မယ်"

စောလုံက ကိုယ်ပေါ်မှာ ကိုယ်ရဲ့စလွယ်သိုင်းအိတ်လေးက ပါပြီးသားမို့ တန်းပြန်ရုံဖြစ်ရာ ခုပဲပြန်မို့ပြင်လျှင် ...

"ကိုယ်လည်း အတူပြန်မယ်"

ကိုဝဏ္ဏကပါ ထ,ရပ်သည်။

"မုန့်ကုန်အောင်စားလေ၊ မုန့်ကိုမစားဘဲ ပြန်တာ ဘယ်လောက်ရိုင်းလဲ၊ ဒီဆိုင်ကမုန့် အရသာမရှိလို့ လုံးဝမစားဘူးဆိုတဲ့ အဓိပ္ပာယ် သက်ရောက်တယ်၊ မုန့်ကုန်မှပြန်"

ဝဏ္ဏက ဟော့ဒေါ့ကို ကြွေပန်းကန်ပြားဖြူပေါ်ကခဲ၍ တင်ထားတဲ့ ဆီစိမ်စက္ကူနှင့် လိပ်ပတ်လိုက်ရင်း ...

"ယူသွားမယ်"

"ကျွတ်"

သိပ်ခက်တာပဲ။ စိတ်ညစ်တယ်။ ဆိုင်ထဲက ဝန်ထမ်းတွေကလည်း ကွက်ကြည့် ကွက်ကြည့် အကဲခတ်နေပြီ။ ဦးပုလာကြီးပင်လျှင် မီးဖိုထဲမှ ခေါင်းကို တစ်ချက် တစ်ချက် ပြူကာ လှမ်းကြည့်သည်။

"လာလေ ... သွားမယ်လေ"

အပြင်ရောက်ရင် မြင်မယ့်သူတွေက လမ်းသွားလမ်းလာ သူစိမ်းတွေမို့ တော်သေးသည်။ ဆိုင်ထဲမှာ သူ့ရဲ့ Serious



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကြီးနှင့် ကြာနေရင် လုပ်ဖော်ကိုင်ဖက်တွေ တစ်မျိုးတစ်မည် တွေးလာကြတော့မှာမို့ စောလုံက ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"အားလုံးပဲ စောလုံ ပြန်ပြီ"

အားလုံးကြည့်နေကြတာ သိသော်လည်း ဘယ်သူ့ကိုမှ မကြည့်ဘဲ စောလုံက ဆိုင်ထဲက ထွက်လာခဲ့ပါသည်။

ကိုဝဏ္ဏက လက်ထဲမှာ ယောဒေါ်ကို စက္ကူပုတ်ချက်ကိုင်ကာ နောက်မှပါလာသည်။

"စောလုံ ... စောင့်ဦးလေ"

"ကိုဝဏ္ဏ မလိုက်ခဲ့နဲ့တော့"

"ခုမှပြန်တွေ့တာ စောလုံရယ်၊ မလိုက်ခဲ့နဲ့ဆိုရင် ကိုယ်နဲ့ တစ်နေရာမှာ အေးအေးဆေးဆေး စကားလိုက်ပြော ပါ"

"စောလုံနဲ့ ကိုဝဏ္ဏမှာ ဘာတွေများ အေးအေးဆေးဆေး ပြောစရာ ဆိုစရာ ရှိနေလို့လဲ၊ ဘာမှ ပြောစရာမရှိဘူး"

"ကျွန်တော် စကားတွေ ပြောစရာရှိတယ်"

"ချစ်တယ်၊ ဒါပဲမှလား၊ စောလုံ အပြတ်ပြောပြီးပြီလေ စောလုံ အချိန်ဆွဲထားတာ ဝါသနာမပါဘူး၊ စောလုံ ကိုဝဏ္ဏကို မချစ်ဘူး ... ပြီးပြီ"

"သေချာစဉ်းစားပြီးမှ အဖြေပေးပါ စောလုံ၊ ဒါမျိုး ချက်ချင်း ဖြေရမယ့်ကိစ္စလည်း မဟုတ်ပါဘူး၊ ကျွန်တော် စောင့်နိုင်ပါတယ်"





"စောလုံက စဉ်းစားဖို့ မလိုအောင် သိနေပြီပဲ၊ အဖြေထွက်ပြီးသားပဲဟာ"

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

"ဘာမှမရှိဘူး"

"ဒါဆို ဘာဖြစ်လို့ မချစ်နိုင်ရတာလဲ"

"မချစ်နိုင်ဘူးဆိုမှတော့ မချစ်နိုင်လို့ပဲပေါ့၊ ရှင်းနေတာပဲ ကိုဝဏ္ဏရာ၊ မချစ်လို့ပေါ့"

"စောလုံ အချစ်ကိုရအောင် ကျွန်တော့်ဘက်က ပြုပြင်ပြောင်းလဲစရာ ရှိတာတွေ အားလုံး ပြုပြင်ပြောင်းလဲမှာပါ"

"ပြုပြင်ရလောက်အောင်လည်း ဘာမှရှုပ်ယှက်မနေဘူး၊ သွားပါတော့ ကိုဝဏ္ဏရာ၊ ဒီစကားတွေ မသူဇာသာ ကြားရင် ရင်တဗျတ်ဗျတ် ကျိုးနေတော့မယ်၊ အခုလည်း မသူဇာရဲ့ ဆိုင်ရှေ့ကဖြတ်ပြီး လျှောက်ရမှာ၊ နေရစ်တော့"

"ဖြတ်ပစေ ရတယ်၊ စောလုံကို ချစ်တာ လူသိမခံဝံ့ဘူး ထင်လို့လား"

"သြော် ... ဒုက္ခပါပဲနော်"

ကျောက်ပလက်ဖောင်းလမ်းပေါ်မှာ စောလုံနှင့် ဝဏ္ဏတာ အေးချဉ်ယှဉ်လည်းမဟုတ်။ ဆောက်ဆတ်ဆတ်နဲ့ ရှေ့တစ်လှမ်းကျောနေတဲ့ စောလုံနောက် ဝဏ္ဏက ပြေးမတတ်လိုက်ကာ သူ့ခေါင်းကြီးက စောလုံမျက်နှာကို မြင်ရအောင် လှမ်းငိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း တတွတ်တွတ်တွေ ပြော။ စောလုံက လှည့်ကာမျက်စောင်း ထိုးလိုက် လက်ခါထုတ်လိုက် ရှုံ့မဲ့ခေါင်းခါလိုက်။

ဖြတ်သန်းသွားလာသူအပေါင်း မြင်ကွင်းမှာ ကောင် မလေးက သဘောမကျဘဲ ကောင်လေးက စကားအတင်းလိုက်ပြေ နေတာ သိသိသာသာ ထင်ရှားနေပါသည်။ အဲဒီ ဖြတ်သန်းသွား လာသူထဲ ပါဝင်လာသူကတော့ မင်းဝင့်ထည်။ သူကကားနှ တခြားတစ်နေရာက ပြန်လာတာ။ ကားတန်းရှိနေ၍ အရှိန်မြ သွားမရဘဲ အစဉ်လိုက် ဖြည်းဖြည်းမောင်းလာဆဲ ရှေ့နားဆီ ပလက်ဖောင်းမှာ စောလုံတို့ကို လှမ်းမြင်နေရတာပင်။

စောလုံကို ကောင်လေးတစ်ယောက် လိုက်နှေ ယှက်နေသည်။ စောလုံက ငြင်းထုတ် ခါထုတ်နေသည်ဆိုတာ မြင်ကွင်းမှာ အသိသာကြီးပင်။

"စောလုံ ကျွန်တော့်ကို အကြောင်းမဲ့ မုန်းနေတာတော့ မဖြစ်သင့်ပါဘူး"

"သြော် ... ဒုက္ခပါပဲ၊ လူတစ်ယောက်ကို နေရင်းထိုင်ရင်း ဘာဖြစ်လို့ မုန်းရမှာလဲ"

"ဒါဖြင့်"

"မုန်းလည်း မမုန်းဘူး၊ ချစ်လည်း မချစ်ဘူး၊ ဒီတိုင်း ကိုဝဏ္ဏအပေါ် ထူးခြားတဲ့ ခံစားချက် မရှိဘူး"

"မမုန်းရင် ချစ်ရမှာပေါ့"





"ကျွတ် ... ခက်လိုက်တာ၊ စောလုံမှာ ချစ်သူရှိတယ် ... ကဲ"

ဝဏ္ဏသည် ရုတ်တရက်တော့ ဒီစကားကြောင့် ဟာ့ထိ ထိသွားသလို ငြိမ်တိတ်ပြီး မျက်နှာပါ ပျက်သွားပါသည်။ သို့သော် မကြာမီလေးပင် ...

"မယုံဘူးဗျာ"

"ရော်"

"စောလုံမှာ ဘာချစ်သူမှ မရှိဘူး၊ ကျွန်တော် သိတယ် မညာပါနဲ့"

"သြော် ... ကျွန်မက ချစ်သူထားတာ ရှင့်ကိုအသိပေးပြီးမှ ထားလိမ့်မယ် ထင်နေတာလား၊ ရှင်မသိပေမယ့် ကိုယ့်ဟာ ကိုယ် ချစ်သူရှိနေတာ မယုံစရာ ဘာရှိလဲ"

"ပြလေ ... ပြ"

"ဘာဖြစ်လို့ ပြရမှာလဲ၊ အားအားလျားလျား လျှောက် ကြော်ငြာမိတ်ဆက်နေစရာလား"

"အဲဒါ မရှိလို့ပဲ"

"ကျွတ် ...၊ ခဏနေရင်တောင် လာကြိုတော့မှာ၊ ရှေ့နား မှာ ချိန်းထားတယ်၊ ရှင်နေခဲ့တော့နော် ကိုဝဏ္ဏ"

"တကယ်လာကြိုရင် အခုလိုအလျှောက် ကျွန်တော် ကျန်ခဲ့ ရမှာပဲဟာ"

"ရှင် ဘယ်လိုဖြစ်နေလဲ၊ လွန်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လာမကြိုလို့ကတော့ ကျွန်တော် ပြန်ပို့တာကို လက်ခံရမယ်"

စောလုံသည် စိတ်တွေတိုကာ ဝဏ္ဏကို ခပ်စူးစူး ခပ်တင်းတင်း လှည့်ကြည့်လိုက်ရင်း ...

"မသူဇာနဲ့ ဝင်တိုင်လိုက်ရမလား"

"ဟား ဟား ... တိုင်လေ၊ ဝင်တိုင်လိုက်ပါ၊ လူရှေ့သူရှေ့မှာ သူ ကျွန်တော့်ကို မဆူပါဘူး၊ ဆူပစေဦး ဘာဖြစ်လဲ၊ စောလုံ အချစ်ကို ရတဲ့အခါ အိမ်ကိုဖွင့်ပြောရမှာပဲဟာ၊ သူကြိုသိရတာအပြင် ဘာမှမပိုဘူး"

ကြည့်စမ်း။

ကိုဝဏ္ဏ တစ်ယောက် အချစ်ရွဲ့နှင့် သတ္တိတွေ ရှိနေလိုက်တာ။ စောလုံသာ လက်လျှော့မရလို ဖြစ်လာသည်။ လက်တော့ ဘယ်လျှော့နိုင်ပါ့မလဲ။ သူ့ကို တကယ်ကြိုက်မှ မကြိုက်ဘဲ၊ ဒေါ်ကပါနေမှ အနှောင့်အယှက်ပေါ့။ သူကတော့ ဘတ်စ်ကားပေါ်တက်လည်း သူပါ တင်းလိုက်တက်စီးမည့်ပုံ သေချာနေသည်။

"စောလုံ"

"... ... ..."

"စောလုံ ဘာဖြစ်နေတာလဲ"

ပထမတစ်ခွန်း ခေါ်သံကတည်းက တအံ့တဩ လှည့်ကြည့်လိုက်တဲ့ စောလုံဟာ ကိုယ်တွေလျှောက်နေတဲ့ ပလက်ဖောင်းနံဘေး ဘီးလိမ့်ရုံအရှိန်နှေးနှင့် ကပ်လာတဲ့ ဟိုအစ်ကိုကြီးကို မြင်လိုက်လျှင် ရင်တွေပန်းတွေ တုန်ခုန်ကာ အတော်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါသည်။ စောလုံရဲ့ ဝမ်းသာရွှင်ပျသွားတဲ့ရုပ်ကို မင်းဝင့်ထည်က အကဲခတ်နိုင်လျှင် ဘေးကကောင်လေးကို စောလုံ မကြည်ဖြူဘူးဆိုတာ ပိုသေချာသွားရသည်။

"လမ်းပေါ်မှာ ဘယ်လိုဖြစ်နေတာလဲ၊ သူက ဘယ်သူလဲ"

မင်းဝင့်ထည်ရဲ့ တည်ငြိမ်တဲ့ မျက်နှာထား ဣန္ဒြေရှိန်းနိုးတဲ့ ပိုင်စိုးပိုင်နင်း အမေးတို့ကြောင့် ဝဏ္ဏ ကြောင်အမ်းသွားရှာသည်။ စောလုံက မှိုးတိုးရှန့်တန့်နှင့် ...

"သူက ဟို ... စကားတွေ လိုက်ပြောနေတာ"

"ဘာစကားတွေ လိုက်ပြောနေတာလဲ၊ ဘာကိစ္စရှိလို့လဲ ငါ့ညီ"

ဝဏ္ဏက မျက်နှာခပ်ပျက်ပျက်နှင့် ...

"စောလုံနဲ့ ကျွန်တော်က အစကတည်းက သိပြီးသားပါ၊ မတွေ့တာကြာလို့ တွေ့ချင်လို့ လာတွေ့တာ၊ ကိစ္စကတော့ သူ့ကိုလွမ်းလို့"

အပိ ...။ စောလုံက စိတ်ထဲက ကျိတ်ရယ်ချင်လှ နှုတ်ခမ်းကို မပြုံးမိအောင် ဆွဲဖိထားရသည်။ သင်းကလည်း ကြီး။ ဂျစ်တော့မည့်ပုံ။ ကိုဝဏ္ဏ အဖြေကြောင့် ဟိုအစ်ကို ကောင် နည်းနည်း စိတ်လေသွားပုံရသည်။

"မင်း လာတွေ့တာကို စောလုံက သဘောကျလေး"







www.burmeseclassic.com

www.burmeseclassic.com



"စောလုံ မကြိုက်ဘူး အစ်ကိုကြီး၊ ခုပဲ သူ့ကိုပြန်ခိုင်းနေတာ၊ သူက မပြန်ဘဲနဲ့ ကပ်လိုက်လာတာ"

"ဟော ...၊ သူက မကြိုက်ဘူး ဆိုပါလား ငါ့ညီ"

"ခုမကြိုက်ပေမယ့် နောင်ကိုကြိုက်လာအောင် ကျွန်တော်ကြိုးစားနေတာလေ၊ အစ်ကိုက သူနဲ့ ဘယ်လိုပတ်သက်လို့လဲ"

စောလုံက တုံးတိုက်ကျားကိုက်ပုံစံ ဖြစ်နေတဲ့ ကိုဝဏ္ဏကို စေ့စေ့ကြည့်ရင်း ...

"ခုနက ပြောတယ်လေ၊ လာကြိုမယ့်ချစ်သူဆိုတာ၊ ကဲ _ စောလုံ သွားပြီ"

အလဲ ...။ လာကြိုမယ့်ချစ်သူ။ ပြောရတာအရသာရှိလေခြင်း။ ကိုယ့်ဟာကိုယ်လည်း ရယ်ချင်လှတော့၍ စောလုံဝဏ္ဏကို ကျောခိုင်းကာ ဟိုအစ်ကိုကြီးကားပေါ် ဘာမပြော ညာမပြော တက်ထိုင်လိုက်သည်။ ယုံကြည်အောင်လည်း နောက်ခန်းမှာ ဝင်မထိုင်ဘဲ ကားခေါင်းကိုကွေ့ပတ်၍ ဟိုဘက်ရှေ့ခန်းနံဘေးနေရာမှာ ဝင်ထိုင်လိုက်တာဖြစ်သည်။ ဝဏ္ဏမျက်နှာမှာ ညိုတစ်လှည့်နီတစ်လှည့်နှင့် စောလုံကိုရော မင်းဝင့်ထည်ကိုပါ မကျေမချမ်းလှမ်းကြည့်နေပါသည်။

"မောင်းတော့ အစ်ကိုကြီး"

မင်းဝင့်ထည်က စကားလှမ်းပြောစဉ်က ချထားသောမှန်ကို ခလုတ်ဖိတင်ရင်း ...





"ဘယ်ကိုလဲ"

"အာ ... ဒီလိုပဲ မောင်းထွက်လိုက်ပေါ့"

"ရှေ့မှာ ကိုယ့်ဆိုင်က ရောက်နေပြီလေ"

"ဟာ ... ဒီမှာ ဟန်ကိုယ့်ဖို့ လုပ်လာပြီဟာကို၊ အဲဒီမှာ ပြန်ရပ်ပြီး အစ်ကိုကြီးက ဆင်းသွား၊ စောလုံက ဆင်းသွားဆိုရင် ပြန်လိုက်လာမှာပေါ့၊ ဘာဖြစ်နေလဲ ကားရပ်မေးလို့ ကူညီလိမ့်မယ် ထင်ပြီးတော့လည်း တက်ထိုင်ရသေးတယ်"

စောလုံ စကားကို မင်းဝင့်ထည်က တအားရယ်ချင်သော ပလက်ဖောင်းဘက် ကျောပေး၍ မသိမသာရယ်ရသည်။ ဘိုကောင်လေးက ထွက်မသွားသေးဘူး ရပ်ကြည့်နေတုန်းလေ။

"ကိုယ်ကလည်း နောင့်ယှက်နေတာထင်ပြီး ကူညီဖို့ပဲ ရပ်ပေးလိုက်တာ၊ အဟန့်ပေါ့"

"ဒါဆိုလည်း မောင်းထွက်တော့လေ"

"ကောင်းပါပြီ ... ကောင်းပါပြီ"

မင်းဝင့်ထည်က ကားကို မောင်းထွက်ခဲ့ပါတော့သည်။ ကိုယ့်ဆိုင်မှာလည်း ရပ်မရပြီမို့ ရှေ့ဆက်ပြီးတော့သာ မောင်းလာခဲ့ရသည်။ စောလုံက မင်းဝင့်ထည်ကို မျက်စောင်းယှောသော့နှင့် စွေကြည့်ရင်း ...

"လမ်းမကြီးပေါ်က ကားဂိတ်မှာပဲ ချပေးပါ"

"ကားဂိတ်ရယ် ဘာရယ် မဟုတ်ပါဘူး၊ ဘယ်ပဲဖြစ်ဖြစ် ပို့ပေးလို့ ရပါတယ်။ မင်းကို ကူညီတာပါ စောလုံရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ကူညီတာလဲ"

"ဩော် ... ဟိုဒင်း"

မင်းဝင့်ထည်က အကြောင်းပြချက်ကို ခပ်ပြုံးပြုံးစဉ်းစားရသည်။

"ပတ်သက်ရာ ပတ်သက်ကြောင်းတွေလေ၊ အာဗြဲနဲ့ မပုလုံကလည်း မောင်နှမ မဟုတ်လား"

စောလုံက မင်းဝင့်ထည်ကို မုန်းတုန်းတုန်းနှင့် မျက်စောင်းထိုးပစ်သည်။ ကိုအာဗြဲနဲ့ မမပုသာ မောင်နှမဖြစ်မနေရင် သူက စောလုံကို ခုလိုကူညီကယ်ဆယ်မှာ မဟုတ်ဘူးပေါ့ သဘောက။

"တော်တော်စွံသွားနော်"

"ဘာလဲ"

"ဩော် ... မင်းက အတော်စွံသွားလို့"

မင်းဝင့်ထည်သည် ဘာလေးမှန်းမသိ တစ်မျိုးလေး ပုံသွင်ဆန်းကြယ်တဲ့ စောလုံကို စ,ချင်နေကာ ခပ်တည်တည်နှင့် စ,သည်။

စောလုံက မျက်နှာပြင်တွေ နီမြန်းတက်လာကာ_

"အစ်ကိုကြီးက စောလုံကို ဟားတာပေါ့"

"ဟင် ... ဘာဖြစ်လို့ ဟားရမှာလဲ"

"လမ်းပေါ်မှာ ကောင်လေးတစ်ယောက်နဲ့ ခွန်းကြီးခွန်းငယ် ပြဿနာတွေတက်ပြီး လူမျက်စိနောက်စရာ ဖြစ်နေ





တမင်တကာ ဟားတာပေါ့၊ ဒါ စွံတာလည်း မဟုတ်ဘူး၊ စောလုံဟာ စောလုံနေတာ။ သူ့ဟာသူ လိုက်ကြိုက်တာ"

"ရော် ... စွံတယ်ဆိုတာကို မင်းက ဘယ်လိုအဓိပ္ပာယ်ဖွင့်ထားလို့လဲ စောလုံရဲ့"

"သိဘူး"

"ကိုယ်က လူကြိုက်များတယ်ဆိုတဲ့ သဘောနဲ့ သုံးနှုန်းလိုက်တာ"

"လူကြိုက်လည်း မများပါဘူး"

"လူကြိုက်နည်းတယ်ပေါ့"

စောလုံသည် တမင်တကာ သူ့ကိုစ,နေမှန်း သိလာသော နှုတ်ခမ်းကို မစူ့တစူနှင့် ရှိသည်။ သူက တရင်းတနှီးနဲ့ပေါ့ဆ။ ပြုံးစိစိဖြစ်နေတဲ့ ရုပ်က အံ့အားသင့်ရလောက်အောင် ဆွဲဆောင်မှုကို ဖမ်းစားတာ။ ဒီလို ချစ်ဖွယ်မှုရာ မမြင်ဖူးသေးပဲ သူ့ကို ခပ်တည်တည်နဲ့ ကောင်တာအမြင့်မှာ မလှုပ်မယှက် ထိုင်နေတာ မြင်ရတာကိုပင် နှလုံးသားတွေ ကျွမ်းထိုးမှောက်ခုန် ဖြစ်သလို ရယ်မောမိအောင် ... ယမ်းရူးမူးခဲ့သေးတာ။

ခုလို ကျီစယ်ခြင်းတစ်မျိုးနဲ့ နှုတ်ခမ်း မျက်ခုံး မျက်လုံးလေးတွေ ရယ်မြူးနေတဲ့ သူ့ရုပ်သွင်ဟာ အသက်ရှုကို မောင် မှားစေပါရဲ့။ ဒါပေမဲ့လည်း အစ်ကိုကြီးရယ်။ မဝေမာခင် ဆီကို ရေးထားတဲ့ စာတွေကို သတိရလိုက်ရင် ရင်ထဲ လေးပင်နေနိုင်ရပါတယ်။ တစ်စုံတစ်ခုသော အဖြစ်အပျက်ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပယောဇ္ဇလို ဖွက်ကွယ်ဖုံးဖိရေးထားတဲ့ အတွင်းမှာကိုပဲ ရိုပ်မိသိသာနေတဲ့ အခြေအနေတစ်ခု။

သက်ပြင်းကြီးရှိုက်ပြီး ရှင့်ကို မုန်းမိတယ် အစ်ကိုကြီးရယ်။ သူဟာ ဒီလိုလူစားရယ်လို့လည်း မယုံချင်သလိုလို။ ဒါပေမဲ့ တွေ့စက သိက္ခာကြီးကြီး ဣန္ဒြေကြီးကြီးနဲ့ ခပ်တည်တည်ကြီးနေတတ်တဲ့ အစ်ကိုကြီးဟာ အခုလို မထိခလုတ် စ,တတ်နောက်တတ်တာကိုတောင် အခုမှ သိရတာပဲ။ သူ့မှာ စောလုံမသိရမမြင်ရတဲ့ အမူအကျင့် စရိုက်တွေ များစွာရှိဦးမှာပေါ့။

"ဩော် ... သိပြီ၊ လူကြိုက်လည်း မများဘူး၊ လူကြိုက်လည်း မနည်းဘူး၊ အသင့်အတင့် အနေတော်ပေါ့"

စောလုံက နှုတ်ခမ်းကို စူထားသည်။

"ဆောရီး ... ဆောရီး၊ ကိုယ် မစ,တော့ပါဘူး၊ မင်းပုံစံကို ရယ်ချင်လို့ စ,မိတာပါ စောလုံ၊ ကိုယ်လည်း အဲသလို စ,တတ်တဲ့သူမျိုး မဟုတ်ပါဘူး၊ စကားအကောင်းပဲ ပြောကြရို့"

"... ... ..."

"စောလုံက ဘာဖြစ်လို့ ဒီနားတစ်ဝိုက် ဆိုင်တွေမှာပဲ အလုပ်လုပ်နေတာလဲ"

အမယ် ...။ မေးခွန်းက ဘာသဘောလဲ။ သူရှိနေလို့များ ဆိုလိုချင်သေးသလား။ တကယ်တော့ အခု Snacks ဆိုင်မှာလုပ်ဖြစ်ခဲ့တာဟာ တကယ်ပဲ သူ့အနီးနားမို့ ဖြစ်နေ၍ စောလုံက





ကိုယ့်ဟာကိုယ် မလုံကာ တွေးမိတာပင်။ သို့ပေမယ့် ပိရိတဲ့မျက်နှာလေးနှင့် ...

"စောလုံတို့က အရင်က ဒီနားပဲနေတာ"

"ဩော် ... အင်း ... ဟုတ်သားပဲ၊ အာဖြိုကိုဖို့ရင်း ကိုယ်ရောက်ဖူးပါတယ်"

"ဒါဆို ဘာဖြစ်လို့ မေးနေသေးလဲ"

"အခုက ဒီဝင်ဒါမီယာနားမှာ မနေတော့ဘူးလေ"

"ဒါပေမဲ့ ဒီနားက တစ်ဆိုင်မှာ လုပ်ဖူးသွားတော့ ဒီနားကို လာအလုပ်ဆင်းဖို့ရာ လူက ရဲရဲတင်းတင်း ရှိသွားပြီပေါ့၊ ကိုယ့်နယ်မြေလို ဖြစ်သွားတာပေါ့၊ ဒီဆိုင်မှာအလုပ်ခေါ်တာကို အရင်ဆိုင်က သူငယ်ချင်းက လှမ်းအကြောင်းကြားလို့ လာလျှောက်လိုက်တာ"

"မုန့်ဆိုင်မှာထက် သင့်တင့်လျှောက်ပတ်တဲ့ ... ရှင်းရှင်းပြောရရင် ပိုကောင်းတဲ့ အလုပ်မျိုးမှာဆိုရင် ပိုမသင့်တော်ဘူးလား"

"ဘယ်လိုမျိုးလဲ"

"ကုမ္ပဏီတို့ ရုံးတို့"

"အို ... ရုံးစားပွဲကြီးမှာထိုင်ပြီး ပေပါဝေါ်ခ်တွေ လုပ်နေရမှာ စိတ်ပျက်စရာကြီး၊ စောလုံ ဝါသနာမပါပါဘူး၊ ဒီမုန့်ဆိုင်မှာ အခု စောလုံ လုပ်တာ သိပ်အကျိုးရှိတာ"

"ဟုတ်လား၊ ဘာတွေအကျိုးရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကားဂိတ်ကျော်လာတာ ကြာပြီ၊ ဘယ်ထိပို့မလို့လဲ"

"အိမ်အထိပဲ ပို့လိုက်တော့မယ်လေ"

"အဝေးကြီး"

"မဝေးလှပါဘူး၊ ကားနဲ့ပဲဟာ ရပါတယ်၊ ဒါပေမယ့် အိမ်ကို ယောကျ်ားတစ်ယောက် လိုက်ပို့တာကို အိမ်က ဖေဖေ မေမေက ရရဲ့လား"

အာဖြဲ့ရဲ့အိမ်ရှင်ပေမယ့် စကားမစပ်မိ၍ မေး ကွယ်လွန်တာ မသိဘူး ထင်ပါရဲ့။

"ရပါတယ်၊ ဒါပေမဲ့ ဖေဖေနဲ့ မေမေတော့ မဟုတ်ဘူး ဖေဖေနဲ့ မိထွေး၊ စောလုံကို လမ်းထိပ်မှာပဲ ချပေးပါ"

မင်းဝင့်ထည်က စောလုံကို ကရုဏာသက်မိသ ဖြစ်သွားရရင်း ...

"မိထွေးက အဆင်ပြေရဲ့လား"

"အော ... ပြေပါတယ်"

မင်းဝင့်ထည်က ပြုံးရင်း ...

"အဲဒီ 'အော'က ဘာ,ဘာသာစကားလဲ"

"သိဘူး၊ မမပု ဘာသာပဲ"

မင်းဝင့်ထည်သည် ချစ်စရာကောင်းတဲ့ စောလုံ လှည့်ကြည့်ရင်း သိမ့်သိမ့်လေး ရယ်မောနေမိပါသည်။ မိထွေး လည်း အဆင်ပြေသတဲ့။ ပြေမှာပါ။ သူလေးက စိတ်ဖြူစင် ရပါသည်။



"အဆင်ပြေရင် ဘာလို့ အိမ်အထိ မပို့ခိုင်းတာလဲ"

"အဆင်ပြေပေမယ့် မိထွေးက အရမ်းဆုံးမချင်တာ၊ ဘယ် အချိန်သွားနော်၊ ဘယ်အချိန်ပြန်နော်၊ ဘယ်လိုလုပ်နော်၊ ဘယ်ကိုမသွားနဲ့၊ ဘာကို ... ဟား ... အဲသလိုတွေ အရမ်း ပြောတတ်လွန်းတာ၊ အကောင်းတွေချည်းပေမယ့် နည်းနည်း နားငြီးလို့ပါ"

မင်းဝင့်ထည် ရယ်နေရပါသည်။

"ဒါဖြင့် အိမ်လာလည်လို့ မရဘူးပေါ့"

"ဟင့်အင်း ... မရဘူး၊ ဘာလုပ်ဖို့ လာလည်ရမှာလဲ"

"သြော် ... ကြုံကြိုက်ရင်ပေါ့၊ အာဖြဲ့ပြန်လာရင်လည်း တစ်ခါတစ်ရံ အာဖြဲ့က လာမှာပဲလေ"

"အဲလိုကျရင်တော့ လာပေါ့၊ ဒီတိုင်းတော့ မလာနဲ့ပေါ့၊ ဆုံးမခံနေရဦးမယ်"

"မိထွေးက ပူညံ ပူညံပေါ့နော်"

"အဲလိုတော့လည်း မဟုတ်ပါဘူး၊ စောလုံ လုပ်ကျွေးတဲ့ မုန့်တွေကိုဆိုလည်း အရမ်းအားပေးတာ၊ သဘောကောင်း ပါတယ်၊ သူကလည်း ခုမှ အမေနေရာ ရောက်ဖူးတော့ သိပ်ဆုံးမချင်၊ စောလုံကလည်း ငယ်ငယ်တည်းက မေမေ ဆုံးတော့ အဲလို အနားကပ်ပြီး ပီညက် ပီညက် ဆုံးမခံရ တာမျိုး အတွေ့အကြုံက မရှိတော့ သိပ်လက်မခံချင် ဒါပါပဲ၊ ဒါကလွဲရင် အားလုံး အဆင်ပြေတယ်"

www.burmeseclassic.com



မင်းဝင့်ထည်က ခေါင်းတညိတ်ညိတ်နှင့် ...

"ကဲ ... ခုနပြောလက်စ ဒီဆိုင်မှာလုပ်တာ အကျိုးတွေရှိတဲ့အကြောင်း ရှင်းပြပါဦး"

"မုန့်လုပ်နည်း၊ ဆော့စ်စပ်နည်း၊ အသားပြားလုပ်နည်းတွေ အားလုံး တတ်တာပေါ့၊ စောလုံက ဒီတိုင်းမနေဘူး လိုက်စပ်စုတာ၊ နောက်တော့ ဦးပလာတူးကြီးလည်း ဖွက်လုပ်လို့ မရတော့ဘူး၊ ပြပေးရတော့တယ်၊ အခုဆို တစ်ခါတစ်ခါ စောလုံ ဝင်လုပ်တယ်၊ စောလုံ အားလုံး လုပ်တတ်နေပြီ"

"ဟိုတစ်နေ့က ဆင်း၁၀စ်ချ် မင်း လုပ်လာတာ တကယ်လား"

"တကယ်ပေါ့၊ ဘာဖြစ်လို့လဲဟင်"

"အရမ်းကောင်းတယ်၊ တကယ်ပြောတာ၊ မြှောက်တာလည်း မဟုတ်ဘူး၊ ဦးပလာတူးကြီး လက်ရာထက် ပိုကောင်းတယ်"

"ဦးပလာတူးကြီးကြားရင် အစ်ကိုကြီးကို စေတနာပျက်တော့မှာပဲ၊ စောလုံက ဟိုဒင်း ချိစ်တို့ မရောနိုးစ်တို့ ပိုထည့်ပေးလိုက်လို့ ပိုကောင်းတာ နေမှာပါ"

"မသိဘူး၊ ကောင်းတာတော့ တကယ့်ကို ကောင်းတာ"

"စောလုံက နောက်ဆို ကိုယ်ပိုင်ဆိုင်ဖွင့်မှာ"





"ကောင်းတယ်၊ ကိုယ် တကယ်ချီးကျူးပါတယ် စောလုံ၊ မင်း ဆိုင်ဖွင့်ရင် ရောင်းရမှာ၊ နည်းပညာလည်း တတ်ကျွမ်းနေပြီ၊ ပြီးတော့ မင်းက တီထွင်ကွန့်မြူးချင်တဲ့ဉာဏ် ရှိတယ်၊ ဒီတော့ အောင်မြင်မှာ သေချာတယ်"

စောလုံ မျက်နှာလေးက ကလေးလို ပြုံးရွှင်နေပါသည်။ အရိုးမွမ်းခံနေရ၍ အနည်းငယ် ရက်လျက်က သဘောကျနေပုံရသည်။

"နောက်ကျရင် စောလုံဘာသာ ဆိုင်လေးဖွင့်မှာ၊ အခုကတော့ သူများဆိုင်မှာပဲ လုပ်လိုက်ပါဦးမယ်"

"စတော့ရှင်နရီဆိုင်မှာရော မလုပ်ချင်ဘူးလား"

စောလုံက မင်းဝင့်ထည်ဘက် ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။ ပြုံးတုံ့တုံ့နှင့်။ သူဟာ ရင်းနှီးမှုလမ်းစလေး ဖွင့်လာတော့လည်း ဒါမျိုးတွေတတ်သားပဲ။

"ဟင့်အင်း၊ အဲဒါတော့ ဝါသနာမပါပါဘူး၊ ပြီးတော့ အစ်ကိုကြီးဆိုင်မှာဆို ပိုတောင်မလုပ်ချင်ဘူး၊ အစ်ကိုကြီး ဆိုင်က မိန်းမတွေကို ကြည့်လို့မရဘူး၊ မျက်နှာကြော မတည့်ဘူး"

"ဟား ဟား"

ဒီတစ်ခါတော့ မင်းဝင့်ထည် အသံထွက်အောင်ကို ရယ်မိသည်။ စောလုံက ရယ်နေတဲ့ မင်းဝင့်ထည်ကို ငဲ့ကြည့်ရင်း ခေါင်းထဲမှာ တစ်စုံတစ်ရာ ပေါ်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"စောလုံက ဆိုင်ဖွင့်ရင် ကမာရွတ်တို့ လှိုင်တို့ဘက်မှာ အခန်းရှာဖွင့်မှာ၊ အဲဒီဘက်မှာ အခန်းလွတ်လေး ဘာလေး ဟိုဒင်း ... မရှိ ... အဲ ... မသိဘူးလား"

"အခန်းလွတ်တွေ ငှားဖို့ကတော့ အဲဒီဘက်တွေမှာ ပေါပါတယ်၊ ကိုယ်တို့အခန်း တစ်ခန်းတောင် လှိုင်မြင့်မိုရ်မှာရှိတယ်၊ ဒါပေမဲ့ သူက သုံးလွှာဆိုပါတော့ သုံးထပ်မှာဆိုတော့ မုန့်ဆိုင်တော့ ဘယ်ဖွင့်လို့ရမလဲ"

စောလုံက မင်းဝင့်ထည်ကို အေးစက်ကြေကွဲတိတ်ဆိတ်စွာ ငဲ့ကြည့်လိုက်မိပါသည်။

✦♥✦





၀

စောလုံသည် အသားကြိတ်စက်ထဲက ဝက်လိုင်းသားတွေကို လက်နှင့် လှည့်ကာ လှည့်ကာ ကျိတ်ချနေရင်း အတွေးတို့ကတော့ ရောက်ချင်ရာ ရောက်လျက်ရှိသည်။ တစ်နေ့က အတည်းက ခုထိပါပဲ။ အချိန်ပြည့်ဆိုသလို ဒီအတွေးပဲ တရစ်ဝဲဝဲနှင့် ရင်ထဲလည်း မွန်းကျပ်ရဲ့။ မကျေမနပ်လည်းဖြစ်ရဲ့။ ငိုချင်သလိုလိုလည်း ဝမ်းနည်းမိရဲ့။

"ကိုယ်တို့အခန်းတစ်ခန်းတောင် လှိုင်မြင့်မိုရ်မှာရှိတယ်"

ဟိုအစ်ကိုကြီးရဲ့ အဲဒီစကားသံက နားထဲမှာ တရစ်ဝဲဝဲ၊ အဲဒီနောက်တော့ စာရွက်လေးတစ်ရွက်ကို မြင်ယောင်လာပြန်ပါသည်။

"မေမာ ...

ကိုယ်တို့ရဲ့ လှိုင်မြင့်မိုရ် အခန်းလေးကို ကိုယ်ဟိုတစ်နေ့က ရောက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝေမာ့ရဲ့ အငွေ့အသက်လေးတွေနဲ့ လွမ်းစရာကောင်းနေတဲ့ အခန်းလေးမှာ ကိုယ်တစ်ယောက်တည်း တစ်နေကုန်ရှိနေခဲ့တယ်။

ဝေမာ့ကို လွမ်းတယ်။ မတွေ့ရတာ နှစ်လလောက်ရှိတော့မယ်။

ဘယ်တော့ ထပ်တွေ့ရမှာလဲ ဝေမာရယ်။ ကိုယ့်စာတွေကိုရော ဝေမာ ဖတ်ရရဲ့လား။ စာတွေတော့ အိမ်ကဖောက်ဖတ်လေ့ မရှိဘူးဆို။

စာတွေရနေရင်ကော ကိုယ့်ဆီ ဘာလို့ဖုန်းမဆက်လဲ ဝေမာရယ်။

ကိုယ့်အပြုအမူကို ခွင့်မလွှတ်တော့ဘူးလား။

ကိုယ့်ကို ပြောစရာတွေလည်း ရှိတယ်ဆို။

တစ်နေရာရာကို ချိန်းပါ ဝေမာရယ်။

တွေ့ပါရစေ။

(ကိုယ်)"

လှိုင်မြင့်မိုရ်က အခန်းလေးတဲ့။ မှန်းစရာကောင်းလိုက်တာ။ ပိုပြီးသေချာစေတာကတော့ မဝေမာခင်ကို အိမ်ရှေ့ကနေ အစ်ကိုကြီး လာမေးတဲ့နေ့။ မမပုကနေတစ်ဆင့် မဝေမာခင်တို့ မရှိကြတော့ဘူးဆိုတာ စ,သိသွားတဲ့နေ့ မတိုင်ခင် တစ်ပတ်လောက်ကအထိ သုံး,လေးရက်ခြားကာ ရောက်လာတတ်တဲ့ စာ





လေးတွေဟာ အဲဒီရဲ့နောက်မှာတော့ လုံးဝကို ထပ်ရောက်မလာတော့တာပါ။

အဲဒီတော့မှပဲ အရင်က မဖတ်ဘဲ ပစ်ထားတဲ့ ကျန်တဲ့စာနှစ်စောင်ကို ထပ်ဖောက်ပြီး စောလုံ ဖတ်ဖြစ်တာ။ အဲဒီမှာ လှိုင်မြင့်မိုရ် အိမ်ခန်းလေးအကြောင်း ပါလာတာ။ အခန်းကလေးတစ်ခုမှာ ချိန်းချိန်းတွေ့လေ့ရှိကြတဲ့ ချစ်သူနှစ်ဦး။ ခုတော့ မိန်းကလေးက တစ်ဖက်သတ် အဆက်အသွယ် ဖြတ်ရာကနေ ထွက်သွားပြီ။

ယောကျ်ားလေးဘက်က အမှားအယွင်း တစ်ခုကို ကျူးလွန်မိတာကြောင့် ဖြတ်သွားသလားလို့ ထင်စရာရှိတဲ့ မိန်းကလေးဟာ နိုင်ငံခြားအထိတောင်များ ရောက်သွားခဲ့ပြီလား။ အစ်ကိုကြီးဟာ မဝေမာခင်ကို စာလည်းဆက်မထည့်တော့တဲ့အပြင် ရှာတောင်မရှာတော့ဘူးလား။

စောလုံသည် ဘယ်အရာကိုမှ အလိုမကျနိုင်အောင် ဖြစ်နေတတ်ကာ ခုတစ်ရက် နှစ်ရက် ရုပ်ကလည်း စူပုပ်နေသဖြင့် ဦးပလာတူးတို့ကတောင် ပြောရသည်။

"ရုပ်ကြီးက စူပုပ်ပြီး ဘာဖြစ်နေတာလဲ စောလုံရ၊ နင့်ဟာနင် ဝင်လုပ်နေတာနော်၊ ငါမခိုင်းဘူးနော်၊ တော်ကြာ ငါခိုင်းလွန်းလို့ ပင်ပန်းလို့ ဖြစ်နေဦးမယ်"

"ဦးပလာတူးကြီး ခိုင်းပါတယ်လို့ စောလုံကကော ပြောမိလို့လား"

www.burmeseclassic.com



"မသိဘူးလေ၊ ရုပ်ကြီးက ဘယ်သူ့မှ သိပ်မကြည်ဘူး။ မာရေကျောရေကြီး၊ ဘယ်သူ့မကျေနပ်ဘူးလဲ ပြော"

"ဘယ်သူ့မှ မကျေနပ်ဘူး"

"ရှင်းရော"

ဦးပလာတူးက ဆက်မမေးတော့ဘဲ သူရေးခြစ်ေ တဲ့ စာရင်းစာရွက်ကို တစ်ခေါက်ပြန်စစ်ပြီး ...

"နိုင်ရေ"

"ရှင်"

"ဟောဒီမှာ ငါ ထုတ်ချင်တဲ့ ပစ္စည်းစာရင်း ရပြီ၊ ရော စတိုခန်းထဲ ရှိ့မရှိ ညည်းစစ်ပေး၊ ရှိရင်ထုတ်ပေးဦး၊ မ ရင် ဈေးဝယ်သမားကို မှာပေး"

မနိုင်က စတိုခန်းလေးရဲ့သော့ကို ကိုင်ရသူလည်း ဖြစ်ပါသည်။ ဆိုင်ရဲ့မန်နေဂျာ ဆိုတာကတော့ ဆိုင်ခွဲသုံးခုလော ကို တစ်ယောက်နှုန်းခွကာ မန်နေဂျာ လုပ်ရတာမို့ အမြဲတ ဆိုင်မှာရှိတာမဟုတ်။ မနိုင်က သော့တွဲနှင့် ရောက်လာကာ ခန်းချောင်ကလေးရဲ့ တံခါးရွက်ကို သော့နှင့်ဖွင့်ရင်း ပစ္စည်းေ စစ်ဆေးရွေးချယ်ကာ ...

"ရော ... မရောနီးစ်ပုလင်းကြီး၊ ရော မာဂျရင်း၊ ေ ခရမ်းချဉ်ဆော့စ်၊ ဒီမှာ ချိစ်၊ ဒါဖြင့် အခုလိုတာ ေ ကောင်းရယ်၊ သကြားရယ်"





"ဆိစိမ်စက္ကူ၊ သွားကြားထိုးတံ၊ တစ်ရှူးဘူး၊ ဒါတွေအားလုံး နက်ဖြန်ရမှ ဖြစ်မယ်"

"ရမယ် ... ရမယ်၊ ခုပဲ ဖုန်းဆက်လိုက်မယ်၊ မနက်ဈေး ဝယ်ပို့မယ့်ကားနဲ့ မီအောင်မှာပေးမယ်"

"မနိုင်ရေ"

"ဝေ"

"ရှေ့မှာ လူတစ်ယောက်ကို လာမေးနေတယ်"

"ဘယ်သူ့ကို မေးတာလဲ ဆန်နီ"

"ကိုမင်းဝင့်ထည်တဲ့"

မနိုင်က စတိုကို ပြန်ပိတ်ရင်း သော့ခတ်ကာ ...

"ဘယ်သူက မေးတာလဲ"

"မသိဘူးဗျ၊ အစ်မကြီး တစ်ယောက်ပဲ"

"ဒီမှာ ဘာလို့လာမေးတာလဲ၊ အဆန်းပါလား"

"ကော်ဖီပါဆယ်မှာတယ်၊ ပေးလိုက်တော့ ကိုမင်းဝင့်ထည် ကို သိလားတဲ့၊ သူ့ကို တစ်ခုခု မှာချင်လို့တဲ့ ပြောတာပဲ"

မနိုင်က ဇဝေဇဝါနှင့် ရှေ့ကို ထွက်သွားပါသည်။

"ဦးပလာတူး ဒီလောက်ဆို ရပြီလား"

"တော်တော့ ရပြီ၊ ပိုတောင် ပိုနေပြီ၊ တစ်ခါတည်း စုပုံ ပြီး ကြိတ်ကောင်းကောင်းနဲ့ ကြိတ်နေလိုက်တာ၊ ဘူးထဲ ထည့်၊ ပရိဘောထဲထည့်၊ ပစ္စည်းတွေသိမ်းတော့"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးပလာတူးက မီးဖိုတံခါးဝထွက်ကာ ရှေ့ဘက်ကို မျှော်ကြည့်ပါသည်။ မင်းဝင့်ထည်ကို ဒီမှာလာမေးတယ်ဆိုတော့ တစ်မျိုးကြီးပေါ့။ သူ့ဆိုင်က ဒီနားတင်ပဲဟာ။ ဆိုင်ရှေ့ဘက်လှမ်းကြည့်လိုက်တော့ မမှတ်မိစရာ မရှိသော ဆံပင်ရှည်ထူထူကြီးနှင့် မိန်းကလေးကို လှမ်းမြင်လိုက်ရပါသည်။

"အစ်မ ... မှတ်မိမလား မသိဘူး၊ ကျွန်မ ... ဒီကို ..."

"ဩော် ... မှတ်မိပါတယ်၊ ကိုမင်းဝင့်နဲ့ လာဖူးတယ်လေ၊ ကိုမင်းဝင့်က အရင်က လာထိုင်နေကျပဲဟာ မှတ်မိနေပါတယ်၊ ဟိုတလောကတောင် ညီမကို (...)ဆေးခန်းမှာလှမ်းမြင်လိုက်သေးတယ်"

"ဩော် ... ဟုတ်တယ် ... ဟုတ်တယ်"

"ကိုမင်းဝင့် ဆိုင်သိတယ်မှလား ညီမ၊ ဒီနားတင်ပဲလေ၊ Earth လေ"

မနိုင်က လက်ညှိုးညွှန်ကာဆိုလျှင် ...

"သိပါတယ်၊ အခုလည်း ဝင်ခဲ့ပါတယ်၊ သူ မရှိလို့ပါ"

"ဩော်"

"သူ့ဆိုင်က ကောင်မလေးတွေနဲ့ကျတော့ မရင်းနှီးလို့ မပေးခဲ့ချင်လို့ပါ၊ ဒီကအစ်မနဲ့တော့ သူ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး စကားပြောတာ မြင်ဖူးနေတာနဲ့။ ပြီးတော့ သူက ဒီမှာ ကော်ဖီလာသောက်နေကျဆိုလို့ တစ်နေ့မရောက် တစ်နေ့ရောက်မှာပဲဆိုပြီး ..."





"ဟုတ်ကဲ့"

မခိုင်က ဇဝေဇဝါနှင့် နားထောင်နေရပါသည်။

"သူ့ကို ဒီစာအိတ်လေး ပေးပေးပါနော်"

"ဩော်"

"သူ ဒီကိုလာတဲ့အခါ ပေးလိုက်ပေးပါ"

"ဩော် ... အင်း ... အင်း"

မင်းဝင့်ထည် သိပ်မလာတော့ဘဲ ဆိုင်ကိုသာ အော်ဒါမှာယူတာများကြောင်း မခိုင်က ပြောမနေတော့ပါ။ မုန့်ပို့ရင်း သွားပေးလိုက်နိုင်တာပဲ။ ဘာမှ ပို့စရာမရှိလဲ ဒီစာအိတ်ပဲ တကူးတက သွားပို့နိုင်တာပါပဲ။

"ဆက်ဆက်ပေးပေးပါနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... စိတ်ချပါ၊ ဘယ်သူကပေးခဲ့တယ်လို့ ပြောရမလဲ"

"ဝေမာ ... အဲ ... သူတွေ့ရင် သိမှာပါ၊ ဝေမာလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ... ကောင်းပါပြီ၊ ပေးလိုက်မယ်နော် ညီမ၊ သူ့ဖုန်းမသိဘူးလား၊ ဖုန်းဆက်ပြီး ဒီဆိုင်မှာ စာအိတ်ပေးခဲ့ကြောင်း အကြောင်းကြားရင် ကြားလိုက်ပါလား"

"ဟုတ်ကဲ့ ဆက်လိုက်ပါ့မယ်၊ စိတ်ချမယ်နော်"

"စိတ်ချပါ၊ သူ မလာရင် သွားပေးပေးပါ့မယ်"

"ကျေးဇူးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ သိမ်းပြီးတဲ့ စောလုံက မီးဖိုခန်းအပြင် ရောက်နေတဲ့ ဦးပလာတူးထံ လာရင်း ...

"ဦးပလာတူး သိမ်းပြီးပြီ၊ ဟင် ..."

လှမ်းပြောရင်း ရှေ့ဘက်ကို ကြည့်မိတဲ့ စောလုံဟာ ဟင်ခနဲ အလန့်တကြား အံ့သြသွားပါသည်။ မဝေမာခင်။ ဝေမာခင်ဟာ မခိုင်ကို တစ်ချက်ပြုံးပြ နှုတ်ဆက်ရင်း ဆိုင်ရဲ့မှန်တံခါးကို ဆွဲဖွင့်ထွက်ခွာသွားပြီ။ သူ ဘာလာလုပ်ပါလိမ့်။ လာစားတာလည်း မဟုတ်။ ပါဆယ်လည်း ယူမသွား။ မခိုင်နှင့်သာ စကားပြောသွားတာ။

ဒါဖြင့် သူတို့ နိုင်ငံခြား မသွားကြသေးဘူးပေါ့။ ဒီမှာပဲ ရှိနေကြသေးတာပေါ့။ စောလုံက ဝေမာခင့်ကို နှုတ်ဆက်ဖို့ မိလိုမိငြား ဆိုင်ရှေ့ဘက် လှမ်းလာခဲ့ချိန်မှာ ဝေမာခင်က ဆိုင်ရှေ့မှာ ရပ်စောင့်နေတဲ့ တက္ကစီကားပေါ် ခပ်မြန်မြန် ပြေးတက်ပြီး နောက်ထပ် မိန်းမကြီးတစ်ယောက် ပါသေးတဲ့ တက္ကစီကလည်း မောင်းထွက်သွားပါတော့သည်။ စောလုံက မှန်တံခါးရဲ့ အပြင်ဘက်ဆီအထိ လိုက်ထွက်ကာ ကားထွက်သွားရာဆီ မျှော်ကြည့်လိုက်ပါသေးသည်။

"ဘာလဲဟင် ... ဘာလဲဟင် ... အဲဒီ အစ်မကြီးက ဘာလာလုပ်တာလဲ"

"ကဲ ... စပ်စုပြီ"





"ဦးပလာတူးကြီးကလည်း ပြောပြပါ"

"နင်နဲ့ ဘာဆိုင်လို့လဲ"

"စောလုံနဲ့ အဲဒီအစ်မကြီး သိလို့ပါ"

"သိရင်ပြော၊ ဘယ်သူတဲ့ သူက"

"သူ့နာမည်က ဝေမာခင်တဲ့"

"အင်း ... နာမည်ပြောတာတော့ မှန်တယ်၊ နင် တကယ် သိတာလား"

"သိပါတယ်ဆို၊ စောလုံတို့က အရင်က သူတို့နေတဲ့အိမ်ကို အခု ဝယ်လိုက်တာ၊ အဲသလိုသိတာ မခိုင်ရဲ့"

"သြော် ... ဒါဖြင့် လူချင်းတော့ မရင်းနှီးဘူးပေါ့"

"ဟုတ် ... ရင်းတော့ မရင်းနှီးဘူး၊ သူ့ကို နှုတ်ဆက်မလားလို့ လိုက်ကြည့်တာ၊ မမီတော့ဘူး"

စောလုံက မခိုင် လက်ထဲက စာအိတ်ဖြူလေးကို ကြည့်လိုက်ရင်း ...

"သူက ဘာလာလုပ်တာလဲဟင်"

"ဦးမင်းဝင့်ထည်ကို ပေးဖို့ စာအိတ်လာပေးတာပါ"

"ဦးမင်းဝင့်ထည် ဆိုတာ ဘယ်သူလဲ"

"Earth ကလေ၊ နင် မှန့်သွားသွားပို့နေရတဲ့သူလေ"

"ဟင် ... ဟုတ်လား"

စောလုံ မျက်ခုံးလေးတွေ တွန့်သွားရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူက စာကိုဘာဖြစ်လို့ ဒီမှာလာပေးသွားတာလဲ၊ ဟိုအစ်ကိုကြီးကို တိုက်ရိုက်မပေးဘဲနဲ့"

"အဲဒီကိုသွားတာ အဲဒီလူက မရှိလို့တဲ့၊ သူ့ဆိုင်က ကောင်မလေးတွေကိုလည်း မရင်းနှီးလို့ မပေးခဲ့ချင်ဘူးတဲ့၊ ဟိုအရင်က အဲဒီ ကိုမင်းဝင့်က ဒီဆိုင်မှာ လာထိုင်စားလေ့ရှိတယ်၊ မကြာမကြာလာတော့ ငါတို့နဲ့လည်း ရင်းနှီးနေတယ်၊ ဒီဝေမာခင်ကလည်း နှစ်ခါလား ပါလာဖူးတော့ ဒီဆိုင်နဲ့ ကိုမင်းဝင့် ရင်းနှီးတယ်လို့လည်း သူက သိထားတယ်၊ ဒါကြောင့် ဟိုမှာမပေးခဲ့ဘဲ ဒီမှာလာပေးခဲ့တာ။ ငါတို့က တစ်ဆင့် ပေးပေးပါတဲ့"

စောလုံ မျက်ခုံးလေးက ပို၍တွန့်သွားရကာ ...

"ဟင် ... ဟိုအစ်ကိုကြီးက ဆိုင်မှာရှိပါတယ်"

"နင်က ဘယ်လိုလုပ်သိလဲ"

"ခုနထွက်ကြည့်တော့ ဆိုင်ရှေ့မှာ သူ့ကားရပ်ထားတာ တွေ့တယ်လေ၊ သူ့ကားရှိရာ သူရှိလို့ပဲပေါ့"

"နင် ပြောတာလည်း ဟုတ်သား၊ ဒါဖြင့် ဟိုကောင်မလေးက ကိုမင်းဝင့်နဲ့ မတွေ့ချင်လို့ တမင်သက်သက် ဒီမှာလာပေးသွားတာ ဖြစ်မှာပေါ့"

ဦးပလာတူးကြီးက ခေါင်းကုတ်ကာ ...

"ဘာတွေလဲတော့ မသိဘူးဟေ့၊ ခေါင်းရှုပ်တယ်"





ထိုစဉ်မှာပင် ခုနကမြည်နေတဲ့ဖုန်းကို ကောက်ကိုင်နားထောင်လိုက်တဲ့ မမနှင်းက ဖုန်းကိုချကာ ...

"Earth ကတဲ့၊ မုန့်အော်ဒါမှာပါတယ်၊ ဆင်းဒဝစ်ချ် တစ်ဒါဇင်တဲ့၊ ကော်ဖီအေးက နှစ်ခွက်တဲ့၊ ခပ်ပြင်းပြင်းတဲ့"

"ဟော ... အတော်ပဲ"

"စောလုံ သွားပို့မယ်"

စောလုံက အော်လိုက်သဖြင့် မခိုင်က မျက်စောင်းထိုးကာ ...

"အင်းပါ၊ နင်ပဲသွားနေကျ သွားပါ၊ ဟွန်း ... စပ်စုချင်စိတ်နဲ့ စိတ်တွေဝင်စားနေတယ် မဟုတ်လား ကောင်မလေး၊ စာကို သူ ယူသွားပေးချင်နေတာ"

"အဟဲ"

စောလုံက ဝန်ခံသလို မျက်လွှာချ၍ ပြုံးဖြီးဖြီးလုပ်နေလိုက်ပါသည်။ စိတ်ဝင်စားတာပေါ့၊ စိတ်ဝင်စားတာမှ အင်တွေကိုတုန်နေတာ။

"စာအိတ်ထဲမှာ တစ်ခုခု ပါတယ်ဟဲ့၊ မာမာအချောင်းလေး သောလေးလား မသိဘူး"

မခိုင်က စာအိတ်ကို အမှတ်တမဲ့ စမ်းသပ်ရင်းပြောတာ ...

"ရော့"



www.burmeseclassic.com

www.burmeseclassic.com



စောလုံကို စာအိတ်ကမ်းပေးလိုက်သဖြင့် စောလုံက လှမ်းယူလိုက်ပါသည်။

"မင်းဝင့်ထည်"

စာအိတ်ပေါ်မှာ ရေးထားတဲ့ အမည်။ ဪ ... ဟို အစ်ကိုကြီး နာမည်က မင်းဝင့်ထည်တဲ့ကိုး။ ခုမှ အပြည့်အစုံ သိရတာ။ မမပုထံကတော့ "မင်း"ဆိုတာပါကြောင်း သိထားပါသည်။ ဟုတ်သည်။ အတွင်းထဲမှာ စာရွက်ခေါက်အပြင် သော့ချောင်းပါသည်။ သော့မှ နှစ်ချောင်းတောင်။

"ဟဲ့ကောင်မလေး၊ လျှောက်စမ်းမနေနဲ့ စာအိတ်ကြေကုန်ဦးမယ်၊ ဝေမာခင် ပေးသွားတယ်လို့လည်း သေချာပြောပြဦးနော်"

"ဟုတ်ကဲ့ပါ မနိုင်"

စောလုံသည် ခါတိုင်းလို မုန့်တွေကို ကိုယ်တိုင်တောင် ဝင်မစီမံနိုင်။ စာအိတ်ကိုပဲ တရှုရှု တဆ,ဆ,နှင့် စိတ်တွေလျှော့ ရှုးကာနေသည်။

ဘာလဲမသိဘူး။ သိချင်တယ်။ သူတို့နှစ်ဦး အတွင်း ကြားက အဖြစ်အပျက် အခြေအနေတို့ကို သိချင်တယ်။ ဒီစာ ဖွင့်ပြီးကြည့်ချင်တယ်။ သိပ်ပြီးတော့များ တရားလက်လွတ်ဆ သွားမလား။





မကောင်းတာတော့ အမှန်ပင်။ သူတစ်ပါးရဲ့စာကို ဆိုး။ ဒါပေမဲ့ ခုနောက်ပိုင်း စောလုံကို သိသိသာသာ အရေးတယူ အရောတဝင်ပြုလာတဲ့ အစ်ကိုကြီးကြောင့် အစ်ကိုကြီးရဲ့အကြောင်း ကို စောလုံ အများကြီးသိဖို့ လိုအပ်တယ်။ ဟိုတစ်နေ့က ကားနဲ့ သိမ်းထိပ်ထိ လိုက်ပို့ပေးပြီးတဲ့နောက် နှစ်ရက်ရှိပြီ မနက် စောလုံ အလုပ်ကိုလာရင် ဘတ်စ်ကားပေါ်က ဆင်းလိုက်တဲ့အခါတိုင်း ဘားဂိတ်ရှေ့နားမှာ သူ့ကားရှိနေတာ။

ဘတ်စ်ကားဂိတ်ကနေ ဆိုင်အထိ လျှောက်ရတဲ့ခရီး က မနီးလှတာမို့ ကားနဲ့ ဆိုင်အထိ အကြုံခေါ်သွားမယ့် ရည်ရွယ် ချက်မျိုးနဲ့ နေမှာပေါ့။ ကိုယ့်စိတ်ဆင်းရဲ စိတ်ရှုပ်နဲ့ကိုယ် မကြည် သင်လှတဲ့ စောလုံက သူ့ကားကို လုံးလုံးဂရုမပြုမိသယောင် မြင်သယောင်ဆောင်ပြီး သူ့ကားကပ်မောင်းရမယ့် ပလက်ဖောင်း ဟုတ်တဲ့ လက်ဝဲဘက် ပလက်ဖောင်းကနေ ဆိုင်ဆီကို လှမ်း လျှောက်လိုက်တော့ သူ ဘီးလိမ့်ပြီး လိုက်လာလည်းမရ။ အခက် တွေ့ကာ သူ့ဟာသူ မောင်းသွားရတော့တာ။

စောလုံကလည်း လုံးဝမမြင်သလို ခေါင်းကြီးငုံ့ပြီး လျှောက်သည်။ မနေ့ကတစ်ရက်။ ဒီနေ့တစ်ရက်ကျတော့ သူ နဲ့လှမ်းမှာပြီ။ ကော်ဖီနှစ်ခွက်ဆိုတော့ ဧည့်သည်လည်း ရောက် နေတယ် ထင်ပါရဲ့။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ သူ့ကိုဒီနေ့ တွေ့ချင်သေးဘူး။ စာထဲမှာ ဘာတွေပါလဲ စောလုံ သိလိုသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီတစ်ခါတော့ မစုတ်မပြဲ အရာမယွင်းအောင် သပ်သပ်ရပ်ရပ် ဖွင့်ကြည့်ပြီး ပြန်ပိတ်ကာ နောက်တစ်နေ့မှ အစ်ကိုကြီးကို ပေးမည်။

ဒီစာ ကိုယ့်လက်ထဲက ဖြတ်သန်းသွားရပါလျက် ကိုယ် ဘာမှမသိလိုက်ရဘဲ မဖြစ်လိုပါ။ ကိုယ့်လက်ထဲက ဖြတ်ရတာဟာ ကိုယ့်ကို အခွင့်အရေးပေးတာပဲ။ သူတစ်ပါးစာကို တိတ်တဆိတ် ခိုးဖောက်ဖတ်ကြည့်မိတဲ့အတွက် အဆင့်အတန်းမရှိဘူး၊ အကျင့်မကောင်းဘူးဆိုလည်း ရှိပါစေတော့။

"ဟဲ့ ... စောလုံ"

"ရှင်"

"ဟာ ... စောလုံ ဘာဖြစ်နေလဲ၊ ဟိုမှာ မုန့်ပါဆယ်ရဖြေပြီး ဦးပလာတူးကြီး လှမ်းပေးနေတာ၊ ရော့ ... ဒီမှာ ဘောက်ချာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

စောလုံက ဘောက်ချာကိုပါ ကြွပ်ကြွပ်အိတ်ထဲ ထည့်ကာ လက်တစ်ဖက်ကတော့ စာအိတ်ဖြူလေးကိုင်လျက်သား

"သေချာပြောပြခဲ့"

"ဟုတ်"

ဆိုင်ကနေလည်း အနည်းငယ်လှမ်းကာ Earth ကိုလည်း မရောက်သေးတဲ့ လမ်းခုလတ်တစ်နေရာမှာတော့ စော





ဘ စာအိတ်ကို တစ်ဝက်ချိုးခေါက်ပစ်လိုက်ရကာ ဘလောက်စ်အကျႌအိတ်ထဲ ထိုးထည့်လိုက်ရပါသည်။ ဒီနည်းပဲရှိတယ်။ ဒီကြားနေလတ်မှာ ဒီထက်လုံခြုံအောင်လည်း ဝှက်ဖို့မလွယ်တော့ပါ။

စာအိတ်က ပြားပြားပါးပါးပဲမို့ ဘလောက်စ်အကျႌအိတ်ထဲမှာ လုံးဝပျောက်နေပါသည်။ ပြန်ပေးတဲ့အခါ စာအိတ်ကျိုးနေလည်း မတတ်နိုင်တော့ ချိုးလိုက်မိပါတယ်လို့ပဲ ပြောရုံရှိတော့သည်။

Earth ဆိုင်ရဲ့ မှန်တံခါးကို စောလုံ တွန်းဝင်သွားချိန် ဆိုင်ရဲ့တံခါးဝကို လှမ်းကြို့ကြည့်နေတဲ့ အစ်ကိုကြီးကို မြင်သည်။ နံဘေးမှာလည်း သူနဲ့မကြာမကြာတွေ့ရသော သူငယ်ချင်းသည်း ရှိနေသည်။

"ဆင်း၁၀စ်ချ် တစ်ဒါဇင်နဲ့ ကော်ဖီအေးနှစ်ခွက်ပါ"

ဘောက်ချာဖြတ်ပိုင်းလေးကို ကောင်တာပေါ် တင်ပေးလိုက်ပါသည်။

"မနက်က စောလုံ ကားပေါ်ကဆင်းလာတော့ ကိုယ်လှမ်းတွေ့လိုက်သေးတယ်"

"အော"

တွေ့မှာပေါ့။ စောင့်ကြည့်နေတာများ။ မနေ့ကကောင်းဝင့်ထည်ရဲ့ မတွေ့ဘူးလား။ နာမည်ကိုက ထည်ထည်ဝါဝါ ဆိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို မတွေ့ဘူးလား"

"ဟင့်အင်း"

"ခါတိုင်း လမ်းလျှောက်ရင် ငုံ့မလျှောက်ပါဘူး၊ အခုမှ ဘယ်လိုဖြစ်ပြီး ခေါင်းကြီး တအားငုံ့လျှောက်လာတာပါ လိမ့်၊ ဘာတွေ တွေးလာတာလဲ မနက်က"

"မတွေးပါဘူး"

"ဘယ်လောက်ကျလဲ"

"ဆင်း၁၀စ်ချ်က လေးထောင့်နှစ်ရာ၊ ကော်ဖီက ထောင့် ခြောက်ရာ"

"ငါးထောင့်ရှစ်ရာပေါ့"

"ဟုတ်"

"နှစ်ရာပါလား"

ဟင် ...။ ကျန်ခဲ့ပြီ။ ခါတိုင်းဆို သင့်ငွေကိုကြည့်ပြီး ဟိုဘက်က ဘာတန်ပေးနိုင်သည် ဘယ်လောက် အမ်းရနိုင်သည်ဆိုတာ ကြိုတင်တွက်၍ ဆိုင်က အကြွေကြိုယူလာကျင့်ရှိသည်။ ဒီနေ့တော့ အာရုံများနေတာနဲ့ မေ့ခဲ့ပြီ။

"မပါလာဘူး၊ စောလုံ နောက်တစ်ခေါက်မှ လာပြန်အမ်းပါ့မယ်"

"လာမအမ်းပါနဲ့၊ ပင်ပန်းပါတယ်၊ အတိအကျ ပေးလိုက်ပါ့မယ်"





"ကျေးဇူးပဲ"

"နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"မျက်နှာ မကောင်းပါလား"

"... ... ..."

"ညနေ ဘယ်အချိန်ပြန်ရမယ့်နေ့လဲ"

"ခြောက်နာရီ"

"လိုက်ပို့ပေးရမလား"

စောလုံက မင်းဝင့်ထည်ကို မျက်လွှာတစ်ချက် လှန်ကြည့်လိုက်ရင်း ...

"ဟင့်အင်း၊ ကိုယ့်ဟာကိုယ် ပြန်နေကျပဲ"

မင်းဝင့်ထည်က ပိုက်ဆံထုတ်ရင်း စောလုံကို မသိမသာ အကဲခတ်နေပါသည်။ မျက်နှာထားလေးက မကြည်မသာ တင်းမာနေပါလား။ သူ့ဟာသူ ဖြစ်နေတာလား။ ကိုယ့်အပေါ် ကြည်စရာရှိနေတာလား။ ကိုယ့်အပေါ် မကြည်စရာဖြစ်ရအောင် တော့ ဘာကိစ္စမှမရှိဘူးလို့ ထင်မိတာပင်။ ဟိုတစ်နေ့က လမ်းထိပ်ထိ လိုက်ပို့တာ သူ့အိမ်က လူကြီးတွေ သိသွားပြီးတော့များ ဆူပူခံရလေသလား။

ဤသို့စဉ်းစားမိတော့ စိတ်မကောင်း ဖြစ်ရသည်။

"ဟိုနေ့က လိုက်ပို့တာ အိမ်ကများ သိသွားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မသိပါဘူး"

"ဒါဖြင့် ပြန်ပို့ပေးမယ်လေ၊ တော်ကြာ နောက်ကနေ နောင့်ယှက်တဲ့သူ ပါနေဦးမယ်"

ဝန်ထမ်းတွေ မကြားအောင် ခပ်အုပ်အုပ် ပြောနေတဲ့ မင်းဝင့်ထည်ကို စောလုံက နှာကျင်ကျင်လေးကြည့်ရင်း ...

"ရပါတယ်၊ သူလည်း လိုက်လာမှာ မဟုတ်ပါဘူး၊ သွားတော့မယ်"

ပိုက်ဆံလှမ်းယူကာ ဖြည်းဖြည်းလှည့်ထွက်လာခဲ့ပြီးမှ ခြေလှမ်းတွေရပ်ကာ ပြန်လှည့်ကြည့်လိုက်ရင်း ...

"ဒါနဲ့ လှိုင်မြင့်မိုရ် အခန်းက ဘယ်နားမှာလဲ မသိဘူး"

"ဩော် ... စောလုံ အဲဒီမှာ အခန်းရှာနေပြီလား၊ ကိုယ့်အခန်းက တိုက်(--)အခန်း(--)လေ၊ နေဦး ... အဲဒီနားတစ်ဝိုက် မြေညီထပ်တွေ နည်းနည်းမေးမြန်း စုံစမ်းကြည့်ပေးမယ်"

စောလုံက ခေါင်းလေးညိတ်ကာ လှည့်ထွက်ခဲ့သည်။ တိုက်(--) အခန်း(--)။ ထွက်သွားတဲ့ စောလုံကိုကြည့်နေရင်း မိုးလွင်က မင်းဝင့်ထည်ကို ပြုံးတုံ့တုံ့ကြည့်ကာ ...

"အခုတော့ စကားတွေ ဘာတွေပြောတဲ့အဆင့်ထိ တိုးတက်ပြီပေါ့၊ ဟုတ်လား မင်းဝင့်"

မင်းဝင့်ထည်က ပြုံးနေပါသည်။





"မင်း တော်တော်နေနိုင်တဲ့ကောင်ကွာ ... ဟား ဟား"

"သူ သိပ်ငယ်သေးလို့လို့ ငါ ပြောထားမှုသားပဲ မိုးလွင်ရာ"

မိုးလွင်က မင်းဝင့်ထည်ကို ပြုံးကြည့်ကာ ခေါင်းဘယ်ယမ်းယမ်းနှင့် ရှိသည်။

✦ ♥ ✦



www.burmeseclassic.com

www.burmeseclassic.com



## ၉

အပေါ်ကစာအိတ်မှာ "မင်းဝင့်ထည်"လို့ ရိုးရိုး
ရေးထားပေမယ့် အဲဒီစာအိတ်တစ်ထပ် ဖွင့်သွားတဲ့အခါ အောက်
ထွက်လာတဲ့ နောက်ထပ်စာအိတ်တစ်ထပ်မှာတော့ "ကို"
နာမည်တစ်လုံးတည်း တပ်လျက်သား။

"စောလုံ"

"ရှင်"

"နင် ဘာတွေလုပ်နေမှန်းကို မသိဘူး၊ အိမ်ကိုလည်း
တွေမလာတော့ဘဲနဲ့၊ နင် ဒီစာအိတ်အသစ်ကို ဘယ်
ရလာပြန်လဲ"

"အလကားပါ"

"ဘာအလကားပါလဲ၊ နင် သူများစာတွေ ဖောက်ဖော
ဖတ်ချင်တဲ့အကျင့် စွဲနေပြီလား၊ ဟုတ်လား"



"မမပုနော်၊ လူကို အလကားနေရင်း ပြဿနာစကား
လာပြောမနေနဲ့"

"ငါပြောတာ မမှန်လို့လား၊ ဘယ်က သူများစာကို ဖောက်
နေပြန်လဲ"

"ဒီဝေမာခင့်စာပဲ"

"ဝေမာခင့်စာဆိုရင် နင် ဖောက်ခွင့်ရှိတယ်၊ အဲလိုလား"

စောလုံက နဖူးမှာ ချွေးဥလေးတွေ စို့နေရင်းက
မမပုကိုလှည့်၍ မျက်စောင်းထိုးလိုက်ပါသည်။

"ငါပြောတယ်၊ သိပ်ဖောက်ဖတ်ချင်လည်း ဗြိခနဲသာ
ဆွဲဆုတ် ဖတ်လိုက်လို့"

"အို ... ဒီစာက ပြန်ပေးရမှာ မမပုကလည်း"

"ဘယ်သူ့ကိုလဲ"

"ကာယကံရှင်ကိုပေါ့"

"ဝေမာခင်လား၊ နင်နဲ့ တွေ့လို့လား"

စောလုံသည် ဝေမာခင် ဆိုင်ကိုရောက်လာတာ၊
နိုင်ငံခြားမသွားသေးဘူး ဆိုတာတွေ မမပုကို ပြန်မပြောဖြစ်သေး။
အိမ်ပြန်ရောက်တာနှင့် ရေနွေးအိုးတစ်လုံး ကောက်တည်ပြီး စာအိတ်
ဖွင့်ဖို့ လုံးပန်းနေတာ။ ဖေဖေနှင့် အန်တီချစ် ကံကောင်းထောက်မ
စွာ ရှိမနေတုန်း လုပ်ရတာ။ အန်တီချစ် အိမ်မှာရှိနေရင် လုပ်ဖို့
လစ်မှာ မဟုတ်။ မြန်အောင်လို့ ရေအေးအသစ်နဲ့တောင် မကျို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ခတ်ဘူးထဲကပဟာတွေ ပြန်လောင်းတည့်ပြီး ပြန်ကျိုနေ၍ မမပုက သူ့ရေနွေးတွေ ယူသုံးရကောင်းလား ပွစိစိ လာလုပ်တာ။

"မေးတာ ဖြေလေ"

"တွေ့တော့ မတွေ့လိုက်ဘူး"

"အဲဒါ ဘာဘောလဲ"

"သူက ဆိုင်ကို ဒီစာလာပေးသွားတာ၊ ကဲပါ ... မမပုက လည်း အမေးမြန်း ထူလိုက်တာ"

"မေးရမှာပဲ၊ ငါ့ရေနွေးတွေနဲ့ယူပြီး အရေးတကြီး လုပ်နေတာကို"

"မမပု ရေနွေးတွေက ညစ်ပတ်သွားတာမှ မဟုတ်ဘဲ ပြန်ယူလို့ ရတာပဲဟာ၊ ကျွတ် ... ကျွတ် ... ကျွတ် ... မင်ပျံ့ကုန်ပါပြီ။ စာကို မင်အစိုနဲ့ ရေးထားရတယ်လို့ကွာ"

"သူက ဘယ်သူ့ဖို့ လာပေးတာလဲ"

"ဟိုအစ်ကိုကြီးဆီကို"

"အာဗြဲအစ်ကို့,ကိုပေါ့ !!"

မမပုက မျက်လုံးပြူးလေးနှင့် မေးသည်။ စောလုံက ခေါင်းညိတ်လိုက်ပါသည်။

"သူ့နာမည် ဘယ်သူ !"

"မင်းဝင့်ထည်တဲ့"

"မင်းဝင့်ထည် !!"





မမပုက အားမှာချထားသော အပေါ်စာအိတ်တစ်ခုပ်ကို ကောက်ကိုင်ကြည့်လျှင် ရေနွေးငွေ့ရိုက်၍ မင်ပျံ့နေသော "မင်းဝင့်ထည်"ဆိုတဲ့ စာလုံးကို တွေ့ရပါသည်။

"သူ့ကို ဝေမာခင်က လာပေးသွားတဲ့စာပေါ့၊ ဟင် ... စောလုံ၊ ဒီစာကို နင်က ဘာအခွင့်ရှိလို့ ဖတ်ရမှာလဲ"

"... ... ..."

"ဝေမာခင့်စာကို နင်ဖောက်ဖတ်လိုက်တယ် ဆိုတာက ပိုင်ရှင်မဲ့လို့ သတ်မှတ်လိုက်ပြီး နင့်စိတ်ထဲမှာလည်း သူတို့ နိုင်ငံခြားသွားပြီလို့ ထင်ခဲ့လို့လေ။ ပေးရမယ့်လူ မရှိ မသိမို့ နင်ဖောက်ဖတ်လိုက်တာ တော်သေးတယ်၊ ခုဟာက ပေးရမယ့်လူ စာပိုင်ရှင် ရှိရဲ့သားနဲ့ သိလည်းသိရဲ့သားနဲ့ နင် ဖောက်ဖတ်တာ၊ အဲဒါ အကျင့်မကောင်းတာဟဲ့ စောလုံရဲ့၊ နင် အဲလိုမလုပ်ရဘူးနော်"

စောလုံက မမပုကို ဘာမှပြန်မပြော။ မမပု အဲသလို ပြောတော့လည်း ရှက်ပြီး ဝမ်းနည်းလာပါသည်။ မကောင်းကြောင်းကို သိပါသည်။ ဒါပေမဲ့ သိချင်တာ။ သူတို့အတွင်းရေးကို အမှန်သိချင်တာ။ အမှန်သိရဖို့က လွယ်မှမလွယ်တာ။ အစ်ကိုကြီးကို မေးရင်ကော အမှန်စကားကို ပြောမတဲ့လား။

ရှင်းရှင်းပြောရရင်တော့ ကိုယ်ချစ်မိသော လူတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်နှင့် အခန်းလေးတစ်ခန်းမှာ အစ်ကြိမ်မက ချိန်းတွေ့ကာ တစ်စုံတစ်ရာသော အခြေအနေအထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိခဲ့တယ်လို့ ရင်ပူပူကြီးနဲ့ ယူဆစရာဖြစ်နေတာကို ဟုတ် တယ် မဟုတ်ဘူး အမှန်ဆုံး သိလိုတာ။ ဒီကိစ္စမျိုးက ကာယကံ ရှင်ထံမှာမေးလည်း အမှန်ဆုံးသိရဖို့ မလွယ်ပဲ။ ခိုးပြီးစုံစမ်းတဲ့နည်း (ခုလိုစာခိုးဖတ်တာ)နဲ့မှ သိရတော့မှာ။

မကောင်းသော အကျင့်ရယ်လို့ နားလည်လက်ခံနိုင် သည်က တခြား။ ရင်နဲ့အမျှ လေးပင်နင့်မောစွာ သိချင်နေလှတဲ့ အရာကို မသိ,သိရအောင် ရှာဖွေစုံစမ်းချင်တာက တခြား။

"စောလုံနော် ... ငါပြောနေတယ်"

"မမပု ပြောတာ ကြားတယ်"

စောလုံက တစ်ချက် လှည့်ကြည့်လိုက်ပါသည်။ အဲဒီအကြည့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လည်နေတာကိုမြင် လျှင် ပုလုံမှာ အံ့အားတသင့် ကြောင်ငေးနေပါတော့သည်။

"ဟုတ်တယ်၊ စောလုံ သူခိုးမ"

"စောလုံ ... !"

"သူများစာကို ခိုးဖတ်တယ်၊ အကျင့်ပျက်မ"

"စောလုံ ... နင် ဘာဖြစ်နေတာလဲ၊ ဒီစာက ဘယ်လော များ အရေးပါနေလို့လဲ၊ နင် စပ်စုချင်တာသက်သ မဟုတ်တော့ဘဲ၊ နင် ဒီလောက်တောင် ခံစားပြီး ဖတ် ဖတ်ရမှု ဖြစ်နေရတာက ဘာကြောင့်လဲ"

"မမပုကို စောလုံ ပြောဖူးပါတယ်"

"ဘာလဲ"





"ထပ်မပြောတော့ဘူး"

"စောလုံ ... ထပ်ပြောစမ်း၊ ငါ မသိတော့ဘူး"

"ဟင့်အင်း ... ထပ်ပြောရမှာ ရှက်လာပြီ"

"သူ့ကို နင်ကြိုက်တယ် ဆိုတာလား"

စောလုံက ဘာမှမဖြေဘဲ ခေါင်းငုံ့ကာ နှုတ်ခမ်းလေး ကိုက်ထားသည်။ ပုလုံသာ မျက်ခုံးကိုရှုံ့ပြီး ...

"အဲဒါ နောက်ပြီးပြောတာ မဟုတ်ဘူးလား"

"နောက်စရာလား၊ မမပုကလည်း"

"ကြိုက်ကော ကြိုက်စရာလား လူတစ်ယောက်ကို၊ နင်က မိန်းကလေးလေ"

"အာ ... မမပုကလည်း၊ တော်ပါတော့ကွာ"

"မိန်းကလေးက စ,ကြိုက်တယ်ဆိုတာ ရှိလား၊ နင်အတော် ကဲပါလား"

မမပု စကားက ပိဿာလေးနှင့် ဆားပစ်။ စောလုံက မျက်ရည်တွေ လည်လာကာ ...

"မမပု အဲသလိုပြောလည်း ခံရရုံပဲ၊ စောလုံ သူ့ကိုချစ်တယ် ဆိုတာ သူ့ကို မြင်ဖူးကတည်းက မြင်မြင်ချင်း ချစ်တာမျိုး၊ ဘာမှလဲ လုပ်တာမဟုတ်ဘူး၊ သူ့ကို မကြာမကြာလေး မြင်ရအောင် မသိမသာ သွားကြည့်နေတာပဲရှိတာ၊ တောက် လျှောက် သူလည်း မသိဘူး၊ လူချင်း နှုတ်တောင်မဆက် ပါဘူး၊ အဲဒါမျိုး အေးအေးချမ်းချမ်း ချစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



စောလုံရဲ့ အသံတုန်တုန်လေး အကြားတွင် ပုလုံမှာ ပါးစပ်အဟောင်းသား အံ့ဩနေကာ ...

"ဒါဖြင့် နင်အလုပ်လုပ်တဲ့ဆိုင်နား သူ့ဆိုင်က မတော်တဆ ရှိနေတာမှ ဟုတ်ရဲ့လား၊ တမင်တကာ သူ့ဆိုင်ရှိတဲ့နား ကိုများ"

"ဟုတ်တယ်၊ မသူဇာဆိုင်မှာ လုပ်တုန်းက သူ့ကိုစ,တွေ့ဖူးတာ၊ အခု ဒီမုန့်ဆိုင်ကို ဝင်လုပ်တာကတော့ သူ့ဆိုင်နဲ့ နီးလို့သက်သက်ပဲ"

"စောလုံရယ် ... ငါဖြင့် အံ့ဩလိုက်တာ"

စောလုံက စာအိတ်တွေယူကာ အခန်းဆီပြန်ခဲ့လျှင် မမပုက တောက်လျှောက် နောက်ကပါလာသည်။

"နင် ... နင် ... လူတစ်ယောက်ကို အဲသလိုတောင် ချစ်တယ် ... ! "

"အဲဒါ ဘာဖြစ်လဲ၊ တိတ်တိတ်လေးပဲနေတာ၊ အခုနောက်ပိုင်း သူ ဒီအိမ်ကိုလာပြီး ဝေမာခင့်ကိုမေးတဲ့ နောက်ပိုင်းကျမှ သူနဲ့စောလုံ စကားနည်းနည်းပါးပါး ပြောဖြစ် နှုတ်ဆက်ဖြစ်တာပါ၊ ဟိုးအရင်ကဆိုရင် သူ စောလုံကို သိတောင်သိမှာ မဟုတ်ပါဘူး၊ သူ့ကိုချစ်တယ်ဆိုတာက စောလုံ ရင်ထဲမှာပါ မမပု၊ အပြင်မှာ ဘာမှသိအောင် လုပ်နေတာ မဟုတ်ပါဘူး"

မမပုသည် စိတ်ရှုပ်ထွေးသော ရုပ်လေးနှင့် ...





"ကဲ ... အခု ဘယ်လိုလုပ်မလဲဟင် စောလုံ"

"ဘာကိုလဲ"

"သူက ဝေမာခင်နဲ့ ကြိုက်နေတာဆို"

"အဲဒါတွေကို ရေရေရာရာ သိချင်လို့ စောလုံ ခုလိုလုပ်မိတာ"

"သူ့စာကို ဖောက်ထားမှန်း သူ သိသွားရင် ရှက်စရာကြီး စောလုံရယ်၊ နင် ဖောက်ပြီးနေမှတော့ သူ့ကို မပေးရင်လည်း ပေးမနေနဲ့တော့"

"မပေးလို့ မရဘူး၊ သူ့ဟာက စာတင်မကဘူး၊ ဒီမှာ ..."

စောလုံ မှောက်ချလိုက်တဲ့ အိတ်ထဲက ထွက်ကျလာတဲ့ သော့လေးနှစ်ချောင်းကို မမပုက အလန့်တကြားကြည့်ပြီး...

"ဟင် ... သော့တွေ၊ ဘာသော့တွေလဲ"

"မသိဘူး၊ ဒီလိုပစ္စည်း ပါလာတော့ မပေးလို့တော့ ဘယ်ဖြစ်တော့မလဲ"

"ဒုက္ခပဲ၊ နင့်စာအိတ်ကလည်း သပ်ကို မသပ်ရပ်ဘူး၊ အနားတွေ တွန့်လိပ်လို့၊ နင် ပြန်ပေးရင် သူသိမှာပဲ၊ ဖောက်ထားကြောင်း သိမှာပဲ၊ မပေးလို့လည်းမရ၊ ရှုပ်ရှုပ်ယှက်ယှက်တွေ နာမည်ပျက်တော့မှာပဲ စောလုံရယ်"

မမပု ခမျာ ခေါင်းကို တကျိုးကျိုးနှင့် အားရပါးရ ...တ်လို့သာ နေတော့သည်။ သူ့မောင် ကိုအာဖြိုရဲ့ မွေးစားအိမ် ...င်တွေမို့လည်း သူ ဒီလောက်ထိ ဝင်စိတ်ပူနေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုးမို့ရင်တော့ မမပုဟာ တော်တန်ရုံအရာ သူနှင့်မဆိုင်သလို စိတ်ကိုမဝင်စားတတ်တာပါ။

မမပုကို အခန်းကိစ္စ သော့ကိစ္စတွေ အထိတော့ ပြောပြလို့ မဖြစ်။ သော့ကိုမြင်သော်လည်း "ဘာသော့တွေလည်း မသိဘူး"ဆိုတဲ့ အဆင့်မှာပဲ ရပ်ထားလိုက်ရမှာ။ အိမ်ခန်းတစ်ခန်းရဲ့ သော့ဆိုတာတွေ အဲဒီအဖြစ်အပျက်ကို ရေဆုံးမြေဆုံး စောလုံ စိတ်ဝင်စားနေတာတွေကိုသာ မမပု သိရင် ဖေဖေ့ကို တိုင်ချင် တိုင်ပစ်လိုက်မှာ။ အရမ်းကို စိတ်ပူနေမှာ။

"ငါ အကြံရပြီ"

"ဘာလဲ မမပု"

"နင် အဲဒီမုန့်ဆိုင်ကလည်း အလုပ်ထွက်လိုက်တော့၊ အဲဒီ ဆိုင်တန်းနေရာကိုလည်း မသွားနဲ့တော့၊ ဒီလူကိုလည်းမေ့ လိုက်။ သူ့ကိုလည်း ကြိုက်မနေနဲ့၊ ဒီနေ့ကစပြီး လုံးဝပြီးပြီ ပြတ်ပြတ် နေလိုက်"

စောလုံက မမပုကို မျက်စောင်းထိုးကာ ...

"အကြံကြီးကလည်း ကောင်းလည်း မကောင်းပဲနဲ့"

"နင့်ကို ငါ တကယ်စိတ်ပျက်တယ်၊ အဲလောက်ထိအော လူတစ်ယောက်ကို ကြိုက်ပြီး လုပ်ချင်ရာတွေ လုပ်နေယ် မယ်လို့ ထင်တောင် မထင်ဘူး၊ အဲဒါကြောင့် ငါ့မှာ မိန်းမကြီး အန်တီချစ် ဟိုတစ်နေ့က အဖေ့ကို ပြောနေ စကားကြားတော့ စိတ်တွေတောင်တိုလို့၊ ငါ့ညီမလေး





တောင် မစင်သေးတာကိုဆိုပြီး မခံချင်တွေဖြစ်လို့၊ ခုတော့ အန်တီချစ် ပြောနေတဲ့ အစီအစဉ်တွေကမှ ကောင်းနေသေးတယ်၊ နင်က ဒီဘက်မှာ ထင်ရာလုပ်နေတာ၊ နင်လုပ်နေတာနဲ့စာရင်တော့ သူစီစဉ်တာကိုပဲ ငါက ထောက်ခံရမလို ဖြစ်နေပြီ"

စောလုံက အံ့အားတသင့်နှင့် ...

"ဘာတဲ့လဲ"

"နင့်ကို အိမ်ထောင်ကောင်းကောင်းလေး စပ်ပြီးချပေးမယ့် အကြောင်း အဖေ့ကို ပြောနေတာ"

"ဟာ ... ဘာလို့ချပေးရမှာလဲ၊ အဓိပ္ပာယ်မရှိ"

"သူ့မှာ တော်ပြီး လိမ္မာတဲ့ တူနှစ်ယောက် ရှိတယ်တဲ့၊ တစ်ယောက်က ဆရာဝန်၊ တစ်ယောက်က အင်ဂျင်နီယာတဲ့၊ ငွေကြေးတွေ ဘာတွေလည်း ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝတွေချည်းပဲတဲ့၊ အဲဒီ တူနှစ်ယောက်နဲ့ မိတ်ဆက်တွေ့ဆုံပေးထားမယ်တဲ့၊ နင်ကြိုက်တဲ့သူ ရွေးလို့ရတယ်တဲ့၊ တကယ့် လူကောင်းတွေမို့ ကိုယ့်အိတ်ထဲ ကိုယ်ဖိတ်ချင်တာဆိုပြီး အဖေ့ကို ပြောနေတယ်"

"သူ့ဟာသူ တော်ရုံမကလို့ လိမ္မာရုံမကလို့ ပုံပုံလန်လန်၊ စောလုံကတော့ မစဉ်းစားပါဘူး၊ လာစပ်ရင်လည်း မောရုံပဲ၊ မမပုက ဘာဖြစ်နေတာလဲ၊ သူ့တူတွေကို မမပုလည်း မသိဘဲနဲ့များ ထောက်ခံနေစရာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရည်စားရှိတဲ့လူကို တစ်ဖက်သတ် လိုက်ကြိုက်နေတာ ထက်တော့ တော်သေးတာပဲလေ၊ နင့်ဟာက အခုငြိမ်ငြိမ်လေး ထိုင်ကြိုက်နေတာမှ မဟုတ်တာ၊ သူတို့ကိစ္စတွေကိုပါ နှိုက်နှိုက်ချွတ်ချွတ် စိတ်ဝင်တစား လိုက်စပ်စုနေတာ မဟုတ်တာ တစ်ခုခု ကြားညပ်ပါပြီး ဖြစ်သွားနိုင်တယ်"

"ဘာမှ မဖြစ်နိုင်ပါဘူး မမပုရယ်"

"ဒါက နင်ထင်တာလေ၊ တကယ်လို့ ဖြစ်လာရင် ဘယ်လို လုပ်မလဲ"

"မဖြစ်ပါဘူးဆို"

"ဖြစ်ရင်ကောလို့ မေးနေတာ၊ ငါကြိုသိနေရက်သားနဲ့ နင်ရှုပ်တီးရှုပ်ယှက် ဖြစ်ရတယ်ဆိုရင် ငါလည်း မကောင်းဘူး၊ အဖေ့ကို ငါတိုင်ပြောမှ ဖြစ်မယ်ထင်တယ်"

"မမပုနော် … ဖေဖေ့ကို သွားမပြောနဲ့"

"ဒါဖြင့် နင်လည်း ဘာမှရှုပ်ရှုပ်ယှက်ယှက်တွေ ဆက်မလုပ်နဲ့ပေါ့"

"စောလုံက ဘာလုပ်နေလို့လဲ"

"နင်နဲ့ ဘာမှမဆိုင်တဲ့ သူများ ကိုယ်ရေးကိုယ်တာတွေ နင် လိုက်နှိုးပြီး စပ်စုနေတယ်လေ စောလုံ၊ ပေါ်သွားရင် ပြဿနာတစ်မျိုးမဟုတ် တစ်မျိုး တက်မှာပဲ၊ ခုလို ဟိုလူ့ အတွက်စာကို ဝေမာခင် လာပေးသွားတယ်ဆိုတော့ သူ ဒီမှာပဲ ရှိနေလို့ပေါ့၊ သူတို့ချင်း အဆက်အသွယ် မရ





သေးလို့သာ၊ အဆက်အသွယ် ရသွားရင် ဒါတွေ ဒါတွေ ဟာ ပေါ်လာမှာတွေ၊ အဲဒီကျ နင် ကြားက ရှုပ်ထားတာတွေ ပြန်ပေါ်ပြီပေါ့"

"သိချင်လို့ ဖတ်ကြည့်တာအပြင် စောလုံက ဘာရှုပ်လို့ လဲ"

ပုလုံက သက်ပြင်းချရင်း ခေါင်းကို ခါယမ်းနေမိပါသည်။

"ဖေဖေ့ကို သွားမပြောနဲ့နော် မမပု"

"နင် နောက်ကို သူတို့စာတွေ ဖောက်မဖတ်တော့ပါဘူးလို့ ကတိပေးလေ"

"ကတိပေးတယ်"

နောက်လည်း စာရောက်လာဖို့ဆိုတာ သိပ်မှမဖြစ်နိုင်လှတာ။

"မြန်လိုက်တာ"

"မြန်ပေမယ့် တကယ် ကတိပေးပါတယ်"

"အာဗြဲအစ်ကို့ကိုလည်း တစ်ဖက်သတ် မကြိုက်တော့ပါဘူးလို့ ကတိပေး"

"အာ … မမပုကလည်း"

"တစ်ဖက်သတ် သွားကြိုက်ပြီး ဘာလုပ်မှာလဲ စောလုံရယ်၊ သူ့မှာလည်း ရည်းစားနဲ့၊ နင် သက်သက်မဲ့ စိတ်ဆင်းရဲရုံပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



မှုန်တေတေ မှိုင်တွေနေတဲ့ စောလုံ မျက်နှာကိုကြည့်ပြီး ပုလုံက သက်ပြင်းတွေချရင်း ...

“လိမ္မာပါတယ် ညီမလေးရယ် ... နော်၊ ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါဟာ”

မမပု ပုံစံက စိတ်ပျက်လက်ပျက်။ စောလုံထံက ဘာမှ တုံ့ပြန်သံ မလာတော့ တဖျစ်တောက်တောက် ရေရွတ်ညည်းတွားကာ အခန်းထဲက ပြန်ထွက်သွားပါသည်။ စောလုံက မမပု မရှိတော့မှ အတွင်းစာအိတ်ထဲက စာရွက်ခေါက်ကို ထုတ်ဖြန့် ဖတ်လိုက်သည်။

“ကို

ဘာအဆက်အသွယ်မှ မရပေမယ့်

ကို ကြိုးစားဆက်သွယ်နေလိမ့်မယ် ဆိုတာ ဝေမာ ယုံတယ်။

ကြားထဲကနေ မေမေတို့ ဒေါ်လေးတို့ အဆက်အသွယ်တွေ ဖြတ်တောက်ထားတာနေမှာ။

ဝေမာလည်း ဘယ်လိုမှ ဆက်သွယ်လို့ မရလို့။ လစ်တာနဲ့ ဒီစာလေး တစ်နည်းနည်းနဲ့ ပို့လို့ရအောင် ကြိုရေးထားတယ်။

အဲဒီအခန်းကို သူတို့သိသွားကြလို့ ဝေမာ အဲဒီကိုလစ်လာဖို့လည်း မဖြစ်နိုင်တော့ဘူး။





သော့လေးတွေလည်း ပြန်ပေးထားလိုက်မယ်၊ ဝေမာ့ဆီမှာ တွေ့သွားမှာစိုးလို့။

အဲဒီကို နောက်ဆုံးလာတဲ့နေ့က ကို့ကိုပြဖို့ ယူလာတဲ့ ဆီးစစ်ချက် အဖြေစာရွက်လေးကို အဲဒီမှာပဲ ထားခဲ့တယ်။

နောက်မှ ကိုသွားရှာကြည့်လိုက်တော့။

ဝေမာတော့ တစ်နေရာရာကို လွှင့်ရလိမ့်မယ်။ ဘယ်ကိုလဲတော့ မသိဘူး ကို။

အဲဒီ တစ်နေရာရာကို ရောက်သွားရင် တစ်နည်းနည်းနဲ့တော့ ကို သိအောင် အကြောင်းကြားမယ်။

နေ့တိုင်း ကို့ကိုလွမ်းတဲ့စိတ်နဲ့ မျက်ရည်ကျရတယ်။

လူကြီးတွေက ဘယ်လိုပဲ ဖျက်ဆီးပစ်ဖို့ ကြိုးစားကြိုးစား ...

ဝေမာနဲ့ ကို့ရဲ့ရင်သွေးလေးကို ဝေမာ ရအောင်မွေးမယ်။

ဝေမာနဲ့ အဆက်အသွယ် ရနိုင်တဲ့အထိ လိမ်လိမ်မာမာ စောင့်နေနော်။

(ကို့ရဲ့ဝေမာ)”

စောလုံသည် စာရွက်လေးကို အားလျော့စွာ ပြန်ခေါက်ရင်းက အိပ်ရာပေါ် ပျော့ခွေလှဲချလိုက်ရပါသည်။ ရင်ထဲ တုန်ကယင် တုန်ယင်လှုပ်ရှားနေကာ အသက်ရှူသံပြင်းလျက် သံလေးတွေ တိုးတိုးမှတစ်ဆင့် တဖြည်းဖြည်း လှိုင်းတန်ပိုး လာသည်။ အိပ်ရာခင်းကို ဆုပ်ချေထားမိတဲ့ လက်တို့က



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် တင်းကျပ်လွှန်း၍ လက်ချောင်းတွေ နာလာတာ ပင် သတိမပြုမိ။

အောင်ငိုလိုက်ချင်သလိုလိုရှိကာ ပါးစပ်ကို ခေါင်း မှာ ပိတ်အပ်နေမိအောင် မှောက်ချနေလိုက်သည်။ ဘာဖြစ် အဲဒီလို ဖာတ်လမ်းမျိုး ရှိနေရတာလဲ အစ်ကိုကြီးရယ်။ မေ ကို့ရဲ့ရင်သွေးလေးတဲ့။ စောလုံ ထင်သလိုပဲပေါ့။ မယုံနိုင်သ ရှိလို့ကို ဒီစာတွေကို နိုးဖတ်နေမိတဲ့ဘဝကို ရောက်ရတာ ယုံချင်စရာလည်း မရှိလှဘူးလေ။

စောလုံကို ကြည့်တဲ့ အစ်ကိုကြီးရဲ့ ပြုံးဖျဖျ မျက်ဝ လဲ့လဲ့တို့ကို စောလုံက စိတ်ကူးယဉ်မိသေးတာကိုး။ တစ်ယော သောသူနဲ့ စေးကွာနေချိန်မှာ ဒီလိုပဲ နောက်ထပ်မိန်းကလေးတ ယောက်ကို အိမ်ပြန်ပို့ပေးဖို့ လောကွတ်ချော်ကာ ကားဂိတ် ကားရပ်စောင့်တတ်တဲ့ လူစားမျိုးထဲ အစ်ကိုကြီးလည်း အပါအ ပေါ့နော် အစ်ကိုကြီး။ ရင်နာမိတယ် အစ်ကိုကြီးရယ်။

✦♥✦

"တီ ... တီ ... တီ"

စကတ်အေားအိတ်ထဲ ဖုတုတု ထိုးထည့်ထား ဖုန်းကလေးက အသံမြည်လာရာ စောလုံသာမက အားကလူ ပါ အလန့်တကြား အံ့အားတသင့်နှင့် ...





"ဟဲ့ ... ဘယ်ကဖုန်းသံလဲ"

စောလုံက ရှုံ့မဲ့လေးနှင့် ...

"စောလုံဆီက ဖုန်းသံ"

"အမယ်"

စောလုံက စကတ်ဘေးအိတ်ထဲက ဖုန်းလေးကို ဆွဲထုတ်လိုက်ပါသည်။ တွေ့လား။ အန်တီချစ် နံပါတ်။ ဖေဖေ သို့မဟုတ် အန်တီချစ် သို့မဟုတ် မမပု တစ်ယောက်ယောက်က လွဲရင် ဘယ်သူများ ဖြစ်မှာလဲ။

မနေ့ကမှ အသစ်ဝယ်လာပေးတဲ့ ဖုန်းရဲ့နံပါတ်ကို ဘယ်သူက သိဦးမှာလဲ။

အားလုံးက ပြုံးတုံးပြုံတဲ ဝိုင်းကြည့်နေကြပါသည်။ အဲဒါကြောင့် ဖုန်းကို မကိုင်ချင်တာ။ မနက်က ဖေဖေ ထုတ်ပေး တော့ စောလုံက "အာ ... မကိုင်ချင်ဘူး၊ မကိုင်ချင်ဘူး"နှင့် ခါးခါးသီးသီး ငြင်းပါသေးသည်။

"ဘာလို့ မကိုင်ချင်ရမှာလဲ သမီးရဲ့"

"အာ ... သွားလေရာ ဖုန်းပါနေရင် ဖေဖေတို့ အန်တီချစ် တို့ တစ်ချိန်လုံး ဆက်နေတော့မှာ စောလုံ သိတယ်"

"ဒါပေါ့ စောလုံရဲ့ ဒီလို ဆက်သွယ်လို့ရအောင် ဖုန်းကို ဝယ်ပေးတာပဲဟာကို"

"အခု ဘယ်မှာလဲတို့ ပြန်လာခဲ့တို့ မသွားနဲ့တို့ လာတော့ မှာလေ၊ စောလုံလည်း အရင်ကဆိုရင် ဒီလိုပဲ ကိုယ်သွား



www.burmeseclassic.com

www.burmeseclassic.com



ချင်တာရှိရင် သွားလိုက်မယ့်ကိစ္စမှာ လက်ထဲဖုန်းနဲ့ဆိုတော့ အိမ်ကို လှမ်းခွင့်တောင်းနေရတော့မှာ မြင်ယောင်နေတယ်"

အန်တီချစ်က စောလုံ နဖူးကို လက်ညှိုးလေးနှင့် တွန်းပစ်ရင်း ...

"အဲဒါတွေအတွက်ပဲ သမီးအဖေကို စောလုံကို ဖုန်းတစ်လုံး ဝယ်ပေးလိုက်လို့ အကြံပေးရတာ၊ စောလုံရေ ... သမီးက အပျိုလေး အရွယ်လေး ဖြစ်နေပြီ၊ ကလေး မဟုတ်တော့ဘူး၊ မျက်ခြည်ပြတ်လို့ မဖြစ်ဘူး၊ ညည်းအဖေမှာ ဒါလေး တစ်ယောက်ပဲရှိတာ၊ အန်တီချစ်လည်း အသက်ကြီးပြီ သမီး၊ မွေးဖွားမနေနိုင်တော့ဘူး၊ ဒါပဲ ကိုယ့်သမီးသဘော ထားရတာ။ မဟုတ်တာဖြစ်သွား ရင်ကျိုးရချည်ရဲ့"

စောလုံ ရှုံ့မဲ့နေတာကို ဖေဖေကတော့ ရယ်မောနေသည်။ ခြေချုပ်မိမှာ မကြိုက်တဲ့ သမီးရဲ့သဘောကို ရိပ်မိ၍ ...

"သိချင်တာ လှမ်းမေးတာတို့ အရေးကြီးတာ လှမ်းပြောတာတို့ပဲ လုပ်မှာပါ သမီးရာ၊ အခု အိမ်ပြန်လာဆိုပြီး ခေါ်ဖို့ရယ် မဟုတ်ပါဘူး၊ ကိုယ်နဲ့မကွာ ဖုန်းပါတာ လူကြီးမိဘ ရင်အေးရတာပေါ့"

ဤသို့ဖြင့် စောလုံသည် စိတ်ညစ်ညစ်နဲ့ပဲ ကင်မရာတွေ ဗီဒီယိုတွေပါ ပါတဲ့ ဆလိုက်ဒ်ဖုန်း အနက်ရောင်လှလှလေးကို မငြင်းသာ မဆန်သာ ထည့်ယူလာခဲ့ရပါတော့သည်။ အန်တီချစ်ကတော့ မယုံသင်္ကာနှင့် မှာလိုက်သေးသည်။





"ဖုန်းပိတ်မထားနဲ့နော်"တဲ့။ ကဲ အခု သူပဲဆက်ပြီ။ စောလုံက ဖုန်းကို တွန်းဖွင့်လိုက်ကာ ...

"ဟဲလို"

ညောင်နာနာသံနှင့် ထူးလိုက်ပါသည်။

"စောလုံလား"

စောလုံပေါ့။ ဘယ်သူရှိရဦးမှာလဲ။ ရယ်စရာကြီး။

"ဟုတ်ကဲ့"

"ဖုန်းများ ပိတ်ထားသေးမလား စမ်းဆက်ကြည့်တာပါ။ ဒီနေ့ သုံးနာရီခွဲ အိမ်ပြန်ရမယ့်နေ့ မဟုတ်လား"

"ဟုတ် ... အဲ ... မဟုတ်ဘူး"

စောလုံ ဖုန်းပြောနေတာကို ဆိုင်ကလူတွေက အဆန်းလုပ်ပြီး ပြုံးစိုက်ကြည့်နေကြပါသည်။

"ဟုတ် ... ဆိုပြီးမှ ဘယ်လိုဖြစ်ပြီး မဟုတ်ပြန်တာလဲ စောလုံ"

"ဟိုလေ ..."

စောလုံက ဖုန်းနှင့် ပါးစပ်တစ်ဝိုက်ကို လက်ဝါးနှင့်အုပ်၍ ကွယ်လိုက်ပြီး အသံနှိမ့်၍ ...

"အမှန်ကတော့ သုံးနာရီခွဲပြီးမှာ ဖြစ်ပေမယ့် ဒီနေ့က မအိ မလာလို့ ညနေ အပိုဆင်းပေးရမှာ၊ မနေ့ကလိုပဲ ခြောက်နာရီမှပြီးမှာ အန်တီချစ်၊ အိမ်ကို ခုနစ်နာရီထိုးခါနီးမှပဲ ပြန်ရောက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ အသံနှိမ့်နှိမ့် ဖုန်းထဲဝင်အောင်တော့ ပြောနေရသေးတဲ့ စကားသံတွေကို ကြားနေကြရရာ ဦးပလာတူး နှင့် မခိုင်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်သည်။

"ဟော ... တွေ့လား၊ အဲဒါ ဖုန်းအသုံးဝင်တာပေါ့ စောလုံ့ရဲ့ နို့မို့ဆိုရင် စောလုံ ဒီညနေ အိမ်စောစော ပြန်မရောက်ရင် ဘယ်သွားနေလဲ ဘာလဲညာလဲ ပူနေရဦးမယ်လေ၊ ခုတော့ အချိန်မီ အစားဆင်းပေးရမယ်ဆိုတာ ကြိုသိရတော့ စိတ် မအေးရဘူးလား"

"ဟုတ်ကဲ့ အန်တီချစ်၊ ဟုတ်ကဲ့ ... အဟီး"

"ဒါဆိုလည်း ဒါပဲလေ၊ ဖုန်းစမ်းဆက်ကြည့်တာပါ၊ အန်တီ ချစ်နဲ့ စောလုံ့အဖေတော့ ညနေကျ ကားကိစ္စလေးတစ်ခု အပြင်ထွက်ရဦးမယ်၊ နောက်ကျရင် ပုလုံနဲ့ ထမင်းစားနှင့် ကြနော်"

"ဟုတ်ကဲ့"

"ဒါပဲနော်"

"ဟုတ်"

စောလုံက ဖုန်းကိုပိတ်ကာ စကတ်အိတ်ထဲ ထိုးထည့် လိုက်ပြီး မခိုင်တို့ဘက် ကျောခိုင်း၍ စားပွဲသုတ်နေလိုက်သည်။

"စောလုံတို့ကတော့ ပိုင်တယ်၊ ဖုန်းနဲ့ ဘာနဲ့"

"အေးလေ ... သူ့မိထွေးကလည်း သဘောကောင်း စိတ် ကောင်းသားပါလား"



"ဖုန်းဝယ်ပေးတဲ့ မိထွေးကိုတောင် စောလုံတို့က ချွဲးလိုက် သေးတယ်ဟော့"

စောလုံက တစ်ယောက်တစ်ခွန်း ပြောနေတဲ့ မခိုင်နဲ့ ဦးပလာတူးကို လှည့်ကြည့်ရင်း ...

"အမယ် ... ဖုန်းက ဖေဖေ ဝယ်ပေးတာပါနော်"

"ဘာပဲဖြစ်ဖြစ် မိထွေးကတော့ မဆိုးဘူးမို့လား"

"မဆိုးပါဘူးလို့ စောလုံ ပြောဖူးသားနဲ့"

"ဒါဖြင့် ဘာတွေ ညာဖြီးနေတာလဲ"

"ဟိုဒင်းပါ၊ စောလုံ သွားစရာရှိလို့"

"ဟဲ့ ... ကောင်မလေး၊ သွားစရာရှိရင် လူကြီးကို သွား စရာရှိတယ်လို့ပဲ ပြောပေါ့၊ ဆိုင်မှာ အချိန်မီတို့ ဘာတို့ ညာပြောတာ အကျင့်မကောင်းပါဘူး၊ နင့် သွားစရာကဘာ မို့လဲ၊ ရည်းစားနဲ့ ချိန်းတွေ့မှာလား၊ ပြောစမ်း"

"အာ ... ဦးပလာတူးကလည်း ချိန်းလည်းမတွေ့ဘူး၊ ရည်းစားလည်း မရှိဘူး"

"ဒါဖြင့် ဘာလို့ ညာပြောတာလဲ"

"စောလုံ သွားမယ့်ကိစ္စက အရေးပါတဲ့ ကိစ္စမျိုး၊ လူကြီး ခွင့်ပြုမယ့်ကိစ္စမျိုး မဟုတ်ဘဲ အားအားလျားလျား သူများ ကိစ္စ သွားစပ်စုမယ့်ကိစ္စမျိုးမို့လို့ အမှန်အတိုင်း မပြောမိ တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူများကိစ္စ သွားစပ်စုမယ့်ကိစ္စ ဟုတ်လား၊ အင်း ယုံပါတယ် နှင့်တော့၊ နေရာတကာ သူသိချင် ပါချင်၊ နောက်တစ်ခါဆိုင်မှာ ဘာမှ အချိန်ပိုမပေါ်ဘဲ နှင့်အိမ်ကို ဖြီးရင်တော့ ငါ ဖော်လိုက်မှာနော်၊ ဒီတစ်ခါတော့ ရှိစေတော့၊ လူကြီးကိုညာပြီးထွက်တာ အကျင့်ပါတယ်၊ ကြားလား"

"ဟုတ်ကဲ့ပါ ဦးပလာတူး"

ဤသို့ဖြင့် ညနေမှာတော့ စောလုံသည် အိမ်ရာတိုက်တန်းတစ်ခုမှာ ဟိုမေး ဒီမေးနှင့် တလည်လည် ရောက်ရှိနေပါတော့သည်။ အစ်ကိုကြီးပြောတဲ့ တိုက်နံပါတ်က လမ်းမတန်းပေါ်တော့ မဟုတ်တော့။ ဟိုးအတွင်း အနောက်ထဲ ဖြစ်မည်။ တိုက်နံပါတ်(--) အခန်း(--)လို့ မေးတော့ မေးမိတဲ့သူက "ဘယ်သူ့အိမ်လဲ"လို့ ပြန်မေးသည်။

ဒီတော့ ဖြေရခက်သည်။ "ဦးမင်းဝင့်ထည်"လို့ပြောရအောင်ကလည်း သူကိုယ်တိုင်က လူကြီးမဟုတ်ဘဲ လူငယ်လူရွယ်ရှိသေးတာ။ သူ့အဖေနာမည်ဆို ဗိုသိမှာပေါ့။ သူ့အဖေနာမည်လည်း ကိုယ်မသိ။ ပြီးတော့ ပိတ်ထားတဲ့အခန်းမို့ အိမ်ရှင်နာမည်ပြောတော့လည်း အလကားပေါ့။ နေနေတာမှ မဟုတ်တာ။

ဒီတော့ တစ်ယောက်တည်း တိုက်တွေကို အတွင်းအပြင်ပတ်ကာ "ဒါတိုက်ဘယ်လောက်လဲ"နှင့် မေးပါများလိုက်တော့ စကားရလာသည်။ တွေ့ပြီ။ တိုက်နံပါတ်(--)။ အစ်ကိုကြီး





ပြောဖူးတဲ့အတိုင်း သုံးထပ်အထိ တက်လာခဲ့ပါသည်။ ကံကောင်းချင်တော့ သုံးထပ်မှာ ဟိုဘက်ခန်းရော ဒီဘက်ခန်းရော လူရိပ်လုယောင်မတွေ့ပါ။ အသေအချာကြည့်တော့ တစ်ခန်းက သော့ခလောက်နှစ်ထပ်နှင့်။

နောက်တစ်ခန်းကတော့ အတွင်းကပဲ ပိတ်ထားတဲ့ပုံ။ ဒီဘက်ခန်းရဲ့ သံပန်းတံခါးမှာတစ်ခု၊ သစ်သားတံခါးမှာတစ်ခု ခတ်ထားသော သော့ခလောက်နှစ်ခုကို ပါလာတဲ့သော့နှစ်ချောင်းနှင့် အလွယ်တကူ ဖွင့်နိုင်ကာ စောလုံ အခန်းထဲ ရောက်လာပါသည်။ တိုက်ခန်းက လူမနေတာ သိပ်ကြာလှတဲ့ပုံ မရှိ။ အလွန်ဆုံး ဆယ်ရက်နှစ်ပတ်လောက်သာ လူသူကင်းဝေးနေမယ်လို့ ခန့်ဆမိသည်။

ဘာကြောင့်လဲဆိုတော့ ဖုန်လည်း ပြောပလောက်အောင်မရှိ။ တံခါးတွေ အားလုံး ပိတ်ထားတယ် ဆိုပေမယ့်လည်း ဖုန်ဆိုတာကတော့ အချိန်ကြာရင် သိသိသာသာ တင်လာတတ်တာ။ အချို့နေရာတွေမှာ ဖုန်ပါးပါးကလေး ရှိနေပေမယ့် ပွတ်ကြည့်ရင် လက်ကိုတောင် သိပ်ကြီးမမည်းစေ။ အနည်းငယ်မျှသာ။

မကျဉ်းမကျယ်နဲ့ သန့်ပြန့်သပ်ရပ်တဲ့ အခန်းလေး။ အခန်းလေးထဲ အဝင်မှာ စောလုံ ကိုယ်ကလေး နွေးထွေးလုံခြုံသွားတယ်လို ခံစားရသည်။ ပါကေးခင်းထားတဲ့ ဧည့်ခန်းလေးမှာ ပရိဘောဂဆက်တီမှ မရှိ။ အခန်းရဲ့ ထောင့်မှာတော့ ဖျာတစ်လိပ်နှင့် ခုံပုလေးတစ်ခုပေါ်မှာ ကက်ဆက် ခပ်သေးသေးလေးနဲ့ တိတ်

www.burmeseclassic.com



ဆက်ခွေများ။ ကက်ဆက်ခွေတွေက ဝိုင်းဝိုင်း၊ လေးဖြူ့ အငဲ ဗွေတွေ။ အောမှာ ရေခဲသေတ္တာ သေးသေးလေးတစ်လုံး။

စောလုံက အခန်းလေးကို နှံ့နှံ့စပ်စပ် လိုက်ကြည့်နေမိသည်။ မျက်လုံးလေးနှင့် ကြည့်ရုံမကဘဲ နှလုံးသားနဲ့ပါ ခံစားကြည့်နေတယ်ဆိုရင် ပိုရာများ ကျမလား။ ကိုယ်ချစ်ရတဲ့ သူ့ရဲ့ အခန်းလေးဆိုတဲ့ အသိက ရင်ကိုနွေးသိမ့်စေတာ။ ဒီနေရာလေးမှာ သူ မှီထိုင်နေဖူးမှာပဲ။ ဒီဝရန်တာလေးမှာရပ်ပြီး သူ့ချစ်သူကိုလည်း မျှော်နေခဲ့ဖူးမှာ။

အတွင်းဘက်အခန်းလေးတွေကို ဖြည်းဖြည်းချင်း လျှောက်ကြည့်နေမိသည်။ တံခါးတစ်ခု ဖွင့်လိုက်တော့ လိပ်ခေါက်သိမ်းလို့ရတဲ့ မွေ့ရာအပါးစားလေးကို မလိပ်မသိမ်းပဲ ဖြန့်ခင်းထားတာ တွေ့ရသည်။ အဖြူရောင်စွပ်ထားတဲ့ ခေါင်းအုံးလေး နှစ်ခု။ စောလုံ ရင်ထဲ ဝမ်းနည်းလာပါသည်။

ဒီဘက်အခန်းမှာက နံရံကပ်ဗီရိုတွေ။ မီးဖိုချောင်ကလေးထဲမှာ ဂက်စ်မီးဖို၊ ပန်းကန်စင်မှာ နှစ်ယောက်စာတော့ သုံးလို့ရတဲ့ အိုးခွက်ပန်းကန်လေး အနည်းငယ်။ ဓာတ်ဘူးလေးတွေ နှင့် ဇွန်းလေး ဓားလေးတွေ။ ဒါက ထမင်းစားပွဲပေါ့။ သံခေါက်ကုလားထိုင်လေးတွေကတော့ လေးလုံးရှိပါသည်။

ဟိုဘက်မှာတော့ သန့်သန့်ပြန့်ပြန့် ရေချိုးခန်း အိမ်သာခန်းလေးပါ။ နောက်ဘက်ခန်းမှာ ကြွေပြားအဖြူတွေ ခင်းလည်းခင်း နံရံလည်း ကပ်ထား၍ ရှင်းလင်း ဖွေးသန့်ပြီး





လင်းချင်းနေပါသည်။ ချစ်စရာအခန်းလေး။ ညားကာစ လင်မယားလေး အနေနဲ့ဆို အလောတော်ရှိလှတဲ့ အခန်းငယ်လေး။

ဩော် … ဒီအခန်းလေးထဲမှာ မင်းဝင့်ထည်နဲ့ ဆမာခင် ဆိုတဲ့ ချစ်သူနှစ်ဦးတို့ ချိန်းတွေ့ချစ်ကျီစယ်နေကျပေါ့နော်။ မထင်မှတ်ဘဲ ဝေ့ဝဲပြည့်လျှံတက်လာတဲ့ မျက်ရည်တွေကို စောလုံ လက်ခုံနှင့် ပွတ်သုတ်ပစ်လိုက်မိပါသည်။ သူတို့မတွေ့တာ ကြာပြီဆိုပေမယ့် အစ်ကိုကြီးတော့ မကြာမကြာရောက်နေတုန်း ထင်ပါရဲ့။ ဒါကြောင့်သာ အခန်းကို တံမြက်လှည်းထားနိုင်တာပေါ့။

စောလုံ လာသွားတဲ့ ခြေရာလက်ရာ မသိသာရအောင် စောလုံက တစ်ခန်းလုံးကို တံမြက်စည်း တစ်ခေါက်ထပ်လှည်းလိုက်ပါသည်။ စားပွဲပေါ်တွေ ကက်ဆက်တွေကိုတော့ အဆင်သင့်တွေ့တဲ့ ကြက်မွေးနဲ့ ပွတ်တိုက်လှည်း။ ဘာမှ ခြေရာလက်ရာ ပျောက်ရအောင် ပြန်ထားပြီးတဲ့နောက် ဝရန်တာကလေးကိုထွက်ပြီး ခဏမျှ မျက်ရည်ကျ ငိုကြွေးနေမိသေးသည်။

ဒီအခန်းလေးကို အကြောင်းမရှိ လာကိုလာကြည့်ချင်နေကာ မြင်တွေ့ရတော့လည်း ရင်ထဲ ဝမ်းနည်းနာကျင်ရပြန်သည်။ အစ်ကိုကြီးကို မချစ်ချင်တော့ဘူး။ မေ့လိုက်တော့မယ်။ ခေါင်းထဲက ထုတ်ပစ်တော့မယ်။ ရင်ထဲကလည်း ထုတ်ပစ်တော့မယ်။ ရည်စားထားခဲ့ဖူးတာကို ဘယ်လိုမှမနေပေမယ့် ဒီအခန်း လေးထဲရောက်ခဲ့မိတော့ ဒီအခန်းလေးမှာ လာရောက်ခိုလှုံသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖူးတဲ့ ချစ်သူနှစ်ဦး တစ်ယောက်ကို တစ်ယောက် ဘယ်လောက် ချစ်ကြတယ်ဆိုတာကို အငွေ့အသက်နဲ့ အလိုလို သိလာသလို ခံစားရသည်။ အဲဒီခံစားချက်က စောလုံကို နောက်ဆုတ်ဖို့ ဆုံးဖြတ်ခိုင်းနေသည်။

စောလုံသည် ရင်တွေပူကာ အားခေါင်တွေခြောက် လာပါသည်။

✦♥✦





၁၀

တံခါးဖွင့် ဝင်လိုက်ကတည်းက မင်းဝင့်ထည် ခံစားရသည်မှာ မကြာသေးမီရက်ပိုင်းက တစ်ယောက်ယောက် ရောက်ခဲ့သေးသည်လို့ပင်။

အခန်းထဲမှာ ဖုန်တစ်စက်တောင် မရှိဘူးလို့ ပြောလို့ရသည်။ နောက်ဆုံး သူရောက်ခဲ့တာ နှစ်ပတ်ရှိပြီ။ နှစ်ပတ်ဆိုတာလည်း နှစ်ပတ်အလျှောက် ပိတ်လှောင်တဲ့ရနံ့မျိုးပေါက်ဖွားလောက်တဲ့ အချိန်ပိုင်းပဲ။

နှစ်ရက် သုံးရက်လောက်နှင့် ဒီအခန်းကို ထပ်ရောက်ခဲ့လျှင် ခါတိုင်းလည်း အနံ့အသက်မရ။ ဆယ်ရက် နှစ်ပတ်ကြာသွားရင်တော့ ဖုန်နဲ့လှောင်ပိတ်နေတဲ့ မှိုင်းထိုင်းသော အနံ့မျိုး ရတတ်သည်။ အခုအချိန်ဟာ အဲသလို အနံ့မျိုး ဖြစ်နေလောက်တဲ့ အချိန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဝင့်ထည်က ဝရန်တာထွက်တဲ့ တံခါးကိုဖွင့်လိုက်သည်။ အလင်းရောင် ပိုရလာကာ အခန်းထဲသို့ လေလေးလည်းဝင်လာသည်။ သူ့ ဝရန်တာမှာရပ်ကာ ဟိုဟိုဒီဒီ အဓိပ္ပာယ်မရှိ လျှောက်ငေးကြည့်နေမိသည်။ ဝရန်တာမှာ တံခါးရွက်ဖွင့်ထားတဲ့အခါ ခုဖို့ရှိခဲ့ဟန်တူတဲ့ အုတ်နီခဲဟာ ဟိုတစ်ပတ်လာစဉ်တုန်းက ညာဘက်ထောင့်စွန်းမှာလားလို့။ အခုတော့ ဒီဘက်နံရံနား ရောက်နေသည်။ ကိုယ့်ကိုယ်ကိုယ်လည်း မသေချာ၍ အိမ်ထဲပြန်ဝင်လာခဲ့သည်။

မီးလာနေတာမို့ ပလပ်ပေါက်မှာ ကြိုးတပ်ထားတဲ့ ကက်ဆက်ကို ခလုတ်နှိပ်ပြီး ဖွင့်လိုက်ပါသည်။

“ဒီကွင်းပြင်ကြီးကို ... တို့ ဖြတ်ဖူးတယ် ...
ဒီမြက်ပင်များပေါ် တို့နှစ်ယောက် အတူလျှောက်ဖူးတယ် ...
ဒီကောင်းကင်ကြီးထဲ မိုးတိမ်တွေ အမြဲပျံသန်း ...
ကြည်နူးစရာဘဝပေါ် ... မင်းလေးနဲ့ ဟိုတစ်ချိန်က ...
တို့နှစ်ဦးသား အချစ်ကို တန်ဖိုး ... ထားကြတယ်”

မင်းဝင့်ထည်က သက်ပြင်းတစ်ချက် ချမိသည်။ သူတို့သူငယ်ချင်းတစ်စု အလွန်ကြိုက်ကြတဲ့ အငဲရဲ့ “မျှော်လင့်ခြင်းကွင်းပြင်”။ သီချင်းက ချစ်သူနှစ်ဦး ကွဲကွာသွားဖို့ နိမိတ်ထိများ ဖြစ်ခဲ့တာလား။

မင်းဝင့်ထည်က သီချင်းကို ပိတ်ကာ ရေခဲသေတ္တာဖွင့်ဖို့ မီးခလုတ်ဆီ လက်လှမ်းလိုက်ပါသည်။





“ဟင်”

ရေခဲသေတ္တာ မီးခလုတ်က ပွင့်နေသည်။ ရေခဲသေတ္တာကို ကမန်းကတန်း ဆွဲဖွင့်ကြည့်လိုက်တော့အထဲမှာ မီးလင်းကာ အအေးဓာတ်နှင့်။

“ဘယ်လိုဖြစ်တာလဲ”

ပြီးခဲ့တဲ့နှစ်ပတ်က သူ လာခဲ့တော့ ရေခဲသေတ္တာကို ပြန်ပိတ်ခဲ့ပါတယ်။ ရေသန့်နှစ်ဘူး ယူခဲ့သည်။ ဒီမှာ ခဏတစ်ဖြုတ် တံမြက်လှည်း ရှင်းလင်းတုန်း ရေခဲသေတ္တာဖွင့်ထားကာ နည်းနည်းပါးပါး အေးလာခဲ့တဲ့ ရေဘူးကိုသောက်ပြီး ကျန်တစ်ဘူးကို ပက်ကင်တောင် မဖွင့်ရသေးပဲ ချန်ခဲ့တာ။ နောက်တစ်ကြိမ်လာရင် သောက်နိုင်ဖို့။

အခုတစ်ခေါက် လာတော့လည်း ရေသန့်ဘူး အသစ်တစ်ဘူး ထပ်ဝယ်လာသည်။ အရင်ကျန်ခဲ့တဲ့ အဟောင်းတစ်ဘူးကို တံမြက်လှည်းရင်း သောက်မယ်။ ဒီဘူးသစ်ကို ထားရစ်ခဲ့မယ်။ စဉ်းစားခဲ့ပါသည်။ ဟိုးတစ်ရက်က သူ ရေခဲသေတ္တာပိတ်ခဲ့တာ။ အခန်းထဲက ထွက်ခါနီး အားလုံး သေချာအောင် စစ်ပြီးမှ ပြန်ခဲ့တာပဲ။

ဒီကြားထဲ တစ်ယောက်ယောက်တော့ ဒီအခန်းထဲ ရောက်ခဲ့ပြီ။

ဝေဓာ ...။



www.burmeseclassic.com

www.burmeseclassic.com



သူပဲ ရှိတာပဲ။ မင်းဝင့်ထည် သက်ပြင်းရှိုက်ကာ ဆံပင်တွေကို ရှုပ်ဖွပစ်လိုက်မိပါသည်။ အခုဖွင့်ပြီး ဝင်လာတဲ့ သော့တစ်စုံကလွဲရင် နောက်ထပ်တစ်စုံဟာ မေမာ့ထံမှာပဲရှိတာ။ မေမာ ဒီအခန်းကို လာသွားသလား။ ရန်ကုန်မှာပဲ ရှိနေသေးတာလား။ နိုင်ငံခြား မသွားရတော့ဘူးလား။ သူ့ရင်ထဲ စိတ်မကောင်းခြင်းနှင့် ခပ်နင့်နင့် ရှိလာ၍ ကြမ်းပေါ်ခြေပစ်လက်ပစ် ထိုင်ချလိုက်မိပါသည်။

ရေခဲသေတ္တာအပုလေးကို စိုက်ကြည့်နေရင်း အထဲက ရေဘူးကို မင်းဝင့်ထည် ဆွဲထုတ်ယူလိုက်ပါသည်။ အဖုံးကိုအုပ်ထားတဲ့ ပလတ်စတစ် ပက်ကင်လေး ကွာနေကာ ရေကဘူးတစ်ဝက်မှာ။ ရေဘူးကို ပြန်ထည့်လိုက်ပြီး ရေခဲသေတ္တာပိတ်ကာ အခန်းကို ဝေ့ပတ်ကြည့်နေမိပါသည်။ တခြားတော့ ဘာမှထူးထူးခြားခြား ခြေရာလက်ရာပျက်တာ မရှိပါ။

တံမြက်စည်းကလည်း လှည်းစရာမလိုတော့တာမို့ မင်းဝင့်ထည်က ဒီအခန်းမှာ ကြာကြာမနေချင်တော့ဘဲ ရေခဲသေတ္တာ မီးခလုတ်ကိုပိတ်ကာ ထွက်လာခဲ့လိုက်သည်။ သော့ကို သေချာခတ်ပြီး တိုက်ခန်းမှဆင်းကာ ဆိုင်ကို ပြန်လာပါသည်။

ဒီတိုက်ခန်းဟာ မေမေ့မိတ်ဆွေတစ်ယောက် နိုင်ငံခြားသွားခါနီးမှာ အမြန်ထွက်အောင် လျှော့ဈေးပေါ့ဈေးနှင့် ရောင်းလိုသည်ဆို၍ မေမေက ဝယ်ထားလိုက်တာပါ။ အဲဒီတုန်းက ဒုတိယနှစ်ပဲ ရှိသေးတဲ့ မင်းဝင့်ထည်တို့ သူငယ်ချင်းတွေ ကျူရှင်





တက်ရာ စာစုကျက်ရာ အိမ်လည်း ဖြစ်သည်။ ဒီနေရာက မင်းဝင့်ထည်၊ မိုးလွင်၊ ဖြိုးမောင်မောင် သုံးယောက်လုံးရဲ့ အိမ်တွေနှင့် ခန်းမဝေး ဗဟိုချက်လောက်မှာရှိ၍ သူတို့အမြဲစုဆုံနေကျ။ ကျောင်းပြီးကြတော့ ကျူရှင်လာတက်ဖို့ စာလာကျက်ဖို့ မလိုတော့၍ အားလုံး အရောက်ကျဲသွားပါသည်။

အဲဒီနောက်တော့ ...။

မင်းဝင့်ထည်က အတွေးကို ရပ်ပစ်ကာ ခေါင်းကို ခါယမ်းပစ်လိုက်သည်။ အချိန်မရွေးတက်ပြီး ခဏတဖြုတ်ကွန်းခိုလို့ရအောင် နှစ်ပတ်တစ်ကြိမ် အနည်းဆုံး အိမ်ကိုလာသန့်ရှင်းထားတာမို့ လူမနေတဲ့အခန်း ဆိုပေမဲ့ သန့်နေတာ။ မေမာ ...။ ဒီကိုတောင်ရောက်အောင် လာနိုင်ခဲ့သေးရင် သူ့ဆီ ဘာကြောင့် ဆက်သွယ်ခဲ့ပါလိမ့်။ ဆက်သွယ်ချိန်းချက်တဲ့ မှာကြားတဲ့စာလေး တစ်စောင်တလေ ဘာကြောင့် မထားခဲ့ပါလိမ့်။

ဓော်ပြီကွာ၊ ခေါင်းတွေ ပူလာတယ်။ ကိုယ့်ဟာနဲ့ကိုယ် ဒီဘဝ္ဂမှာလည်း ခေါင်းပူချင်စရာ စိတ်ရှုပ်ချင်စရာက ရှိသေးတာ။ ဒီလိုတစ်ကြိမ်မှ မခံစားရဖူးတဲ့ မင်းဝင့်ထည်ရဲ့ရင်ကို အပ်လေးနဲ့ ဆွထိုးနေသလို ကသိကအောက်ဖြစ်စေတဲ့ ခံစားချက်လေ။ တစ်နေ့ကတစ်ရက် မနေ့ကတစ်ရက်။

တစ်နေ့ကတော့ ဘယ်ကို ပါဆယ်အော်ဒါပို့ဖို့မှန်းသိ၊ အိတ်လေးဆွဲကာ လျှောက်လာတဲ့ စောလုံနဲ့ နေ့လယ်ဘက် အပြင်တစ်နေရာက ပြန်လာပြီး ဆိုင်ရှေ့တည့်တည့် ပါကင်မရလို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းရပ်ရစ်ကာ ပြန်လျှောက်လာတဲ့ မင်းဝင့်ထည်
ပလက်ဖောင်းမှာ တည့်တည့်ကြီး ရင်ဆိုင်တိုးမိတာ။

"စောလုံ"လို့ သူ လှမ်းခေါ်လိုက်တော့ ခေါင်း
တုံ့တုံ့နှင့် စိတ်မပါ လက်မပါသလို လျှောက်လာတဲ့ စောလုံ
ဖျတ်ခနဲ မော့ကြည့် မျက်လုံးဝိုင်းသွားပြီးမှ ပြုံးပြလိုက်တဲ့ မင်း
ထည်ကို မသိကျိုးကျွန် ခပ်တည်တည် ရှောင်တိမ်းကျော်ဖြတ်သွ
ပုံဟာ အံ့လည်းသြ အသည်းလည်း ယားချင်စရာ။ ရုပ်ကလေး
က မထိမဲ့မြင်။ သူ့ရုပ်အခံလေးက ဖြူဖြူစင်စင်ကလေး ဆန်
လို့ တော်သေးတာ။ တော်ရုံ စိတ်ကောင်းမရှိတဲ့လူ ဒီရုပ်လုပ်သွ
ရင် နောက်က လိုက်ပြေးရိုက်လိုစိတ်တွေ တဖွားဖွား ဖြစ်
သေချာသည်။

သူ့မှာ စောလုံ ဘာဖြစ်ပါလိမ့်လို့ အံ့သြရသည်
စိတ်ထဲ ခိုးလိုးခုလုနှင့်။ အဲဒီနေ့အဖို့ ဘာမှ မလှုပ်ရှားပဲ နေလို
ပြီး မနေ့ကကျတော့ ခါတိုင်းလိုပဲ ဆင်းဒဝစ်ချ်ပါဆယ် ဖုန်းဆ
မှာသည်။ အော်ဒါမှာလိုက်ရင်တော့ စောလုံပဲ သူ့ထံအမြဲလာ
ကျမို့ ခဏအကြာမှာ ရောက်လာမည့် စောလုံကို စောင့်ပါသည်

ခဏနေတော့ ရောက်လာတာ ကောင်လေးတ
ယောက်။ သူ့ကို တစ်ခါမှ မမြင်ဖူးသေး။ အဲဒီဆိုင်မှာလည်း
ဆိုင်ပြင်ကာ လူဟောင်းတွေ ဆိုင်ခွဲသစ်ပို့ပြီး လူသစ်တွေ ရော
လာတယ်ဆိုကတည်းက မင်းဝင့်ထည် တစ်ကြိမ်မှ သွားထိုင်
ရသေး။ လှမ်းပဲမှာဖြစ်သည်။ စောလုံကို မေးကြည့်တာ





ဦးပလာတူးနှင့် ငွေကိုင် မခိုင် ဆိုတဲ့ ကောင်မလေးသာ လူဟောင်း
ကျန်ကြောင်း သိထားရပါသည်။

ခုလဲ မနေ့က မုန့်လာပို့တဲ့ ကောင်လေး လူသစ်
ကို မင်းဝင့်ထည် မသိ။ ဒါပေမဲ့ မေးကြည့်လိုက်သေးသည်။

"စောလုံ မလာဘူးလား"

"စောလုံ ! သြော် ... လာတယ်ခင်ဗျ။ ရှိပါတယ်"

"သြော် ... ဘာမှမဟုတ်ပါဘူး၊ ခါတိုင်း သူလာလာပို့လို့ပါ"

"ဟုတ်ကဲ့၊ အခု ကျွန်တော့်ကို ပို့ခိုင်းလိုက်လို့ပါ"

အလုပ်လည်းလာ၊ ဆိုင်မှာလည်း ရှိပါလျက် သူ့ထံ မုန့်လာမပို့တာ ဘာကြောင့်နည်း။ အရင်နေ့ကလည်း တည့်တည့်ကြီးတိုးတာတောင် နှုတ်ဆက်မသွားဘဲ မျက်နှာကိုချိုးပြီး မမြင်ဖူးတဲ့ သူစိမ်းလို လုပ်သွားပုံက ရှိခဲ့တော့ မင်းဝင့်ထည် အတွေးရခက်လှသည်။ နေမထိ ထိုင်မသာနှင့် တနုံ့နုံ့လည်း ခံစားနေရပါသည်။

ဒါကိုပဲ တွေးနေမိကာ ထမင်းလည်း စားလို့မကောင်း ညကျတော့လည်း ခေါင်းချသည်နှင့် အိပ်မပျော်နိုင်အောင် သို့လော သို့လော သို့လော အတွေးတွေက ရှုပ်ယှက်ခတ်နေပြန်ကာ အိပ်ရေးပျက်ရပြန်သည်။ သူ့နှလုံးသားကို အပ်ဖျားလေးတွေနှင့် ဆွနေသလို နေမရ ထိုင်မရ။ မပျော်မရွှင်နိုင်အောင် ဖြစ်နေတာ။

ဒီနေ့အဖို့ သူတို့ဆိုင်ကိုသွားထိုင်ပြီး စားရင်ကောင်းမလား စဉ်းစားသေးသည်။ သို့သော် သူမှာထားတဲ့ ပစ္စည်းပုံး

www.burmeseclassic.com



ရောက်တယ်ဆို၍ ဆိုင်ရောက်ပြီး မကြာမီ ပြန်ထွက်လာရတာ။ ပစ္စည်းသွားရွေးကာ အိမ်ကိုပို့နေရသည်။ ပစ္စည်းများများ တင်သွင်းတဲ့ ဆေးကုမ္ပဏီတစ်ခုရဲ့ ကွန်တိန်နာထဲမှာပေါင်းကာ ကိုယ့်ပစ္စည်းကို မှာယူရတာဖြစ်ပြီး အိမ်မှာပဲ ဂိုဒေါင်ဆောက်ကာ ပစ္စည်းတွေ သိမ်းပါသည်။

ပို့တဲ့ကားနောက်ကလိုက်ပြီး အိမ်မှာပစ္စည်းတွေချအပြီး ထမင်းပါစားပြီးမှ ပြန်အထွက်မှာ ဟိုတိုက်ခန်းကို ခဏ ဝင်ရှင်းဖို့ ဝင်သွားတာ။ ခုတော့ ဆိုင်ကိုပြန်မှာမို့ စောလုံရဲ့ဆိုင်ကို သွားရင်ကောင်း မကောင်း လမ်းမှာ အတွေးနယ်ကျယ်လာပါသည်။

ဘာများ ဖြစ်နေတာပါလိမ့် စောလုံရယ်။ ခင်တွယ်ရင်းနှီးတဲ့ မျက်ဝန်းရိပ်လေးတွေနဲ့ ရိုးသားပွင့်လင်းတဲ့ မိန်းကလေးကိုယ့်အပေါ် မကျေနပ်စရာ ဘာများတွေ့သွားတာပါလိမ့်။ ဘယ်လိုမှ စဉ်းစားမရဘဲ ရင်ထဲမှာ ဟာတာတာကြီး နင့်နေပါသည်။

"ဟော"

မင်းဝင့်ထည် မောင်းလာတဲ့ကားဟာ ဆိုင်တန်းနဲ့ဝေးကွာသေးတဲ့ စောလုံ စီးနေကျ ဘတ်စ်ကားမှတ်တိုင်နား ရောက်လာလျှင် မင်းဝင့်ထည်သည် မှတ်တိုင်မှာ ခပ်ငူငူ ရပ်နေတဲ့ စောလုံကို ဖျတ်ခနဲ လှမ်းတွေ့လိုက်ပါသည်။ ဘာလုပ်နေပါလိမ့်။ ဪ ... ဒီနေ့ သူ သုံးနာရီခွဲ အလုပ်ဆင်းတဲ့နေ့ ဖြစ်နိုင်သည်။ ခုပဲ သုံးနာရီလေးဆယ်လောက် ရှိနေပြီကို။





မင်းဝင့်ထည်က ကားကို ဂငယ်ကွေ့ ကွေ့ချကာ ဘတ်စ်ကားမှတ်တိုင် မရောက်မီ လမ်းဘေးကပ်ရပ်လိုက်ပြီး တံခါးဖွင့် ဆင်းလျှောက်လာသည်။

"စောလုံ"

"ဟင်"

လှည့်ကြည့်လိုက်တဲ့ စောလုံက တုန်တောင်တုန်တော့ အလန့်တကြား ဖြစ်သွားပါသည်။

"ပြန်ပြီလား"

"ဟို ... ဟုတ်ကဲ့"

စောလုံသည် လွန်ခဲ့တဲ့ နှစ်ရက်က သုံးနာရီခွဲဆင်းတဲ့နေ့ဖြစ်ကာ ကြားနှစ်ရက်က ခြောက်နာရီမှ ပြန်ရတဲ့နေ့။ ဟိုတိုက်ခန်းမှာ ရေခဲသေတ္တာကို ခလုတ်ဖွင့်ထားခဲ့မိတာကို မနေ့က မှ ဖျတ်ခနဲ သွားအမှတ်ရသည်။ ပျာယာတွေခတ်ကာ ချက်ချင်း ပြေးပိတ်ချင်မိသော်လည်း ခြောက်နာရီ ပြန်တဲ့နေ့တိုင်း ဘတ်စ်ကားဂိတ်ကို လမ်းလျှောက်ရတာရယ် နောက်ကျလေ ကျပ်လေဖြစ်တဲ့ ဘတ်စ်ကားကို စောင့်ရတာရယ်တို့ကြောင့် ခုနစ်နာရီထိုးလုလုမှ အိမ်ပြန်ရောက်ပါသည်။

ထို့ကြောင့် ဆိုင်ကနေ အိမ်တန်းမပြန်ဘဲ ထိုတိုက်ခန်းကို ဝင်နေပါက ကားနှစ်ကြိမ် စောင့်ရတာနှင့် ရှစ်နာရီမှပဲ အဆုံး အိမ်ရောက်နိုင်မှာ တွေးမိ၍ မနေ့က မသွားဖြစ်။ ဒီနေ့တော့ သုံးနာရီခွဲ အလုပ်ဆင်းတာမို့ နောက်ကျပစေဦးငါး

www.burmeseclassic.com



နှာရှိ ခြောက်နှာရှိပေါ့။ ဒါကြောင့် ဒီနေ့ ဟိုတိုက်ခန်းကို ခုဲ
သွားမလို့ပင်။

"ကိုယ် လိုက်ပို့ပေးမယ် စောလုံ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း ... ဟင့်အင်း၊ ရပါတယ်"

"စောလုံ ... ကိုယ့်ကို တစ်ခုခုများ စိတ်ဆိုးနေလား"

စောလုံက မင်းဝင့်ထည် မျက်နှာကို မော့ကြည့်လိုက်
ပါသည်။

ခပ်နွမ်းနွမ်း ဖြစ်နေတဲ့ မျက်နှာကိုမြင်လျှင် ရင်ထဲ
လှုပ်ခတ်သွားသေးပြီး ...

"ဘာဖြစ်လို့လဲ"

"နှစ်ရက်ရှိပြီလေ၊ ဟိုတစ်နေ့ကလည်း လမ်းပေါ်မှာ တည
တည်ကြီးတွေ့တာ လုံးဝမခေါ်ဘဲ ခပ်တည်တည်ဖြတ်သွား
တယ်၊ ဒါနဲ့ မနေ့က စောလုံ လာပို့မလားလို့ မုန့်ဆော
မှာတော့လည်း တခြားကောင်လေး လာပို့သွားတယ်"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး"

"ဘာမှတကယ်မဖြစ်ရင် အိမ်လိုက်ပို့မယ်"

"မပို့ပါနဲ့ဆို"

"ပို့မယ်ကွာ"

"ဟာ"





စောလုံက မျက်လုံးလေးပြူးပြီး စိတ်တိုသလိုကြည့်
သည်။ ထိုပုံစံလေးကို ချစ်စနိုးရယ်ချင်လှတဲ့ မင်းဝင့်ထည်က ...

"ဘာလဲ ... မင်းကောင်လေးနဲ့ ချိန်းထားလို့လား"

"အို ...၊ ဘာကောင်လေးလဲ၊ ဘာတွေလာပြောနေတာလဲ"

"ဟုတ်တယ်လေ၊ မင်းမှာ အစီအစဉ် တစ်ခုခု မရှိရင်
ကိုယ်လိုက်ပို့မှာကို ဘာငြင်းစရာရှိလဲ၊ အစီအစဉ် တစ်ခုခု
ရှိလို့သာပေါ့"

စောလုံက မျက်နှာ မသိမသာ ပျက်သွားရပါသည်။
ဒုက္ခပဲ။ သူ့ လိုက်ပို့မှာကိုတော့ ငြင်းလို့ရပေမယ့် သူကနောက်က
နေများ ခွတ်လိုက်လာရင် ဒုက္ခပဲ။ သွားဖို့စီစဉ်ထားတဲ့ဆီ ဖြောင့်
ဖြောင့်တန်းတန်း သွားလို့ရမှာ မဟုတ်တော့။

"ဒီမှာ ... သူသူကိုယ်ကိုယ် ဒီလိုပဲ သွားလာနေကြတာပဲ
ဟာ၊ ရှင်က ကျွန်မကျမှ ဘာလို့ လိုက်ပို့ချင်နေရတာလဲ"

ခါးထောက် ရန်တွေ့လိုက်ပုံကြောင့် မင်းဝင့်ထည်က
စိတ်ပျက်မသွားတဲ့အပြင် ပိုပြီးရယ်ချင်ကာ ...

"မင်းကို စိတ်မချလို့ပေါ့"

"စိတ်မချရအောင် ကျွန်မက ဘာဖြစ်နေလို့လဲ၊ အမြဲဒီလိုပဲ
သွားလာနေတာ၊ ခုတလောမှ ကောက်ကာငင်ကာနဲ့ ရှင်
ဘာဖြစ်နေတာလဲ"

"အဟင်းဟွင်း ... အခုတလောမှ မဟုတ်ပါဘူး စောလုံရဲ့၊
မင်းကို ကိုယ်သိနေခဲ့တာ နှစ်နဲ့ချီနေပါပြီ၊ မင်းတို့ဟိုအရင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဒါမီယာထဲကအိမ်မှာ နေကတည်းကပါ၊ အာဖြဲကို လိုက်ပို့ပေးဖူးရင်းက မင်းကို မြင်ဖူးပြီး သိနေတာ၊ မင်းဒီနားက အထည်ဆိုင်မှာ မမျှော်လင့်ဘဲ ဝင်လုပ်လာတော့လည်း မင်း မသိအောင် ကိုယ် စောင့်ကြည့်နေခဲ့တာပါ"

"ဟင်"

စောလုံသည် ရင်တွေတဒိန်းဒိန်းတုန်ကာ ...

"ဘာလုပ်ဖို့လဲ"

သူ့မှာဖြင့် ငယ်ကျွမ်းဆွေ ရည်းစားကြီးနဲ့။ ဒါနဲ့များ တောင် လူကို ကတိမ်းကပါး မူးရိပြုံယိုင်အောင် လာတွန်းနဲ့နေ ပြန်ပြီ။ မယုံနဲ့လေ စောလုံ၊ ဘာယုံစရာရှိလဲ။

"စောလုံကို ကိုယ်ချစ်လို့"

"ဘာ ...၊ ဟာ ...၊ ရှင်နော် ... ရှင်"

မျက်နှာကြီး တင်းမာကာ လက်ညှိုးတငေါက်ငေါက် ထိုးလာတဲ့ စောလုံကို မင်းဝင့်ထည်က အံ့အားသင့်နေရင်း ...

"ဒါ ဒီလောက်ကြီး တုန်လှုပ်ပေါက်ကွဲစရာလား စောလုံ၊ ဘာကို ဒေါတွေပွနေတာလဲ"

"ရှင် ... ရှင်က ဘာလို့ ကျွန်မကို ချစ်ရမှာလဲ၊ ရှင်တော်တော် ပြောရဲတဲ့လူ"

"ဟင် ... ကိုယ်ချစ်လို့ ချစ်တယ် ပြောတာပဲ၊ ကိုယ်က ဘာဖြစ်နေလို့လဲ"

"ရှင့်မှာ ... ရှင့်မှာ ..."



"ကိုယ့်မှာ ဘာဖြစ်လဲ၊ ကိုယ့်မှာ ရည်းစားတွေ ချစ်သူတွေ ဘာမှမရှိဘူး၊ လွန်ခဲ့တဲ့နှစ်နှစ်ကျော် သုံးနှစ်ကတည်းက စောလုံကို ကိုယ်တွေ့ခဲ့တယ်၊ အဲဒီတုန်းက မင်းက အဖြူ အစိမ်းလေးနဲ့လေ ဆယ်တန်းဖြေခါနီး ရှိသေးတာ၊ အဲဒီတုန်းကတည်းက မင်းကို ကိုယ်ချစ်ခဲ့ပေမယ့် မင်းသိပ်ငယ် သေးပါလားလို့ ဆင်ခြင်တဲ့စိတ်နဲ့ ဝေးဝေးမှာပဲ နေ့နေခဲ့ တာ၊ အရိပ်ကြည့်နေခဲ့တာ"

"မယုံဘူး၊ ရှင် ကျွန်မကို လာမလှည့်စားနဲ့ ဦးမင်းဝင့်ထည်၊ ကိုအာဖြဲနဲ့လာရင်း စောလုံကို တွေ့ဖူးတယ်ဆိုတာ ဖြစ်နိုင် ပေမယ့် ဒီလောက်ထိတောင် ကျွန်မကို ငယ်သေးလို့စောင့် ပြီး အဝေးက အရိပ်ကြည့်နေတယ် ဆိုတာတော့ အဟား ဟား၊ ရယ်စရာကြီးလိုပဲနော်"

"ကိုယ့်ကို ဘာဖြစ်လို့ လှောင်ရတာလဲ စောလုံ"

"ရှင် ညာပြောနေတာတွေ ခိုင်ခိုင်လုံလုံ သိလို့ပေါ့"

မင်းဝင့်ထည်က မျက်မှောင်ကိုကုတ်ကာ ခေါင်းယမ်းရင်း ...

"ဘာတွေ မဟုတ်တာတွေ သိနေရတာလဲ"

"ရှင်သွားတော့၊ စောလုံနား မနေနဲ့"

"ဘာဖြစ်လို့လဲ၊ မင်းကိုယ်တိုင်လည်း ကိုယ့်အပေါ် ခင်မင် စိတ် ရှိခဲ့တာပဲ မဟုတ်လား စောလုံ၊ ကိုယ့်ဆိုင်ကိုလာပြီး အမြဲတရစ်လည်လည် ပတ်နေတာတွေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရှင်တော်တော့နော်၊ လာမပြောနဲ့၊ ကျွန်မ ရှင့်ကို ထုရိုက်ပစ်မှာ ကုတ်ဆွဲပစ်မှာ"

မင်းဝင့်ထည်က တသိမ့်သိမ့် ရယ်လိုက်မိပါသည်။ ဘာလေးမှန်း မသိဘူး။

"ရှင်သွားတော့ ဆိုနေ"

"မင်းကော မသွားသေးဘူးလား"

"မသွားဘူး၊ ရှင် မသွားမချင်း ကျွန်မလည်း ကားပေါ်မတက်ဘူး၊ မိုးချုပ်သွားပစေ"

စောလုံတက်ရမည့်ကားက ခါတိုင်း စီးနေကျနံပါတ်မှ မဟုတ်တာ။ အိပ်ပြန်မယ့်ကားလိုင်း မဟုတ်တဲ့လိုင်းကို တက်သွားတာမြင်ရင် သူ စိတ်ပူပြီး လိုက်ရင်လိုက်လာမှာ။ ဒါကြောင့် သူ မသွားရင် စောလုံလည်း သွားမရ။

"မင်းမိထွေး ဆူနေမှာပေါ့"

"ဆူ ... ဆူ ...၊ ဆူရင် အဲဒါ ရှင်လုပ်တာပဲ"

စောလုံက ရုတ်တရက် ဘတ်စ်ကားဂိတ်ရှေ့က ဖြတ်လျှောက်သွားသော ဂျူရုပ်သည်ကြီးကို တွေ့လိုက်ပါသည်။

"ဦးလေးကြီး ဂျူရုပ်သည်ကြီး"

ဟိုတစ်ခါ ဦးလေးကြီးပင်။ ကျောင်းဆင်းချိန်နီးလို့ ရောက်လာတာ။ ဦးလေးကြီးကလည်း စောလုံကို မှတ်မိကာ ခပ်ပြုံးပြုံး လှည့်လျှောက်လာရင်း ...





"ဘာလဲ သမီး၊ ဘာဘီရုပ်ပဲလား၊ စနိုးဝိုက်လား၊ ရှရုတ်ဆိုလား အစိမ်းကောင်ကြီးလား"

ဂျူရုပ်ဦးလေးကြီးဟောင် ဗဟုသုတတွေ အတော်တိုးနေပြီလေ။ စောလုံနဲ့တွေ့ရင် လုပ်နေကျမဟုတ်တဲ့ အဆန်းတွေ လုပ်ရလွန်းလို့။

"ဟင့်အင်း ... မီနီမောက်စ်"

စောလုံက အချိန်ဖြုန်းလို့ရအောင် တမင်ကြံတာပင်။ မင်းဝင့်ထည်က ရယ်ချင်စိတ်ကိုအောင့်ကာ စောလုံကို ကြည့်နေမိသည်။ ဟိုးတစ်ခါလည်း ဂျူရုပ်ဝယ်နေတာ တွေ့ဖူးပြီးပြီ။

"သိတယ် ... သိတယ်၊ မစ်ကီမောက်စ်"

"ဦးလေးကြီးကလည်း မီနီမောက်စ်ပါဆိုမှ မစ်ကီမောက်စ်တဲ့"

"ဟင် ... မတူဘူးလား"

"ဦးလေးကြီးကလည်း တူမလား၊ ကြွက်ထီးနဲ့ ကြွက်မဟာကို"

ဦးလေးကြီးခမျာ ဖဝေဖဝါ ဦးနှောက်ခြောက်သွားသလို ခေါင်းတကုတ်ကုတ် ဖြစ်သွားတာမြင်လျှင် မင်းဝင့်ထည်က အောင့်နိုင်ဘဲ ရယ်မောမိတော့ရင်း ...

"ဦးလေးရေ ... တစ်ပုံစံတည်းပါပဲ၊ ငယ်ထိပ်မှာ ဖဲပြားထည့်ပြီး ဂါဝန်ဝတ်ပေးရုံပေါ့ ဦးလေးရဲ့"

"ဪ ... ဟုတ်ပြီ ... ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သွားတော့လေ"

"သွားပါ့မယ် စောလုံရယ်၊ မင်းမကြိုက်ရင် သွားပါ့မယ်။ မင်း ကိုယ့်ကို ဘာတွေ စိတ်ခုနေလဲ၊ ဘယ်လိုမှ စဉ်းစား မရပေမယ့် ကိုယ်ပြောတာတွေကိုတော့ ယုံနော်၊ မမေ့နဲ့ ကိုယ် တကယ်ပြောတာ၊ ရင်ထဲမှာ ရှိတာတွေ ပြောတာ"

သူ့ကားဆီ လှည့်ထွက်သွားသော မင်းဝင့်ထည် ကျောပြင်ကိုကြည့်၍ စောလုံ ဝမ်းနည်းလှိုက်ဖိုကာ မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် ကျန်ခဲ့ပါသည်။

✦♥✦

စောလုံသည် အခန်းထဲရောက်လျှင် သက်မကြီး တစ်ချက် ပြင်းပြင်းထန်ထန် ချပစ်လိုက်ပြီး စလွယ်သိုင်းထားတဲ့ အိတ်ကိုချွတ်ကာ ရောက်ချင်ရာရောက် ပစ်ပလိုက်သည်။ လည် ထဲက မိနီမောက်စ်ဂျူရုပ်လေးကိုတော့ ရေခဲသေတ္တာအမိုးပေါ်တင် ကာ အမိက လုပ်စရာရှိတဲ့ ရေခဲသေတ္တာပလပ် မီးခလုတ် ပိတ်လိုက်ပါသည်။

(အမှန်တော့ ကိုယ်ဖွင့်ထားခဲ့တာမို့ ပိတ်ရမည်ဆို အသိနှင့် စိတ်က ပိတ်လိုက်သည် ထင်သော်လည်း စိတ်တွေလှုပ် ရှားနေတဲ့ စောလုံဟာ မီးခလုတ်ပိတ်ပြီးသား ဖြစ်နေတာ





သတိမထားမိပဲ လက်ရှိနှင့် ဆန့်ကျင်ဘက် နှိပ်ချလိုက်၍ မီးခလုတ် က ပိတ်ရာမှ ပြန်ပွင့်သွားတာကို လုံးလုံးသတိမပြုမိလိုက်ပါ။)

နံရံတစ်နေရာကို ခပ်ငူငူမှီထိုင်ကာ ရင်တွေနိမ့်ချည် မြင့်ချည်ဖြစ်အောင် မောဟိုက်တုန်ယင်နေသည်။ လှေကားကိုတက် ခဲ့ရလို့လည်း မဟုတ်။

စိတ်တွေလှုပ်ရှားရလွန်းလို့။ စိတ်လှုပ်ရှားရခြင်းတွင် ဆန့်ကျင်ဘက်ခံစားချက် နှစ်ဖက်စွန်းကို ခံစားနေရတာမို့ ပိုပြီး မောဟိုက်ပင်ပန်းနေပါသည်။

"စောလုံကို ကိုယ်ချစ်လို့"

ထိုစကားသံကို ပီပီသသ ပြန်ကြားကာ ရင်ထဲဗိုခနဲ ဖြစ်ပြီး တလှပ်လှပ် ဖြစ်သွားရပါသည်။ ကြည်နူးဝမ်းသာရတော့ ဆိုလိုယ်ပါ့။ ဒါပေမဲ့ ချက်ချင်းပဲ မခံမရပ်နိုင်အောင် ဆတ်ဆတ်ခါ နာပါလာပြန်သည်။

သူကများ ...။

မပြောလိုက်ချင်ဘူး။ သူလို ရှည်းစားတစ်ယောက် ထားပြီး ဓာတ်ရုပ်တစ်ထုပ် ရှိနေတဲ့သူကများ စောလုံကို ချစ်ခဲ့တာ နှစ်လောက်ရှိပြီတဲ့။ ဟား ဟား။ အော်ရယ်ပစ်လိုက်ချင်တာ။ နှစ်လောက် အရိပ်ကြည့် စောင့်ချစ်နေတဲ့သူက ဒီအတောအတွင်း မိန်းမတစ်ယောက်ကို အကြိမ်ကြိမ်အခါခါ ချိန်းတွေ့၊ ချစ် စွမ်းတွေဝင်။ ပြဿနာတွေရှုပ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးမက လူကြီးမကျ စကောစကန့်င့် တစ်ဖက်သတ် တိတ်တခိုး ချစ်ခဲ့ရတဲ့ စောလုံ ရင်ထဲမှာ မခံချိမခံသာ ဖြစ်ရသည်။ မမျှော်မလင့် တိုက်တိုက်ဆိုင်ဆိုင် သူ့ရည်းစားအိမ်ကိုမှ ကိုယ်က ဝယ်မိရက်သားဖြစ်ကာ သူတို့အကြောင်းတွေ သိလာရတော့ ဘယ်လိုခံစားရမယ်တောင် မသိနိုင်တော့။

ကိုယ့်ဟာနဲ့ကိုယ်မှ ဝမ်းနည်းစိတ်ထိခိုက်ရတဲ့ကြားထဲ သူက ကိုယ့်ကိုချစ်တယ်တဲ့။ ပြောရဲလိုက်ပလေ။ ဒေါ်လေးတပွပွ ဖြစ်နေရင်း တစ်ပြိုင်နက်မှာကိုပဲ ဒီစကားတစ်ခွန်းကို ရင်ခုန်နေပြန်သေးရာ စောလုံမှာ ရယ်ပဲရယ်ချင်ရမလို ငိုပဲငိုချင်ရမလိုနေမိတော့ ထိုင်မသာ မခံချိမခံသာ။ ရင်ထဲမှာ နိုးလိုးခုလု။

ရင်နာနာနှင့်ပင် အခန်းလေးကို တစ်ခေါက် အဝင်အထွက် ပတ်ကြည့်လိုက်သေးသည်။ သူကျက်စားခဲ့တဲ့ သူ့အငွေ့အသက် မကင်းတဲ့ နေရာလေးလေ။

"ဟော"

စောလုံ ခြေလှမ်းတုံ့ပြီး အိပ်ခန်းထဲကို အံ့အားတသင့် ကြည့်နေမိသည်။ ဟိုတစ်နေ့က စောလုံ လာစဉ်က ဖြန့်ခင်းထားတဲ့ မွေ့ရာပါးပါးကလေးဟာ ခုတော့ အလိပ်လိုက် ခေါင်းရင်းနံရံကို တိုးကပ်လို့ပါလား။ သေချာလား ဟိုတစ်နေ့က ဖြန့်ထားတာ။ သေချာတာပေါ့။ ခေါင်းအုံးနှစ်လုံးက နေရာတကျနဲ့လေ။ ခုတော့ ထိုခေါင်းအုံးနှစ်လုံးက လိပ်ပြီး နံရံကပ်ထားတဲ့ မွေ့ရာလိပ်ပေါ်မှာ သပ်သပ်ရပ်ရပ် စီထပ်လျက်။





ဒီကြားထဲရက်မှာ ရှင်ရောက်လာတာပေါ့ အစ်ကိုကြီး။ ရှင်ကလွဲလို့ ဘယ်သူရှိမှာလဲ။ တော်ကဲ ...။ ဒီနေရာကို သုံးယောဇဉ် မပြတ်ဘဲ လာလာကြည့်နေကျ ဖြစ်မှာပေါ့။ ဒါနဲ့များတောင် လူကို လမ်းကြုံ ခရီးကြုံ ချစ်စကားတစ်ခွန်းကို အခွင့်အရေးယူပြီး ပြောထွက်သွားသေးတယ်။ ရှင်ဟာ ရုပ်လေးရဲ့တည်ငြိမ်ရိုးသား အေးဆေးမှုနဲ့တောင် မတန်ဘူး။ သိပ်မုန်းဖို့ကောင်းတယ်။

✦♥✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"စောလုံရေ ... လာပါဦး သမီး"

အိမ်ပေါ်တက်လာတဲ့ စောလုံက ဧည့်ခန်းမှာ အန်တီချစ်နှင့် ဧည့်သည် စကားပြောနေတာမို့ ကိုယ့်အခန်းထဲ ကိုယ်သွားဖို့ ကွေ့ဝင်ဆဲ အန်တီချစ် လှမ်းခေါ်လိုက်တာမို့ ခြေလှမ်းတုံ့ လှည့်ကာ အန်တီချစ်အနား လာခဲ့ပါသည်။ ကိုယ့်ကို စူးစမ်းသေ လာနေတဲ့ ဧည့်သည် အန်တီကို ပြုံးပြရင်း အန်တီချစ် နံဘေး အရပ် ...

"စောလုံ ... ဒါ အန်တီချစ် အစ်မတစ်ဝမ်းကွဲ ဒေါ်ခင်မေတင့် တဲ့၊ ဆွမ်းကျွေးတုန်းကတွေ့ဖူးမှာပေါ့၊ မှတ်မိလား သမီး"

"ဟုတ်ကဲ့ ... အန်တီ့ကို စောလုံ မြင်ဖူးပါတယ်"

ဆွမ်းကျွေးတွေ ဘာတွေနှင့် တွဲ၍မှတ်မိထားထား အဲဒီအန်တီကြီးကို အလိုအလျောက်ကို သိနေသလိုလို မှတ်မိနေ သလိုလို ဖြစ်နေတာ။





"မမတင့် ... ကိုအောင့် သမီးလေ၊ စောလုံ ဆိုတာ"

"ချစ်ချစ်က စောလုံ စောလုံနဲ့ နေတာ၊ အန်တီကလည်း သမီးနာမည်နဲ့ ရင်းနှီးနေပြီ၊ လူချင်းသာ မရင်းနှီးတာ"

စောလုံက ပြုံးပြုံးကလေးနှင့် ...

"ဟုတ်ကဲ့"

"အန်တီ့ကို မှတ်ထားနော် စောလုံ၊ အမျိုးတွေပဲဟာ၊ အန်တီချစ်တို့က အမျိုးခပ်နည်းနည်းရယ်၊ အဲဒီထဲမှာမှ တစ်ဦးချင်းမွေးတဲ့ မွေးချင်းက နည်းသေး၊ စောလုံတို့ ဂျွင်နရေးရှင်းလောက်မှာ ခပ်နည်းနည်း ကျဲကျဲလေး ရှိတာ၊ နိုင်ငံခြားရောက်တဲ့သူကရောက်နဲ့ စောလုံက အန်တီချစ် သမီးပဲဆိုတော့ ဒါတွေက အမျိုးတွေပေါ့"

အန်တီချစ် စကားကို စောလုံက ခေါင်းပဲညိတ်လိုက် သည်။ ဒီအန်တီကြီးကို ကြည့်ရင်း ကြည့်ရင်းက တဖြည်းဖြည်း အတော်မြင်ဖူးလာတာ။ မျက်လုံးတွေကို ရင်းနှီးနေသလိုလို။

"နားပါ သမီး၊ အဝတ်လဲရင်လဲ ... ကျူရှင်က ပြန်လာတယ် ထင်တယ်"

စောလုံက စကားလည်း ဖွယ်ဖွယ်ရာရာ မပြောတတ် ခေါင်းလေးညွှတ်ရင်း ...

"ဟုတ်ကဲ့၊ စောလုံ အဝတ်လဲလိုက်ပါဦးမယ် အန်တီ"

စောလုံက လှည့်အဝင် အန်တီချစ်က ဧည့်သည်ပေါ် တစ်ချက်ပုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ကျူရှင်ပြန်ရမှာလဲ မမတင့်ရယ်၊ အစေးသင်ပဲ ယူထားတာ၊ သိပ်သူ့အားသူကိုးချင်တာ၊ ငယ်ကတည်းက အမေက မရှိဘူးကိုး၊ အလုပ်လုပ်နေတာ၊ အလုပ်ကအပြန်"

"ဩော် ... ဘာလုပ်နေတာလဲ"

"အဟင်းဟင်း မမတင့်ရေ ...'......'ကဖီးအဲင်စနက်စ် တာ၊ အဲဒီမှာ လုပ်နေတယ်၊ ဝါသနာပါလို့တဲ့၊ နောင်ကို ကိုယ့်ဟာကိုယ် ဆိုင်ဖွင့်မတဲ့"

"ကိုယ့်ဆိုင် ကိုယ်ဖွင့်ရကောင်းသားပဲ၊ အဲဒီဆိုင်က နာမည် ရှိတာပဲ၊ ကိုယ်လည်း ဝင်လုပ်ရင်းပညာရတာပေါ့၊ မင်းမင်း တို့ ဆိုင်နားမှာလည်း အဲဒီဆိုင်ခွဲတစ်ခုရှိတယ်"

"ဟုတ်လား ... နောက်မှ မြင်ဖူးအောင် ပြထားရဦးမယ် မိတ်ဆက်ပေးထားရမယ်၊ ကဲ ... ဘယ့်နယ်လဲ၊ ချစ်ချ လင်ပါသမီးလေး ချစ်စရာလေးရယ် တွေ့လား"

ဒေါ်ခင်မေတင့်က ပြုံးမိရင်း ...

"ဟုတ်ပါတယ်၊ ချစ်ချစ်ခင်ခင် ပြေပြေလည်လည်နဲ့ မြင် တာ စိတ်ချမ်းသာစရာပါ ချစ်ချစ်ရယ်၊ ဒါ နှစ်ဖက်စေ စိတ်ရင်းဖြူလို့လေ၊ ကလေးမလေးကလည်း ချစ် ကောင်းသားပဲနော်"

"အဲဒါကြောင့် မင်းမင်းနဲ့ သို့မဟုတ် နိုင်နိုင်နဲ့၊ အဲသ ချစ်ချစ်က ရည်ရွယ်နေတာ၊ နှစ်ဖက်စလုံး ကိုယ့်အိတ် ချည်း ဖိတ်ကျမှာချည်းပဲ"





"ချစ်ချစ်ကတော့ ရယ်ရတယ်ဟေ့၊ သူ့တူဂေါ်မစွံတွေကို ပွဲထုတ်ချင်ရတာ၊ နင်လုပ်မှပဲ စွံမယ့်ဟာတွေပဲ၊ နိုင်နိုင်ရော မင်းမင်းရော ရည်းစားထားတဲ့ သတင်းတောင် မကြားဖူး တာဟေ့"

"မမတင့်တို့ မမငြိမ်းတို့ကလည်း ညံ့တာ၊ အမေဆိုတာ ကိုယ့်သားက လက်နှေးတတ်ရင် ဘေးလေး ဘာလေးတီး ပေးဦးမှပေါ့၊ ကိုယ်က စီစဉ်ပေးကြည့်လည်း သူတို့မှာ အဆင်ပြေချင်မှ ပြေသေးတာ၊ ခုပဲ မင်းမင်းဆို အစိတ်ကျော်၊ နိုင်နိုင်ဆိုရင် နှစ်ဆယ့်ခုနစ်ထဲမှာ၊ တစ်ယောက်ပြလိုက် သူတို့က မကြိုက်လိုက် ဖြစ်နေရင် အချိန်တွေက လင့်ဦး မှာ၊ စောလုံကတော့ ရုပ်လေးလည်း ကြည့်ချင်စရာလေး၊ လိမ္မာရှာတယ်၊ စိတ်ရင်း ကောင်းတယ် မမတင့်ရဲ့၊ ဒါ အဓိကပဲ၊ မိထွေးတောင် ကြည်ကြည်ဖြူဖြူ စိတ်ထားနိုင် တာ ယောက္ခမနဲ့ မတည့်မရှိဘူး"

"အမလေး ... တိုးတိုးပြောစမ်းပါ ချစ်ချစ်ရယ်၊ အားနာ လိုက်တာ၊ ဦးရန်အောင် ကြားမှဖြင့်ကွယ်"

"သူလည်း မရှိပါဘူး"

"ကလေးလည်း ကြားသွားပါဦးမယ်၊ ကိုယ်က လင်ပါသမီး မို့ နိုင့်ထက်စီးနင်း ပြောတယ် မှတ်ပါဦးမယ်ဟယ်"

"ဟုတ်မှ မဟုတ်တာ၊ စေတနာနဲ့ချည်း ပြောတာ၊ ကိုအောင် တောင် ပြောပြီးသား၊ ချစ်ချစ်တူဝမ်းကွဲလေး နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ တစ်ယောက်က ဆရာဝန်၊ တစ်ယောက်က အင်ဂျင်နီယာ၊ ကိုယ့်စီးပွားရေး ကိုယ်လုပ်နေကြတာ၊ သဘောဖြူအူစင်း လှူလိုမှာ လှူယဉ်ကျေးတွေလို့၊ စောလုံနဲ့ စပ်ရမယ်လို့"

"ချစ်ချစ်ရယ် ... နင်ပဲ အားမနာ"

"ဘာအားနာစရာရှိလဲ မမတင့်ကလည်း၊ တူအကောင်းစားလေးတွေနဲ့ စပ်တာပဲ၊ စောလုံကိုလည်း ချစ်လို့သာ ကိုယ့်တူနဲ့ ရည်ရွယ်တာ ကိုအောင်လည်း နားလည်ပြီးသား၊ လုပ်မနေနဲ့၊ သူတို့ချင်း တွေ့ပေးဖို့ပဲရှိတယ်၊ ကိုအောင့်အတွက် မပူနဲ့"

စောလုံသည် အခန်းထဲက ပြန်ထွက်ကာ ထမင်းစားခန်းမှာ အအေးသောက်ဖို့ လာဖျော်နေရင်း အန်တီချစ် စကားတွေကို ပြုံးနေမိပါသည်။ အန်တီချစ်ဟာ ဘွင်းဘွင်းမို့လည်း စောလုံနှင့်လည်း ကိုက်တာ။

"ဒီအိမ်ဝယ်တာ နောက်ဆုံး ဦးရန်အောင် ဘယ်လောက်ပေးလိုက်ရလဲ"

"(--)ဆိုလားပဲ မမတင့်ရဲ့"

"အိမ်မြေဈေးတွေလည်း တက်လိုက်တာနော်၊ ဟိုးအရင်က ဘာရှိမှာလဲဟယ်၊ ဟိုဘက်ခြံ ငါတို့ရောင်းခဲ့တုန်းက(--)ပဲရှိတာ"

"ဟုတ်လား၊ နှမြောစရာကြီး"





"ဘယ်နှမြောစရာကြီး ဟုတ်မလဲ ချစ်ချစ်ရဲ့၊ ခုလက်ရှိခြံကို အဲဒီတုန်းက ပြန်ဝယ်တော့လည်း(--)ပဲ ပေးရတာပဲဟာ၊ သူ့ကာလနဲ့ သူ့ဈေးနဲ့ပေါ့၊ ဒီအိမ်ဆိုရင် သူတို့မြေလွတ်ဝယ်တုန်းက(--)တည်းရယ်၊ အိမ်ဆောက်ယူကြတာလေ၊ သူတို့လည်း ကောင်းကောင်းဆောက်ပါတယ်၊ ပစ္စည်းကောင်းတွေ သုံးထားတာပဲ၊ မင်းမင်း သူငယ်ချင်းအိမ်ပဲလေ၊ ဝင်ထွက်နေကြတာပဲ"

အအေးဖန်ခွက်ကို ဖွန်းနှင့် ကလောက်ကလောက်ခေါက်နေတဲ့ စောလုံ လက်လေးတွေ ရုတ်တရက် အရှိန်နှေးသွားရသည်။

"ခုဆိုရင် ငါတို့ ဟိုးတလောက ဝယ်လိုက်တဲ့ လှိုင်မြင့်မိုရ် အခန်းတောင်မှ ပေါက်ဈေး(--)ရှိနေပြီ၊ တိုက်ခန်းဈေးတောင်နော်၊ အိမ်ခြံမြေဆိုတာ စောစောဝယ်နိုင်လေ တန်လေ၊ ဝယ်ဖို့စုနေရရင် တစ်ဖက်ကလည်းစု တစ်ဖက်ကလည်းတက်နဲ့ လက်လှမ်းကို မမီတော့ဘူး"

"ဟုတ်တယ် မမတင့်ရေ၊ ဟိုဘက်က မမတင့်တို့ခြံဆို လက်ရှိအိမ်ရှင်က ဟိုတလောကမှ နည်းနည်းထပ်ပြင်ထားတယ် တွေ့လား၊ အရမ်းခမ်းနားသွားတယ်နော်၊ ဟိုနေ့ကပဲ ကိုအောင့်ကိုပြပြီး ပြောပြနေတာ၊ အဲဒါ အရင်က ချစ်ချစ် အစ်မတွေခြံလို့"



www.burmeseclassic.com

www.burmeseclassic.com



စောလုံရဲ့ မွေ့နေတဲ့ လက်ကလေး လုံးဝရပ်သွားရကာ ငြိမ်ငြိမ်သက်သက် ကြက်သေ,သေနေမိပါသည်။ ရင်တွေလည်း ဒိန်းဒိန်းဒိုင်းဒိုင်း ခုန်လာသည်။ ဒီကမ္ဘာကြီးဟာ တကယ်ကိုပဲ ဒီလောက်တောင် ကျဉ်းနေပြီလား။ အန်တီတင့်တဲ့။ အန်တီချစ် အစ်မတစ်ဝမ်းကွဲတဲ့။ သားနာမည်ကို "မင်းမင်း"လို့ပြောနေကြတာ။

ဒါကြောင့် အဲဒီအန်တီတင့်ကို မှတ်မိတာမျိုးလည်း မဟုတ်ဘဲနှင့် တအားတွေ့ဖူး ရင်းနှီးဖူးသလို ထင်နေမိတာ။ ထူထူနက်နက် မျက်တောင်ကော့တွေ ဝန်းရံပြီး နွေးထွေးငြိမ်းချမ်းသော အနက်ဖျော့ဖျော့ မျက်ဝန်းတို့က သားအမိ ချွတ်စွတ်ဆင်တူနေတာကိုး။ ဒေါ်ခင်မေတင့်တဲ့။ အစ်ကိုကြီးရဲ့အမေတဲ့။

"ဟင်း"

စောလုံ သက်ပြင်းမောကို ချလိုက်ပါသည်။

"ဘာဖြစ်လို့လဲဟင်"

မှန့်ဗန်းပြင်လာသော မမပုက အရေးထဲ သူ့ဗန်းကိုစိတ်ပျက်တာထင်ပြီး စိုးစိုးရိမ်ရိမ်လေး မေးသည်။ ဒီနားလေးကဆိုင်တစ်ဆိုင်က မမပု သွားဝယ်လာမှုရတဲ့ မြီးရှည်ပန်းကန်ပြင်ထားတဲ့ပွဲကိုကြည့်ရင်း ...

"မမပုဟာက ဘာမှမဖြစ်ပါဘူး၊ စောလုံ ဘာသာ စိတ်ညစ်တာ"

"ဘာဖြစ်လို့ စိတ်ညစ်တာလဲ"





"အဲဒီအန်တီကို မသိဘူးလား"

"မြင်တော့ မြင်ဖူးသလိုပဲ၊ တခါးသွားဖွင့်ပေးတုန်း ဖျတ်ခနဲပဲဆိုတော့ သေချာမစဉ်းစားမိဘူး၊ ဘယ်သူလဲ"

"ကိုအာဇြ မွေးစားအမေလေ"

"ဟင် ... အာဇြရဲ့ !! ခြော်"

ခုမှ မမပုက မှတ်မိသွားပါသည်။ အာဇြ အိမ်ကိုလည်း ပုလုံ ရောက်ဖူးခဲ့တာမို့ အိမ်ရှင်အန်တီကို မြင်တော့မြင်ဖူးသည်။ ဒါပေမဲ့ တစ်နှစ်တစ်ကြိမ်တည်း မောင်နှမတွေဆုံချိန်ကလည်း (ကိုယ်တိုင်တွေကိုက စကားတွေ ဖွဲ့နွဲ့ပြောစရာများများမရှိကြ၍) ဆယ်မိနစ် ဆယ့်ငါးမိနစ်နေပြီး ပြန်ဖြစ်တာတောင်ရှိသည်။ တစ်ခါတစ်ရံ နှာရိဝက်လောက်။ ဒီထက်ကြာကြာ ပိုဆုံကြတာမရှိသလို သွားရင်လည်း ခြံထဲက သင့်တော်ရာ ထိုင်စရာတစ်နေရာရာမှာပဲ ထိုင်စကားပြောလိုက်ကြမြဲဖြစ်ရာ အိမ်ပေါ်လည်း ဟုတ်တိပတ်တိ မရောက်ဖူးသလို အိမ်ရှင်မွေးစားမိဘ အသီးသီးကိုလည်း မရင်းနှီး မကျွမ်းဝင်ကြ။

"ဒါဖြင့် ... ဦးမင်း ..."

"အင်းပေါ့"

"အဲဒါ နင်က ဘာစိတ်ညစ်နေလဲ"

"မဟုတ်ပါဘူး၊ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရပ်တွေကို စိတ်ရှုပ်ထွေးတာပါ၊ ကြည့်လေ ... သူက အန်တီနဲ့တူတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင့်ကိုပေးစားမယ်ဆိုတဲ့ သူ့တူနှစ်ယောက်ထဲက တစ်ယောက်ပေါ့နော်"

"တော်စမ်းပါ မမပုရာ၊ သူ့တူကဖြင့် ငယ်ကျွမ်းဆွေကြီးနဲ့၊ ကဲ ... သွားပို့ ... သွားပို့"

ပုလုံက အိပ်ရှေ့ထွက်လာကာ ဇန်းကိုချ။ သူ့မောင်ရဲ့ မွေးစားအိမ်ရှင်ဖြစ်၍ တခြားသည့်သည်ထက် ပိုတရိုတသေ ဒူးတုပ်ကာ ပန်းကန်တွေ ဖွန်းတွေ အန်တီတင့်ရှေ့ ရိုရိုကျိုးကျိုး ချပေးနေတာကို ဒေါ်ခင်မတင့်က ကြည့်ရင်း ...

"ဟဲ့ ... ဒါ ဟိုတစ်ယောက်မို့လား"

"ဘယ်တစ်ယောက်လဲ မမတင့်"

"ပုပုလား ဘာလား၊ အာဗြဲအစ်မရယ်လေ"

အန်တီချစ်က ပုလုံကို ငဲ့ကြည့်ရာ ...

"ဟုတ်ကဲ့ပါ အန်တီ၊ အာဗြဲအစ်မပါ"

"ဟင် ... လက်စသတ်တော့ ချစ်ချစ် ယောက်ျားက အာဗြဲအစ်မကို မွေးစားတဲ့ အိမ်ရှင်ဖြစ်နေ၊ သြော် ... ကမ္ဘာကြီးနှယ် ကျဉ်းပဲကျဉ်းနိုင်လွန်း"

"သြော် ... မမတင့်အိမ်က ဟို ကယားလေးဟာ သူ့မောင်လား"

"ဟုတ်တယ်၊ မောင်နှမအရင်းလေ၊ အာဗြဲတောင် မကြာခင် ပြန်လာမယ် သမီးရဲ့၊ အန်တီ တစ်လှည့်လိုက်သွားဦးမယ်။ အာဗြဲကလည်း ဟိုမှာထက် ဒီမှာပျော်တာ၊ ဒီမှာနေချင်





တာ၊ မင်းမင်းကပြောတော့ ဒီမှာ အာဗြဲက ရည်းစားတွေ ဘာတွေရှိဆိုပဲ၊ ညည်းရော ရည်းစားတွေ ဘာတွေထားလား"

"မထားဘူးရှင့်၊ ကျွန်မ အပျိုကြီးပဲနေမှာ အန်တီ"

"အေး ... ကောင်းတယ်၊ ဒီကညီမလေးစောလုံနဲ့ တစ်သက်လုံးနေပေါ့"

"ဟုတ်ကဲ့ အန်တီ"

"ကြိကြိဖန်ဖန် ဆုံပဲဆုံတတ်ပလေ"

"မင်းမင်းကို ဒီကိုလွှတ်ဦး မမတင့်၊ လာလည်နိုင်ဦးလေ၊ ဒီကောင်လေး သိပ်နေနိုင်တာပဲ"

"ဆွမ်းကျွေးရက်ကလည်း သူ့သူငယ်ချင်းတစ်ယောက် အင်းစိန်ထောင်ထဲ ရောက်နေတဲ့ဆီ သွားတွေ့ဖို့ ရက်ချိန်းက လုပ်ပြီးဖြစ်နေတာနဲ့ မပါလာရတာ၊ သူလည်း လာမယ် လာမယ် ပြောနေတာပါပဲ ချစ်ချစ်ရယ်"

"ပါးစပ်ကလေးပဲ ပြောနေတာ၊ ဒီအိမ်ဆိုရင် ညွှန်နေစရာတောင် မလိုဘူး၊ အရင်အိမ်ရဲ့ဘေးအိမ်လို့ ပြောပြီးလွှတ်လိုက်လေ မမတင့်ရဲ့"

"သူ သိတယ် ... သိတယ် ဒါ သူ့သူငယ်ချင်းအိမ်ပဲ"

"အစ်ကိုမင်းမင်းက ဒီကို ရောက်ဖူးပါတယ်"

"ဟင် ... ဟုတ်လား"

အန်တီချစ်ရော အန်တီတင့်ရော အံ့အားတသင့် ဖြစ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းကလဲ ပုလုံ"

"အန်တီ ဒီကိုမပြောင်းလာရသေးခင်ပါ"

"ဘာလာလုပ်တာလဲ"

"ဒီအိမ်က ပြောင်းသွားတဲ့ မဝေမာခင်ကို လာရှာတာ၊ ဒီရောက်မှ အိမ်ရောင်းပြီး ပြောင်းသွားတယ်ဆိုတာသိတာ"

"သြော် ... ဟုတ်မှာပေါ့၊ ဝေမာခင် ဆိုတာ သူ့သူငယ်ချင်း၊ တအားခင်ကြတာ၊ တစ်ချိန်လုံး တွဲနေတာ၊ မောင်နှမလိုပဲ သိပ်ခင်တာ ချစ်ချစ်ရဲ့၊ အဲဒီ ဝေမာခင်တို့က ဘယ်ပြောင်းသွားလဲ ပုပု"

"အဲဒါ မသိပါဘူး အန်တီ"

စောလုံက အအေးဖျော်ရည်ကို ဖြည်းဖြည်းသောက်ရင်း အဲဒီအန်တီတင့် မျက်နှာကို ချောင်းကြည့်ချင်စိတ် ပေါက်လာသည်။ ဒီအကြောင်းပြောတုန်း သူ့အမေမျက်နှာ ဘာအရိပ်အကဲရှိလဲ သိချင်လို့လေ။ သူ့သားရဲ့ သူငယ်ချင်းအရင်းလို့ပဲ တကယ်သိထားတာလား၊ ဖုံးကွယ်ပြီး ပြောနေတာလား။

"ဒါဆိုရင် လွှတ်သာလွှတ်လိုက်တော့၊ လာတော်မူပါဦးလို့"

"အေးပါ ... လွှတ်လိုက်ပါ့မယ်"

"စောလုံနဲ့ သိအောင်ကျွမ်းအောင် မိတ်ဆက်ပေးထားရအောင်လေ"





စောလုံမှာ မမပု တစ်ခုခု ဝင်ပြောလိုက်မှာတောင် လန့်သွားရပါသေးသည်။ ဒါပေမဲ့ မမပုက ဒီကိစ္စတော့ ဝင်မပြောပါ။ ဗန်းလွှတ်ကိုင်ကာ အတွင်းထဲ ပြန်ဝင်လာသည်။

ဒီအစ်ကိုကြီးကို ခပ်မြန်မြန် ကိစ္စဖြတ်မှပါ။ သံယောဇဉ်ဖြတ်မှပါ။ နို့မို့ အန်တီချစ်က မျှော်လင့်ချက်တွေထားကာ စိတ်ကူးရည်မှန်းနေဦးမည်။ တော်ပြီ။ တော်ပြီ။ အစ်ကိုကြီးကို ဘဝရဲ့ပထမဦးဆုံးအချစ်ဦးအဖြစ် စွဲစွဲလမ်းလမ်း ချစ်မိခဲ့သော်လည်း သူက အရင်ချစ်သူနှင့် အတိုင်းအတာ တစ်ခုအထိ ပတ်သက်ရင်းနှီးထားတာ။ ကိုယ့်ရှေ့မှာ တစ်စုံတစ်ယောက်ကို ချစ်ခဲ့ဖူးတဲ့အတွက် ကြည်မဖြူ မရှိသော်လည်း ဒီလောက်ကြီးထိအောင် သူတို့ ရင်းနှီးငြိစွန်းပြီးသားကို သိသိကြီးနှင့်ဆိုတော့ ရင်ထဲနင်သည်။

ဒါနဲ့တောင် လူကိုချစ်ရေးဆိုသေးသည့် အတွက်တော့ သူ့ကို ရင်ထဲ မုန်းမျက်မျက်ကြီး ဖြစ်ရပါသည်။ ခဏအကြာမှာ အန်တီတင့်ပြန်တော့ အန်တီချစ်က ခေါ်နှုတ်ဆက်ခိုင်း၍ စောလုံ နှုတ်ဆက်လိုက်ပါသေးသည်။

"စောလုံရေ"

"ရှင်"

"မကောင့်သား မင်းမင်းကလေ အင်ဂျင်နီယာရင်းနဲ့ပြီးတာကွယ့်၊ ဒါပေမဲ့ သူက ကိုယ်ပိုင်စာအရောင်းနဲ့ဆိုင်ပဲ ဖွင့်ထားတယ်။ သူ့ဆိုင်က စီးပွားဖြစ်တယ် သိလား၊ မင်းဝင့်ရည်တဲ့ နာမည်ရင်းက"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီချစ်"

"ဟေ"

"အဲဒီ မင်းဝင့်ထည်ကို စောလုံ မကြိုက်ဘူး"

"ဟင်"

အန်တီချစ်က အလန့်တကြား မျက်လုံးဝိုင်းသွားပါသည်။

"ဟိုဆရာဝန်ကိုတော့ မသိသေးဘူး၊ အဲဒီ အင်ဂျင်နီယာကိုတော့ လုံးဝမကြိုက်ဘူး၊ သူနဲ့တော့ အန်တီချစ် ဘာမှစိတ်ကူးမနေနဲ့တော့၊ အန်တီချစ် ပင်ပန်းနေမှာစိုးလို့"

"အံ့သြစရာပါလား စောလုံရယ်"

"ဟုတ်တယ်၊ ဆရာဝန်ကိုတော့ မသိဘူး၊ သူ့ကိုတော့ စောလုံ ငြင်းမှာသေချာတယ်"

အန်တီချစ်က စောလုံကို စိုက်ကြည့်အကဲခတ်နေသည်။

✦♥✦

"စောလုံ"

ဘတ်စ်ကားဂိတ်မှာ ကားပေါ်က ဆင်းပြီးပြီးချင်း ကားဂိတ်ပေါင်းမိုးကလေးက ကြော်ငြာဘုတ်ကြီးနှင့် ကွယ်နေရာမှ ထွက်ပေါ်လာသော မင်းဝင့်ထည်ကို တွေ့လိုက်ရ၍ စောလုံ၏ မျက်နှာလေးကို မှုန်တင်းထားလိုက်ပါသည်။





"စောလုံလည်း ဒီနေ့နည်းနည်းစောတယ်နော်၊ ကိုယ်လည်း တမင်စောထွက်လာလိုက်တာ"

တမင်တကာ သူလာစောင့်ရင် မဆုံအောင် စောစောကြိုထွက်ပါတယ်ဆိုမှ သူကလည်း ဝီရိယကောင်းကောင်းနှင့် စောစောကြိုထွက်တာချင်း ဆုံနေပြန်ပြီ။

"စောလုံ ... နေဦးလေ"

မင်းဝင့်ထည်က ခပ်သွက်သွက်လျှောက်ကာ စောလုံနံဘေး ယှဉ်ရပ်လိုက်ပါသည်။ သူ့အပေါ် ရုတ်တရက် ဘာကြောင့် စောလုံ အေးစက်တင်းမာသွားတယ်ကို လုံးဝနားမလည်နိုင်ဘဲ ရှိရပါသည်။ အရင်ကတော့ မျက်လုံးရွှဲကြီးတွေနှင့် တကူးတက တမင်တကာတောင် လာလာခိုးကြည့်တတ်ပြီးတော့။

မနေ့က မေမေ့စကားတွေကို ပြန်သတိရပါသည်။ စောလုံဟာ အန်တီချစ်ရဲ့ လင်ပါသမီး ဖြစ်နေတယ်ဆိုတာ မနေ့ကမှ သိရသည်။ မေမေကတော့ ဘာမျှမသိပါ။ မေမေသိတာက အန်တီချစ်တို့ အခုနေနေတာဟာ မေမာတို့ အရင်နေခဲ့တဲ့အိမ်ဆိုတာရယ်။ အန်တီချစ် ခင်ပွန်း ဦးရန်အောင် ဆိုတာဟာ အာပြဲရဲ့ အစ်မ ပုလုံကို မွေးစားတဲ့ အိမ်ရှင်ဖြစ်တယ် ဆိုတာရယ်။

ဒါလောက်ကိုပဲ မေမေက တိုက်ဆိုင်မှုရှိလှတယ် ဆင်နေပြီ။

"ချစ်ချစ်က သူ့လင်ပါသမီးလေးကို မင်းနဲ့ဖြစ်ဖြစ် နိုင်နိုင်နဲ့ဖြစ်ဖြစ် အောင်သွယ်ပြီး ပေးစားမယ် လုပ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရှေ့တင် ပြောနေတာ၊ မေမေဖြင့် အားနာလိုက်တာ သားရယ်၊ သူတို့ကြည့်ရတာ မိတွေးနဲ့ လင်ပါသမီးပေမယ့် ခင်ခင်မင်မင် အဆင်ပြေပြေနဲ့၊ ကောင်မလေးကလည်းနူးညံ့ပုံလေးပဲ၊ ကြည့်ရတာ စိတ်ချမ်းသာစရာ သားရဲ့"

အန်တီချစ်က သူ့တူနဲ့ သဘောတူတယ် ဆိုလို့ပဲ စောလုံ ဒါကိုမကျေနပ်တာလား။ အန်တီချစ်တူဟာ သူပဲလေ။ အန်တီချစ်တူကို မကျေနပ်ဘူးဆိုရင် ဒါဟာ သူ့ကိုမကျေနပ်တာ။ အန်တီချစ်ကြောင့် မဆိုင်ဘဲ တခြားအကြောင်းတစ်ခုခုကြောင့် စောလုံ တစ်ခုခုဖြစ်နေတာ။

သူ့မှာတော့ ဆက်စပ်ပတ်သက်မှုတွေ ရှိလာတာကို ဝမ်းသာလို့။ ဝင်ရထွက်ရ လွယ်ကူရင်းနှီးမှု ရှိသွားတာပေါ့။ ခုတော့ စောလုံ မျက်နှာထားက ဟိုတုန်းကနဲ့စာရင် အရမ်းပြောင်းလဲသွားတာမို့ သူ စိတ်မကောင်း ဖြစ်ရသည်။ စဉ်းစားလို့လည်းမရ။ မနေ့က ဘတ်စ်ကားဂိတ်မှာ ဆုံကတည်းက ရိပ်မိရတာဖြစ်ပေမယ့် အဲဒီရှေ့ရက်က သူမှာတဲ့မုန့်ကို ခါတိုင်းလို စောလုံ လာမပို့ပေးကတည်းက စောလုံရဲ့ အမြင်မကြည်မှုက စ,နေပြီထင်ပါသည်။

ရှင် ကျွန်မကို လာမလှည့်စားနဲ့တဲ့။

ရှင် ညာပြောနေတာတွေကို ခိုင်ခိုင်လုံလုံ သိတယ်တဲ့။

မှားနေပြီ။ တစ်ခုခုတော့ မှားနေပြီ။ သူ့အပေါ် စောလုံ အထင်လွဲတာတော့ တစ်ခုခု ရှိနေတာ သေချာသည်။





ဘာမှန်းသာ သူ မသိ။ သူမှ ဘာအမှားအယွင်းမှ မလုပ်မိဖူးတာ။ စောလုံ အပေါ်တင်မဟုတ် ဘယ်သူ့အပေါ်မှ လိမ်တာညာတာ လှည့်စားတာမျိုး မလုပ်ခဲ့ဖူးပဲ။ အဲသလို စွပ်စွဲရအောင်လည်း သူ့အကြောင်းဆိုတာကို စောလုံ ဘယ်က သိရ ကြားရစရာရှိလို့လဲ။ အန်တီချစ်ဆီကလွဲရင် သူ့အကြောင်း ဘာမှကြားစရာမရှိ။

အန်တီချစ်ရဲ့ တူဆိုတာကိုတောင် မနေ့ကမှ သိမယ့် စောလုံ၊ သူ့ကို ဘာတွေ အထင်အမြင်အကြားတွေ လွဲမှားနေပါလိမ့်။

"စောလုံ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"ခါတိုင်းနဲ့ မတူဘူးလေ၊ ကိုယ့်ကို စိတ်နာနေသလိုပဲ"

"ခါတိုင်းကကော ရှင်နဲ့ စောလုံ ဘယ်လောက်များရင်းနှီးခဲ့ပြီးလို့လဲ"

"ဒါပေမဲ့ ..."

ဒါတော့ စောလုံ ရှောင်ထွက်တာပင်။ သို့သော် ဘာကယ်တမ်းလည်း သူ့မှာ ရင်းနှီးမှုကို လက်ဆုပ်လက်ကိုင်ပြစရာ ရှိတာမှ မဟုတ်ဘဲ။

"ကိုယ့်ကို မခေါ်မပြောချင်လောက်အောင် ကိုယ် စောလုံ အပေါ် ဘာတွေမှားမိလို့လဲ"

စောလုံက မင်းဝင့်ထည်ကို မျက်စောင်းတစ်ချက် ခပ်ပြင်းပြင်းထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့ စောလုံကို ရည်းစားစကားပြောလဲ"

"ဟင် ... အဲဒါကို စိတ်ဆိုးတာလား"

"ဟုတ်တယ်"

"ကိုယ် လူပျိုလေ၊ စောလုံက အပျိုလေ၊ လွတ်လပ်သူချင်း ယဉ်ယဉ်ကျေးကျေး ချစ်တဲ့အကြောင်းပြောတာ စိတ်ဆိုးစရာလား၊ ဟိုတလောက ဟိုကောင်လေး လိုက်စကားပြောနေတာကိုတောင် မင်း ခုလောက် စိတ်မဆိုးခဲ့ပါဘူး"

"သူနဲ့ ဘာဆိုင်လို့လဲ၊ တူမှမတူတာ"

"ဘာကမတူဘူးလဲ၊ တစ်ခုခုပဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောပါ၊ ကိုယ့်ကို စောလုံက လှည့်စားတယ်၊ ညာတယ် ဆိုတဲ့စကားလုံးတွေနဲ့ စွပ်စွဲထားတယ်၊ အဲဒါ ဘာလဲ ကိုယ် ဘာမှနားမလည်ဘူး"

"စောလုံကလည်း ရှင့်ကို ရှင်းပြမနေနိုင်ဘူး၊ တော်ပြီ ရှင် မလိုက်လာနဲ့တော့"

မင်းဝင့်ထည် မျက်နှာသည် နီမြန်းတာ ကိုယ့်သိက္ခာနဲ့ကိုယ်နေတဲ့သူပီပီ ရှက်ဒေါသတစ်မျိုးနှင့် တုန်ယင်လာပါသည်။ သူဟာ ကလေကချေလည်း မဟုတ်။ မိန်းကလေးတစ်ယောက်ကို ကာရံ့ရွေ့ပျက်အောင် နှောင့်ယှက်နေတာလည်းမဟုတ်။ ခုလို နှင်ထုတ်ခံနေရတာကို ရှက်ဒေါသဖြစ်ရတာ အမှန်ပင်။





သူ့အနေအထား သူ့အခြေအနေနှင့် မိန်းကလေးတစ်ယောက်ရဲ့ နှင်ထုတ်လွှတ်တာကို ခံနေရမည့် အကြောင်းမျိုးမရှိ။ စောလုံ ဘာကို ပစ်ပစ်ခါခါ ဖြစ်သွားပါလိမ့်ဆိုတာ ဘယ်လိုမှ စဉ်းစားမရ။ စောလုံနဲ့ နောက်ဆုံး ကြည်ကြည်သာသာဆုံတဲ့နေ့က ဆိုင်မှာ မိုးလွင်လည်း ရောက်နေကာ ဆင်းဒဝစ်ချိတစ်ဒါဇင်နဲ့ ကော်ဖီနှစ်ခွက် လှမ်းမှာတဲ့နေ့။

အဲဒီနေ့က သာသာကြည်ကြည်ပဲ မုန့်လာပို့ခဲ့ပေမယ့် မျက်နှာလေးကတော့ နွမ်းမှုန်မှုန် ဖြစ်တော့ဖြစ်နေပြီ။ မင်းဝင့်ထည်ကတောင် ဟိုတစ်နေ့က အိမ်လိုက်ပို့တာ အိမ်ကတွေ့သွားလို့လား စိတ်ပူပြီး မေးမိခဲ့သေးသည်။ တခြားလည်း ဘာမှထူးခြားတာမရှိ။ တခြားဘာစကားတွေများ စိတ်ခုစရာ ပြောမိသေးလဲ။

သတိရလောက်အောင်တော့ ဘာမှစကားမများမိ။ ပြန်ခါနီး လှိုင်မြင့်မိုရ်အခန်းက ဘယ်နားမှာလဲတောင် မေးသေးသည်။ မင်းဝင့်ထည်က ဖြေလိုက်ပါသေးသည်။ ဒါ့အပြင်ကော။ ဒါ့အပြင် တခြားစကားလည်း များများမှ မပြောမိပဲ။ ဒါဖြင့်ညာတယ် လှည့်စားတယ်တွေက ဘယ်ကရောက်လာတာလဲ။ သူ့ကို တခြားတစ်ယောက်ယောက်ကများ မင်းဝင့်ထည်နှင့် ပတ်သက်ပြီး ကောင်းတာတွေ ပြောသလား။

ပြောရအောင်လည်း ဘာအကြောင်းအရာမှ မရှိတာ။

စောလုံသည် နီမြန်းတဲ့ မျက်နှာမှုန်မှုန်နဲ့ သူ့ကိုကြည့်နေတဲ့ အစ်ကိုကြီး မျက်နှာကိုကြည့်ကာ ဝမ်းနည်းလာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှစ်ယောက်လုံး ခြေစုံရပ်ကာ တစ်ယောက်နှင့်တစ်ယောက် စိုက်ကြည့်နေတာ။

"မင်းကို ကိုယ် ဘာလှည့်စားမိလဲ ပြောပါ စောလုံ"

"ရှင့်ကိုယ်ရှင် အသိဆုံး ဖြစ်မှာပေါ့"

"ဒါဖြင့် ပြောပါဦး၊ လှည့်စားတယ် ညာတယ်ဆိုတော့ ကိုယ်ပြောတဲ့စကားကို မမှန်ဘူးလို့ စောလုံ စွပ်စွဲတာ။ မမှန်ဘူး ဆိုတာ ဘယ်အပေါ်မှာ ကောက်ချက်ဆွဲသလဲ၊ မှန်တယ်ဆိုတာတွေကို ဘယ်ကသိထားရလို့လဲ၊ ကိုယ့် အကြောင်း ဘယ်သူက ဘာပြောထားလို့လဲ"

"ဘယ်သူမှ မပြောပါဘူး၊ တိုက်ဆိုင်လို့ သိသွားရတာပါ"

"ဘယ်လို တိုက်ဆိုင်လို့လဲ"

"မသိဘူး ... မသိဘူး၊ စောလုံကို နောက်ဘယ်တော့မှ လာမခေါ်ပါနဲ့၊ လှည့်စားတတ်တဲ့လူကို စောလုံ မုန်းတယ်"

စောလုံက ချာခနဲလှည့်၍ မပြေးရုံတမယ် ခပ်သုတ်သုတ် ထွက်သွားပါသည်။ မင်းဝင့်ထည်လည်း ဆက်လိုက်ရန် မကြိုးစားတော့ပါ။ ခါးနှစ်ဖက်ထောက်ကာ ဘာကို မကျေချမ်းရမည်မသိ မကျေမချမ်း ကျန်ရစ်ခဲ့ပါသည်။

ဝေမာ ...။

ဝေမာခင့်ကိုလည်း စောလုံ ကြည့်ရတာ အတိုင်းအတာတစ်ခုအထိ သိနေသလိုပင်။ သူ ဝေမာခင့် အကြောင်း စကားထဲ ထည့်ပြောဆိုပုံကလည်း တရင်းတနှီးရှိသည်။ ဝေမာခင့်





ဆီ ရောက်လာတယ်ဆိုတဲ့စာတွေ။ ဒီစာတွေကို မဖောက်ဘဲ မီးဖိုထဲ မီးထည့်မွှေးပစ်တယ်လို့တော့ စောလုံက ပြောတာပင်။ သို့သော် အဲဒါဟာ အမှန်မဟုတ်ဘဲ စာတွေများ ဖောက်ဖတ်သေးသလား။ စာတွေကို ဖောက်ဖတ်ရင်လည်းပဲ မင်းဝင့်ထည် အကြောင်း မကောင်းတာ ပါစရာမရှိ။

"ကျွတ်"

မင်းဝင့်ထည်က စိတ်ပျက်လက်ပျက် စုတ်သတ်ရင်း ကိုယ့်ကားဆီ ပြန်လျှောက်လာသည်။ ကားပေါ်တက်ကာဆိုင်ဘက်ကို မလာဘဲ ဦးတည်ရာဘက် မောင်းထွက်လာခဲ့လိုက်ပါသည်။

ထိုအချိန်မှာ ခေါင်းငိုက်စိုက်နှင့် တစ်လှမ်းချင်းဆိုင်ထဲဝင်လာတဲ့ စောလုံကို ဆိုင်ထဲမှာ ရှိနေတဲ့သူတွေက အံ့အားတသင့် စူးစမ်းအကဲခတ်နေကြချိန်ဖြစ်သည်။ အမြဲရွှင်လန်းမြူးတူးပြီး လိုတာထက် ပိုဖျတ်လတ်တက်ကြွနေတတ်တဲ့ ဘာပဲလုပ်လုပ် စိတ်ပါလက်ပါ ရှိလှတဲ့ စောလုံ တစ်ယောက် စိတ်နဲ့လူနဲ့မကပ်ပုံမျိုးကို မမြင်ဖူးကြလို့ပင်။ ဒီတစ်ရက် နှစ်ရက် စောလုံ ငြိမ်တော့ငြိမ်သား။ ခုလို နံနက်ခင်း လူရှင်းချိန်ဆိုတော့ ခေါင်းငိုက်စိုက်ချပြီး ခြေမသယ်ချင် လက်မသယ်ချင် လျှောက်လာတဲ့ စောလုံပုံစံက ပိုပြီး ဂရုပြုစရာ ဖြစ်နေသည်။

သတိမထားမိဘဲ မနေနိုင်လောက်အောင် ဖြစ်နေပါသည်။ မှန်တံခါးကို တွန်းဝင်လာပြီး အထဲဝင်လာကာ သူ့အိတ်ကို ခေါင်းပေါ်မှ ကောက်ချွတ်လိုက်ပြီး ပစ္စည်းတွေထားနေကျ



www.burmeseclassic.com

www.burmeseclassic.com



လော့ကာလေးထဲ ဖွင့်ထည့်လိုက်တဲ့အထိ ဆိုင်ထဲကလူတွေကို နှုတ်မဆက်။ စကားမဆို။ ငွေငွေးငေး။

ခါတိုင်းများတော့ ဆိုင်ထဲ လူရောက်မလာသေးခင် အသံက အရင်ကြိုရောက်နှင့်နေတာ။

"ဟဲ့ ... စောလှ"

ဦးပလာတူးကြီးက သတင်းစာဖတ်နေရာက လိုက်ကြည့်နေရင်း စိတ်မရှည်တော့သလို အော်ပစ်လိုက်သည်။ စောလှက ခပ်ဖြည်းဖြည်း လှည့်ကြည့်ကာ ...

"ဟုတ်ကဲ့"

"ဘာ ... ဟုတ်ကဲ့လဲ၊ ခါတိုင်းလို ရှင်တို့၊ ရှန်တို့ ခပ်မြူးမြူး မထူးနိုင်ဘဲ နင် ဘာဖြစ်နေလဲ၊ ရုပ်ကြီးက မသက်မသာနဲ့"

ဆိုင်ထဲမှာ စားသုံးသူတစ်ယောက်မှ မရှိချိန်ဖြစ်၍ အားလုံးဟာ စောလှကိုပဲ အာရုံစိုက်နေကြပါသည်။

"အံ့သြစရာကြီး၊ နင်ဘာဖြစ်နေတာလဲ စောလှ၊ ပြောစမ်းညီမလေး၊ နင်လိုလူက အဲသလိုကြီး ဖြစ်နေတော့ ရင်ထဲမှာ မထိတ်သာ မလန့်သာနဲ့ဟယ်"

"ဘာမှမဖြစ်ပါဘူး မခိုင်"

"ဖြစ်တယ် ... ဖြစ်တယ်၊ တစ်ခုခုတော့ ဖြစ်ကိုဖြစ်တယ်"

စောလှက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ဟိုလေ ... စောလှ အလုပ်ထွက်တော့မယ်"





"ဟင်"

"ဟေ"

အားလုံး အံ့သြနေပါသည်။

"ဘာဖြစ်လို့လဲ၊ ညည်းအိမ်က ဘာပြောလို့လဲ"

"ဟိုလေ ... မလုပ်ရတော့ဘူးတဲ့"

အိမ်က ထွက်ခိုင်းတာ မဟုတ်ရင် အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မပေးနိုင်ရင် မထွက်ပါနဲ့ ဘာနဲ့ ညာနဲ့နှင့် အားလုံး ဝိုင်းတားကြမှာ သေချာသည်။ ဒါကြောင့် စောလှက ညာပြောပစ်လိုက်တာပင်။

"ဘာဖြစ်လို့လဲ၊ လုပ်လာတာပဲ လတွေချီနေပြီ"

"စလုပ်ကတည်းက အိမ်က သိပ်မကြိုက်တာ"

"အဲဒီတုန်းက အပြတ်မတားဘဲ ခွင့်ပြုထားပြီးမှများ"

"အဲဒါက စိတ်ကျေနပ်ရုံလေး ခဏမျှောပြီး ခွင့်ပြုထားတာ ဖြစ်မှာ"

"နင့်အမေကလား မိထွေးကလား"

လူတွေဟာ ရယ်ရသည်။ မိထွေးကို ဘာရယ်မဟုတ် ဆည့်ထည့် ခလုတ်တိုက်ချင်ကြတာ။

"နှစ်ယောက်လုံးက"

"နင့်အမေက နင်ဘာလုပ်လုပ် ဘာမှမပြောဘူးဆို"

"ဒါပေမဲ့ ... ခုတော့ ..."

"မိထွေးစကား အောင်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မနှင်းက မဲ့မဲ့လေး ဝင်ပြောပြန်ရာ စောလုံမှာ ခေါင်းလေး တဂျစ်ဂျစ်ကုတ်ပစ်ရင်း စိတ်ရှုပ်သွားရသည်။ လူတွေကလည်း မိတွေးပဲ ပြောချင်နေတာပဲ။

"သူကလည်း ကိုယ့်ဟာကိုယ် အလုပ်လုပ်နေတာပဲ၊ ဘာဖြစ်လဲ"

"ဘာလဲ … ညည်းကို အိမ်မှာထမင်းချက်နိုင်းချင်လို့လား"

"မဟုတ်ပါဘူး၊ အိမ်မှာ မမပု ရှိတာပဲ၊ စောလုံ မချက်ရပါဘူး"

"ဒါဖြင့် ဘာလို့မလုပ်စေချင်ရတာလဲ"

"မသိပါဘူး ဦးပလာတူးရယ်"

ဆောရီးပဲ အန်တီချစ်ရေ။ အားလုံးဟာ ဒီမိတွေးလက်ချက်ပဲရယ်လို့ မခံချိမခံသာရုပ်ကြီးတွေ ဖြစ်နေကြသည်။

"နှင်ကလည်းဟာ၊ ပြောကြည့်ပါဦး"

"ဘာပြောကြည့်ရမှာလဲ မနိုင်"

"လုပ်ပါရစေပေါ့ဟဲ့၊ အားလုံး ပျော်ပျော်ပါးပါး မောင်နှမတွေလို လုပ်ကိုင်နေကြတာ၊ ငါတို့ဆိုင်ခွဲက တကယ်ပျော်ဖို့ကောင်းတာ၊ မြို့ထဲဆိုင်ခွဲက ကောင်မလေးတွေဆို တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်တွေနဲ့တဲ့။ မတည့်ကြဘူးတဲ့၊ ငါတို့ဆိုင်ခွဲက ကောင်လေးတွေလည်း အေးအေးလေးတွေ၊ ကောင်မလေးတွေကလည်း ရိုးရိုးလေးတွေ"





"ဟိုလေ … ဖေဖေတို့က အလကားသက်သက်နဲ့ မလုပ်ရဘူး ပြောတာတော့ မဟုတ်ပါဘူး၊ တခြားအလုပ်တစ်ခုခု လုပ်စေချင်တာ ထင်တယ်"

"အေးပေါ့လေ၊ လူကြီးအမြင်နဲ့ ရုံးခန်းထဲ စားပွဲလေးနဲ့ ထိုင်ပြီး ကွန်ပျူတာလေးနဲ့ အလုပ်လုပ်ရတာမျိုး ဖြစ်စေချင်တာ ထင်ပါရဲ့"

အမျိုးမျိုး သူတို့ဟာသူတို့ ကြံဖန်တီထွင် ထင်ချင်ရာ ထင်နေကြတော့တာပဲ။ စောလုံက ရယ်တောင် ရယ်ချင်သည်။ သို့သော် အလုပ်ထွက်ဖို့ကိုတော့ ခုန လမ်းလျှောက်လာရင်း ဆုံးဖြတ်ခဲ့ပြီးပြီ။ အစ်ကိုကြီးကို သံယောဇဉ်ပြတ်အောင် လုံးလုံးလျားလျား ဝေးဝေးရှောင်ရတော့မှာလေ။

✦♥✦



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"မနေ့က မှာလိုက်တာကွ၊ မင်းရဲ့အခန်းဆီသွားပြီး အခန်းကို တစ်ခေါက်လောက် စေ့စေ့စပ်စပ် ကြည့်ဝါဦးတဲ့၊ ဝေမာများ ဆက်သွယ်တာ တစ်ခုခု ထားထားမလားလို့ ဒီကောင်က မျှော်လင့်နေတာ"

မိုးလွင် စကားကို မင်းဝင့်ထည်က နားထောင်ရင်း ...

"အေး ... ငါလည်းထင်တယ်၊ ဟိုတစ်နေ့က ငါတစ်ခေါက်ရောက်သေးတယ်၊ အဲဒီမတိုင်ခင် နှစ်ပတ်က တစ်ခေါက်သွားရှင်းထားတယ်၊ အဲဒီနေ့ကသွားတော့ ရေခဲသေတ္တာမီးလင်းနေပြီး တံမြက်စည်းတွေ ဘာတွေလဲ သေချာထပ်လှည်းထားတယ်"

"ဟုတ်လား"

"ဝေမာ ဒီကြားတည်း လာသွားတာနေမယ်"

"အေးပေါ့၊ သူလည်း လစ်တုန်း ပြေးရင်ပြေးလာမှာပေါ့"





"လစ်ရင်လည်းကွာ ငါ့ဆီပြေးလာလည်း ရတာပဲ၊ ဖုန်းလေးထောင် မဆက်နိုင်တာ"

"သူ့အိမ်က တအားကျပ်ထားတာလို့ ပြောတယ်ကွ၊ အိမ်ထဲက မထွက်ရဘဲ မထွက်မဖြစ် ထွက်ရရင်လည်း သူ့အဒေါ် သူ့အမေ တစ်ယောက်ယောက်ပါတယ်တဲ့၊ မင်းအိမ် မင်းဆိုင်ကို လာမယ်ဆိုရင် သူ့အိမ်က ဘယ်ရပါ့မလဲ၊ မင်းကိုပါ သူတို့က မကြည်တဲ့ဟာ"

"အေးကွာ ... စိတ်မကောင်း ဖြစ်ရတယ်၊ အမှန်တိုင်းပြောရရင် ဝေမာ့အမေ ကြီးကြီးမြင့်က ငါ့ကို ငယ်ငယ်ကသိပ်ချစ်တာ၊ မေမေဆို အမြဲပြောတယ်၊ မင်း,ကြီးကြီးမြင့်က မင်းကို သမက်လို မှန်းထားတာတဲ့၊ ဘာပဲဖြစ်ဖြစ်လေ၊ ငါတို့ချင်းက မောင်နှမလို ဖြစ်နေတဲ့ သူငယ်ချင်းတွေ ...

ဖြိုးမောင်နဲ့လည်း ငါအောင်သွယ်ပေး လော့်ပေးတာမဟုတ်ရပါဘူး၊ အားလုံးအသိပဲဟာ၊ ငါက ဝေမာ့ကိုတောင်တားနဲ့ ဖျက်ခဲ့သေးတာ၊ ဖြိုးမောင်တောင် ငါ့ကို စိတ်တိုဖူးတယ်လေ"

"အေးလေ"

"သူတို့ချင်း နဖူးစာပါလို့ ချစ်တာကွာ၊ ငါဘာတတ်နိုင်မလဲ၊ ငါလည်း ဘာမှမပါရပဲနဲ့ ငါ့ကို ကြီးကြီးမြင့်တို့ကပါတင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မုန်းချက်နဲ့ နမ်းထွက်လည်းလွဲ၊ ဖြိုးမောင်ကလည်း ဟုတ်တယ်လေ၊ တော်ရုံလူကြီး ဘယ်ကြည်မှာလဲ၊ ဟိုကောင်တွေနဲ့ တွဲပြီဆို ထိခနဲဆို မဟုတ်တာလုပ်ပြီ၊ မည်သူမဖြိမိမိမှ ဖြိုးမောင် မကောင်းတာ၊ ဒါပေမဲ့ ခုတော့လည်း ဒီကောင် အတော်နောင်တရနေပါပြီ၊ သူလွတ်ဖို့တော့ သေချာသလောက်ပဲ၊ သူ မပါတာ သက်သေထွက်ပေးကြတယ်၊ သူလည်း တော်တော်မှတ်နေပါပြီ"

"ဒါပေမဲ့ ဖြိုးမောင်က ဝေမာ့ကို တကယ်ချစ်တာ၊ အသည်းအသန် ချစ်တာပါ၊ ဒါကြောင့်လည်း ငါတားမနေတော့တာလေ၊ တခြား ဘာမှရှုပ်ရှုပ်ယှက်ယှက် မရှိဘူး၊ ဒီတစ်ယောက်ပဲလေ"

"မင်းအခန်းမှာ သူတို့ချိန်းချိန်းတွေ့တာ သူ့အဘွားကြီးတွေ သိသွားတာမို့လား"

"အဲဒီမှာ ငါ့ကိုတစ်ဆုံး စိတ်နာကြတာလေ၊ ငါကအခန်းတောင် စီစဉ်ပေးတယ်၊ ချိန်းပေးတယ်ပေါ့၊ မတားဘူးပေါ့၊ ဘယ်တတ်နိုင်မလဲကွာ၊ သူငယ်ချင်းတွေလေ၊ သူတို့နှစ်ဦးနှစ်ဖက် သဘောတူနေတဲ့ဟာ၊ အဲဒီ ငါ့သော့ပိုကလည်း မင်းဆီရောက်လိုက် ဒီကောင့်ဆီရောက်လိုက်ပဲဟာ"

"ငါ့ဆီမရောက်တာ ကြာပါပြီ၊ ဒီကောင်က ဝေမာ့ဆီပေးထားတာ၊ မင်းဆီကတစ်စုံကိုပါ သူထပ်တောင်းထားတာ မဟုတ်လား"





"အေး ... သူပြဿနာဖြစ်မှ ငါ့ကို သူ့ဆီကသော့ ပြန်ပေးသွားတာ"

"နောက်တစ်စုံက ခုထိ ဝေမာ့ဆီမှာလား"

"အေးပေါ့၊ အဲဒါကြောင့် အဲဒီရက်က ဝေမာ လာသွားတယ်၊ ငါပြောတာလေ၊ ရေခဲသေတ္တာ မီးလင်းနေတယ်၊ ရေဘူးလည်း ဖွင့်သောက်ထားတယ်၊ တံမြက်စည်းလှည်းသွားတယ်"

"အေး ... အဲသလိုလာပြီး ဆက်သွယ်တာ တစ်ခုခုထားသွားမယ်လို့ ဖြိုးမောင်က မျှော်လင့်နေတာ၊ အဲဒါကြောင့် တစ်ခေါက် သွားစစ်ကြည့်ကြပါလို့ မှာတာ"

"ငါရောက်တဲ့နေ့ကတော့ စေ့စေ့စပ်စပ်တော့ ဘာမှလိုက်မရှာမိဘူးပေါ့၊ မြင်သာထင်သာ နေရာမှာတော့ ဘာမှမတွေ့ပါဘူး"

"ဝေမာကလည်း အဲဒီအခန်းကျတော့ သွားနိုင်သလား"

"မပြောတတ်ဘူးလေ"

"အဲဒီအခန်းကိုလည်း သူ့အဘွားကြီးတွေ သိနေတာပဲဟာ"

"တစ်နည်းနည်းနဲ့ သွားလို့ရလို့ပေါ့၊ သူရောက်ခဲ့တာတော့ သေချာတယ်၊ ငါရောက်ပြီးတဲ့နောက်မှ ရောက်တာ၊ ငါ သေချာစစ်ပြီးမှ ပြန်တာ၊ မီးတွေ ရေတွေ ရေခဲသေတ္တာတွေ ခလုတ်တွေအားလုံး စစ်ပြီးမှပြန်တာ သေချာတယ်



www.burmeseclassic.com

www.burmeseclassic.com



လေး၊ ရေခဲသေတ္တာက ပြန်ပွင့်နေတယ်၊ အဲဒါနဲ့ ငါပြန်ပိတ်ခဲ့ရသေးတယ်”

မင်းဝင့်ထည်က လှိုင်မြင့်မိုရ်တိုက်တန်းဘက် ကားကိုချိုးကွေ့ချကာ သူတို့တိုက်ရှိရာဘက်ဆီ မောင်းဝင်လာခဲ့ပါသည်။ ဖျတ်ခနဲ စောလုံကို သတိက သွားရလိုက်မိသေးသည်။ ဒီနားတစ်ဝိုက်မှာ ဆိုင်ဖွင့်ချင်သတဲ့။ ဒီတစ်ဝိုက်ဟာ စည်တော့စည်ပေမယ့် Snacks Bar ဖွင့်ရလောက်အောင်တော့ အကွက်အကွင်းမကျ။ လှည်းတန်းဘက်မှာဆိုရင်လည်း အဲသလိုဆိုင်တွေ မှိုလိုပေါက်နေပြီ။

တကယ်တမ်းက သူတို့ အခုနေနေတဲ့ ရပ်ကွက်ရဲ့ ထိပ်နားမှာ ဖွင့်ရမှာ။ အဲဒီအရပ်လေးက မကျဉ်းမကျယ် ခြံလေးတိုက်လေးတွေနဲ့ လမ်းကလေးလည်း လှပကာ ကဗျာဆန်တဲ့ရပ်ကွက်လေး။ ဝင်ဒါမီယာတို့လောက်လည်း တသီးတသန့်မဆန်။ ဒီ လှိုင်တွေ လှည်းတန်းတွေလောက်လည်း ရှုပ်ယှက်မခတ်။ အနေတော်လေး။

ဩော် ... စောလုံ။ စောလုံ။

ဘာမှိုင်းတွေမိပြီး သူ့အပေါ် အမြင်မကြည် ဖြစ်နေရပါသလဲ။ အန်တီချစ်ကို ကြားခဲ့ပြီး ပြေလည်စရာအကြောင်း အလျှင် ရှိပါလျက်နဲ့ ကြံဖန်ပြီး ဘယ်ချောင်ကြိုကြားက ဘာပြဿနာက ဝင်လာရပါလိမ့်။

မင်းဝင့်ထည်နှင့် မိုးလွင် နှစ်ယောက်အတူတူ ကားမှ တက်လာပြီး အခန်းရဲ့သော့ခလောက်ကို ဖွင့်သည်။





ညနေခြောက်နာရီကျော်ပြီမို့ အခန်းထဲမှာ မှောင်တောင် မှောင်နေပြီ။ မိုးလွင်ကလည်း သူလည်း ကျွမ်းဝင်ပြီးသား အခန်းဖြစ်၍ မီးခလုတ်ရှိရာ တန်းသွားကာ မီးဖွင့်လိုက်ပါသည်။

မင်းဝင့်ထည်က လေဝင်ရန် ဝရန်တာတံခါးမကြီး သွားဖွင့်စဉ် မိုးလွင်က ရေခဲသေတ္တာလေးကို တံခါးဆွဲဖွင့်လိုက်ရင်း ...

“ဟေ့ကောင် မင်းဝင့်၊ မင်း ပြန်ပိတ်ခဲ့တယ်ဆို”

“ပိတ်ခဲ့တယ်”

“ဒီမှာလေ ပွင့်နေတယ်”

“ဟင်”

မင်းဝင့်ထည်က အံ့အားတသင့် လှမ်းကြည့်လိုက်ပါသည်။ မီးလင်းနေတဲ့ ရေခဲသေတ္တာထဲက ရေပုလင်းကို မိုးလွင်က ဆွဲယူကာ တံခါးပိတ်ရင်း ...

“ရေပုလင်းက အေးစိမ့်နေတာပဲ”

မင်းဝင့်ထည်က ခါးထောက်ကာ မျက်မှောင်ကြုတ်၍ ရပ်နေပါသည်။ ဘယ်နှရက် ရှိသေးလို့လဲ။ ဒီကြားထဲ ဝေမာ တစ်ခေါက် ရောက်နိုင်ပြန်သလား။ ဒါမှမဟုတ် သူပဲမှားသလား။ သူ မမှားပါ။ သူ မမှားတာ သူ့ကိုယ်သူ သေချာပါသည်။ မင်းဝင့်ထည် အမေ့မေ့ အလျော့လျော့ ပေါ့ပေါ့ဆဆ လူစားမဟုတ်ပါ။ မဟုတ်တဲ့အပြင် အဲဒီနေ့ကတော့ ပိတ်ကို ပြန်ပိတ်ခဲ့ရတာမို့ ထူးဝသေချာ မှတ်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးလွင်က သူ့ကိုကြည့်ရင်း ...

"ဘာလဲ ... ဝေမာ လာသွားပြန်တာလား"

"အေး ... ငါ လုံးဝပိတ်ခဲ့တယ်၊ ဝေမာ လာသွားပြန်ပြီလား၊ နို့မို့ဆိုရင်တော့ သူ့ဆီမှာလည်း သော့တစ်စုံရှိနေတာ ဘာမှရှည်ဝေးစဉ်းစားနေဖို့ မလိုဘူး၊ သူ လာသွားတာ အသေအချာပေါ့၊ ခုဟာက ဘယ်မှ သွားမရ လာမရ ခြေချုပ်ကျနေပါတယ်ဆိုတဲ့သူက တစ်ပတ်အတွင်းလောက်မှာ ဒီကို ... ..."

မင်းဝင့်ထည်ရဲ့ ပြောလက်စ စကားဟာ ရုတ်တရက် ရပ်သွားပါသည်။

"ဘာလဲ ... ဟောကောင်"

"ဟိုဟာ ..."

မင်းဝင့်ထည်သည် ရေခဲသေတ္တာအမိုးပေါ်က အရာကို လက်ညှိုးကြီးထိုးကာ ရှေ့လည်းတိုးမလာဘဲ အကြီးအကျယ် အံ့အားသင့်နေလေရာ မိုးလွင်က ကောက်ယူကိုင်ကြည့်လိုက်ပါသည်။

"ဒါ ဘာရုပ်လဲ၊ ကြွက်ရုပ်ကွ၊ ဘာလဲ အဲဒါ"

"ဂျူရုပ်၊ ကြွက်ရုပ်"

မင်းဝင့်ထည်က ခပ်တိုးတိုး ရေရွတ်နေမိပါသည်။ ဇာလေးဆန်တဲ့ ဟန်ပန်မူရာလေးနှင့် "မိနီမောက်စ်ပါဆိုမှ"ဆိုတဲ့ အသံကလေးကို မင်းဝင့်ထည် နားထဲပြန်ပြီး ကြားယောင်လာသည်။





"ဘာလဲ ဒီအရုပ်က၊ ဝေမာ ယူလာတာပေါ့၊ အဲလိုလား၊ မင်းက ဘာတွေ ဒီလောက် အလန့်တကြား ဖြစ်နေရတာလဲ"

မိုးလွင်က ဘာမှနားမလည်။ မင်းဝင့်ထည်သည် ရှင်းပြချင်စိတ်လည်း မရှိ။ ကိုယ့်ဟာနဲ့ကိုယ်တောင် လိုက်မမီဘဲ ဘယ်လိုတွေးရမယ် မသိအောင် ဖြစ်နေသည်။

သို့သော် သေချာပါသည်။

စောလုံ ...။ စောလုံက ဒီကိစ္စထဲ ဘယ်လိုပါဝင်ပတ်သက်နေပါသလဲ။ လွန်ခဲ့တဲ့ ရက်ပိုင်းက ဂျူရုပ်ဟာ ခုတော့ မာမာကလေး တောင့်ကြွပ်ကာ တချို့နေရာတွေ ပတ်ကြားအက်လေးတွေပင် ဖြစ်နေသည်။ အဲဒီနေ့ကပဲ ဖြစ်မှာ။ အဲဒီနေ့ကပဲ ဒီကိုရောက်ခဲ့တာဖြစ်မှာ။

တကယ်ပဲ ဒီအခန်းထဲကို စောလုံ ရောက်ခဲ့တာလား။ ဘာကြောင့် ရောက်ခဲ့ရတာလဲ။ သူနဲ့ ဒီကိစ္စ ဘယ်လိုဆက်စပ်သက်ဆိုင်နေလဲ။ ဝေမာနဲ့ စောလုံ အဆက်အသွယ် ရှိနေကြတာလား။ ဘယ်လောက်အထိ ပတ်သက်ဆက်သွယ်နေသလဲ။ အဲဒီအဖြစ်အပျက်တွေနှင့် ငြိဆက်နေမည့် အကြောင်းတစ်ချက်ကြောင့် စောလုံ သူ့ကို အထင်လွဲနေတာ။

ဒါပဲ ...။

သူ့အပေါ် စောလုံ ဘယ်အချက်ကို မယုံမကြည်စွပ်စွဲတယ် မသိရပေမယ့် ခုလို ဆက်စပ်မှု ရှိနေလို့ သူ့ကိုအထင်



www.burmeseclassic.com

www.burmeseclassic.com



လွဲမှားစရာ တစ်စုံတစ်ရာ ရှိလာတာလို့ ခန့်မှန်းနိုင်သည်။ ဝေမာ့အိမ်ကို သူတို့ဝယ်လိုက်တာပဲ။ ဝေမာနှင့် အဆက်အသွယ် မရှိဘူး၊ ဘယ်ပြောင်းသွားလဲ မသိဘူးဆိုတာဟာ ညာပြောတာလည်း ဖြစ်နိုင်တာပင်။ အဆက်အသွယ် ရှိကိုရှိလို့သာ ဒီအထိ စောလုံ ရောက်လာနိုင်တာ။

"ဒါနဲ့ လှိုင်မြင့်မိုရ်က အခန်းက ဘယ်နားမှာလဲ မသိဘူး"

ခြေလှမ်းရပ်ကာ ပြန်လှည့်ကြည့်လိုက်ပြီး အမှတ်တမဲ့ မေးလိုက်တဲ့ ဟန်ပန်စကားသံလေးတို့ကို မင်းဝင့်ထည် ပြန်လည်မြင်ယောင်လာပါသည်။ သူကလည်း စောလုံက မေးတယ်ဆိုရင်ပဲ ဘာမှစဉ်းစားမနေဘဲ ချက်ချင်းပင် တိုက်(—) အခန်း(——)ဆိုတာ အဖြေပေးခဲ့လိုက်တာပဲ။ သူ့ထံကနေပဲ ဒီအခန်း တည်နေရာကို စောလုံ သိသည်။ သော့ကိုတော့ ဝေမာ့ထံကသာ ရစရာအကြောင်းရှိသည်။ မင်းဝင့်ထည်ဆီမှာ ကျန်တဲ့တစ်စုံရှိနေ တဲ့အတွက် စောလုံနှင့် ဝေမာ အဆက်အသွယ် မရဘဲ ဒီအခန်းထဲ ရောက်နိုင်စရာ အကြောင်းကို မရှိ။

ဘယ်လိုလဲ။ ဘာလဲ။

မင်း ဘာအလွဲတွေ သိနေသလဲ။ ဖြစ်နိုင်ချေတစ်ခု ကတော့ ...။ စောလုံဟာ သူ့ကို ဝေမာ့ချစ်သူလို့များ ထင်နေခဲ့ တာပါလား။

"ဟား ... ခေါင်းတွေနောက်ပြီး ရင်တွေမောလိုက်တာကွာ"

"ဘာတွေဖြစ်လို့လဲ၊ ဒီအရုပ်က ဘာမို့လို့လဲ"





မီးမွှေးတဲ့အထဲ ထည့်မွှေးလိုက်တယ်လို့ ရွှဲ့ဖြေခဲ့တဲ့ စာတွေကို စောလုံဟာ ဖောက်ဖတ်နေခဲ့တာ ဖြစ်နိုင်သည်။

"မိုးလွင် ... ဖြိုးမောင် ဝေမာ့ကို စာတွေထည့်သေးတယ် နော်၊ ဘယ်နှစောင်လဲ"

"ရှေ့မှာ သူလည်း သူ့ဟာသူ ထည့်တယ်လေ၊ သူ့ဟာသူ တော့ ဘယ်နှစောင်ထည့်သလဲ ငါမသိဘူး၊ သူ အချုပ်ခံရ ပြီးတဲ့နောက် ငါ့ကို ထည့်ခိုင်းတာက နှစ်စောင်၊ နောက်ဆုံး ဝေမာတို့ အိမ်ရောင်းပြီး ပြောင်းသွားပြီဆိုတာ မင်းပြော တော့မှ အဲဒီအပတ်မှာ ထည့်ခိုင်းမယ့်စာကို မထည့်ခိုင်း တော့တာ"

"မင်းထည့်တာတွေ တံဆိပ်ခေါင်း သေချာကပ်တယ်မို့ လား"

"ကပ်တာပေါ့ကွ၊ မကပ်စရာလား၊ ဖြိုးမောင်အတွက်တော့ အရေးကြီးတဲ့ စာတွေပဲဟာကို ငါသေချာထည့်တာပေါ့၊ ဖြိုးမောင်ကလည်း သေချာမှာတာပဲ၊ ရိုဂျစ်စတာမလုပ်နဲ့ နောက်မှာ ပေးပို့သူလိပ်စာ မရေးနဲ့၊ မတော်တဆ သူ့အိမ် ကတွေ့ရင် အိမ်ကို ပြဿနာလိုက်ရှာမှာ စိုးလို့တဲ့၊ ဒါပေမဲ့ ခြံဝကစာပုံးကို သူတို့အိမ်က ကောင်မလေးပဲ နှိုက်တာမို့ ဝေမာ့လက်ထဲကိုတော့ တန်းပေးမှာပါတဲ့ ..."

ဟော့ကောင် ... ဝေမာက အိမ်ပြောင်းသွားပြီမို့ ဒီ စာတွေကို မရတော့ဘူးဆိုရင် ဒီစာတွေဟာ မင်းချာတိတ်



www.burmeseclassic.com

www.burmeseclassic.com



မလေး စောလုံ လက်ထဲ ရှိနေရမှာပေါ့၊ စာတွေက သူတို့ဆီ ဆက်တိုက်ရောက်နေမှာပေါ့၊ မင်းမေးကြည့်ပါလား”

“မေးဖူးပါတယ်”

“ဘာတဲ့လဲ”

“မီးရှို့ပစ်တယ်တဲ့”

“ဟင် ...၊ ဟုတ်ပါ့မလား၊ ဖြစ်နိုင်တာကတော့ ဖောက်ဖတ်ရင်ဖတ်၊ မဖတ်ရင် ဒီတိုင်းပဲ ထားရမှာပဲလေ၊ အလကား နေရင်း မီးရှို့စရာလား၊ မင်းချာတိတ်မပုံ ကြည့်ရတာတော့ စပ်စပ်စုစုနဲ့ ဖောက်ဖတ်မယ့် ပုံစံလေးပါကွာ”

သိပ်ဟုတ်တာပေါ့။

ဖောက်ဖတ်မယ့် ရုပ်လေး။ စည်းကမ်းတွေ ကျင့်ဝတ်တွေ ထောက်ထားဖို့ထက် ကလေးတွေးနှင့် သူလုပ်ချင်ရာလုပ်လိုက်မည့် ရုပ်လေးထွက်နေတာပဲဟာ။ စာတွေဖောက်ဖတ်လိုက်ရင် စာထဲမှာ ဖြိုးမောင် ရေးထားမည့် သူတို့ချင်း အချစ်နလန်ထတဲ့စာတွေ၊ လွမ်းဆွတ်ငိုပြထားတဲ့စာပေ့။ ဒါတွေကို စောလုံဖတ်ရတော့မှာပင်။

စာရဲ့အောက်မှာ ဖြိုးမောင် ဆိုတဲ့ အမည်မပါမှာကိုတော့ မင်းဝင့်ထည် အတပ်သိပြီးသား။ မတော်တဆ စာကိုမိသွားရင်တောင် ဒါဖြိုးမောင်ပါလို့ ဝေမှာ လူကြီးတွေ စွပ်စွဲမရအောင် တမင် အောက်မှာ ဘယ်တော့မှ နာမည်ထည့်မရေးဘူး ဆိုတာ ဟိုးတုန်းကတည်းက ဖြိုးမောင် ကိုယ်တိုင် ပြောဖူးပြီးသား။





ဒီအိမ်ခန်းထဲ ဘယ်လိုဂင်နိုင်တယ် တွေးမရသေးတာကလွဲရင် ဒီကိစ္စထဲ စောလုံ စပ်စပ်စုစုဝင်ပါနေပြီကိုတော့ သေချာသိနိုင်ပြီ။

✦ ♥ ✦

“ဟယ်လို”

“အန်တီချစ်လား”

“ဟဲ့ ... မင်းမင်းမို့လား”

တီဗီကြည့်နေတဲ့ စောလုံရဲ့ခေါင်းလေး ဒီဘက်ကို ဆတ်ခနဲ လှည့်လာတာကို ဒေါ်ခင်မေချစ် မြင်ပါသည်။ “ဆရာဝန်ကိုတော့ မသိသေးဘူး၊ အင်ဂျင်နီယာကိုတော့ မကြိုက်ဘူး”ဆိုကတည်းက အဲဒီအင်ဂျင်နီယာဆိုတဲ့ဟာအပေါ် မကြိုက်စရာအကြောင်း ရှိပြီးဖြစ်လို့ ဆိုသည်ကို ဒေါ်ခင်မေချစ် တွက်ပြီးသား။

မကြိုက်စရာ အကြောင်းရှိဖို့ ဆိုတာကလည်း သူတို့ချင်း ပတ်သက်ဖူးပြီး ဖြစ်နေလို့သာပေါ့။ ဘယ်လိုများ ပတ်သက်ထားသလဲ။ ဒေါ်ခင်မေချစ်က စောလုံကိုလည်း မမေးပါ။ မင်းဝင့်ထည်ကိုလည်း လုံးမမေးပါ။ သူ့ဟာသူသာ စိတ်ထဲခွဲခြမ်းစိတ်ဖြာ စဉ်းစားကြည့်ရင်း စောလုံကိုသာ အကဲတခတ်ခတ် မျက်ခြည်မပြတ် ရှိသည်။

ခုလည်း မင်းမင်းသံကြားတာနှင့် ခေါင်းက လှည့်လာပြီ။ သိချင်နေပြီ။ သိချင်တော့လည်း ဒီက ကျယ်ကျယ်ပြောရုံပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ကောင်လေး၊ အခေါ်ဆို ဖုန်းလည်းမခေါ် လာလည်းမလာ၊ ခုမှ ဘာရှုပ်စရာရှိနေသလဲ ပြော"

"ကျွန်တော်လည်း အန်တီချစ်ဆီ လာလည်မလို့ပါပဲ"

"လာလည်ပေါ့၊ ကိုယ့်အဒေါ်အိမ် ကိုယ်လာတာပဲ၊ ဘာဖြစ်ရဦးမှာလဲ"

စောလုံ မျက်နှာစူပွကာ ပါးစပ်က ပတွတ်ပတွတ်ရေရွတ်နေရာ လှမ်းမြင်လိုက်ရ၍ ဒေါ်ခင်မေချစ် ကျိတ်ပြုံးမိပါသည်။

"လာတော့ လာမယ်၊ အခုတလောတော့ မလာသေးဘူး"

"ခုတလောက ဘာဖြစ်လို့လဲ"

"လမ်းကြောင်း သိပ်မရှင်းဘူး၊ ဆူးညှောင့်ခလုတ်တွေ ရှိနေတယ် ... အဟဲဟဲ"

"ယောက်ျားပဲဟာယ်၊ ဆူးညှောင့်ခလုတ်လည်း ရှင်းပစ်ရုံပေါ့၊ အလွယ်လေးပဲ"

အောင်မာ ...။ စောလုံက အစ်ကိုကြီးကို မှန်းဆယော်ရမ်းပြီး မျက်စောင်းတွေ ပိတ်ပိတ်ထိုးနေမိပါသည်။

"ဒီမှာ အန်တီချစ်၊ ကျွန်တော် တကယ်အတည်ပြောမလို့"

"ပြော"

"မေမေက ပြောတယ်၊ အန်တီချစ်က စောလုံကို ကိုနိုင်သို့မဟုတ် ကျွန်တော်နဲ့ ရည်ရွယ်ထားတာတဲ့"

"အေး ... ဟုတ်တယ်"





"အဲဒါ အန်တီချစ် ကိုနိုင့်ကို လုံးဝသွားပြောနေစရာ မလိုဘူးနော်"

"မပြောရဘူးလား၊ သြော် ..."

"တကယ်ပြောနေတာနော် အန်တီချစ်၊ အန်တီချစ် သိထားဖို့က ဦးရန်အောင်ကို အန်တီချစ် မေတ္တာမသက်ဝင်ခင်ကတည်းက စောလုံကို ကျွန်တော် ချစ်လာတာ"

"အောင်မာ ... ငါ့ပါဆွဲထည့်လိုက်သေးတယ်၊ မင်းကသာအဲသလိုပြောနေ၊ ငါကြားထားရတဲ့ တစ်ဖက်သတင်းကတော့ကွဲလွဲနေပါလား"

"ဘယ်လိုလဲ"

"ငါ့သမီး စောလုံက ဆရာဝန်ကိုတော့ မသိသေးဘူး၊ အင်ဂျင်နီယာကိုတော့ လုံးဝနိုးပဲ ဆိုသလားလို့"

စောလုံသည် မျက်နှာနီရဲကာ နှုတ်ခမ်းက စူပွစူပွနှင့် အန်တီချစ်ကိုရော အစ်ကိုကြီးကိုရော ဒေါ်တွေကန်နေပါသည်။

"ဟား ဟား ဟား ဟား ... အဲလို ပြောလား"

"မင်း ရယ်နေနိုင်ရင် တော်သေးတာပေါ့"

စောလုံသည် အန်တီချစ်ဘက် ရှုံ့မဲ့လှည့်ကြည့်ကာ ဆလသ်နိမ့်လျက် ...

"အန်တီချစ် ... ဘာလို့ လျှောက်ပြောရတာလဲ"

အန်တီချစ်က ဖုန်းခွက်ကိုပိတ်ရင်း ...

"သမီးမကြိုက်ဘူးဆိုတာ ဒီကောင်သိမှ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စောလုံက အကျႌအောက်နားစလေးကိုသာ စိတ်ရှုပ်ရှုပ်နှင့် လိမ်ကျစ်ဆုပ်ခြေနေမိပါသည်။ အဲဒီ အန်တီချစ်ကလည်း စောလုံနှင့် ဘာမှမထူး။ ခပ်ရွတ်ရွတ်ရယ်။

"အန်တီချစ် ကျွန်တော် တကယ်ပြောတာနော်၊ အလကား နောက်ပြောင်နေတာ မဟုတ်ဘူး"

မင်းဝင့်ထည် အသံက အတည်ပေါက် ဖြစ်လာ၍ အန်တီချစ်ကပါ လေသံကို ခပ်အေးအေးထားရင်း ...

"အေးပါ မင်းမင်းရယ်၊ နင်ကကော ဘာပြဿနာတွေများ လုပ်ထားတုန်း"

"ဘာမှမလုပ်ပါဘူး၊ သူ့ဟာသူ နားလည်မှုတွေ လွဲနေတာပါ၊ လွှတ်ထားလိုက်ပါ၊ ခဏနေရင် ပြေလည်သွားမှာပါ"

"သေချာလား"

"သေချာပါတယ် အန်တီချစ်ရဲ့၊ အန်တီချစ်သာ ကိုနိုင့်ကို သွားပြောလိုက်မိရင် ညီအစ်ကိုကြားထဲ ရှုပ်ကုန်မယ်နော်"

"မပြောသေးပါဘူး၊ မပြောသေးပါဘူး၊ နေရင်းထိုင်ရင်း ငါ့မှာ တရားခံ ဖြစ်နေပါဦးမယ်၊ စိတ်ချပါ၊ ပါးစပ်ပိတ်ထားပါဦးမယ်"

"သူ့ဆီက မပုလုံနဲ့ ကျွန်တော်တို့ အာဗြဲက မောင်နှမတွေလေ အန်တီချစ်ရဲ့"

"သိပြီးပါပြီ"





"ဟိုအရင်အိမ်ကတည်းက အာဗြဲကို တစ်နှစ်တစ်ခါ ပို့ပေးရင်း မြင်ဖူးခဲ့တာပါ၊ အဖြူအစိမ်းလေးနဲ့ အထက်တန်းကျောင်းသူ ကလေးသာသာလေး ဆိုတော့ ကျွန်တော် အနှောင့်အယှက်ပြုရာ ကျမှာစိုးလို့ လုံးဝကို လှမ်းလှမ်းကြီး နေခဲ့တာပါ၊ တိုက်ဆိုင်ပြီး သူက ဒီနားက ဆိုင်တစ်ဆိုင်မှာ အလုပ်လာဝင်လုပ်တော့ မျက်မှန်းတန်းလာတာက နောက်မှပါ ...

ကျွန်တော် သူ့ကို ဖြူဖြူစင်စင်လေး အရိပ်တကြည့်ကြည့် စောင့်ချစ်ခဲ့တာ ကြာပါပြီ အန်တီချစ်ရဲ့၊ ဒါပေမဲ့ ဟိုတစ်နေ့ကမှပဲ ဖွင့်ပြောလိုက်ပါတယ်"

"ဟင်"

ဖွင့်တောင် ပြောပြီးပြီတဲ့။ ဒေါ်ခင်မေချစ်က လေသံ လောလောနှင့် ...

"အဲဒီတော့ ..."

"သူက ကျွန်တော့်ကို စိတ်ဆိုးပြီး ~ကတည်းက ယဉ်သကို ငြင်းသွားတယ်" ၂း မင်းဝင့်ထည် မလိုလားပါ။

ဒေါ်ခင်မေချစ်က ခဲ့လောက်မှာ မင်းဝင့်ထည်က စောလုံ

"ပြဿနာက ကြီး ၈ နဲ့ကိုတောင် ကောက်ကိုင်ပြီးနေပါပြီ။

"မကြီးပါဘူး အန် စောလုံ လာမပို့ဘဲ တခြားတစ်ယောက်

"ဒါဖြင့် ပြီးတာပဲ သတိရပြီး သူကိုယ်တိုင် မရောက်တာကြာ

ယောင်ကြောက် လေးဆီကို ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ခုလိုသိရတာ အန်တီချစ် ဝမ်းတွေသာနေတာ၊ ပြဿနာကို ရှင်းစရာရှိ မြန်မြန်ရှင်း”

“ဟုတ်ကဲ့ ... ရှင်းတော့မှာပါ”

“ပြီးတာပဲ”

ဒေါ်ခင်မချစ်က ဖုန်းချပြီး စောလုံဘက် မသိမသာ အကဲခတ်လျှင် နားစွင့်နေတဲ့ စိတ်ဝင်တစားရုပ်ကလေးက အရေး မပါသယောင် ဟန်ဆောင်ကောင်းနေတာ တွေ့ရသည်။

✦♥✦



## ၁၃

စောလုံကို မေးရမည်။ ဝေမာနှင့် မည်သည့်နည်း မည်သည့်ပုံ အဆက်အသွယ် ရှိနေတယ်ဆိုတာ။ ဒါပေမဲ့ အိမ်တိုင်ရာရောက် သွားမေးဖို့တော့ မကောင်းတတ်သေး။ ဦးရန်အောင်ကြီးသဘောက ဘယ်လိုမှန်းမသိ။ အားနာစရာ ဖြစ်နေမည်။

စောလုံကလည်း ကိုယ်ကမေးတိုင်း ကောင်းကောင်း ဖြေလိမ့်မယ်လို့ ဘယ်အတပ်ပြောနိုင်မလဲ။ ဂျစ်ကန်ကန်လုပ်ဖို့က များနေတာ။ တော်ကြာ ဦးရန်အောင်ကြီးက သူ့သမီးကို လာနှောင့်ယှက်သမှု ပြုနေတယ် ယူဆပြီး စ,ကတည်းက ယဉ်သကို မကြည်မလင်အမြင် ရှိသွားမှာမျိုး မင်းဝင့်ထည် မလိုလားပါ။

နံနက်ဆယ်နာရီခွဲလောက်မှာ မင်းဝင့်ထည်က စောလုံတို့ဆိုင်ကို ဖုန်းဆက်ဖို့ ဖုန်းကိုတောင် ကောက်ကိုင်ပြီးနေပါပြီ။ သို့ပေမဲ့ သူမှန်းမှာလျှင် စောလုံ လာမပို့ဘဲ တခြားတစ်ယောက် လာပို့ဖို့ များသည်ကို သတိရပြီး သူကိုယ်တိုင် မရောက်တာကြာပြီဖြစ်တဲ့ ထိုဆိုင်ကလေးဆီကို ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အကွာအဝေး တိုတိုလေးကို လမ်းလျှောက်လာခဲ့ရင်းရင်များတောင် ခုန်ပါရဲ့။ မျက်နှာလည်း ခပ်ပူပူ။ စောလုံဟာဘာမှ ဂရုစိုက်တာမဟုတ်။ ဆိုင်ထဲမှာ လူရှေ့သူရှေ့ သူ့ကိုမရိုမသေ မလုပ်ဘူး မပြောနိုင်။ မတတ်နိုင်ဘူးလေ။ ကိုယ်က သူ့ကို ချစ်မိတဲ့သူ။ သူ့စရိုက် သူ့ဝသီကို သည်းညည်းခံရမှာပဲ။

"ဟား ... မတွေ့ရတာကြာပြီ၊ ဖောက်သည်ကြီး တစ်ယောက်တည်းလား"

နောက်ဘက် မီးဖိုချောင် အပေါက်ဝမှာ ရပ်နေတဲ့ဦးပလာတူးက မင်းဝင့်ထည်ကို မြင်လျှင် အသံအောင် အသံဝါကြီးနှင့် လှမ်းအော်နှုတ်ဆက်လိုက်ပါသည်။

"အင်းလေ ... ကိုမင်းဝင့်က နောက်ပိုင်း ရောက်ကိုမလာဘူး"

"ဟုတ်တယ်ဗျာ၊ ကိုယ့်ဟာနဲ့ကိုယ် အလုပ်လေးတွေ ရှုပ်နေတာ၊ ဒီကိုသာ လာမစားဖြစ် မထိုင်ဖြစ်ပေမယ့် အမြဲမှာစားနေတာပဲဟာ၊ ဖောက်သည်က ဖောက်သည်ပါပဲ ... ဟဲ ဟဲ"

"ဒါပေမဲ့ အရင်လို မတွေ့ရဘူးပေါ့၊ ကဲ ... ကိုမင်းဝင့်ဘာသုံးဆောင်မလဲ၊ ဆင်းဒဝစ်ချ်ပဲပေါ့"

"ဟုတ်ကဲ့၊ ထုံးစံအတိုင်းပေါ့ဗျာ၊ ကျွန်တော် သိပ်လည်းမဆာသေးလို့ တစ်ပွဲပဲ ပြင်ပေးပါ၊ ကော်ဖီနဲ့"





တစ်ပွဲဆိုရင် ဆင်းဒဝစ်ချ် သုံးခုပဲပါပါသည်။ ထူထူသုံးချပ်ထပ်ထားတဲ့ ဒီဆိုင်က ဆင်းဒဝစ်ချ်တစ်ခုဟာလည်း ဗိုက်ကို အတော်ပြည့်စေတာ။

မင်းဝင့်ထည်က ဂျာနယ်တွေ မဂ္ဂဇင်းတွေ ထည့်ထားသည့် စင်ကလေးဆီမှ ဂျာနယ်တစ်စောင် ထ,ယူလာခဲ့ပြီး မျက်လုံးတွေက ဆိုင်အတွင်းဘက် တစ်ဝန်းလုံးကို ဝေ့ဝဲအကဲခတ်နေမိပါသည်။ ဘယ်မှာလဲ သူ့ရဲ့ဆွိဟာ့ထ်။ ဆိုင်ဝန်ထမ်းတွေတယောက်ျားလေး များသည်။ မိန်းကလေးရယ်လို့ ကောင်တာကမခိုင်နှင့် နောက်တစ်ယောက်သာ တွေ့သေးသည်။

စောလုံက မုန့်ဝင်လုပ်နေတယ်လို့လည်း ပြောဖူးရာ နောက်ခန်းထဲမှာများလားလို့လည်း စိတ်ကတွေးနေမိသည်။ ခဏတဖြုတ်လောက်တော့ စောင့်ကြည့်လိုက်ပါဦးမည်။

"ရပြီဗျာ၊ မတွေ့တာကြာပြီး ပြန်တွေ့ရတဲ့ အထိမ်းအမှတ်စပါယ်ရှယ် လုပ်ပေးထားတယ်"

"ကျေးဇူးပါဗျာ"

မင်းဝင့်ထည်က ဂျာနယ်တစ်ဖက်နှင့် မုန့်လည်းစား၊ ကော်ဖီအေးလည်းသောက်၊ ဟန်မပျက်လုပ်နေပေမယ့် စိတ်အလုံးစုံကတော့ စောလုံထံသို့ပဲ ရောက်နေပါသည်။ လုံးဝကို မတွေ့ဘူး။ ဘယ်ရောက်နေပါလိမ့်။ သူ့ကိုတွေ့လို့ပဲ နောက်ခန်းထဲကနေထွက်မလာဘဲ ရှောင်နေ ပုန်းနေသလား။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်နာရီ ကျော်လာပြီးပြီမို့ နေလယ်စာချိန် ရောက်လာလေ ဆိုင်ထဲမှာ လူတွေပြည့်ကျပ်ညပ်လာလေဖြစ်သည်။ လူသိပ်များလာပြန်တော့လည်း ပြေးလွှား အလုပ်ရှုပ်နေကြတဲ့ ဝန်ထမ်းတွေကိုကြည့်ပြီး ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို စိမ်ပြေနပြေ မေးနေရမှာ အားနာဖို့ကောင်းပြန်ရာ မင်းဝင့်ထည်သည် ဂျာနယ်ကိုသာ သဲကြီးမဲကြီး ဖတ်ကောင်းနေသလိုလို ဟန်ဆောင်နေရပါသည်။

သူထိုင်နေတဲ့ အချိန်ဟာ အတော်ကိုကြာသွားကာ များပြားနေတဲ့ စားသောက်သူတွေပါ လျော့နည်းကျဲပါးလာတော့မှ အကြာကြီး ထိုင်နေတဲ့ သူ့ကိုလည်း ဆိုင်ကလူတွေ အံ့အားသင့်ပုံရလာတော့မှ မင်းဝင့်ထည်က ကောင်တာဆီ လျှောက်လာရင်း ...

"မခိုင်ရေ ... ခါတိုင်း ကျွန်တော့်ဆီ ပါဆယ်လာလာပို့နေတဲ့ ..."

"သြော် ... စောလုံ"

"သြော် ... အင်း ... စောလုံ ဆိုတာလေ၊ မတွေ့ပါလား၊ ရှိလား"

မခိုင်က မင်းဝင့်ထည်ကို တအံ့တသြလေး ကြည့်ရင်း ...

"စောလုံ မလာဘူး၊ ကိုမင်းဝင့်နဲ့ စောလုံ ခင်လား"





"သြော် ... ခင်လား ဆိုတာ၊ ဟုတ်ကဲ့ ... သိပါတယ်၊ သူနဲ့ ကျွန်တော်က ဟို ... ဆွေမျိုးစပ်လိုက်ရင် ဟိုဘက်ဒီဘက် ခပ်ဝေးဝေး ဘာတော်မလဲ မသိဘူး၊ အဲဒါလိုပေါ့"

"သြော် ... စောလုံက ပြောတောင် မပြောဘူး"

"သူ့အမျိုးမို့ပေါ့ ခိုင်ခိုင်ရဲ့၊ ဘာကြိုက်တတ်တယ်ဆိုတာ ချက်ချင်းသိတာ၊ ခင်ဗျားတို့ဆီက အော်ဒါလှမ်းမှာရင် သူ လုပ်မယ်ဆိုပြီး သူချည်း ဝင်ဝင်လုပ်တာ၊ ညာတာပါတေးနဲ့၊ ကျုပ်ဆီက မုန့်ပြင်ဆင်နည်းတွေ အများကြီးနိုက်သင်သွားတာ၊ ကောင်မလေး၊ လူရှင်းချိန်ဆိုရင် သူ့အသံချည်း စာနေတာ၊ ခုတော့ ပျင်းတောင်ပျင်းသား၊ ကောင်မလေးက အလုပ်ထွက်ပြီ ကိုမင်းဝင့်ရဲ့"

"အလုပ်ထွက်တယ် !!"

"ဟုတ်ပဗျာ၊ ဘာဖြစ်လို့ ထွက်မှာလဲဆိုပြီး ဝိုင်းတားကြတာ မရဘူး၊ တော်တော်ခေါင်းမာတဲ့ ဟာလေး၊ သူလုပ်ချင်တာ လုပ်ရမှ"

"ဘာဖြစ်လို့ ထွက်တာလဲ"

"အမျိုးတော်တယ် ဆိုတော့လည်း ပြောပြရတာပေါ့ဗျာ။ ပထမတော့ သူ့မိဘတွေက ထွက်ခိုင်းတာလို့ပဲ ပြောနေတာ၊ အားလုံး မရမကဝိုင်းမေးမှ ပြောတာကတော့ ဟုတ်မဟုတ်တော့ မသိပေါင်၊ ဒီနားမှာ သူ့ကိုနှောင့်ယှက်နေတဲ့ လူတစ်ယောက်ရှိလို့ ဒီနားကိုလည်း မလာချင်တော့ဘူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ၊ နင့်ကို နှောင့်ယှက်သူရှိရင် ငါ့ကိုတိုင်ပါလားဆိုတော့လည်း မဟုတ်ဘူး။ မနေ့ကပဲ ပေးခဲ့တဲ့ သူ့ထွက်စာကို လက်တော့ ခံထားကြတာပါ၊ ဒါပေမဲ့ ဆိုင်မန်နေဂျာက တပ်ကွေး ကွေးနေလို့ ခွင့်ယူထားတာ အလုပ်ကိုမလာသေးပါဘူး၊ သူ့ထွက်စာလည်း မန်နေဂျာလက်ထဲ မရောက်သေးပါဘူး ...

ကိုယ်တွေ သိရတာတော့ အဲသလိုပဲလေ၊ ကိုမင်းဝင့် ဟုတ်မဟုတ် ကိုယ့်ဘာသာ သွားမေးကြည့်လိုက်ပေါ့၊ ဟုတ် မထင်ပါဘူး၊ ပါးစပ်က ပေါက်ကရ လျှောက်ပြောသွားတယ်ပဲ ထင်တာပဲ၊ သူ့လည်း ဘယ်သူမှ လိုက်နှောင့်ယှက်နေတာ မတွေ့ပေါင်ဗျာ”

မင်းဝင့်ထည်က ပြုံးမိပါသည်။

“Earth က မှာတယ်ဆိုရင် သူချည်းပြေးချင်တာ၊ ဆွေမျိုးနီးစပ်တော်လို့ကိုး၊ ကိုမင်းဝင့်တို့ရဲ့ ဟိုဘက်ဆိုင် ဖိနပ်ဆိုင်က မှာတာကျတော့ ဒီက ဆန်နီ့ကိုပဲ လွှတ်တယ်၊ သူ့ဘာ ကိုမင်းဝင့်ဆိုင်က တိုလီထွာလီ ပစ္စည်းလေးတွေလည်း သိပ်သဘောကျတတ်သေးတာ၊ ဝယ်ပြီးရင် လာပြနေကျ”

“ဟုတ်ကဲ့”

“ဟိုတလောက ဟိုစာ သူနဲ့ပဲ ပေးလိုက်တယ်၊ ရတယ်နော်”

“ဗျာ”





“သြော် ... မဝေမာခင် ဆိုတာလေ၊ ဟိုးအရင်က ကိုမင်းဝင့်နဲ့ ဒီကိုလာထိုင်ဖူးတာ နှစ်ခါ သုံးခါ တွေ့ဖူးနေတဲ့ အမျိုးသမီးလေ”

မင်းဝင့်ထည်ရဲ့ အူကြောင်ကြောင် ပုံသဏ္ဍာန်ကို မခိုင်က အကဲခတ်ရင်း ...

“သြော် ... စောလုံက စုံစုံစေ့စေ့လည်း ပြောမပြဘူးထင်တယ်၊ အဲဒီ မဝေမာခင်က ကိုမင်းဝင့် ဆိုင်မှာမရှိလို့တဲ့၊ ဆိုင်က ကောင်မလေးတွေနဲ့ကျတော့ သူ မခင်လို့တဲ့၊ ကိုမင်းဝင့်ကို ပေးပေးပါဆိုပြီး အဲဒီစာအိတ်ကို ဒီမှာပဲ အပ်သွားလိုက်တာ၊ မဝေဓာခင် ပေးသွားတယ်လို့ သေချာ ပြောပြပါတဲ့ ...

အဲဒီစာအိတ်လေ၊ မုန့်ဖို့ရင်း စောလုံနဲ့ပဲ ထည့်ပေးလိုက်တာ၊ စောလုံက သေသေချာချာ ဂဃနဏ မပြောပြဘူး ထင်တယ်”

“သြော်”

မင်းဝင့်ထည်က သံရှည်ဆွဲကာ “သြော်”သံပြုလိုက်ရင်း မရေမရာ မသဲမကွဲ ရိပ်မိသွားတာကို ဖုံးကွယ်ဟန်ဆောင်လိုက်ရင်းက ...

“သြော် ... ဟုတ်ကဲ့၊ ရုတ်တရက် မေ့နေလို့၊ ပြောပါတယ်။ စောလုံ ပြောပါတယ်၊ ဝေမာခင် ပေးသွားတာ ဆိုတာ ပြောပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



စောလုံကို ဆိုင်ကလူတွေ တစ်မျိုးတစ်မည် မထင်စေချင်တာကြောင့် မင်းဝင့်ထည်က ရောချလိုက်တာဖြစ်ကာ ခေါင်းထဲမှာတော့ ဖြစ်နိုင်တာကို ပါ ထပ်ထပ် ခလုတ်တွေနှိပ်ဖွင့်လိုက်သလို တွေးမိပြီ။

"ဟို ... စာအိတ်ရယ်၊ သော့ရယ် ထင်တယ်၊ အဲဒါထင်တယ်"

"ဟုတ်လိမ့်မယ်ရှင့်၊ စာအိတ်ထဲမှာ သော့လိုလိုတော့ စမ်းမိပါတယ်၊ စောလုံကိုတောင် သိပ်ဖိမနေနဲ့ စာအိတ်ကျိုးကြေမယ် ကောင်းကောင်းကိုင်သွား မှာရတယ်၊ ဒီက သူယူသွားကတည်းက စာအိတ်က သော့ရာထင်ပြီး ကျောတောင်ကျေနေပြီ ... ဟင်း ဟင်း"

မင်းဝင့်ထည်က ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေလိုက်ပါသည်။

✦♥✦

စောလုံ တစ်ယောက် အနည်းဆုံးတော့ ဟိုတိုက်ခန်းကို နှစ်ကြိမ်လောက် ရောက်ခဲ့လိမ့်မည်။ ပထမတစ်ကြိမ်က ရေခဲသေတ္တာဖွင့်သွားတာ။ ဒုတိယတစ်ကြိမ်ကတော့ ဂျူရုပ်ကိုတောင် မေ့ကျန်ရစ်တာ။ အတော်နမော်နမဲ့နိုင်တဲ့ တောင်မလေး။





ပထမတစ်ကြိမ်ကတော့ စပ်စပ်စုစုနဲ့ လာကြည့်တာဖြစ်ပါလိမ့်မယ်။ ဝေမာခင့်ထံ ရောက်လာတဲ့စာတွေကို ဖတ်ရင်းက ချစ်သူနှစ်ဦးရဲ့ ချိန်းတွေ့နေကျ ဓာတ်လမ်း၊ နှစ်ဖက်မိဘသဘောမတူကြတဲ့ ဇာတ်လမ်းကို သိရှိ စိတ်ဝင်စား။ ဇာတ်လမ်းထဲက အမျိုးသား ... စာတွေ ရေးနေတဲ့သူကို မင်းဝင့်ထည်လို့ ထင်မြင်ယူဆသွားတာကတော့ တစ်ခုခု အမှားအယွင်း ဖြစ်လိမ့်မည်။

ဖြစ်နိုင်တာကတော့ ဟိုအပျိုကြီးတစ်သိုက်အိမ်ကပေါ့။ အဲဒီအန်တီအပျိုကြီးတွေထံကပဲ မင်းဝင့်ထည်နှင့် ဝေမာခင်ရင်းနှီးတာကို ကြားသိရကြောင်း စောလုံ ပြောဖူးတာပဲ။ ဝေမာခင်နဲ့ သူနဲ့နှစ်ယောက်ကို အတော်မျက်စိစပါးမွေးစူးဟန်ရှိတဲ့ ပစိပစပ်များများ အပျိုကြီးညီအစ်မတစ်စုဟာ ဒီနှစ်ယောက် တတွဲတွဲရှိမှုကို သမီးရည်းစားသဖွယ် ထင်ယောင်ထင်မှား အဟုတ်လုပ်ပြောလိုက်တာမျိုးပဲ နေမှာပေါ့။

ဝေမာခင်နှင့် မင်းဝင့်ထည်ဟာ ရည်းစားတွေလို့ ဆာလုံ ထင်တော့ လာတဲ့စာတွေကိုလည်း မင်းဝင့်ထည် ရေးတာ ပဲ ထင်မှာပေါ့။ ဒီကြားထဲ မင်းဝင့်ထည်က ဝေမာတို့အိမ်ပြောင်းသွားတာ မသိသေးဘဲ ခပ်တည်တည် သွားမေးလိုက်မိတာက ိသေးသည်။ ဖိုးမောင် ဘယ်လိုတွေ ရေးဖွဲ့ထားမည် မသိတဲ့စာ ဘွကိုဖတ်ပြီး သူ့ တကူးတက လာလာခိုးကြည့်နေတဲ့ အစ်ကို ကြီးတစ်ယောက်ကို မင်း အထင်တွေ လွဲလာတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဝေမာခင် စာအိတ်ကို စောလုံတို့ဆိုင်မှာ လာပေး သွားရတဲ့ အကြောင်းရင်းကိုလည်း မင်းဝင့်ထည် မှန်းကြည့်ပြီးပြီ။ သွားလေရာ ကပ်ပါနေတဲ့ အုပ်ထိန်းသူ တစ်ယောက်ယောက်နှင့် သာ အပြင်ထွက်ရမှာဖြစ်တဲ့ ဝေမာခင်ဟာ အဲဒီနားရောက်မှ မုန့် ဆင်းဝယ်မယ်၊ ကော်ဖီဝယ်မယ် လုပ်ပါလိမ့်မည်။ ဒီဆိုင်နှင့် မင်းဝင့်ထည် ခင်မင်ကြောင်းသိတော့ ဒီဆိုင်မှာ စာအိတ်ထားခဲ့ ရင် ဘယ်နည်းနှင့်မဆို ရောက်မှာကို သိလိမ့်မည်။ မင်းဝင့်ထည် ဆိုင်ကို ဝင်မပေးတာကတော့ ဝင်ပေးဖို့ မဖြစ်နိုင်လို့ပေါ့။ မုန့်ဆင်းဝယ်တာလောက်သာ ခဏတဖြုတ် လစ်ခနဲ ဆင်းပြေးဝယ် လို့ရမှာ။

ဒီနည်းနဲ့ ဝေမာခင့်ထံကရတဲ့ စာအိတ်ကိုလည်း စောလုံ ဖောက်ဖတ်ပြီး သော့ကို ယူထားလိုက်မှာပင်။ အဲဒီစာထဲ လည်း ဘာတွေပါဦးမယ် မသိနိုင်။ စောလုံ အတော်ခံစားနေရ လောက်မဲ့ အချိန်မှာမှ မင်းဝင့်ထည်က သူ့ကိုချစ်စကားဆိုလိုက် မိတာကိုး။ ဒီလောက်ထိ ဇာတ်လမ်းတွေ ရှိထားပြီးမှ သူ့ကိုချစ် တယ် ထပ်ပြောထွက်သေးတဲ့ သူ့ရယ်လို့ မင်းဝင့်ထည် အပေါ် အထင်သေး နာကြည်းမုန်းတီးနေတော့တာ နေမှာ။ အစစအရာရာ ကို မှန်းဆတွက်ကြည့်နိုင်ပြီ။

ဟိုတိုက်ခန်းကိုလည်း အခါခါ သွားနေဖို့တော့ သူ ရည်ရွယ်မှာမဟုတ်။ ပထမတစ်ခါသွားပြီး ရေခဲသေတ္တာဖွင့်ခဲ့ တယ်လို့ သတိရပြီး ပိတ်ဖို့ နောက်တ ကြိုးပဲ ထပ်သွားတာမျိုး





ဖြစ်နိုင်ပါသည်။ သာမန်မီးခလုတ်တွေနဲ့ မတူတဲ့၊ အတင်းအဓမ္မ မဟုတ်တဲ့ ဓားတိုက်ဆွဲခလုတ်ကို (ပိတ်ပြီးသားကို ဖွင့်ထားတာ ထင်ပြီး ဆန့်ကျင်ဘက်ကို ပြန်ဆွဲလိုက်ခြင်းအားဖြင့်) မှားပြီးပြန် ဖွင့်ခဲ့မိ။

မီးခလုတ် လာပြန်ပြင်ရင်း ဂျူရုပ်က တစ်ခါကျန်ရစ်။ ဒီဂျူရုပ်ကို ကျန်ရစ်ကြောင်း သတိရတဲ့နေ့မှာ သူ တစ်ခေါက်အပြေး လာဦးမှာပဲ။ စိတ်ထဲပေါ်ရင် ပေါ်သလို တစ်ရှိန်ထိုး လုပ်ချပစ် တတ်တဲ့ ကောင်မလေးဟာ အဲဒီတိုက်ခန်းကို ရောက်ကိုရောက် လာဦးမှာလို့ မင်းဝင့်ထည် ယုံကြည်နေပါသည်။

သူ အချိန်မရွေး ရောက်သွားနိုင်တယ်။ ဆိုင်မှာမှ အလုပ်သွားမဆင်းရတော့ပဲ။ မနေ့ကမှ မင်းဝင့်ထည် ရောက်ထား တာ။ ဂျူရုပ်ကို မနေ့က သိမ်းယူလာခဲ့ပြီ။ မနေ့ကအထိ လာမယူ ရသေးတဲ့ စောလုံဟာ ဒီနေ့ သို့မဟုတ် မနက်ဖြန် အနေးနဲ့အမြန် ရောက်လာဖို့ သေချာနေတာပဲ။

မင်းဝင့်ထည်က ရှပ်အင်္ကျီလက်ရှည်ကို အနည်းငယ် ပင့်ကာ လက်ပတ်နာရီကို ကြည့်သည်။ ဆယ့်နှစ်နာရီ ထိုးနေပြီ။ မအုပ်မိလိုက်ဘူးဆိုရင် တစ်မျိုးတစ်မည် ရှင်းနေရဦးမည်။ စောလုံ ကလည်း ပြောင်ငြင်းချင် ငြင်းနေဦးမည်။ မင်းဝင့်ထည် စောင့် ကြည့်နေချိန်မှာ ရောက်လာခဲ့ရင်တော့ အဆင်အပြေဆုံးပါ။

✦♥✦



www.burmeseclassic.com

www.burmeseclassic.com



စောလုံက ကိုယ့်ခေါင်းကို ထုကာ ထုကာ လှေကားထစ်များကို တက်လာပါသည်။ မောလိုက်တာ။ စိတ်ကမောနေတော့ လူကလည်း ပိုမောသည်။ မနက်ကတည်းက သတိရနေတာ။ မမပုက အခန်းရှင်း ဖုန်လှည်းရင်း ...

"စောလုံ ... နင့်အရုပ်ခြောက်တွေဟာ မှိုတောင်တက်တဲ့ဟာကတက်၊ သိပ်ညစ်ပတ်တာပဲ၊ ငါ လွှင့်ပစ်ပြီ ဒါပဲ"

အဲဒီအသံ ကြားလိုက်ရချိန်မှာ အံ့အားတသင့် မွှင့်ဟသွားတဲ့ ပါးစပ်ကို ပြန်မပိတ်နိုင်တော့တာ။ ဂျူရုပ်။ ပြတင်းပေါက်ပေါင်ပေါ် စီတင်ထားတဲ့ ဂျူရုပ်သုံးလေးငါးရုပ်ဟာ ဟိုဦးလေးကြီးနဲ့တွေ့တိုင်း ဖမ်းဖမ်းဝယ်နေကျ အရုပ်တွေ။ နောက်ဆုံးဝယ်တာ အစ်ကိုကြီးနဲ့အပြန် ကားဂိတ်မှာ တွေ့တဲ့နေ့က မိန်းမောက်စ်။

"အား"

စောလုံရဲ့ အော်ဟစ်သံကြောင့် မမပုတောင်ကသောင်းကနင်း လန့်ဖျပ်သွားသည်။

"ဟဲ့ ... မပစ်နဲ့ဆို မပစ်ဘူး၊ အာဖြဲကြီးနဲ့ အော်မငိုနဲ့"

"ပစ် ... ပစ်၊ ငိုတာမဟုတ်ဘူး၊ အာဖြဲက စောလုံ မဟုတ်ဘူး မမပုမောင်"





စောလုံသည် ကယောင်ကတန်း အဝတ်တွေကောက်လဲ၊ အိတ်ကောက်ဆွဲ။ ပြီးတော့မှ အန်တီချစ် အိမ်မှာရှိနေတာ သတိရပါသည်။ ဒုက္ခပဲ။ စစ်မေးဦးမှာ။ လိုက်ပို့မယ်ဆိုရင် ခက်ဦးမည်။ သူသွားပြီးမှ သွားတာ ကောင်းပါတယ်လို့ စောင့်ရင်းစောင့်ရင်းက ခုချိန်ထိတိုင်လာတော့တာပဲ။

စိတ်က ပြေးလွှားပြီးရောက်သွားတာ ဘယ်နှကြိမ်တောင် မြောက်ပြီလဲ မသိ။ လူကတော့ ခုမှပဲ ဟောဟဲဆိုက်ကာ ရောက်လာပါသည်။

"ဟင်း ... မောလိုက်တာ၊ တော်ပြီ၊ ဒီကိစ္စနဲ့ လုံးဝမပတ်သက်တော့ဘူး"

ပါးစပ်က တတွတ်တွတ်ရွတ်ကာ သော့ခလောက်ကို ဖွင့်သည်။

"စောလုံ ... နင်လုပ်ရမဲ့ အလုပ်က ရေခဲသေတ္တာပေါ်က ဂျူရုပ်ကို ကောက်ယူ၊ ပြီးရင်ပြန်၊ ဒါပဲ"

ကိုယ့်ကိုယ်ကိုယ်လည်း သတိပေး။

တံခါးကို ကမန်းကတန်း ဖွင့်ဝင်လိုက်တဲ့ စောလုံသည် တန်းမြင်ရတဲ့ ရေခဲသေတ္တာပေါ်ကို လှမ်းကြည့်လိုက်ပါသည်။

"ဟင်"

ရင်ဘတ်ကိုဖိကာ ထိုင်ငိုချလိုက်ချင်စိတ် ပေါက်သွားရသည်။ မရှိတော့ဘူး။ သူ ... သူ ... ရောက်လာသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး။ ဒီလောက်မြန်မြန် သူ ပြန်လာလိမ့်မယ် မထင်ပါဘူး။ စိတ်မပူနဲ့။ စိတ်အေးအေးထား။ ကြွက်ဆွဲသွားတာလည်း ဖြစ်ရင်ဖြစ်မှာ။

ကိုယ့်ကိုယ်ကိုယ် အားပေးရင်း စောလုံသည် ဟိုလှန် ဒီလှော။ စားပွဲတွေအောက် ကုန်းကွ။ နောက်ဖေးပြေးလိုက် အိမ်ရှေ့ပြေးလိုက်။

ချွေးတွေပြိုက်ပြိုက် ကျတဲ့အထိ ပိုက်စိပ်တိုက်ရှာသည်။ နံရံကပ်ဗီရိုထဲတောင် မရှိနိုင်ပါဘဲလျက် ဖွင့်ရှာကြည့်မိသေးတဲ့ ရလဒ်ကတော့ မဝေမာခင်ရဲ့ ကိုယ်ဝန်ရှိကြောင်း မှတ်ချက်ပေးထားတဲ့ ဆေးစစ်ချက် အဖြေစာရွက်လေးပင်။ ဒီတော့ စိတ်တွေပူလောင်နေတာနှင့် ရောပေါင်းကာ မျက်ရည်တွေ ဆင်းပြိုကျလာသည်။

အစ်ကိုကြီး သိပ်ရက်စက်လွန်းပါတယ်။ စောလုံကို ချစ်တယ်လို့ ပြောရက်တယ်။ မဝေမာခင်ကိုလည်း အမြင်ကကတ်သည်။ ကိုယ့်အိမ်မှာတင်ကိုယ် စက္ကူချောင်းကလေးနဲ့ တိတ်တိတ်ဆိတ်ဆိတ် စစ်လို့ရကြောင်း စောလုံလို ကလေးသာသာပင် ဗဟုသုတရှိပါသည်။ ခုတော့ သူက ...။ "ကြည့်ရတာ အစ်ကိုကြီးကို သက်သေအထောက်အထားပြဖို့ ဖြစ်မှာပေါ့လေ။ ဟိုစက္ကူချောင်းက ယူလာပြလို့မှ မဖြစ်ဘဲ။

သိပ်မုန်းတယ် သူတို့နှစ်ယောက်ကို။



မလိုအပ်ပါဘဲနှင့် တစ်နာရီနီးပါး ကြာလင့်သွားပြီးသော် အိမ်ရဲ့ဘယ်ချောင်မှာမှ ဂျူရုပ်မပြောနဲ့ ဂျူအစအန အဝှဲအရွဲတောင် မတွေ့။ ကြွက်ဆွဲရအောင်လည်း ဘာစားကြွင်းစားကျန် အမှိုက်သရိုက်မှ မရှိတဲ့ အူခြောက်မယ့် ဒီအခန်းမျိုးကို ဘယ်ကြွက်မိုက်မှ လာခိုအောင်းမှာ မဟုတ်တာကို တွေးနိုင်ပါသည်။

ကဲ ... ဒီတော့။

သူ တွေ့သွားပြီ။ သူ ယူသွားပြီ။ သူ သိသွားပြီ။ ဒီအရုပ်ကိုမြင်တာနှင့် ဒီအခန်းထဲ စောလုံ ရောက်သွားသည်ကို သူ သိကိုသိတာ စောလုံ သိပ်ပါသည်။ စောလုံသည် စိတ်လည်းညစ်၊ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်၊ ဒေါသလည်းထွက်။ မျက်ရည်က တသွင်သွင် စီးကျနေကာ နောက်ဆုံးတော့ အိတ်ထဲက စာရွက်ပိုင်တစ်နှင့် ဘောလ်ပင်ကို ဆွဲထုတ်လိုက်ပါသည်။

စောလုံလေ စည်းမဲ့ကမ်းမဲ့ အကျင့်ပျက် သူများစာခိုးဖတ်၊ သူများအခန်း ခိုးဝင် စတဲ့ အကျင့်မျိုး စရိုက်မျိုး ပုံမှန်ဆိုရင် မရှိပါဘူး။ အစ်ကိုကြီးကို သိပ်ချစ်မိလို့သာ။ အစ်ကိုကြီးကို တစ်ဖက်သတ် အရူးအမူးချစ်တဲ့စိတ်နဲ့ အစ်ကိုကြီး သူ့ရည်းစား မဆေမာဆီ ရေးတဲ့စာကို ဖတ်ကြည့်ချင်တဲ့စိတ် ပေါက်ခဲ့တာ။ သူများစာ မဆိုမဆိုင်ဆိုရင် ဘယ်တော့မှ ဖတ်ချင်မှာ မဟုတ်ရပါဘူး။

စာရေးရင်း စာရွက်ပေါ် မျက်ရည်ပေါက်တွေ တစက်စက် ပြုတ်ကျလာလို့ သုတ်ရပြန်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ...

စောလုံ ဒီအခန်းထဲ ဝင်မိတာ၊ စာတွေခိုးဖတ်မိတာ ... အားလုံးကို ခွင့်လွှတ်ပါ။ အခုကစ,ပြီး ဘာမှဆက်မလုပ်တော့ပါဘူး။

စောလုံ သိချင်တဲ့စိတ် သက်သက်နဲ့ စပ်စုမိပါတယ်။ ဒီအဖြစ်ကို မေ့ပစ်ပေးပါနော်။ အိမ်ကိုလည်း လာမတိုင်ပါနဲ့နော်။

ဖေဖေသိရင် ရှက်လည်းရှက် စိတ်လည်းဆိုးပြီး စောလုံကို ရိုက်လိမ့်မယ်။

အန်တီချစ် သိရင်လည်း စောလုံကို အထင်သေးသွားမှာ ကြောက်ပါတယ်။

အခု ဒီမှာ သော့နှစ်ချောင်းရယ် အတူပါတဲ့စာရယ်၊ စာထဲက ဆီးစစ်အဖြေစာရွက်ပါ မတော်တဆတွေ့လို့ ထားရစ်ခဲ့ပါတယ်။

အိမ်ကိုရောက်လာတဲ့ စာတိုက်က စာငါးစောင်ကိုလည်း အစ်ကိုကြီး လိုချင်ရင် နောက်တော့ ပြန်ပေးပါမယ်။ ခုတော့ ပါမလာလို့ပါ။

ဘယ်သူ့ကိုမှ ဒီအကြောင်း မပြောဘဲ ... အစ်ကိုကြီးရော စောလုံရော အခုကစပြီး အားလုံးကို မေ့လိုက်ရအောင်ပါနော်။





အနူးအညွတ် တောင်းပန်ပါတယ်။ ဆိုးမိပါတယ်။

အဆိုးမ စောလုံ"

စောလုံက မျက်ရည်တွေကို ပါးပေါ်သုတ်လိုက် စာရွက်ပေါ်သုတ်လိုက်။ နောက်ဆုံးတော့ စာတစ်စောင် အောင်မြင်စွာ ပြီးစီးသွားပါသည်။

ထိုစာရွက်ရယ်၊ မဝေမာရဲ့ စာအိတ်နှစ်ထပ်နှင့် စာတစ်စောင်ရယ်၊ သော့နှစ်ချောင်းရယ်၊ ဆီးစစ်စာရွက်ရယ် အားလုံးကို ရေခဲသေတ္တာပေါ်တင်သည်။

တံခါးကို အပြင်ကနေ သော့ညှစ်ပိတ်သွားရုံပဲမို့ စောလုံက တံခါးဝဘက် ချာခနဲ လှည့်လိုက်ပါသည်။

"အား ..."

သရဲသဘက်တွေ့သလို သံကုန်ဟစ်အော်လိုက်တဲ့ စောလုံ အသံကြောင့် တံခါးဝမှာ တိတ်တိတ်ဆိတ်ဆိတ်လေး ထိုင်နေတဲ့ မင်းဝင့်ထည်ပင် လန့်သွားရကာ ...

"ဟိတ် ... ဟိတ် ... ရှူးလေ ... ရှူး"

"ရှင် ... ရှင် ... ရှင် ... ဘယ်တုန်းက ..."

စောလုံသည် ရေခဲသေတ္တာအနား သူ့ဟာသူ ပြိုလဲချော်ကျနေကာ ယက်ကန် ယက်ကန်နှင့် ကျုံးရုံးထ,နေသည်။

"လန့်သွားတာပဲ စောလုံရာ"



www.burmeseclassic.com

www.burmeseclassic.com



"လန့်ရမှာစောလုံပါ၊ အစ်ကိုကြီးက ဘယ်ကနေဘယ်လို ရောက်လာတာလဲ၊ စောလုံကို လာချောင်းဖမ်းတာပေါ့နော်"

စောလုံသည် တရှိုက်ရှိုက် ငိုချလိုက်ပြီး ...

"စောလုံ တောင်းပန်ပါတယ်၊ ဟောဒီမှာ တောင်းပန်တဲ့စာလည်း ရေးထားပါတယ်၊ စောလုံ နို့မို့ဆိုရင် သူများစာတွေ ခိုးမဖတ်ပါဘူး၊ ခုတော့ အစ်ကိုကြီး ဖြစ်နေတော့ စောလုံက စိတ်ထဲကလည်း ရင်းနှီးသလို ဖြစ်နေတော့ သိချင်ပြီးတော့ ဟို ... ဟို ... အိမ်ကစာတွေကို ပြန်လိုချင်ရင်လည်း စောလုံ ပြန်ပေးပါ့မယ်၊ မီးမွှေးမပစ်ပါဘူး၊ ရှိပါတယ်"

"ပြီးပြီလား"

"ရှင်"

"ပြောတာတွေ ပြီးပြီလား"

"ပြီးတော့ ပြီးပါပြီ၊ ဒါပေမဲ့ အစ်ကိုကြီး မကျေနပ်ရင် ဟိုထပ်ရှင်းပြပါဦးမယ်၊ ဒီအကြောင်းတွေလည်း ဘယ်သူ့ကိုမှ စောလုံ မပြောပါဘူး"

"ပြီးပြီပေါ့"

"ဟုတ် ... ဟုတ်"

"ဒါဆို သေချာနားထောင်"

"ဟုတ်"





"ဝေမှာရည်းစားက ဖြိုးမောင်မောင်တဲ့၊ ကိုယ်ရယ်၊ မိုးလွင်ရယ်၊ ဖြိုးမောင်မောင်ရယ် သူငယ်ချင်းတွေ၊ ဖြိုးမောင်က ရန်ဖြစ်မှုနဲ့ အခု အချုပ်ကျနေတယ်၊ ဒါပေမဲ့ သူ မပါတာ သက်သေခိုင်လုံသွားလို့ ဒီနေ့ပဲ ပြန်လွတ်လာတော့မယ်၊ နားလည်တယ်နော်"

"ရှင်"

"စာတွေထဲမှာ ဘာတွေပါပါ ဘာတွေရေးထားထား၊ အဲဒါ ဖြိုးမောင်နဲ့ ဝေမာခင့်ကိစ္စ၊ ကိုယ်နဲ့ မဆိုင်သလို စောလုံနဲ့လည်း မဆိုင်ဘူး"

စောလုံသည် မင်းဝင့်ထည်ကို ငေးငေးကြီး စိုက်ကြည့်နေပါသည်။ မျက်ရည်တွေ စိုစွတ်နိုသီးနေတဲ့ မျက်တောင်ကော့ကြီးတွေအောက်က မျက်ဝန်းနက်နက်ကလေးဟာ သောကရိပ်တို့ တဖြည်းဖြည်း လွင့်စဉ်လာကာ တစိမ့်စိမ့် ကြည်နူးရိပ်သမ်းလာပါသည်။

"ဖြိုးမောင်နဲ့ ဝေမာခင်ပဲ သူ့ကိစ္စသူ ဆက်ရှင်းကြလိမ့်မယ်၊ နားလည်တယ်နော်၊ အဲဒီကိစ္စကို ခေါင်းထဲက ထုတ်လိုက်တော့၊ ဒီတော့ မင်း သိထားဖို့က ကိုယ်သည် လိမ်ညာတဲ့သူ၊ မင်းကို လှည့်စားတဲ့သူ မဟုတ်ဘူး၊ ရှင်းပြီနော်"

စောလုံက ခေါင်းလေးကို ရှက်တက်တက် ကြည်နူးနူးနှင့် ငုံ့ချလိုက်ပါသည်။

"ရော့ ... ဟောဒီမှာ ခင်ဗျားလာရှာတဲ့ မီနီမောက်စ်"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး ကမ်းပေးလာတဲ့ ဂျုံရုပ်ခြောက်တောက်တောက်လေးကို လှမ်းယူပြီး လက်ထဲလှည့်ပတ်ဆော့ရင်း စောလုံရင်ခုန်သံတွေ ဆူညံနေရလေသည်။

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com